www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







# ပုဏ္ဏမိ

## နောက်ဆုံး ဖြစ်ပါရစေ ...

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

သူ့ကို စမြင်ဖူးခဲ့သည့်နေ့က ... မိုးလေးတွေ မဖွဲ့မသည်း ရွာသွန်းနေခဲ့တဲ့ ညနေစောင်းလေးတစ်ခုမှာ ဖြစ်ပေသည်။ အဖေ့ဘက်က ဘိုးဘိုးကြီး ဆုံးပါးသွားခဲ့လို့ ... မြန်မာနိုင်ငံသို့ မိသားစုသုံးယောက်လုံး ခေတ္တပြန်ရောက်နေခဲ့ရတဲ့ "သြဘာ" က ... အဖေ့မိဘများ နေထိုင်ကြတဲ့ ... ရန်ကင်း ... သုခဝတီလမ်းထဲက အိမ်မှာ တည်းခိုနေကြချိန် ...။ လွန်ခဲ့တဲ့ (၂)နှစ်လောက်က ဖြစ်ပါသည်။

သြဘာတို့ မြန်မာနိုင်ငံသို့ ပြန်ဖြစ်ကြချိန်ဟာ ... မြန်မာနိုင်ငံမှာ မိုးရာသီမကုန်သေးချိန်လို့မို့ ... သြဘာမှာ ... ထီးကလေးတစ်ချောင်းပါ '... အပါယူလာခဲ့တာ ...။ အဲဒီထီးကလေးဟာ ... မြန်မာနိုင်ငံတွင်းမှာတော့ အဲဒီအချိန်လောက်ကကော ... ခုထက်ထိတိုင်ပါ ... ဆင်တူနောက်ထပ်တစ်ချောင်း ထပ်မတွေ့ဖူးသေးသည့် ထီးကလေးပါ ...။ ပလတ်စတစ်အထူ အကြည်ရောင်ပေါ်မှာ ... 101 Delmation Movie ထဲက အစက်အပြောက်နဲ့

www.burmeseclassic.com



ချွေးကလေးတွေ ... အကြီး၊ အသေး အကောင်သုံးဆယ်ကျော်လောက် ပါနေတဲ့ ... ထီးကလေး ...။

ထီးအကြောင်းကိုပဲ သေချာအရေးလုပ် ... ပြန်ပြောနေရတာကတော့ ဒီလိုလေ။ ဗန်ကောက် Central Shopping Mallကနေ ဝယ်လာခဲ့တဲ့ အဲဒီထီးကလေးဟာ ... ရှေ့ဆက်ကြုံဆုံတော့မဲ့ "သူ့"ဇာတ်လမ်းတွေထဲမှာ အဓိကပါဝင်လာတော့မဲ့ ... သက်မဲ့ဇာတ်ကောင်ကလေးမို့ ...

အဘိုး နာရေးကိစ္စနဲ့ ပြန်လာတယ် ... ဆိုပေမဲ့ ... ပြန်မရောက်တာ ကြာနေပြီဖြစ်တဲ့ ... အမိနိုင်ငံမှာ ... တစ်လလောက် ဆက်နေ,နေဖို့ ... ဖေဖေနဲ့ မေမေတို့က စီစဉ်ခဲ့ကြတဲ့ အခါ ... ငယ်ငယ်လေးတည်းက ဖေဖေ တာဝန်ကျရာ နိုင်ငံအသီးသီးကို လိုက်ပါသွားခဲ့ရတဲ့ ဩဘာ ခမျာ ... သူငယ်ချင်း၊ မိတ်ဆွေကလည်းပဲ သိပ်မရှိ ...။ နှစ်ဖက်ဆွေမျိုးတွေထဲက ရွယ်တူ ဝမ်းကွဲများနှင့်ကလည်းပဲ ... တအားကြီး ရင်းနှီးတယ်ရယ်လို့ မရှိတော့ ... နာရေးကိစ္စ ပြီးတာနဲ့ ... ခြောက်ကပ်ကပ်နဲ့ ပျင်းရိရိ ဖြစ်ရတော့မလိုလို ...။ လူကြီးနှစ်ယောက်ကတော့ ... ဘိုးဘိုးကြီးကိစ္စ ပြီးတာနဲ့ ... နှစ်ဖက်ဆွေမျိုး၊ မိတ်ဟောင်းဆွေဟောင်း၊ သူငယ်ချင်းဟောင်းတွေဆီ နေ့စဉ်နေ့တိုင်း ... အလည်ထွက်၊ ထမင်းစားထွက်၊ အတူဈေးဝယ်ထွက်တွေ ပြုမူနေကြရတာ ... အချိန်တောင်မလောက် ...။ အိမ်ပြန်ကပ်နိုင်တယ်ရယ်လို့တောင် မရှိကြရှာပါ။ ဩဘာမှာသာ ...။





အဲဒီအခါကျတော့ ... ဩဘာရဲ့ ကိုယ်ပိုင်အစီအစဉ်ကလည်း ... မိုးရွာရွာ နေပူပူ ...၊ မနက်စောစောဖြစ်ဖြစ် ...၊ နေ့ခင်း၊ ညနေစောင်းတွေပဲဖြစ်ဖြစ် ... ထီးတစ်ချောင်းဆွဲပြီး ... လမ်းလျှောက်လိုက်၊ ညောင်းလာရင် တက္ကစီတက်စီးလိုက် ...။ ကိုယ်နဲ့ တရင်းတနှီး ကျွမ်းဝင်လှတယ်ရယ်လို့ မရှိသေးတဲ့ ရန်ကုန်မြို့ကြီးကို ... မနံ့,နံ့အောင် တစ်ယောက်တည်း ... လျှောက်မွှေတော့တာ ဖြစ်ပါသည် ...။

ဖေနဲ့ မေတို့ကတော့ သူတို့နဲ့လိုက်ဖို့ခေါ်တော့ ခေါ်တာပေါ့ ...။ ဒါပေမဲ့ အရွယ်မတူ၊ မကျွမ်းဝင်လှတဲ့ အန်ကယ်ကြီး၊ အန်တီကြီးတွေကြားမှာ မပျော်ပေါင် ...။ အရွယ်တူနေပေမဲ့ ... မရင်းနှီး မခင်မင်တဲ့ အဖော်မျိုးကိုလည်း တတွဲတွဲကြီးနဲ့ မလွတ်မလပ် မရှိချင်ပေါင် ...။ ပြောမရသည့် သမီးကို မိဘများကိုယ်တိုင်က ယုံကြည်စိတ်ချစွာ လွှတ်ပေးထားကြတဲ့အခါ ... မိုးလင်းတာနဲ့ ထီးတစ်ချောင်းဆွဲပြီး ...(အိမ်ကထွက်ထွက်ချင်းတော့ လမ်းလျှောက်) အပြင်ထွက်သွားတတ်တဲ့ ဩဘာကို ... အဘွားနဲ့တကွ ... အဘွားအိမ်မှာ အတူနေ ဦးလေး၊ အဒေါ်သားချင်းတို့ကလည်း ... ဘာမှ တားမြစ်မနေကြတော့ဘူးပေါ့။

အဲဒီနေ့ကတော့ ဩဘာဟာ ... ရန်ကင်း သုခဝတီလမ်းကနေ ... ကမ္ဘာအေးစေတီလမ်းကြီးအတိုင်း ... အင်းလျားလိတ်ဟိုတယ်ဘက်သို့ လမ်းလျှောက်ထွက်သွားခဲ့ပြီးမှ ... ဩဘာပြန်ရှာချင်တဲ့ ... ငယ်သူငယ်ချင်းလေး တစ်ယောက်ရဲ့ လိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



ကို မမှတ်မိတော့တာနဲ့ ... အင်းလျားလိတ်လမ်းချိုးကနေပဲ ... အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့တာ ...။

ကန်ဘဲ့မီးပွိုင့်ရောက်တော့ ... အဲဒီ ရန်ကင်း ကန်ဘဲ့လမ်းမကြီးအတိုင်း ချိုးသွားလိုက်ရင် "မိုးကောင်းဘုရား"ဆိုတဲ့ ငယ်ငယ်က တစ်ခေါက်ရောက်ဖူးထားတဲ့ ဘုရားသို့ ရောက်နိုင်မှန်း ပြန်မှတ်မိလာတာမို့ ... ရန်ကင်းလမ်းမကြီးဘက်သို့ ချိုးချလိုက်သည် ...။

အဲဒီမှာ လျှောက်လာရင်း ... အသွားတို့"သုခဝတီလမ်း"ထဲ ပြန်ဝင်လို့ရသည့် ... နောက်ထပ် လမ်းပေါက်တစ်ခုကို တွေ့ရှိမှတ်မိလိုက်တာမို့ ... ဩဘာက ... (ဘာရယ်မဟုတ်) သဘောတကျလေး အသံထွက် ရယ်လိုက်မိရင်းက ... အဲဒီဆိုင်ကလေးက ဩဘာရဲ့ မျက်ဝန်းထဲ ဝင်လာခဲ့တာ ဖြစ်ပါသည်။

"F & F"တဲ့ ...။ မှန်တံခါး အပိတ်ကလေးနဲ့ ... စားသောက်ကုန်တွေ ရောင်းပုံရသော Mini Mart လေးမှာ ... စက္ကူနို့ဘူးပဲဖြစ်ဖြစ် ဝင်ဝယ်သွားပြီးမှ ... ဘုရားအထိ ဆက်လျှောက်ကြည့်တော့မည် ... ဟု ဩဘာက စဉ်းစားလိုက်မိပါသည် ...။ အတော်ပဲ ... လမ်းလျှောက်ရင်း နို့တစ်ဘူးလောက်သောက်သွားရင် ... ဘုရားရောက်တာနဲ့ ...၊ ဘုရားက ပြန်လျှောက်လာရမှာနဲ့ ... အိမ်ပြန်ရောက်လို့ ... ထမင်းစားချိန်နဲ့ဆို ... ကွက်တိလောက်ပါပဲ ...။ နို့မို့ဆို ဗိုက်ကဆာကောင်း ဆာလာနိုင်သည်လေ ...။





ဩဘာက ဆိုင်ကလေးအတွင်းသို့ဝင်၊ နို့ဘူးအကြီးတစ်ဘူး ဝယ်အပြီးမှာ ... မိုးက နည်းနည်းလေး ပိုသည်းလာတာမို့ ... ဘုရားသို့ ဆက်သွားသင့်၊ မသွားသင့် စဉ်းစားနေဆဲမှာ... နို့ဘူးကိုဖောက်ပြီး ... တစိမ့်စိမ့်သောက်ကာ ... လမ်းမဘက်ငေးနေမိသည်။ ထီးလည်းပါတယ်လေ ...။ မိုးမကြောက်တဲ့ ဩဘာအတွက်လည်း ဒီလောက် မိုးကလေးက ... အရေးမဟုတ်လှဘူးလေ ...။ သို့သော် ... မိုးရွာနေတာတောင်မှ ... ထီးတစ်ချောင်းနဲ့ လမ်းလျှောက်ထွက်တတ်တာကို နားမလည် ... မနှစ်မြို့က်လှပုံရတဲ့ အသွားရယ် ...။ "မဖျားစေနဲ့နော် ... မဖျားသွားစေနဲ့ ..."ဆို့ တတွတ်တွတ် လိုက်လံပူပင်တတ်ရှာတဲ့ ဖေဖေ့ညီမ အပျိုကြီးတစ်ယောက်ရယ်နဲ့ ...။ ဩဘာ ဘုရားကနေ အိမ်ပြန်ရောက်ချိန်မှာ ... ဖေနဲ့ မေတို့ပါ ... အပြင်ကနေ ပြန်ရောက်နှင့်မနေကြသေးရင် ... ပူပန်တတ်သော ... ထိုနှစ်ယောက်ရဲ့ ..."တတွတ်တွတ်"ဒဏ်ကို ဩဘာက တော်တော်လေး ခံရပေတော့မည် ...။

ဩဘာက စဉ်းစားနေရင်း ... မိုးစိုလာတဲ့ထီးတွေ ... ထိုးစိုက်ချန်ထားရစ်ရသည့် ... ဆိုင်ပြင်ဘက်က ... ပလတ်စတစ်ပုံးမြင့်လေး တစ်ခုဆီ အကြည့်ရောက်သွားမိစဉ် ...။

အဲဒီမှာ "သူ့"ကို ဩဘာက စမြင်ဖူးလိုက်တာ ဖြစ်ပါသည် ...။

F & F ဆိုင်ကလေးရဲ့ ဘယ်လောက်မှ မကျယ်တဲ့ တံစက်မြိတ်စွန်းလေးမှာ မိုးရပ်ခိုနေတဲ့ ကောင်လေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



မှိုးကလည်း နည်းနည်းလေး ပိုသည်းလာ ...၊ ထီးကလည်း မပါတာမို့ ... မိုးရပ်ခိုနေချင်ရင်လည်း ဆိုင်ထဲပဲ ပြန်ဝင်နေလိုက်တာဖြင့် မဟုတ်ဘူး ...။ တံစက်မြိတ်သေးသေးလေးအောက်မှာ ... လက်ပိုက်ရပ်နေရင်း ... လူပုံစံက တံလှူပ်လှုပ် တရွရွနဲ့ ...။ လေအဝေ့မှာ မိုးဖွဲကလေးတွေ အပက်ခံလိုက်ရရင်လည်း ... ယောင်ယမ်းပြီး ... လက်နှင့်ကာ,ကာ ... ကိုယ်တိမ်းရှောင်။

ဟင်း ဟင်း ဟင်း ...။ လက်နဲ့ကာပြီး ကိုယ်တိမ်းရှောင်လိုက်တော့ မိုးက မစင်တော့ဘူးတဲ့လား ...။ သဘောကျစရာ ...။

ပိုပြီး သဘောကျစရာကောင်းလှကာ မျက်ဝန်းတွေပါ (တော်ရုံနဲ့) ပြန်မလွှဲလိုက်ချင်စရာကတော့ ... အဲဒီတစ်ယောက်ရဲ့ ရပ်ရည်ကလေး ဖြစ်ပါသည် ...။ အရပ်ကမြင့်မြင့်၊ ခြေဆံလက်ဆံတွေက ကျစ်ကျစ်လျစ်လျစ်နဲ့ ... သူ့ရဲ့ခန္ဓာကိုယ် အချိုးအစားဟာ ... သေချာ အချိန်ပေးပြီး Body Fitness centre တစ်ခုခုကို အချိန်မှန်မှန် သွားထားတာမျိုး မဟုတ်ရင်တော့ ... ရှေးဘဝရဲ့ကုသိုလ်က အင်မတန်ကောင်းလှတာမျိုးပေ ...။

သူ့ခန္ဓာကိုယ် တည်ဆောက်ပုံဟာ ... အဆင့်မြင့် မော်ဒယ်လ်ဘိုင်း တစ်ယောက်လိုကို ... ကြည့်ကောင်းလွန်းလှတာ ...။

ပြီးကျ ... စိုပြည်ကြည်စင်နေတဲ့ အသားအရေ ...၊ တစ်ခုချင်း ထင်းပြတ်နေတဲ့ မျက်နှာပြင်ပေါ်က ပစ္စည်းတွေ ...။





ခုတော့ မိုးစိုကာ ခပ်ထပ်ထပ် ဖြစ်နေပေမဲ့ ... ပုံမှန်ဆိုရင်တော့ ဖြောင့်စင်းထူအိနေမဲ့ပုံရတဲ့ ... ပခုံးထောက်လုလု ဆံပင်ရှည်ဖြောင့်ဖြောင့်တွေနဲ့ပါ ပေါင်းလိုက်ရင် ... သူဟာ အင်မတန်မှကို ကြည့်ကောင်းနိုင်လိုက်တာ ...။ "ကြည့်ကောင်းလို့ ကြည့်တာ ... ဘာဖြစ်လဲ ..."လို့ ခံယူချက်ရှိနိုင်တဲ့ သြဘာဟာ ... ဆိုင်ကလေးထဲက ဈေးဝယ်၊ ဆိုင်ရှင်၊ အရောင်းကောင်တာက မိန်းကလေးတွေ ဘယ်သူတွေပဲဖြစ်ဖြစ် သြဘာကို အကဲခတ်နေကြမှာလည်း ... စိတ်ထဲ ဘယ့်နှယ်မှ မရှိပေါင် ...။ နို့ဘူးကို တစ်ကျိုက်ပြီးတစ်ကျိုက်နှင့် ... "သူ့"ကိုပဲ အကြည့်မကွာစတမ်း ... သဲကြီးမဲကြီးပဲ ဆက်စိုက်ကြည့်နေမိသည် ...။

သူကတော့ မသိပါ ...။ လက်တင်းတင်းပိုက်လိုက်၊ လေတိုက်လာရင် မိုးစက်တွေကို ကျောပေးရှောင်လိုက်၊ မစဲနိုင်သေးတဲ့ မိုးအတွက် ကောင်းကင်ကို ခဏ,ခဏ မော့,မော့ကြည့်လိုက် ...။ ဟန်ချက်ကို ညီလို့ ...။

ထိုစဥ်မှာ ... ဆိုင်ကလေးရဲ့ ရှေ့ပလက်ဖောင်းဘေးသို့ ကားဖြူလေးတစ်စင်း ဆိုက်ကပ်လာပါသည် ...။ ကားတံခါးက "ချပ်"ခနဲ ပွင့်ဟကာ ဖြူလွှနေသော ခြေထောက်ကလေးတစ်ဖက် ... အရင်ထွက်ကျလာပြီးမှ ... လူက (ဘာလို့မှန်းမသိ) တော်ရုံနဲ့ အပြင်ရောက်မလာနိုင်ဘဲ ... ခဏကြာတော့ ... အသကားနေရင်း မိုစိုနေရပြီဖြစ်တဲ့ ခြေထောက်ဖြူလွှကလေးအပါ ... ကားထဲသို့ ပြန်ဝင်သွားသည် ...။



www.burmeseclassic.com

www.burmeseclassic.com



ဩဘာရဲ့ "မင်းသား"က အဲဒီကားကိုပဲ စိတ်ဝင်တစား လှမ်းငေးနေလေတဲ့အတွက် ... သူ့ကိုပဲ စိုက်ကြည့်နေချင်တဲ့ ဩဘာခမျာလည်း ... ထိုကားထံသို့ပါ အလှည့်ပေး၊ အကြည့်ရောက်ရတော့တာပေါ့လေ ...။ အဲဒီအချိန်မှာ ...။ သူက ထီးတွေ စိုက်ထားတဲ့ ပလတ်စတစ်ပုံးနား "ဖျတ်"ခနဲ တိုးကပ်သွားကာ... အထဲက ထီးတစ်ချောင်းကိုပါ "ဖျတ်"ခနဲ ဆွဲထုတ်လိုက်ပါသည်။ လက်စသတ်တော့ ..."ဘာလို့မှန်းမသိ"ဆိုတဲ့ ... ဩဘာ စဉ်းစား၊ မရတဲ့ အဖြေကို "သူ"က တွေ့သွား၊ သိသွားတာ ...။ ကားထဲက ခြေထောက်ဖြူလွှဟာ ... ဒီ F & F ဆိုင်ထဲ ဈေးဝင်ဝယ်လိုလို့ ကားရပ်လိုက်တာ ဖြစ်ပါရက် ... ထီးပါမလာရှာလို့ ဒုက္ခတွေ့ရသလို ... ဖြစ်နေတာ ...။

သူ အလျင်အမြန်၊ ကြုံရာ၊ ဆွဲဆက်ဖွင့်ယူသွားတော့သည်ကား ... ဩဘာရဲ့ Delmation ထီးကလေး ...။ အမယ်... စားသောက်ဆိုင်တွေက ညွှန်ကြားလိုလို ...၊ Waiter လိုလို ...၊ ဒီဆိုင်လေးရဲ့ ထီးဝန်ဆောင်မှု ဝန်ထမ်းလိုလို ...၊ ဘာလိုလို ...။ သူက ကားတံခါးပါ ဆွဲဖွင့်ပေးလိုက်ကာ ... တံခါးပေါက်အောက်ပေါ် ထီးလေး အုပ်ဆိုင်းမိုးရင်း ... အထဲက သူတစ်ယောက်ကို ... အဆင်ပြေပြေ ... ကားပြင်ထွက်စေနေတာ ...။ အဲဒီတော့မှ ခြေထောက်ဖြူလွှလေးရဲ့ ပိုင်ရှင်ဟာ ... တစ်ကိုယ်လုံးပါ ကားပြင်ရောက် ...။





သူတို့ချင်းဟာ အစောတည်းက သိနေကြပုံလည်း မရပါ ...။ ကားတွင်းက ထွက်လာတဲ့ မိန်းကလေးဟာ ... သူ့ကို (သူ့လုပ်ပုံကိုင်ပုံတွေအရ) ဒီဆိုင်ကလေးက ဈေးဝယ်တွေ အဆင်ပြေစေဖို့ ... ဝန်ဆောင်ပေးနေတဲ့ ဝန်ထမ်းဟုပဲ သတ်မှတ်လိုက်ပုံရကာ (ကြည့်ကောင်းလွန်းလှတဲ့ သူ့ရုပ်ရည်ကိုတော့ သတိထားမိပုံတော့ ရတာပေါ့လေ ...) သူ့ရဲ့ ထီးမိုးကြိုဆိုလိုမှုကို သက်သောင့်သက်သာပင် ... လက်ခံယူပြီး ဆိုင်လေးအတွင်းသို့ ... လှမ်းဝင်ရောက်လာပါသည် ...။

အမယ် ...။ ကိုယ်တော်ဟာ ထီးကို သူ့နေရာသို့ သူ ပြန်မထား။ ဆိုင်ထဲထိ လိုက်ဝင်မလာသော်လည်း ဆိုင်ပြင်မှာ ထီးကလေးကိုပိတ်ကိုင်ပြီး ရပ်နေကာ ... ဆိုင်ထဲဝင်ရောက်ရင်း ဈေးဝယ်နေပြီဖြစ်တဲ့ မိန်းကလေးကိုပဲ ... လိုက်လံငေးမောကြည့်ရှုနေပါသည် ...။

ဩဘာကား ..."ဟွန်း ... ငါ့ထီး"ဆိုတဲ့ စိတ်လည်း မဖြစ်ပေ။ ကိုယ်တိုင်က မျက်ဝန်းပြန်မလွှဲချင်မိသူက ... တခြားမိန်းကလေးတစ်ယောက်ထံ ... လိုက်,စိုက်ကျနေပုံ ရတာကိုလည်း စိတ်ထဲ ဘယ့်နှယ်မှ မရှိ ...။ မိုးက ပြန်စဲလာပြီဖြစ်ပေမဲ့ ... ထီးပြန်တောင်းပြီး ကိုယ့်ခရီးကိုယ်ဆက်ဖို့လည်း စိတ်မကူးမိသေး။ သူက ဟိုမိန်းကလေး ဈေးဝယ်ပြီးစီးသည့်အထိ ခပ်ပြုံးပြုံးလေး ဖြစ်နေကာ စိတ်ရှည်ရှည် ... ဆက်စောင့်နေချင်ပုံ ရလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ဩဘာကလည်း သူ ဘာများဆက်လုပ်ဦးမှာလဲ ဆိုတာကိုသာ... ငြိမ်ငြိမ်လေးနှင့်ပဲ ဆက်စောင့်ကြည့်နေဖို့ ... ပိုအလိုရှိလေသည် ...။

ခဏကြာတော့ ဟိုမိန်းကလေးက ... လက်ထဲမှာ အထုပ်အပိုးနှစ်ထုပ်နှင့် ဆိုင်ပြင်ပြန်ထွက် ...။ မိုးကစဲသွားပြီမို့ ကားဆီ ဒီတိုင်းပဲ ထွက်သွားလိုက်ဖို့ ဟန်ပြင်စဉ် ... "သူ"ကထီးကလေးကို "ဖြောက်"ခနဲ ပြန်ဖွင့်၊ မိန်းကလေးရဲ့ လက်ထဲက အထုပ်တစ်ထုပ်ကိုပါ ဆွဲယူ ...။ ဟင်း ဟင်း ဟင်း ဟင်း ...။ ဆိုင်ဝန်ထမ်းပဲ ထင်နေတဲ့ မိန်းကလေးကလည်း ... အေးဆေးပဲပေါ့ ...။ အထုပ်တွေ သူ့လက်ထဲ ထိုးထည့်ပြီးသယ်စေ ...။ ထီးမိုးပေးပြန်တာကိုလည်း လက်ခံ ...။

ဟား ဟား ဟား ...။ ကားဆီရောက်တော့ ... Tip (တစ်ပ်)တောင် ထုတ်ပေးလိုက်သေး ...။ သူကလည်း ... ယူတယ်တော့ ...။

ပြီးကျတော့ ဟိုက အသာလေး ကားမောင်းထွက်ခွာသွားတာကို ... မိုးဖွဲလေးတွေထဲ ထီးဆောင်းကျန်ရစ်ပြီး ... ခပ်ကြာကြာလေး လိုက်ငေးကြည့်နေသေးတာ ...။ (ဩဘာနဲ့ ဘဝတူ ထင်ပါရဲ့ ...)။ ပြီးကျမှ ထီးလေးကို ပုံးထဲ လာပြန်ထိုးစိုက် ...။ သူကတော့ ... မိုးဖွဲလေးတွေထဲမှာပဲ ... လက်ကလေးပိုက်လို့ ... ကမ္ဘာအေးစေတီလမ်းမကြီးဘက်၊ ကန်ဘဲ့မီးပွိုင့်ဘက်သို့ ... ခပ်အေးအေးကလေးပဲ ထွက်ခွာသွားတော့တာ ...။





အဲဒီတော့မှ ... ဓာတ်လမ်းလေးတစ်ခုကို ဆောင့်ကြည့်နေမိသလိုရှိတဲ့ ဩဘာလည်း ဆိုင်ပြင်ထွက်၊ ကိုယ့်ထီးကိုယ်ပြန်ယူ ...။ (မိုးကောင်းဘုရားဘက်ကိုတော့ ဆက်မသွားတော့ပါဘူး ... လို့ ဆုံးဖြတ်လိုက်မိတဲ့အတွက် ... အဘွားနှင့်အဒေါ်ဖြစ်သူတို့တော့ ... စိတ်ချမ်းသာသွားကြမည် ထင်သည် ...)။ သုခဝတီလမ်းရဲ့ ... ရန်ကင်း ကန်ဘဲ့လမ်းမပေါ်ဘက်က လမ်းထိပ်မှာတော့ ခပ်ကြာကြာပဲ ဆက်ရပ်နေမိသေးကာ ... "သူ" ကမ္ဘာအေးစေတီလမ်းပေါ် ရောက်သွားတဲ့အထိ ဆက်ရပ်စောင့်ကြည့်နေမိပါသေးသည် ...။

အဲဒီ ကြည့်ကောင်းလှတဲ့ လူတစ်ယောက်ဟာ ... မိုးဖွဲကလေးတွေအောက်မှာ တစ်ယောက်တည်း လမ်းလျှောက်ရင်း ဆါင်းတညိတ်ညိတ် လုပ်လိုက် ...။ လေထဲကို လက်သီးတစ်လုံးဆောက် ခုန်ပေါက်ပြီး ပစ်ထွင်းလိုက် ...။ ဩော် ...၊ ဩော် ...။ ကြည့်ရတာ သူက ဟိုမိန်းကလေးတစ်ယောက်ကို အဲဒီဆိုင်ကဆးရှေ့မှာ ... တမင်တကာများ လာကြို့ရပ်စောင့် နေခဲ့တာမျိုးများ ဖြစ်နေမလား ...။ သူ ဖြစ်နေပုံတွေက တစ်ခုခုအတွက် စိတ်လှုပ်ရှား ပျော်ပိုက်၊ ကျေနပ်သွားတဲ့ ... ပုံမျိုးတွေနဲ့ကိုးလေ။

ဩဘာလည်း ... တပြုံးပြုံးနဲ့ပဲ ... အဘွားတို့လမ်းထဲ ပြန်ဝင်လာခဲ့သည် ...။

❤ ❖ ❤



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒုတိယအကြိမ် ကြုံရတော့လည်း ... အဲဒီ F & F ဆိုင်ကလေးမှာပဲ ဖြစ်ပြန်ပါသည် ...။ (ဖြစ်ဆို ... သြဘာ ကိုယ်တိုင်က ... အဲဒီလိုမျိုး ဆုံခွင့် ထပ်ရလေမလား ... ရယ် လို့ ... ညနေလေး စောင့်းတာနဲ့ အဲဒီဆိုင်ကလေးကိုပဲ သွား,သွား စောင့်ချောင်းနေမိသလိုရှိတာကိုး ...။)

သြဘာတို့ မိသားစုသုံးယောက် မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့ကြရခြင်းမှာ ... Holiday Season အတွင်းလည်းပဲ မဟုတ်၊ အားလပ်ရက်အတွင်း ခွင့်ရက်တွေ ရကြချိန်မျိုးလည်း မဟုတ်။ ဖေရော မေပါ သူတို့ရဲ့ အလုပ်တွေကနေ ခွင့်ယူလာခဲ့ ကြရတာ ဖြစ်ပြီး ... သြဘာကတော့ စာသင်နှစ်တစ်ဝက် ... Mid-term တစ်ခုပြီးချိန်မှာ ... နောက်ထပ်နှစ်ဝက်ကို စာရင်းထပ် မသွင်း၊ သွားမတက်သေးဘဲ ... ခဏပြန်လာဖြစ်လိုက်တဲ့သဘောမို့ တစ်လပြည့်လျှင်တော့ ... မပြန်မဖြစ် ပြန်ကိုပြန်ကြရမှာ ဖြစ်ပါ သည်။

ပြန်မရောက်တာ ကြာကြပြီဖြစ်တဲ့ အမိမြေကို တစ်လလောက် ပြန်ဖြစ်လိုက်တော့ ... ဖေရော မေပါ အလုပ်တွေ ရှိရာ သူတစ်ပါးမြေကို ပြန်ကိုမပြန်ချင်ကြတော့တဲ့ စိတ်တွေနဲ့ ဖြစ်ကုန်ပြီ။ သြဘာကကော ...။





သြဘာကတော့ ရောက်စတစ်ပတ်လောက်သာ ဖျင်း ကာ ...၊ ကြာလာတော့ အသားကျလာ ...။ ခုဆို ... ထူးထူးဆန်း ဆန်း (သူ့ကို စတင် မြင်ဖူးလိုက်ချိန်မှစကာ ... ဖြစ်ပေါ်လာမိ သော စိတ်တွေပဲ ပြောပါတော့ ...) “မပြန်ချင်တော့ဘူး”ရယ် အထိ မဟုတ်ပေမဲ့ ... “မပြန်ချင်သေးဘူး”ဆိုတာမျိုးအထိတော့ ဖြစ်နေမိပြီ ...။ ဖေနဲ့မေခမျာ သူတို့လည်း အဲလိုစိတ်နဲ့ပဲ ဖြစ်ကြ ပေမဲ့ ... သြဘာရဲ့ တောင်းဆိုမှုလိုလို ... ပူဆာမှုလိုလို ... ညည်း ပြောကိုကျတော့ ... မသိချင်ယောင် ဆောင်နေကြရပါသည် ...။ လေယာဉ်လက်မှတ် ... ဒိတ်ကိုပင် အတိအကျ Fixed သွားလုပ် ထားလိုက်ကြပြီးပါပြီ ...။

မပြန်ခင်လေး ... သူ့ကို တစ်ခေါက်ပဲဖြစ်ဖြစ် ... ထပ်တွေ့သွားလိုတာက သြဘာရဲ့ အဆုံးစွန် မျှော်လင့်ချက်ဖြစ် ပါသည် ...။ အဲဒီအချိန်လောက်ကတော့ ... သြဘာဟာ ... “ဖူးစာမှန်ရင် ... ပြန်တွေ့ခွင့်လေး ... တစ်ချက်လောက် ရလိုက် ပါတော့” ဘာဘာညာညာ ... ဆုတောင်းကြည့်ရလောက်အောင် အထိတော့ ကိုယ့်စိတ်ကိုယ်လည်း ... မသိသေး။ ဘာအတွေ့ အကြုံမှကလည်း မရှိသေးတော့ ... အဲလို အတွေးအခေါ်မျိုးဟာ ခေါင်းထဲ ရောက်လာနိုင်စရာကို မရှိသေးတာမျိုး ...။

တစ်ခေါက်လောက်တော့ ... ထပ်တွေ့သွားလိုတဲ့ အခါ ... သူနဲ့ သြဘာတို့ရဲ့ တစ်ခုတည်းသော ... အဆက်အသွယ် ဖြစ်နိုင်ကောင်းတဲ့ ... လမ်းထိပ်က F & F ဆိုင်ကလေးသို့ ...



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်တွေမှာ ... သွားသွားစောင့်ကြည့်မိသည်။ ဒီထက်က လည်း ပိုမလုပ်တတ် ...။ လုပ်စရာလည်း ဘာမှ မရှိနိုင်တော့ ဘူးလေ။

တစ်ရက်ပြီးတစ်ရက် ... ရက်တွေကုန်ကုန်လာပြီး ... သန်ဘက်ခါညနေဆိုရင် ... EG ဖလိုက်နဲ့ ဩဘာတို့ ... ပြန်ဖြစ်ကြရတော့မည် ...။ ထပ်မတွေ့နိုင်တော့ပါဘူး ... တစ်သက် မှာ တစ်ခါလောက် တိုက်ဆိုင်တာ ...၊ သူဟာ ဒီနားတစ်ဝိုက်က လူလည်း မဖြစ်နိုင်တော့ဘူး ... ရယ်လို့ ... စိတ်တောင် လျှော့ ထားလိုက်ပြီဖြစ်တဲ့ ညနေခင်းမှာ ... သူ့ကို ဒုတိယအကြိမ်အဖြစ် ဆုံစည်းခွင့်ရလိုက်တာ ...။

အဲဒီနေ့က ... ဩဘာကဖြင့် F & F မှာ အချိန် အတော်ကြာကြာ ဖြုန်းပြီးလို့ ... အိမ်ပဲပြန်တော့ဖို့ ... လမ်းကို ပြန်ဖြတ်ကူး ...၊ သုခဝတီလမ်းရဲ့ ... ရန်ကင်းကန်ဘဲ့လမ်းမဘက် အပေါက်ကနေ လမ်းထဲ ပြန်ဝင်တော့ဖို့ ဖြစ်နေပြီ ...။ အနည်းငယ် ရင်းနှီးလာတဲ့ မောင်ဝမ်းကွဲတစ်ယောက်ရဲ့ စက်ဘီးကို ဩဘာ မပြန်ခင်အထိ ... ငှားထားပေးဖို့ ခေတ္တတောင်းယူထားတာမို့ ... အဲဒီနေ့ကတော့ ... လမ်းလျှောက်လာတာမဟုတ်ဘဲ ... စက်ဘီးနဲ့ ...။ ပြီးကျတော့ ... စက်ဘီးနင်းသွားတုန်း ... မိုးရွာလာရင် ... လက်တစ် ဖက်နဲ့ ကိုင်ဆောင်ပြီးလည်း ဆက်နင်းသွားတတ်တာမို့ ...၊ စက်ဘီး နဲ့ပေမဲ့ ... ထီးနဲ့ ...။ ထီးကလေးက ... စက်ဘီးနောက်ဘက်က ... ကယ်ရီယာထိုင်ခုံပေါ်မှာ ... အသာလေးညှပ်တင် ထားရုံပါ ...။





လမ်းထဲ့ထိ ပြန်ဝင်လာခဲ့ပြီးမှ ... "F & F"ဆိုင် ဘလေးနဲ့ ဘေးချင်းယှဉ်ကပ်ရပ် "Royal Rose"ဆိုင်ကလေးထံ နောက်ပြန်ငဲ့ပြီး အကြည့်တစ်ချက်ပြန်ရောက်လိုက်မိတာက ... သူ့ကိုပြန်တွေ့ရဖို့ ကံကြမ္မာက ဖန်ပေးလိုက်တာမျိုးပဲ ဖြစ်ပါလိမ့် မည်။ မြန်မာ့ချည်ထည်ပိုးထည်လေးတွေနဲ့ Hand made ... ဖိနပ် ဘလေးတွေ၊ လက်ကိုင်အိတ်ကလေးတွေ ရောင်းသော ဆိုင်လေး ထံ ပြန် အကြည့်ရောက်လိုက်ပြီးတဲ့အခါ ... ကျောင်းနေဖက် Westminster University က Room mate နိုဂရိုးမလေးကို Hand made ချည်ထည်လက်ကိုင်အိတ်ကလေးတစ်လုံး ... "အိမ်ပြန် လက်ဆောင်"အဖြစ် ... ယူသွားပေးရင်ကောင်းမှာပဲ ... ဟု အကြံ ရသည်။

ထူးဆန်းစွာပင် ... ဩဘာသည် ... လမ်းကို စက်ဘီးနှင့် ပြန်ဖြတ်ကူးကာ ... ထိုဆိုင်ကလေးရှေ့ဆီ စက်ဘီးကို နင်းသွားပြီး ဆိုင်ရှေ့မှာ ရပ်ထားဖို့ အတွေးထဲ မဝင်လိုက်မိ ...။ ကံကြမ္မာနတ်က ... သူ့ဘာသာ နှိုးဆော်ဖန်တီးလိုက်သလိုပင်။ စက်ဘီးပေါ်မှ ဆင်းကာ ... စက်ဘီးကို ဒီဘက်လမ်းတင် ... အကြောင်းမဲ့အသားလွှတ် ရပ်ချန်ခဲ့ပြီး ... Hand made ဆိုင်ကလေး ဘက် ... လမ်းပြန်ကူးပြီး လူချည်း ... လမ်းလျှောက်သွားလိုက် မိလေသား ...။ (အဲဒီလို အဓိပ္ပာယ်မဲ့ကြီး လုပ်ဖြစ်ကြဖို့ ... ဘယ် သူမှ အတွေးပေါက်ကြမှာ မဟုတ်ပေမဲ့ ... ဩဘာကတော့ တကဲ့ ထိုပဲ ... အဲသလိုပဲ ... လုပ်ဖြစ်ခဲ့ပါသည် ...။)



www.burmeseclassic.com

www.burmeseclassic.com



"Royal Rose"ဆိုင်ထဲဝင် ... လက်ကိုင်အိတ်ကလေးတွေကို တစ်လုံးပြီးတစ်လုံး ကိုင်ကြည့်နေဆဲမှာပင် ... ဟိုဘက်ကမ်း မီးပွိုင့်ဘက်ကနေ ... မြှောက်ကြွ မြှောက်ကြွဟန်ကလေးနဲ့ လျှောက်လာနေတဲ့ သူ့ကို ... သြဘာက လှမ်းမြင်လိုက်ရပြီ။ (အဲဒီတုန်းကတော့ ... သူဟာ ဒီလောကကြီးထဲမှာ လူလုပ်နေရခြင်းကိုပဲ အတော်ကြီး နှစ်ခြိုက်ပျော်ပါး၊ လူဖြစ်ရကျိုးတွေနပ်နေဟန်နဲ့ ... တွေ့လိုက်တိုင်း ... မျက်နှာလေးဟာ ကြည်လင်နုဖတ်လန်းဆန်းလို့ ...၊ လူဟန်ကလည်း ... မြှောက်ကြွကြွနဲ့။ ဘဝမှာ ... စိတ်ဆင်းရဲ ညှိုးနွမ်းစရာဆိုလို့ ... ဘာတစ်ခုမှ မကြုံဖူးသေးရပုံနဲ့ ...။)

ဒီတစ်ချီ ထပ်အဆုံမှာတော့ ... "တဒိတ်ဒိတ် ..." လှုပ်ရှားခုန်ပေါက်လာရသော ကိုယ့်ရင်ခုန်သံကို ... သြဘာက ... အံ့အားသင့်စွာပင် ... သတိပြုနေမိခဲ့ပါသည် ...။ ကြည့်စမ်း ...။ ရင်ခုန်လာတယ်တဲ့ ...။ ဘာကြောင့်တုန်း ...။ အဲဒီဘက်ကမ်းမှာရှိနေတဲ့ ညောင်ပိန္နဲပင်ကြီးရဲ့ မုတ်ဆိတ်မြစ်နွယ်တချို့ကို သူက မမိမကမ်းနဲ့ လှမ်းခုန်ရိုက်လိုက်စဉ်မှာ ... သြဘာရဲ့ရင်ထဲ "ဒုံ" ခနဲ ခပ်ပြင်းပြင်းကြီး တစ်ချက်ဖြစ်သွားရပြီး ... ရုတ်ခြည်း ပြန်လည်ငြိမ်သက်သွားသည် ...။

သြဘာလိုပင် နည်းတူ ...။ မြှောက်ကြွကြွ ဖြစ်နေခဲ့သော သူသည်လည်း ခုန်ပေါက်ရိုက်ပုတ်လိုက်ပြီး ပြန်ကျလာစဉ်မှာ ... တစ်နေရာကို အကြည့်ကျရောက်သွားပြီး ... ငြိမ်သက်





သက်ကြီး ဖြစ်သွားပါလေတော့သည် ...။ သူ့ကို ငြိမ်ငြိမ်စိုက်စိုက်ကြီး ဖြစ်သွားစေတာကတော့ ... သြဘာရဲ့ စက်ဘီးကလေးပေ။ သူက နေရာတင်ရပ်ကာ ... စက်ဘီးကို စိုက်ကြည့်နေသည် ...။ အဲဒီနောက်မှာ ရှေ့ခြေနှစ်လှမ်းစာလောက် ထိုးရပ်လိုက်ပြီးမှ ... ခပ်ကြာကြာ ကြည့်နေပြန်သည် ...။

"Royal Rose"ဆိုင်ကလေးရဲ့ မှန်ချပ်တွေကတစ်ဆင့် ... သူ့ထံ အကြည့်ရောက်နေသော သြဘာသည်လည်း ... သူက မလှုပ်မယှက် ငြိမ်ငြိမ်ရှူးစိုက်ကြီးဆိုရင် ... ကိုယ်ကလည်း ဒီအတိုင်း ...။

ဒီနောက်မှာတော့ ... သူဟာ သြဘာတစ်ယောက်ဘယ်လိုမှ ကြိုတင်မျှော်လင့်တွက်ဆထားမိမည် မဟုတ်သော အပြုအမူတစ်ခုကို မြန်မြန်သွက်သွက်ပင် ပြုမူလိုက်ပါတော့သည် ...။ ဟိုဟိုဒီဒီ ... ဘေးဘီဝဲယာကို လှည့်ပတ်ကြည့် ...၊ စက်ဘီးကလေးဆီသို့ တစ်ဟုန်ထိုးပြေးကပ်ရောက်ရှိလာ ...၊ ကယ်ရီယာထိုင်ခုံပေါ်မှာ ညှပ်တင်ထားတဲ့ ထီးကလေးကို ... စတီးညှပ်ကလေးကိုမြှောက်မ,ပြီး ထုတ်ယူ ...။ ပြီးတော့လေ ... သူ့ကျောပိုးအိတ်ထဲက ... အဝါထိန်ရောင် အထုပ်တစ်ထုပ်ယူပြီး ... စက်ဘီးရဲ့ ညှပ်ကလေးအောက်မှာ ပြန်ညှပ်ပေးခဲ့ ...။ ဟိုဟိုဒီဒီ ... ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်ရှု ...။

သြဘာဖြင့် ... သူလုပ်ကိုင်လှုပ်ရှားနေတဲ့တစ်လျှောက်လုံးမှာ ... လုံးဝ အောင့်ထားမိသည့် အသက်ရှူခြင်းကို ... အသ



www.burmeseclassic.com

www.burmeseclassic.com



'ဖျတ်'ခနဲ နောက်ကြောင်းပြန်လှည့် ထွက်ခွာသွားတဲ့ ... အခါမှ ပင် ... 'ဖူး'ခနဲ သက်မကြီး တစ်ချက်ချလို့ ပြန်ရှူမိတော့တာ။ အသက်အောင့်ထားတာ ကြာသွားလို့ ... ရင်ဘတ်များပင် အောင့်ချင်ချင်နဲ့ ...။ ဒါပေမဲ့ ကိုင်ထားတဲ့ လက်ကိုင်အိတ်ကလေးကို စင်ကလေးတစ်ခုပေါ် ပြန်လှမ်းတင်လိုက်ပြီး ... အဲဒီ ရင်ဘတ်ကို လက်နဲ့ ဖိုဖိလိုက်မိတာကတော့ ... ရင်ဘတ်အောင့်လို့ မဟုတ်ရပါ ...။ ရင်က 'တဝုန်းဝုန်း တဒိုင်းဒိုင်း' ပြန်ခုန်လာပြန်သည်မို့ပါ။

လှုပ်တစ်ပြက် အဖြစ်အပျက်တို့ရဲ့ အဆုံးမှာတော့ ဩဘာရဲ့ ထီးကလေးဟာ ... အလစ်မှာ တိတ်တဆိတ် ... ယူငင်သွားသော ... သူ့နောက်သို့ ပါသွားခဲ့ပါပြီလေ ...။ သူဟာ ခေါက်ထီးမဟုတ်တဲ့ အဖြောင့်ရှည်ထီးကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း ... နောက်ပြန်လှည့်မကြည့်စတမ်း ...၊ မီးပွိုင့်ဘက်သို့ (ပြေးမတတ်) ခပ်မြန်မြန်ကြီးပင် လှမ်းသွားနေပြီ ...။

သူက နောက်ပြန်လှည့်မကြည့်စတမ်း စိတ်ချလုံခြုံနေပေမဲ့ ... ဩဘာမှာတော့ ... သူ့လုပ်ရပ်ကို ဘယ်သူတွေများ ... (မလိုအပ်ဘဲ) မြင်ကုန်ကြသေးသလဲရယ်လို့ ... စိုးရိမ်တကြီး ... လှည့်ပတ်ကြည့်ရှုစုံစမ်းပေးနေရတာနဲ့ပဲ ... (နောင်လည်း တစ်သက်လုံး ... ဘယ်တော့မှ ပြန်တွေ့ရတော့မယ် မသေချာတဲ့) ဖျတ်ခနဲပဲ တွေ့လိုက်ရတဲ့ သူ့ကိုတောင် ဝအောင် ...၊ အားရကျေနပ်အောင် မကြည့်လိုက်ရတော့ပါပေ ...။





တော်သေးတာက ... အဲဒီ သုခဝတီလမ်းထိပ်မှာ ခါတိုင်း ညနေတွေဆို အမြဲရှိနေတတ်တဲ့ ဝက်သားတုတ်ထိုးကြာဆံကြော် လှည်းကလေးဟာ အဲဒီနေ့ကမှ (ဘာလို့ရယ်မသိ) မရှိ ...။ ခါတိုင်း တစ်စီးစ၊ နှစ်စီးစ လာ,လာရပ်ထားတတ်ကြတဲ့ ... ဆိုက်ကားများကလည်း အဲဒီနေ့ကျမှ မရှိ ...။ ဒီဘက်ခြမ်းက ဩဘာ ရောက်နေတဲ့ 'Royal Rose'ဆိုင်ကလေးတို့၊ 'F & F' တို့ ဆိုင်တန်းရှည်ကလေး ရှေ့တွေမှာလည်း ... အမြဲရှိနေတတ်ကြတဲ့ ဈေးဝယ်ကားများက ... တစ်စီးမှကိုမရှိ ...။ ကုန်ကုန်ပြောရရင် Royal Roseဆိုင်ကလေးထဲက ဆိုင်ရှင်များကတောင်မှ ... ဩဘာလို ... လမ်းမဘက် ကြည့်နေမိကြပုံ မရှိ ...။

သူ့လုပ်ရပ်ကို ဩဘာကလွဲရင် ... ဘယ်သူမှ သေချာမသိ၊ မမြင်လိုက်ကြဘူး ... ဟု ထင်ရလောက်မှပင် ဩဘာက ရဲရဲတင်းတင်း ပြန်လည် လှုပ်ရှားလာနိုင်ကာ ... စောစောက လက်ထဲ ကိုင်ထားမိသည့် အိတ်ကလေးကိုပဲ စင်ပေါ်က ပြန်ယူကာ ငွေချေလိုက်သည်။ သူငယ်ချင်း နီဂရိုးမကလေး ... Nina(နီနာ) တစ်ယောက် ... နီညိုရောင်နှင့် မီးခိုးရောင် ဘယ်ဟာကို ပိုနှစ်သက်မှာပါလိမ့် ... ဆိုတာ ဆက်စဉ်းစားနေဖို့ အချိန်မပေးလိုတော့ပေ ...။ နီညိုရောင်ပဲ လက်ထဲ ပြန်ရောက်လာတော့လည်း နီညိုရောင်ပေါ့ ...။ ဩဘာက ကိုယ့်စက်ဘီးဆီ ကိုယ် မြန်မြန်ပြေးလိုလှပါပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ ဩဘာရဲ့ ထီးလေး ပါသွားတာကိုပင် သိန်းဆုပေါက်သလို ... စိတ်လှုပ်ရှားပျော်ရွှင်နေမိတဲ့ ဩဘာဟာ ... စက်ဘီးနောက်က ထိုင်ခုံမှာ ... သူ ပြန်ညှပ်ပစ်ခဲ့တဲ့ အထုပ်တစ်ထုပ်အကြောင်းကိုလည်း ... သိလို့ (ဒီ့ထက်တောင်ပို ပျော်ရွှင်လို့) လှပါပြီ ...။

သေချာတာ တစ်ခုကတော့ ထီးကို အလစ်သုတ်ယူသွားပေမဲ့ ... သူဟာ 'သူခိုး'တစ်ယောက်တော့ မဟုတ်နိုင်တာပင် ...။

စက်ဘီးကို လမ်းတစ်ဖက်ကမ်းမှာ အစောင့်မရှိ၊ သော့မခတ်ဘဲ ပစ်ထားမိခဲ့သော ဩဘာရဲ့ အမိဖွာယ်မဲ့လုပ်ရပ်ဟာ ... တကယ့်သူခိုး၊ အလစ်သမား တစ်ဦးနဲ့သာ တွေ့ရင် (ဩဘာကလည်း သူမှ မဟုတ်တော့ လှမ်းသတိမထား မမြင်လိုက်မိဘူးဆိုရင်) ထီးတင်မက ... စက်ဘီးပါ အစီးလိုက်ပါသွားနိုင်တဲ့ လုပ်ရပ်မျိုးဆိုတာ ... ခုမှ ပြန်စဉ်းစားမိသည် ...။ သူကတော့ ထီးကလေးတစ်ခုသာ ကွက်,ဖြုတ်ယူသွားတဲ့အပြင် ... ဘာမှန်းမသိတဲ့ တစ်ခုခုကိုပါ ပြန်ညှပ်ထားရစ်ခဲ့သေးသည်လေ ...။ ကဲ ...။

အနားပြန်ရောက်လို့ ... သူ့အထုပ်ကလေးကို ကြည့်လိုက်မိတော့လေ ...။ သူ ပြန်ညှပ်ပေးထားခဲ့တဲ့ အဝါရောင်ထိန်တောက်တောက် ... အထုပ်တစ်ခုဟာ ... ယော်ကျားဝတ် ... မိုးကာအင်္ကျီတစ်ထည် ဖြစ်နေခဲ့တာ ...။ ဩဘာလေ ... မအောင့်ထားနိုင်တော့တဲ့ ပြုံးစိစိရုပ်ရည်နဲ့ ... 'တဟင်းဟင်း' အသံထွက်





ရယ်နေခဲ့မိတော့တာ ... စက်ဘီးကလေးကို ပြန်နင်းလာခဲ့လို့ အိမ်ပြန်ရောက်ခဲ့တဲ့အထိ ...။ အင်း ... မဟုတ်သေးဘူး ...၊ အိမ်ရောက်ပြီးလို့ ... အတော်ကြာကြာကြီးကို ကြာတဲ့အထိ ...။ (အဘိုးဖြစ်သူ ဆုံးပါးထားတာမှ တစ်လမပြည့်တပြည့် အချိန်မို့ ကိုယ့်အရယ်မျက်နှာကို အိမ်သားတွေ မမြင်နိုင်အောင် ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့် ပိတ်ကာ,ထားခဲ့ရတာကိုလည်း ... ပြန် ... အမှတ်ရမိသေးတော့သည် ...။)

အင်မတန် ကြည့်ကောင်းလှတဲ့ လူတစ်ယောက်ဟာ ... လူရှုပ်ကလေးတစ်ယောက်လည်း ဖြစ်နေသေးတာပေါ့နော် ... ဒီလိုဆိုရင် ...။ သူများထီးကို လိုချင်တော့ အသာကလေး 'ဘို'သွားပြီးမှ ... သူ့မိုးကာအင်္ကျီကို အစားပြန်လျော်ပေးခဲ့ရတယ်လို့ ... ဟင်း ဟင်း ...။ ဘယ်လိုလေးမှန်းကို မသိတာ ...။

ဩဘာကား ... ကိုယ်တိုင် အင်မတန်နှစ်ခြိုက်လှပြီး ... ဆင်တူနှစ်ချောင်းလည်း မရှိနိုင်သည့် ထီးကလေး ... သူများလက်ထဲ ပါသွားပြီး ... 'အဆုံး'သဘောဆိုလောက် ဖြစ်သွားတာကိုပဲ ... နှမြောလို့လည်း မနေနိုင် ...။ သူ့မိုးကာဆိုတာ သေချာနေတဲ့ ထိန်တောက်တောက် ခပ်ကြီးကြီး ... ခါးတို ခေါင်းစွပ်မိုးကာတစ်ထည် ကိုယ့်လက်ထဲ ကျန်ရစ်နေတာကိုပဲ ဝမ်းသာလုံးတွေဆို့နေရသလိုလို ...။

သူ့ကို ဩဘာက တစ်ကြိမ်တွေ့အပြီးမှာ အမှတ်တရတွေ ဆက်ရှိနေမိသလိုပဲ ... သူကလည်း (ဩဘာကို ... မို့



www.burmeseclassic.com

www.burmeseclassic.com



မဆိုလို) ဩဘာရဲ့ ထီးကလေးကို တစ်ကြိမ်ကြိုအပြီးမှာ အမှတ်တရတွေ ဆက်ရှိနေသည်မို့ပဲ ... ဒုတိယအကြိမ် အတွေ့မှာ ဝမ်းပန်းတသာ မှတ်မှတ်မိမိရှိကာ ... အလဲအလှယ်သဘောနဲ့ ယူငင်သွားခဲ့တာပေါ့နော် ...။

ဩဘာနဲ့ ဆိုရင်တော့ ပြောမနေနဲ့တော့ ... သူနဲ့ ဆိုရင်တောင် အတော်ကြီး ပွယောင်းကြီးမားနေနိုင်သေးတဲ့ ... (ဩဘာရဲ့ တစ်သက်တာမှာလည်း အဲဒီလောက် 'ဝါ'တာမျိုး ဘာပစ္စည်းမှ ထပ်မတွေ့ဖူး ... မကြုံဖူးတော့ဘူးလို့ ထင်ရတဲ့) အဝါရှူးရှူး .... မိုးကာအင်္ကျီတစ်ထည်ဟာ ... ယနေ့ထက်တိုင် ဩဘာရဲ့ လက်ထဲမှာပဲ ... (သွားလေရာရာ ... မခွဲမခွာ ... အတူပါ) သောင်တင် ...၊ ရှိနေခဲ့သေးလေသည် ...။

နောက်ထပ် ခြောက်လလောက်အကြာမှာ ... ဩဘာ မြန်မာနိုင်ငံသို့ နောက်တစ်ခေါက် ပြန်ဖြစ်ဖို့ရှိလာတော့ ... ဩဘာတစ်ယောက်တည်း ပြန်လာတာမျိုးဖြစ်ပြီး ဖေနှင့်မေတို့ ပါမလာနိုင်ပါ ...။ အကြောင်းရင်းကလည်း ဩဘာနှင့်သာ သက်ဆိုင်သလိုလိုမျိုး ...၊ ဖေဖေ့ ညီမအငယ်ဆုံးလိုပင် ... သူလည်းပဲ အပျိုကြီးတစ်ယောက်ပဲဖြစ်လေတဲ့ မေမေ့ညီမအငယ်ဆုံး အပျိုကြီး 'အန်တီမီး'ဟာ ဘယ်ဘက်ရင်ဘတ်မှာ အကျိတ်





လေးတစ်လုံးကို သတိထားမိခဲ့ပြီး ... ဆရာဝန် သွားပြတော့ ... 'ကင်ဆာကျိတ် ဖြစ်နိုင်သည်'ဟု သံသယရှိကာ ... ခွဲစိတ်ဖြတ်တောက်ထုတ်ပစ်ဖို့ အစီအစဉ်တွေ ဖြစ်လာရာမှ စပါသည် ...။

ဖေ့အဖေ ဘိုးဘိုးကြီး ... ဆုံးပါးလို့ တစ်လလောက်ကလေးပဲ တစ်ခေါက်အပြန်မှာ ... သူ့အိမ်မှာလည်း တည်းဖြစ်တာမဟုတ် ...၊ သူနှင့်လည်း ရင်းရင်းနှီးနှီး သွားသွားလာလာလည်း မရှိလိုက်ရဘဲနှင့် (ငယ်ကတည်းက အတူကြီးပြင်းခဲ့ရသည်လည်း မ,ဟုတ်ပါဘဲ ...) သူ့နောက်ဆုံးအချိန် ဖြစ်နိုင်တဲ့အချိန်တချို့မှာ ... အန်တီမီးဟာ ... ဝိုင်းဝိုင်းလည်ရှိနေနိုင်တဲ့ တူတူမတွေကြားမှာ ... ဩဘာကိုပါ ... တစ်ယောက်အပါအဝင်အဖြစ် (ဖြစ်နိုင်ရင်) မြင်သွားလိုက်လိုပါသတဲ့ ...။

သာရေးမဟုတ်ပြန်တဲ့ နာရေးလိုလို အခြေအနေမျိုးကိုပဲ ... ကျောင်းဖျက်ပြီး တက်ကြွနေလိုပြန်တဲ့ ဩဘာကို ... မိဘနှစ်ပါးကတော့ ထူးဆန်းသလိုလို ဖြစ်နေကြပါသည် ...။ ဒါပေမဲ့ ဒီလို တက်ကြွခြင်းကို ... ဖေရော မေပါ ကျိတ်ပြီး နှစ်လိုမှု ရှိနေကြတာကိုတော့ ဩဘာက ရိပ်မိသည် ...။ ငယ်ကတည်းက နိုင်ငံရပ်ခြားတွေမှာပဲ အနေများကြီးပြင်းခဲ့ရတဲ့ ဒီသမီးတစ်ယောက်ကို ... အမိနိုင်ငံမှာပဲ ပြန်အခြေချစေချင်တာ ...၊ ရင်းနှီးကျွမ်းဝင်မှု မရှိလှတဲ့ နှစ်ဖက်ဆွေမျိုးစုတွေနဲ့ ပတ်သက်ခင်မင်မှုတွေ မပြတ်စေလိုတာ ... ဖေနဲ့ မေတို့ရဲ့ ... မျှော်လင့်ချက်နဲ့ အတူလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဩဘာရဲ့ ဒုတိယ Mid-term ကလည်း စာမေးပွဲကြီး ခစ်ခါနီးအခြေအနေမို့ ဖေနဲ့မေတို့က ... အန်တီမီးခွဲစိတ်ချိန်နဲ့ ဆေးရုံ တက်နေရချိန် တစ်ပတ်လောက်သွားရင်သွား ...၊ ပြီးရင် ပြန်လာပြီး စာမေးပွဲဖြေပြီးမှဖြစ်ဖြစ် ... တစ်ခုခု အခြေအနေ(ဆိုး)ထူးရင်မှဖြစ်ဖြစ် ... နောက်တစ်ခေါက် ထပ်သွားရင်သွားပေါ့ ... ဟု ခွင့်ပြုတိုက်တွန်းကြသည် ...။ ဩဘာကလည်း မိဘစကားနားထောင်တာထက် ... အဲဒီလို အလီလီ သွားနေရဦးမယ်ဆိုတာ အပေါ် ... လိုလိုချင်ချင် ... နှစ်နှစ်သက်သက်ပင်။

ကိုယ့်အပေါ် ခင်တွယ်သံယောဇဉ်ရှိရှာသည့် အဒေါ်ဖြစ်သူရဲ့ သာရေးမဟုတ်တဲ့ ကျန်းမာရေးအခြေအနေတစ်ခုအပေါ်မှာပဲ ... အမြတ်ထုတ် ... စိတ်ကြိုက်တွေ့စရာ ရှာတွေ့နေနိုင်သေးတဲ့ ဩဘာအတွက် နီးနီးကပ်ကပ် အချိန်တိုတိုလေးအတွင်း နောက်ထပ်တစ်ခေါက် ဆိုတာမျိုးကိုတော့ ... ကံကြမ္မာက ခွင့်မပြုပါ ...။ အန်တီမီးမှာ ... ကင်ဆာကျိတ်ဆိုတာကို အသိစော၊ လူဦးလိုက်တာမို့ ... ဘယ်ဘက်ရင်ဘတ်သားမြတ် တစ်ခုလုံးကို ဖြတ်ထုတ်ပစ်လိုက်ပြီး ... Radiation(ဓာတ်ရောင်ခြည်)ယူ ကုသလိုက်သည်နှင့် ... ဆေးပညာက ရောဂါကိုအနိုင်ရကာ သတိနဲ့နေထိုင်သွားရုံကလွဲလို့ ... လောကကြီးမှာ ... ဆက်လက် ရှင်သန်နေသေးခွင့်ရသွား၍ ဖြစ်ပါသည်။

ဩဘာတို့များ “အင်္ဂလန်ကတူမ ... ပြန်လာတာနဲ့ပဲ ရောဂါတစ်ဝက်က သက်သာလို့ ...”ဆိုပြီး ကြံဖန် နာမည်ကောင်း





တွေ့ရလို့ ...။ တကယ်လည်း အန်တီမီးဟာ ဩဘာကို သံယောဇဉ်တွေကြီးပြီး ... ဩဘာ ပြန်ရောက်နေတဲ့တစ်ပတ်လောက်အတွင်း မျက်စိအောက်ကကို အပျောက်ခံချင်တာမဟုတ်ပါ ...။ သို့သော် အဲဒီလို အချိန်မရဘာမရ ... တစ်ပတ်လေးအတွင်း၊ လူကြီးကလည်း မျက်စိအောက်က အပျောက်မခံ ... လက်ကိုတောင်ကိုင်ဆွဲထား ...၊ ဆိုတဲ့ အခြေအနေနဲ့ပဲ ... ကံကြမ္မာက ... သူနဲ့ ဩဘာကို ထပ်ဆုံပေးပြန်ပါသည် ...။

ဩဘာ ဒီတစ်ခေါက်တည်းခိုဖြစ်တဲ့ အန်တီမီးတို့အိမ်က အင်းလျားလမ်းမှာ ... ဆိုတော့ ... ဆေးရုံချိန်ရောက်တာနဲ့ အန်တီမီးကိုပဲ အချိန်ပေးရတော့တဲ့ ဩဘာက ... ဆေးရုံချိန်မတိုင်ခင် ... မနက်စောစောတွေမှာ ... မောင်ဝမ်းကွဲလေးပေးပို့ပေးထားပြန်တဲ့ စက်ဘီးနဲ့ အဲဒီအင်းလျားလမ်းကနေပဲ ... နေရာတကာကို ခြေစကြာဖြန့်ဖို့ ကြံရတော့တာပင် ...။ အဘွားတို့အိမ်သို့ ဝင်,ဝင်မလည်ဖြစ်ပေမဲ့ ... ရန်ကင်းက ကံဘဲ့လမ်းမကြီး ... သုခဝတီလမ်းထိပ်နဲ့ ... F & Fဆိုင်ကလေးရှိရာ ဆိုင်ခန်းရှည်များဆီတို့ကတော့ ရောက်ကိုရောက်တာပေါ့ ...။

သို့သော် သွားရတဲ့အချိန်တွေက မနက်အစောကြီးတို့။ ညမိုးချုပ်တို့ အချိန်မတော်တွေပဲ ဖြစ်နေပေရာ ... ကံကလေးအားကိုးပြီး ဝတ္တရားလေးမပျက် သွားသာသွားရ ...၊ မျှော်လင့်ချက် သိပ်မရှိလှတာကိုတော့ သိပြီးသားပင် ...။ အဟုတ်ပဲ ... တွေ့လည်းမတွေ့ပါဘူး ...။ တွေ့မဲ့တွေ့တော့လည်း ... အန်တီမီး



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်နဲ့ မလှမ်းမကမ်းလေးမှာတင် ...။ အင်းလျားလမ်းကနေ တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်သို့ ချိုးလိုက်ပြီး 'နိုင်ငံခြားဘာသာ သင်တက္ကသိုလ်'ကျောင်းကြီးရဲ့ အရှေ့မှာ ...။

မနက်အစောကြီး (၇)နာရီကနေ (၉)နာရီမှာ ပြီးဆုံးသည့် အတန်းချိန်နှင့် ...၊ ညဘာတစ်ယောက် စက်ဘီးတစ်စီးနှင့် မနက်ပိုင်းထွက်ကာ လမ်းသလားတတ်တဲ့ အချိန်တို့ဟာ ချိန်းထားသလိုကို ကွက်တိကျနေခဲ့တာနော် ...။ အဲဒီနေ့ကတော့ မနက် (၇)နာရီ အတန်းချိန်အမီ အပြေးအလွှား ရောက်လာကြတဲ့ ကျောင်းသားကျောင်းသူတွေ တစ်ပုံကြီးကြားက စက်ဘီးတစ်စီးနဲ့ ဖြတ်သွားတဲ့ ညဘာကပဲ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ... သူ့ ကျောင်းသားကတ်ပြားလေးကို လမ်းပေါ်တစ်နေရာက ကောက်ရလိုက်ခြင်း ဖြစ်သည်လေ ...။

"**ဗမင်းဆက်**" တဲ့ ...။

လည်ပင်းမှာ ချိတ်ဆွဲရတဲ့ ကြိုးအပြာကလေးနဲ့ ကျောင်းသားကတ်ပြားလေး တစ်ခုကို ပလက်ဖောင်းအစပ် လမ်းဘေးတစ်နေရာမှာ ဖျတ်ခနဲ လှမ်းတွေ့လိုက်ရတာမို့ ... စက်ဘီးကို ဘရိတ်လေး အသာဆွဲရင်း အရှိန်သတ်ရပ်တန့်လိုက်စဉ်အထိ ဒီနေ့အဖို့တော့ ကံကြမ္မာဟာ ကိုယ့်ဘက်မှာ ရှိပြီဆိုတာကို ... ညဘာက မသိခဲ့ရသေးပါ ...။ လှမ်းကောက်ယူမိပြီး ... ကတ်ပြားထက်က ဓာတ်ပုံလေးကို မြင်လိုက်မှ ... ကြက်သေသေသလို ကျောက်ရုပ်မကြီး ဖြစ်သွားရတော့တဲ့ ညဘာဟာ ... ဒီတစ်ခေါက်





လည်း ကံကောင်းပြီ ... လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လိုက်မိတော့တာပါ ...။

အဲဒီမှာတင် ... မလှုပ်မရှားနိုင်ကြီး တောင့်တင်းသွားရတဲ့ ခန္ဓာကိုယ်ကို တစ်ကိုယ်လုံး ဒဖဝံ တစ်ပတ်လည် သွက်သွက်ယမ်းသွားအောင် ... မွှေ့ပစ်မိတော့မတတ် လှည့်ပတ်ကာ ... သူ့ကို ရှာဖွေ ...။

အဲဒီမှာတင် ... အင်းလျားလမ်းဘက်ဆီကပဲ ... တလှုပ်လှုပ် ရွေ့လျားလာနေတဲ့ ... Delmationထီး အကြည်လေးကိုပါ တစ်လက်စတည်း လှမ်းတွေ့လိုက်ရတော့တာပါ ...။

အိုး ... ညဘာသည်လည်းပဲ ... (ရာသီဥတုက မိုးဖွဲလေး တစ်ပေါက်နှစ်ပေါက်နဲ့တင်) သူ့ရဲ့ ထိန်ထိန်ဝါဝါ မိုးကာကြီးကို ဝတ်ဆင်ထားခဲ့တယ်လေ ...။ တိုက်တိုက်ဆိုင်ဆိုင် ...။ ညဘာက ကိုယ့်ထီးကိုယ် မှတ်မိနေရင် ... သူကကော သူ့ကျောင်းသားကတ်ကလေးကို လာပြန်ပေးတဲ့အခါ ... သူ့မိုးကာကြီးကို ပြန်တွေ့ မှတ်မိနေလေတော့မလား ...။ သူတော့ မသိ၊ ညဘာ အဖို့ကတော့ ... သူ့အင်္ကျီကြီး ဝတ်ထားမိသလို ဖြစ်နေတာ ... ရှက်စရာများ ကောင်းနေလေတော့မလား ...။

"ဗမင်းဆက်" ... တဲ့။ လူက ကြည့်လို့ကောင်းသလောက် ... နာမည်လေးကလည်း ... အဆန်းတကြယ်နဲ့ စိတ်ဝင်စားဖွယ် ရှိလိုက်တာကွယ် ...။

သို့သော် ... သို့သော် ...။



www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ်လာနေတဲ့ ထီးအကြည်ကလေးဟာ ... ခြောက်ကြွကြွ ခုန်ပေါက်ပေါက်ကလေး ယိမ်းထိုးမနေဘဲ ... တနွဲ့နွဲ့ မခို့တရို့ မလှုပ်တလှုပ်လေး လာနေကတည်းကတော့ ထီးရွေ့ပုံကို ကြည့်ပြီး ... အခြေအနေမှန်ကို ကြိုတင်သဘောပေါက်ထားဖို့ကောင်းသည်ပေါ့ကွယ် ...။ ဩဘာရဲ့ Delmation ထီးအကြည်လေးဟာ ... ပိုင်ရှင် တတိယလက်ထဲ ပြောင်းရွှေ့ရောက်ရှိလို့နေပြန်ပါပြီကော ...။ ဘယ်သူရှိမလဲ ...။ 'သူ့'ကို အမှတ်ရရင် ... သူနဲ့ ပတ်သက်တာမှန်သမျှ ... (ကုန်ကုန်ပြောရရင် ... ဟိုးတစ်နေ့က ... F & F ဆိုင်ကလေးက အရောင်းမိန်းကလေးတွေဘာအင်္ကျီကို ဝတ်ထားကြသည်ဆိုတာကအစ) အကုန်လိုက်အမှတ်ရနေမိတော့တဲ့ ဩဘာဟာ ... ထီးကလေးရဲ့ တတိယပိုင်ရှင်ကို မြင်လိုက်ရရုံနဲ့ ... တန်းမှတ်မိပါသည် ...။

သူနဲ့အတူ ... အဲဒီတစ်နေ့ကပဲ တွဲရက်ကလေးစ,မြင်ဖူးလိုက်ရတဲ့ ... ခြေထောက်ဖြူလွှကလေးပဲပေါ့ ...။ ခြေထောက်ကလေး ဖြူလွှနေသလိုပင် ... မျက်နှာကလေးကလည်း ဝင်းဖန့်နေတော့ကာ ... ကားထဲကနေ ခပ်တည်တည် လှမ်းခြွေကြီးကြီးလေး ထွက်လာစဉ်က မြင်ဖူးလိုက်တဲ့ ကြည့်ကောင်းပုံကတစ်မျိုး ...။ ခုလို နွဲ့နွဲ့ကလေး လမ်းလျှောက်လာတဲ့ မခို့တရို့ သွင်ပြင်ကလေးရဲ့ ... ကြည့်ကောင်းနေပုံလေးကကျတော့ တစ်မျိုးသွယ် ...။





ဩော် ...။ ဩဘာရဲ့ ထီးကလေးကို ... တကယ်လိုချင်စွဲလမ်းသွားသူက 'သူ'မဟုတ်ခဲ့ဘဲ ... ဒီတစ်ယောက်ငဲ ... ဖြစ်နေလေတာကိုး ...။ ဟင်း ဟင်း ဟင်း ဟင်း ... ဖြူရလွှကလေးရယ် ...။

တကယ်တော့ မင်းက ဩဘာရဲ့ ထီးကိုပဲရခဲ့တာ ... ဘမင်းဆက်ရဲ့ မိုးကာအစစ်ကို ရသွားခဲ့သူကတော့ ... ဟောဒီက ... ဩဘာသာ ဖြစ်ပါသည်ကွယ် ...။

အို ...။ ဘာမှ မဆိုင်ဘူး ...။ ဒီလို လိုက်ပြိုင်နေစရာလည်း ဘာအကြောင်းမှ မရှိဘူး ...။ အင်မတန်ကြည့်ကောင်းသော "ဖြူလွှလွှကလေးနဲ့" (ခုချိန်မှာ) နတ်ဖက်တဲ့ ချစ်သူစုံတွဲဘွပဲ ဖြစ်နေကြပြီဆိုရင် ... မကြာခင်မှာ ... ကိုယ့်အိမ်ကို ကိုယ်ပြန်ရမဲ့ (ကိုယ့်ဘာသာကိုယ် အဝေးကြီးက တစ်နေရာရာမှာပဲ ရှိနေရမဲ့) ဩဘာက ... ဘာမှ မနာလိုဝန်တို အပြိုင်၊ တုယှဉ်နေစရာ မလိုပြီ ...။

ဩဘာ လှမ်းကြည့်နေမိစဉ်မှာပင် ... ခုနက သတိထားခဲ့မိသော ... လမ်းဘေးအကြော်ဆိုင်လေးတစ်ခုရှိရာ အုတ်ခုံယ်တစ်ခုထက်မှ ... 'သူ'က ... ဖြူလွှကလေးကို လှမ်းမြင်သွားပြီး ... "ချွတ် ... ချွတ်"ဟု လှမ်းခေါ်လိုက်တာကို မြင်လိုက်ရသည် ...။ ရယ်ချင်စရာ ...။ သူဟာ ဩဘာဝတ်ဆင်ထားမိသော သူ့မိုးကာကြီးနှင့် ဆင်တူချွတ်စွပ် (သို့သော် ... အရောင်ကွဲကော်ဖူးစိမ်းရောင် ထိန်တောက်) မိုးကာတစ်တည်ကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ... သူတို့ နှစ်ယောက် ဆုံမိသွားကြစဉ်မှာ ... ဩဘာက (ကိုယ့်ကိုယ်ပေါ်က မိုးကာကြီးကိုပါ ပြန်မှတ်မိလည်း မှတ်မိကြတော့ ...။ ကိစ္စမရှိ ... ဘလိ ... ဟု မှတ်ပြင်) သူတို့နားသို့ ချဉ်းကပ်သွားလိုက်သည် ...။

"ဒီမှာ ... ရှင့်ရဲ့ကတ်ပြားလို့ ထင်ပါတယ်"

"ဟာ ... ကျွန်တော့်ကတ် ...။ ကျေးဇူးသိပ်တင်တယ် ... ပျောက်ကျသွားမှန်းတောင် မသိဘူးဗျ ..."

ဖြူလွလွကလေးက ဩဘာကို တစ်ချက်လှမ်းပြုံးပြပြီးမှ ... သူ့ထံ မျက်စောင်းရွယ်ကာ ...

"စည်းကမ်းကို မရှိဘူးလို့ပြောလည်း ... ကြိုက်မှာ မဟုတ်ဘူးမှတ်လား"

"ဒါပေမဲ့ ခု ပြောပြီးသွားပြီ မဟုတ်လား ..."

ပြိုင်တူ လွင်လွင်လေးတွေ ရယ်လိုက်ကြသံတွေကလည်း ... (ငှက်သံတွေကို တစ်ခါမှ စစ်စစ်ပေါက်ပေါက် နားမထောင်ဖူး အကျွမ်းတဝင် မရှိဖူးပေမဲ့) ကြားဖူးနားဝ ရှိနေမိသော ကရဝိတ်သံ၊ ကြိုးကြာသံ ဆိုတာတွေဟာ ဒါတွေကို ခေါ်ဆိုထားတာပဲ ဖြစ်မည်ဟု ဆင်မိပါသည် ...။

"ကားမပါလာဘူးလား ... ပင်ကီ (Pinky)"

"ဟင့်အင်း ... သူ့ကျတော့ရော ... ကားက ဘယ်မှာလဲ၊ မတွေ့ပါလား ..."

"ပျက်နေပြန်ပြီပဲမေ ..."





ဘာမှ မရယ်ရသည့် စကားတွေကိုပဲ ရယ်နေကြပြန်ပါပြီ ...။ အရမ်းကို ပျော်ရွှင်နေကြပုံ အပြည့်အဝတွေနဲ့ ...။ ကိုယ့်အလုပ် ဘာမှမရှိတော့ဘဲ ... အဲဒီ အနားမှာ ဆက်ကြောင်ငြိး ရပ်နေမိသေးတဲ့ ဩဘာပင် ... သူတို့ဆီက ရယ်ရွှင်ရိပ်တွေ ကူးစက်ကာ အလိုလိုနေရင်း ... ခပ်ပြုံးပြုံးလေး ဖြစ်နေမိသေးတော့သည် ...။

ဩဘာကို တစ်ချက်ထပ်ရယ်ပြရုံကလွဲလို့ ... သူ့မိန်းကလေး Pinky ရဲ့ မျက်နှာကလေးပေါ်မှာပဲ အကြည့်နဲ့ အာရုံတို့ ခိုက်ရောက်နေတဲ့ ဗမင်းဆက်က ဒီလောက် (အရောင်ကွဲပေမဲ့) ဆင်တူချွတ်စွပ်ကြီး ဖြစ်နေတဲ့ ... မိုးကာအင်္ကျီကို လုံးလုံးသတိမထားမိပါ ...။ "သူ့အင်္ကျီများလား"လို့ ရိပ်မိဖို့ဝေးလို့ ... ခလောလောဆယ် ဆင်တူဖြစ်နေကြတာကိုပင် သတိထားမိပုံမရတဲ့အခါ ... ဩဘာက သူတို့ရဲ့ ရှေ့က အသာအယာလေးပဲ ... နောက်ပြန်လှည့် လှည့်ထွက်လာခဲ့ပါတော့သည်။

'သူ' တော်တော်ပျော်ရွှင်နေပုံရတာ မြင်ခဲ့ရတော့ ဩဘာလည်း ကူးစက်စိတ်ချမ်းသာလာသည် ...။ F & F ဆိုတဲ့ ဆုံခဲ့ဖူးတဲ့ နေရာလေးတစ်ခုကလွဲရင် ... ဘာအဆက်အစပ်မှ မရှိနိုင်တော့ဘူး ... လို့ ထင်ထားမိသူတစ်ယောက်ရဲ့ လိပ်စာကို ... ကျောင်းသားကတ်ထဲမှာ မတော်တဆ ဖတ်မိလိုက်ရာက ... ဦးနှောက်ထဲ စွဲထင်ကပ်ငြိပါလာနိုင်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ တတိယအကြိမ်မြောက် ဆုံစည်းခြင်းမှာ ... ထီးကလေးရဲ့ တတိယပိုင်ရှင်နဲ့ပါ ထပ်ဆုံလာရတာကတော့ ... မမျှော်လင့်ခဲ့တဲ့ တိုက်ဆိုင်မှုပေါ့နော်။ 'အဲဒီ ပင်ကီဟာ ထီးကလေးရဲ့ တတိယပိုင်ရှင်ပဲဆိုရင် ... ဩဘာနဲ့ ဗမင်းဆက်တို့ရဲ့ တွေ့ဆုံဖြစ်ကြခြင်းတို့ကလည်း တတိယနဲ့ နောက်ဆုံးအချိုပဲ ဖြစ်နေလိမ့်တော့မလား ...။

လူသူစိမ်းတစ်ယောက်ကို ... ဖျတ်ခနဲ ...၊ ဖျတ်ခနဲလေးတွေ 'သုံးခါ'တည်း တွေ့ဖူးလိုက်ရုံနဲ့ ... ကိုယ့်နှလုံးသားတစ်နေရာထက်မှာ ... သူဟာ စွဲနစ်စူးဝင် နေရာပိုင်ပိုင် ... ဝင်ယူလိုက်ပြီးပြီ ... ဆိုတာ ဖြစ်နိုင်ပါသလား ...။ သူ့ကို ဩဘာသိပ်,သိပ်ကို ချစ်မိသွားတယ်ဆိုတာလေ ... ဖြစ်နိုင်ပါသလား ...။

အဲဒါကသာ "ဖြစ်နိုင်ချေ"တစ်ခု အသေအချာပဲ ဆိုရင် ...။ ကိုယ်က ချစ်ရသူဟာ ... သူက ချစ်ရသူ ... အခြားနောက်တစ်ယောက်,ယောက်နဲ့ပဲ ပျော်ရွှင်နေနိုင်မယ်ဆို ... သူပျော်နေနိုင်ဖို့ကသာ အဓိက ...၊ ကိုယ်လည်း သူနဲ့အတူ လိုက်စိတ်ချမ်းသာပေးနေနိုင်သားပဲ ... ဆိုတာသည်လည်း ... သေချာသော ဖြစ်နိုင်မှုတစ်ခုပဲ ... ဖြစ်ပါသည် ...။

"အချစ်ဆိုသော အရာဟာ ကိုယ်ချစ်ရတဲ့ သူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရရှိနိုင်မှုမဟုတ် ...။ လက်ဆုပ်လက်ကိုင်,ကိုင်ဆွဲပြသလို့ရတဲ့ "လှ"ထက် ... လက်ဆုပ်လက်ကိုင် ကိုင်ဆွဲပြလို့မရ ...၊ အာရုံငါးပါးစလုံးနဲ့ ကင်းလွတ်နေတဲ့ (ကင်းလွတ်





နေပေမဲ့) စိတ်ခံစားချက်သက်သက်ကလေးနဲ့ ... သူ့အပေါ် 'ချစ်'နေရတဲ့ 'အချစ်စိတ်'ကလေးတစ်ခု ရှိရုံနဲ့လည်း ပြီးပြည့်စုံပြီလို့ ... သတ်မှတ်ကျေနပ် ... နေနိုင်တာမျိုးပဲ ..."

ဩဘာရဲ့ "အချစ်"အပေါ် ပြဌာန်းချက်ဟာ ... လွန်ခဲ့တဲ့ တစ်နှစ်ခွဲ နှစ်နှစ်ခန့်အတွင်းက ဤသို့ပင် ရှိခဲ့ဖူးပါသည်။

❤ ❖ ❤

သူနဲ့ တွေ့ဆုံနိုင်ကောင်းသော အခြေအနေရှိသည့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာရခြင်း ... ကိစ္စတိုင်းမှာ "နာရေး" နှင့်ချည်း ဖြစ်နေခဲ့တာကတော့ ... ဩဘာနှင့် ဗမင်းဆက်တို့အကြား ... မနှစ်မြို့ဖွယ် တိုက်ဆိုင်မှုမျိုးပေ ...။ (သူကတော့ မနှစ်မြို့ဖို့နေနေ ... သိတောင်မှ မသိခဲ့သူပါလေ ...။)

သူနှင့် စတင်တွေ့ဖူးအပြီး တစ်နှစ်ခွဲလောက် အကြာမှာ ... အရင်တစ်ခါဆုံးပါးသွားခဲ့သည့် ဘိုးဘိုးကြီး၏ဇနီး အဘွားရဲ့ နာရေးနှင့် ဩဘာတို့ ထပ်ကြုံကြရပြန်ပါသည်။ အသက်အရွယ်ကြီးတဲ့ ဇနီးမောင်နှံတွေဟာ တစ်ဦးမရှိတော့ချိန်မှာ ကျန်တစ်ဦးဟာ တစ်ယောက်တည်း ဖြစ်ကျန်ခဲ့ရတဲ့ Lonely ဖြစ်မှုဒဏ်ကို ခံနိုင်ရည် သိပ်မရှိကြဟု ကြားဖူးပါသည် ...။ ဘိုးဘိုးကြီးနှင့် အဘွားလို ... အိမ်ထောင်စဖက်တဲ့နေ့ကစလို့ ...ဘိုးဘိုးကြီး

www.burmeseclassic.com



ဆုံးဝါးသွားသည့်ထိ ညအိပ်ညနေ တစ်ရက်တလေလေးလေ့ာက်ဆောင် တစ်ခါမှ မခွဲဖူးခဲ့ကြပါ ... ဆိုတဲ့ မောင်နှံမျိုးကတော့ ပိုဆိုးမည်။

ဒါတောင်မှ အဘွားဟာ ... သူ့အချစ်ဆုံးနဲ့ အားအကိုးဆုံးဖြစ်တဲ့ သမီးအငယ်ဆုံးဖြစ်သူ (ဩဘာတို့ရဲ့အဒေါ်အပျိုကြီး)ရဲ့ သည်းသည်းလှုပ် အရေးစိုက်အဖော်ပြုပေးနိုင်မှုမျိုးနဲ့ ကျန်ရစ်ရပေလို့ ...၊ ဘိုးဘိုးကြီး မရှိတော့တဲ့နောက်ပိုင်း ... တစ်နှစ်ခွဲလောက် ထပ်နေနိုင်သွားခြင်း ဖြစ်ပါလိမ့်မည် ...။

မေမေ့ ညီမဖြစ်သူရဲ့ Ca Breast operation တုန်းကတောင် မြန်မာနိုင်ငံသို့ပြန်ဖို့ တက်တက်ကြွကြွရှိခဲ့ဖူးတဲ့ ဩဘာကို အခုတစ်ခေါက် ... အင်တင်တင်ပုံစံနှင့် ကြုံရတော့ ဖေဖေရော မေပါ စိတ်ထဲ သိပ်ဆွေ့ကြပုံမရ ...။

"အဘိုး ဆုံးတုန်းက အဘွားနဲ့ တွေ့ဖို့ တာဝန်ရှိတယ်လေ။ အန်တီမီးတုန်းကလည်း သေတော့မသေခဲ့ပေမဲ့ မသေခင် တွေ့လိုက်ချင်တာပါဆိုတော့ ... မပြန်လို့ဘယ်ကောင်းမလဲ။ ခုလည်း အဘွားသာ အသည်းအသန်နောက်ဆုံး အခြေအနေ ဆိုရင့်တော့လည်း ဩဘာလည်း မရောက်ရောက်အောင် ပြန်ချင်မှာပါ ...၊ ခုဟာက အဘွားကလည်း မရှိတော့ဘူး၊ ဆိုတော့ ..."

"ကျန်တဲ့ဆွေမျိုးသားချင်းတွေလည်း ရှိတယ်လေ ဩဘာ၊ အဘိုးတုန်းက ပြန်လာခဲ့ဖူးတဲ့ ဩဘာကို အဘွားကိစ္စမှာ





လည်း ဩဘာ့ရဲ့ ဒေါ်ဒေါ်က မျှော်လင့်ပြီး စောင့်နေလိမ့်မှာ အမှန်ပဲ ..."

"ဘာဖြစ်လို့များ အရင်အခေါက်တွေလို ... တလိုက်ဘလှဲနဲ့ လိုလိုချင်ချင် မပြန်ဖြစ်ချင်ဘဲ ရှိနေရမှာလဲ ..." ဆိုတဲ့ အတွေးတစ်ခု ခေါင်းထဲ ရောက်လာချိန်မှာတော့ ဩဘာဟာ ... အလိုလိုနေရင်း ... လူမသိသူမသိ ... Guilty တွေဖြစ်၊ ရှက်ရွံ့ရွံ့ကြီး ခံစားမိလာရသလိုလိုပင် ...။ အဲဒါကြောင့်ပဲ ... Postgrad ဒီဂရီတစ်ခုအတွက် ဝင်ခွင့်စာမေးပွဲဖြေဖို့နဲ့ Workshop ဆန်ဆန် သင်တန်းတစ်ခု သွားတက်ဖို့ ရှိနေတာကိုပင် ... ထုတ်မပြောဖြစ်တော့ဘဲ ... အဲဒီ test ကို နောက်တစ်ကြိမ် ထပ်ရှိမဲ့ နောက်ခြောက်လဆီသို့ပဲ အရွှေ့ခံလိုက်ကာ ... အတူနေ ကျောင်းနေဘက် Room mate သူငယ်ချင်းမထက် ... ခြောက်လလောက် အခွင့်အရေးဆွေ နောက်ဆုတ်ပစ်လိုက်ဖို့ကိုပဲ ... ရွေးချယ်ဖြစ်လိုက်ပါတော့သည် ...။

ဟိုအတွေးကြီးကို မတွေးဖြစ်ခဲ့ရင်တော့ ... ဩဘာဟာ ... "Postgrad အတွက် test ဖြေရမှာမို့" ဆိုတဲ့ အကြောင်းပြချက်ကို ပြဖြစ်အောင်ပင် ပြမိမှာပေါ့။ သို့သော်လည်း "မတွေးဖြစ်ခဲ့ရင်" ဆိုတဲ့ အခြေအနေဟာလည်း ရှိကိုရှိမလာနိုင်ပါလေ ...။ 'သူ'ဟာ ဩဘာရဲ့ ဦးနှောက်ထဲ၊ အတွေးထဲ အမြဲမပြတ် ရှိနေရိုးမှန်ရင် ... အဲသလို "သူ့မှာ ချစ်ရသူကောင်မလေးတစ်ယောက်ရှိပြီးသွားမှန်းသိလို့ ... မလိုက်ချင်တော့တာလား" စတဲ့ ... မေါက်



www.burmeseclassic.com

www.burmeseclassic.com



တဘက်ကရှေ့ကြား ရှက်ရွံ့ဝမ်းနည်းချင် စရာကောင်းတဲ့ အတွေးမျိုး ဟာလည်း တစ်ပါတည်းပင် ကပ်ပါနေပြီးသား ... ဖြစ်ကိုဖြစ်နေ တော့မှာပေါ့။

"လိုက်ပါမယ် ဖေ ... ဩဘာ လိုက်ဖြစ်မှာပါ ..."

လိုက်ဖြစ်လိုက်တော့လည်း အဘွားရဲ့ နောက်ဆုံး မျက်နှာကို နောက်ဆုံးအနေနဲ့ တွေ့မြင်ခွင့်ရလိုက်တာပေါ့လေ ...။ ပြီးကျတော့ လှည့်စားပြောင်းလဲတတ်ကာ ရိုသဲ့သဲ့လည်း နိုင်ချင် လှတဲ့ ကံကြမ္မာစောင့်နတ်ရဲ့ ... ကောက်ကျစ်တတ်ပုံကိုလည်း ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့သိမြင်လိုက်ရပြန်တာပေါ့လေ ...။

ဩဘာတို့က ဒီတစ်ခေါက်မှာ TG လေကြောင်းနဲ့ မပြန်ဖြစ်ဘဲ ... 'ကာတာ'လေကြောင်းနဲ့ ပြန်ဖြစ်ခဲ့ကြတော့ ... မြန်မာနိုင်ငံသို့ အဝင်မှာ ... မနက်ခုနစ်နာရီသာသာလောက်ရှိသေး တာပါ ...။

အဘွားနှင့်အတူနေ ဦးလေး အဒေါ်တွေနဲ့ တစ်မနက် ခင်းလုံး ငိုဟယ် ... ရယ်ဟယ် နှုတ်ဆက်ဟယ် ... ဓာတ်ကြောင်း လှန်ဟယ် လုပ်နေရတော့ ... မနက် (၁၁)နာရီလောက် အရောက်မှာ ဩဘာဟာ ခေါင်းတစ်ခုလုံး "တဒိန်းဒိန်း" မြည်အောင် ကိုက်ခဲ နေကာ ... လှဲချပစ်လိုက်ချင်လောက်အောင် ပင်ပန်းစပြုပြီ ...။ အဲဒီအချိန်မှာပဲ ဖေ့ အစ်မ အကြီးဆုံး ကြီးဒေါ်ကြီးရဲ့ ကားက ခြံထဲသို့ ဝင်လာသည် ...။

"ပန်းနုရော ... ဘယ်ကျန်ခဲ့လဲ ... မမမြိုင်"





"လမ်းထိပ်မှာလေ ... အထမ်းသည်ကြီးတစ်ယောက်နဲ့ လီလီအနီတွေ တွေ့လို့ ဆင်းနေရစ်ခဲ့လေရဲ့ လှိုင်ရေ ... သူ့အဘွားက လီလီအနီဆို သိပ်ကြိုက်တတ်တာ ... သူ သိနေရှာတာကိုး ..."

"တစ်ခါတည်း စောင့်တင်ခဲ့ရောပေါ့ ကလေးကို။ လမ်းမ ကြောင်းကြီးတစ်လျှောက် ... ပန်းစည်းကြီးပွေ့ပြီး ငိုပြန်လာ တော့ ... ဘယ့်နှယ်လုပ်မတုန်း ..."

အဒေါ်အပျိုကြီးရဲ့ စကားမှာ ... ကြီးတော်ခများ အတော်တွေဝေသွားပါသည်။ 'မပန်းနု'ဆိုတာ ဖေဖေ့ အစ်မအကြီး ဆုံးရဲ့ တစ်ဦးတည်းသောသမီး ...၊ အဘွားရဲ့ အချစ်တော်မြေးမတစ် ဦးဖြစ်ကာ ... ဆံပင်အရှည်ကြီးနဲ့ တစ်ထွေးတစ်လျှ လှနိုင်လွန်းတဲ့ သူဆိုတာ ... ဩဘာက သိပါသည် ...။ ဩဘာနှင့်ကတော့ ကြီးမှ အဘိုးကိစ္စတုန်းကတစ်ခါ ... ပြန်ဆုံဖူးကြတာဖြစ်လျက် ... အခေါ်အပြော၊ စကားအတုံ့အလှယ် ... နည်းတတ်ကြသူနှစ်ဦး ကြား ရင်းနှီးမှုရယ်လို့ ... အသေအချာကြီး ... မဖြစ်ထွန်းလိုက်ဖူး သူတစ်ယောက်သာ ဖြစ်ပါသည် ...။

သို့သော် ... လူတွေ၊ ပရိသတ်တွေ၊ အငိုအပြောတွေ၊ ဓာတ်ကြောင်းလှန်မှုတွေအောက်မှာ အိလျှော့ကျမှုးနောက်နေကာ လှဲအိပ်ပစ်လိုက်လို့လည်း မကောင်းတတ်တာမို့ ... ထွက်ပေါက် ရှာနေမိတဲ့ ဩဘာတစ်ယောက် ... အဒေါ်နဲ့ ကြီးတော်တို့ရဲ့ စကားတွေမှာ အကွက်တွေ့လျက် ,...



www.burmeseclassic.com

www.burmeseclassic.com



"လမ်းထိပ်ဆိုတာ ... မြကျွန်းသာဘက်ရယ်၊ ဆီဒိုးနားရယ်၊ ရန်ကင်း ကံဘဲ့ဘက်ရယ် သုံးပေါက်ရှိတာမဟုတ်လားဟင်။ သြဘာ သွားထွက်ကြိုပေးလိုက်မယ်လေ ... ဘယ်ဘက်ထိပ်လဲ ကြီးကြီး ..."

မနက်ကလေးကမှ လေယာဉ်ဆိုက်ပြီး ရောက်ရှိလာသူထံမှ မျှော်လင့်မထားတဲ့ စကားမို့ ကြီးတော်ရော အဒေါ်ပါ ခပ်ကြောင်ကြောင်တွေ ခဏဖြစ်နေကြပြီးမှ ... ကြီးတော်က ...

"သြဘာလေး လိုက်ကြိုလိုက်မယ်ဆိုရင်တော့ ကောင်းတာပေါ့ကွယ် ... ကံဘဲ့ဘက်ထိပ် သမီးရေ ... ဒါပေမဲ့ လမ်းထိပ်ထိတော့ မရောက်ဘူး ... အဲဒီဘက်မှာ အီတာလျံစားသောက်ဆိုင်တစ်ဆိုင် ရှိတယ် ... အဲဒီရှေ့နားလောက်တင်ပဲ ..."

အဒေါ်အငယ်က "နေပူနေပြီနော်"ဟု ဝင်ပြောတော့ ကြီးတော်က ... "ပန်းနုမှာ ထီးပါပါတယ်"တဲ့ ... ။ အင်း ...။ ရန်ကင်းကံဘဲ့ဘက်ထိပ် ...။ မြန်မာ့မြေ၊ ရန်ကုန်မြေကို ခြေချလို့မှ လေးငါးနာရီလောက်ပဲရှိသေး ... အမှတ်တရနေရာဟောင်းလေးတစ်ခုဖြစ်တဲ့ F & Fဆိုတဲ့ ဆိုင်ကလေးရှိတဲ့ဘက် ... ရောက်ရဦးတော့မှာပေါ့လေ ...။ နို့မဟုတ်ရင်တော့ သြဘာဟာ ... တစ်နှစ်တိတိလောက် နေ့စဉ် အမှတ်တရဖြစ်နေရတဲ့ အိမ်လိပ်စာတစ်ခုရှိရာဆီအထိ ... အရောက်သွားမိရင်လည်း ... သွားမိကောင်းသွားနေမိပါဦးမည် ...။





ဘာမှတော့ မျှော်လင့်မိတယ် ... မမျှော်လင့်မိတယ် မဟုတ် ...။ သူ ... သူ့မိန်းကလေးဖြစ်သူနဲ့ လောကကြီးထဲမှာ ပျော်ရွှင်ကျေနပ်နေတဲ့သူတစ်ယောက် ဖြစ်နေမှာလေးကိုပဲ မြင်ပြီး ... အပျော်ကူးစက်ရယူလိုက်ချင်တာလေးသက်သက်လောက်ပါပဲ ...။ အသွားရဲ့ နှာရေးကိုမှ ... "မလိုက်တော့ပါဘူး"လို့ "အတို့" စိတ်ဖြစ်သွားမိတဲ့ ... ရှက်ရွံ့ရမှု၊ Guiltyဖြစ်ရမှုတို့ကို ... သူတို့အတွဲလေးကို ပြန်ကြည့်ပြီး ချေဖျက်ချင်မိတာ ...။

ရန်ကုန်ရဲ့ မနက်(၁၁)နာရီနေက ... လန်ဒန်မြို့ကြီးသူ သြဘာကို ပူပြင်းစတော့ပြုစေပြီ ...။ အိမ်ထဲ ... ဆက်မနေချင်ဆော့လို့သာ ယ,ထွက်ခဲ့ရ ... ဒီလောက်နေပူပူအောက်မှာ ... ခရင်းနီ့းလှတဲ့ မပန်းနုကလည်း အဒေါ်ပြောသလို ... ငိုနေခဲ့သေးရင်တော့ ဒုက္ခပါပဲ ...။ ဘာလုပ်ရမလဲတောင် သိတော့မည်မထင်ပါ။

သို့သော် ... လီလီပန်းအနီရောင်တွေ တစ်ပွေ့တစ်ပိုက်နှင့် ... ဆံပင်ရှည်ဖားဖားကြီးတွေ တလွင့်လွင့်နှင့် ... (အများဘင်စားကြသလိုဆိုရင်တော့ ... ဆင်မယဉ်သာဟန်လေး အပြည့်နှင့်) လှမ်းလာနေသော မပန်းနုကို လှမ်းမြင်လိုက်ရစဉ်မှာ ... သူကတော့ အသွားအတွက် ငိုလားမငိုလား ... မသေချာ။ သြဘာမှာတော့ (နဂိုကလည်း ခေါင်းတွေတအားကိုက်၊ မူးနောက်အီလည်နေသောအရှိန်နှင့်) အော်ငိုလိုက်ချင်သလိုလို ... ဘာလိုလိုကြီးတောင် ဖြစ်သွားခဲ့ရတော့တာ ...။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က လီလီပန်းစည်းကြီးကိုပိုက်၊ နောက်တစ်ဖက်ကတော့ ရန်ကုန်နေကို အံတုဖို့ ... ဖွင့်ဆောင်းထားခဲ့သည့် ... မပန်းနုရဲ့ ညာဘက်လက်ထဲက ထီးလေးကို မြင်လိုက်ရလို့ပါပဲလေ ...။ 101 Delmation movie ထဲက ခွေးပြောက်ကြားကလေး အကောင်သုံးဆယ်လောက်ဟာ ... မပန်းနုတစ်ယောက်နေမခ,စေဖို့ ... စွမ်းစွမ်းတမံကြီးတော့ မဆောင်ရွက်နိုင်ကြရှာပါ။ နဂိုတည်းကိုက ထီးလေးဟာ နေရောင်ကာဖို့ထက် ... မိုးလုံဖို့ကိုသာ ရည်ရွယ်ပုံနှင့်လေ ...။ ခွေးရုပ်အထူတွေကြားက ပလတ်စတစ်သားအကြည်ရောင်ဟာ နေပြောက်မခ,ဖို့ ဘယ်လိုလုပ် စွမ်းနိုင်မလဲ ...။

"ဩဘာ ... များလား မသိဘူး"

ထီးကို လှမ်းမြင်လိုက်ရတာနှင့်ပဲ ... မပန်းနု ရှိရာဆီ့ ဆက်လှမ်းမသွားဖြစ်တော့ဘဲ ... နေရာတင် ငူငူကြီး ရပ်နေမိတော့တဲ့ ဩဘာကို မပန်းနုက လှမ်းတွေ့သွားကာ သူကပဲ အနားသို့ စ,ကပ်လာပါသည်။

"ဟုတ် ... မပန်းနု ... ဩဘာပါ ...။ မပန်းနုတစ်ယောက်တည်း လမ်းထိပ်မှာ ဆင်းကျန်ခဲ့တယ်လို့ ကြီးကြီးက ပြောတာနဲ့ ... ဩဘာက လိုက်ထွက်ကြိုပေးတာ ... ပေး ဩဘာကို ပန်းစည်းပေး ..."

"အို ... ရပါတယ် ... နေပေ့စေ ..."





"မပန်းနုက ထီးပဲမိုးပါ ... ပေး ... ပေး ... ပန်းစည်းက ..."

ဩဘာက တစ်ဆက်တည်းမှာပင် ... "မပန်းနု ... ထီးလေးက ချစ်စရာကောင်းလိုက်တာ" ဟု ခပ်သွက်သွက်ပဲ ပြောချလိုက်ပါသည် ...။ ဒီထီးဟာ ... ဟိုးတစ်နှစ်ခွဲအချိန်က ဩဘာရဲ့ ထီးကလေးပဲ ဖြစ်နိုင်တာ ... (အို ဖြစ်ကိုဖြစ်မှာပါ) ထိုစဉ်က မြင်ဖူးကောင်းမြင်ဖူးလိုက်နိုင်သည့် ... မပန်းနုတို့ ...၊ အဒေါ်ငယ်တို့ ... ရိပ်များရိပ်မိကြလေမလား ...။ ရိပ်မိချင်မှလည်း ရိပ်မိကြပါမည် ...။ မပန်းနုတို့နှင့်က ထီးကို လူတိုမခံရသေးခင် အဲဒီတစ်လအတွင်း သိပ်ဆုံဖြစ်တယ်ရယ်လို့လည်း မရှိကြ ...။

တစ်အိမ်တည်း အတူနေ အဒေါ် ဦးလေးတွေကျ ပြန်တော့လည်း ... သူတို့အဖေနာရေး၊ ရက်လည်၊ တစ်လပြည့်၊ ဒါတွေကို လုံးပန်းနေရတာနဲ့ပဲ ...၊ နိုင်ငံရပ်ခြားက ရောက်လာတဲ့ ဧည့်သည်တွေကလည်း ... အားအားနေ အပြင်ချည်းထွက်နေတော့တာနှင့် ... ဘာထီးယူလာတယ်ဆိုတာ ... သေချာစိတ်ဝင်တစား မရှိမိရင် သိချင်မှ သိကြပါမည် ...။

ပြီးခဲ့တဲ့တစ်ခေါက်က ... ညီအစ်မချင်းရယ်လို့ ... အကောင် သုံးလေးငါးခွန်းထက် ခွန်းတုံ့မလှယ်ဖြစ်ခဲ့ကြတဲ့ ဩဘာကို တရင်းတနှီး ပုံစံကြီးနှင့် ပြန်တွေ့လိုက်ရတော့ ... မပန်းနုလည်း အိုးတိုးအမ်းတမ်း ဖြစ်နေရာကနေ ... နေသာထိုင်သာ ဖလိုက်ဖလျော ပုံစံမျိုးလေးတော့ ပြန်ပေါက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... လက်ဆောင်ရထားတာပါ ..."

"ယောကျ်ားလေးသူငယ်ချင်းများလား ..."

မပန်းနုမှာ မရင်းနှီးလှသည့် ဩဘာကို အကဲခတ်အကြည့်တွေနှင့်ပင် ... ခေါင်းကို မသိမသာလေး ညိတ်ပြပါသည်။ ဒီမြန်မာနိုင်ငံမှာတော့ ဆင်တူနောက်တစ်ချောင်း ထပ်မရှိနိုင်လောက်ပါဘူးဟု ကိုယ့်ဘာသာတော့ တစ်ဖက်သတ် သေချာနေမိသော ဩဘာမှာ ... ထီးပေါ်မှာတော့ ... သိရှိမှတ်မိလောက်စရာ အမှတ်အသားရယ်လို့ ... ဘာမှကို မရှိတာပါ ...။ တစ်ခုပဲရှိတာ မပန်းနုထံ ... ဒီထီးကို အရောက်ပို့သူသည် ... ဗမင်းဆက်နှင့် သော်လည်းကောင်း ... ဟိုဖြူလွလွကလေး ပင်ကိ Pinky နှင့် သော်လည်းကောင်း ... အဆက်အစပ်ဆိုရင်တော့ ... ဒီထီးဟာ အမှတ်အသားမလို ...။ ဩဘာရဲ့ ထီးဖြစ်တာ သေချာပါပြီ ...။

ဩဘာက သေချာတာလား ...။ ဟင့်အင်း ... မဟုတ်ပါဘူး ...။ သေချာပြီးသလောက်ရှိနေတဲ့ ကြားကကို မသေချာချင့်တာသာဖြစ်သည် ...။ ထီးက သေချာပြီဆိုရင်တော့ အလကားနေရင်း ပျော်ရွှင်နေခဲ့ကြတဲ့ နှစ်ဦးသားတို့ကြားမှာလည်း တစ်ခုခု ဝင်ရောက် အနှောင့်အယှက်ရှိနိုင်တာ သေချာနိုင်ပြီလေ။ (ဩဘာဟာ ဒီထက်လည်း Guilty(အပြစ်မကင်းသလို) ထပ်မဖြစ်ပါရစေနဲ့တော့ ...။ ဩဘာက ကကယ့်ကို မသေချာချင်သူပါလေ ...။)





ဗမင်းဆက် ကိုယ်တိုင်က Pinky ဆီက ပြန်ယူပြီး ဒီပြင်တွေ ... ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက်ဟု သဘောထားပစ်လိုက်တာ မဟုတ်လျှင် ... Pinky ဟာ ရာဇဝင်ရှိသည့် ဤထီးကို အမြတ်တနိုး ဆက်ထိန်းသိမ်းထားဖို့ထက် ... စွန့်ပစ်လိုက်လိုစိတ် ... ရှိကိုရှိလာလို့ ... ဆိုတာမျိုး ဩဘာက အဲဒါမျိုးတွေကို ခေါင်းထဲဝင်လာနေတဲ့ ကြားကကို ဖြစ်ကိုမဖြစ်စေချင်မိသူပါ ...။

"မပန်းနုကို ဒီထီးပေးတာ ဘယ်သူလဲဟင် ... ယောကျ်ားလေးသူငယ်ချင်းဆိုတာက ဘယ်လိုလဲ ... Boy friend လား ... ချစ်သူပေါ့ ..."

"ဘာဖြစ်လို့လဲဟင်"

မပန်းနုက တစ်ခွန်းတိုး တရစပ် ဩဘာကို အံ့ဩဘကြီး ဖြစ်နေသည်။

"မြင်မြင်ချင်း ... ကြိုက်လို့ပါ ... ဒီထီးကိုလေ ...။ ချစ်သူက အမှတ်တရပေးထားတဲ့ လက်ဆောင်မျိုးဆိုရင်တော့ မတောင်းကောင်းဘူးပေါ့ ...။ နို့မို့ ..."

နိုင်ငံရပ်ခြားကနေ ခဏတစ်ဖြုတ် ရောက်လာပြီး ... ခေါင်းနီးသည့် ညီမဝမ်းကွဲရဲ့ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းနိုင်လှသော ... "လိုချင်မျက်စိ"ကို မပန်းနုက လန့်လာပုံရပါသည်။ ဆော်တော်ကြာကျ အိမ်ပြန်လက်ဆောင်အဖြစ် ... အွားနာနာခက်နာပုပုနဲ့ ထည့်ပေးလိုက်ရမှာစိုးလွန်းလို့ထင့် ...၊ ဤနေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် နှုတ်နည်းလိုလှတဲ့ ... မိန်းကလေးဆန်ဆန် ... အစ်မဆောင်ဟာ ... မျက်လုံးပြူးကလေးဝိုင်းကာ ဝိုင်းကာနှင့်ပင် ... ကြိုဘင်ကာကွယ်ဖို့ ... ဆုံးဖြတ်ချက်ချလိုက်ဟန်ရှိသည် ...။

"ဟုတ်တယ် ... ဩဘာရယ် ... ဒါ ... တို့ချစ်သူက ပေးထားတာပါ ..."

"ဩ ... မပန်းနုမှာ ... ချစ်သူရှိတာ ... သိတောင်မသိဘူး ကြည့်စမ်း ... ဘယ်သူလဲ ... ဘယ်ကလဲဟင် ..."

ဩဘာကား ... Pinky နှင့် ဗမင်းဆက်တို့ ... ဇာတ်လမ်းကလေး ... တကယ်ပဲ ပြီးဆုံးသွားခဲ့ပြီလား ... ဆိုတာကို ... အတိအကျ ... သိကိုသိရဖို့ ... လှုပ်ရှားမှုမငဲ့နိုင်အောင်ဘဲ (မသိစိတ်ကလေးကော သိစိတ်ထဲမှာပါ) အရေးကြီးနေခဲ့ပုံရပါသည် ...။

လမ်းမှာ မျက်နှာချင်းဆိုင် ဆုံကြတာကိုတောင်မှပင် "ဩဘာများလား ..." ဟု ဧဝေဇဝါရှိခဲ့သော ဝမ်းကွဲအစ်မခများသူ့ရဲ့ အတွင်းရေးကို ... လမ်းပေါ်တင် ဖွင့်ထုတ်ပြောပြီး ... သရဲမရဲစီး ... နှိုက်ထုတ်စူးစမ်းလိုသည့် သူမျိုးကို အံ့ဩထိတ်လန့်စွာပင် ရင်ဆိုင်နေရချေတော့သည် ...။

ဩဘာရဲ့ ရည်ရွယ်ချက်ကတော့ မပန်းနုရဲ့ ချစ်သူအမျိုးသားအမည်နဲ့ ဘယ်က ... ဘယ်လိုဆိုတဲ့ အသိုင်းအဝိုင်းကိုပါ သိရရင် ... "ဒီထီး ... အပြင်ရောက်လာတာ ... ဘယ်သူ့လက်ချက်လဲ ..." ဆိုတာကိုပါ ဆက်စုံစမ်းနိုင်ဖို့ ...။ သို့သော် ...။





မပန်းနုရဲ့ ... မျက်လုံးဝိုင်းကလေးနဲ့ မပွင့်တပွင့်အဖြေမှာ ...

"ဗမင်းဆက်တဲ့ ဩဘာရယ် ... မေမေတို့ သူငယ်ချင်းရဲ့သားပဲ ... မိဘတွေချင်း ရင်းနှီးကြတဲ့ ... ဟိုဘက်ဒီဘက် သိကျွမ်းပြီးသား အသိုင်းအဝိုင်းထဲကပါ ..."

"ဗမင်းဆက် ... !"

လက်ထဲက လီလီပုံနှိပ်စည်းကြီးပင် ... ပြုတ်ကျရတော့မလို ဖြစ်သွားခဲ့သည်။ ဘာ ... ဘာတွေ ... ဘယ်လို ... ဖြစ်ကုန်ပြီလဲ ...။

"လူကြီးတွေချင်း စီစဉ်ကြတာလား ..."

"ဟင့်အင်း ... မပန်းနုတို့ချင်း တိကျပြီးမှ လူကြီးတွေကို အသိပေးလိုက်တာပါ ... နဂိုတည်းကတော့ ... မိဘချင်းက မိတ်ဆွေတွေပဲ ဆိုတော့ ... မြင်ဖူးသိဖူးနေတာတော့ ရှိတာပေါ့လေ ... ဘာဖြစ်လို့လဲဟင် ! ..."

"ဘာမှ မဖြစ်ပါဘူး ... မပန်းနု ပုံစံလေးနဲ့ ချစ်သူအဖော်ရှိတယ်ဆိုတာ အံ့ဩစိတ်ဝင်စားစရာကောင်းနေလို့ပါ ... ဒါနဲ့ ... ကြာပြီလား ..."

"ဟင့်အင်း ... ဒီထီးကလေးကတော့လေ ... သူ့ဆီမှာတွေ့လို့ ...၊ ဩဘာလိုပါပဲ မြင်မြင်ချင်း ကြိုက်သွားမိတာနဲ့ ... ခင်မင်နေကြတာကို အခွင့်ကောင်းယူပြီး တောင်းယူထားမိတာ ကြာပြီဆိုပါတော့ ... အဲဒီတုန်းကဆို



www.burmeseclassic.com

www.burmeseclassic.com



မပန်းနုတို့ချင်းက သိရုံပဲရှိသေးတာ ... သူက မပန်းနုကို တောင် ဖွင့်မပြောရသေးပါဘူး ...။ ထီးကို တောင်းယူလိုက်မိပြီး ခဏကြာမှ ... သူကလည်း ... ရင်ဖွင့်လာခဲ့တာ ဆိုပါတော့ ...၊ မပန်းနုက သူ့ကို ခေါင်းညိတ်လိုက်တာတော့ တစ်ပတ်ပဲ ရှိသေးတယ်လေ ... အဘွားတောင်မှ သိသွားပါသေးတယ် ..."

"သြော် ... အဘွား သိသွားတယ် ... !... ဒါဖြင့် ... သူ့ဘက်က ပြောထားတာကတော့ ကြာပြီပေါ့ ..."

မပန်းနုရဲ့ မျက်နှာကလေးမှာ 'ရဲ'ခနဲ ...။ ဩဘာကိုလည်း "ဘယ်လိုဟာလေးလဲ"ဆိုတဲ့ ပုံစံနှင့် စိတ်ခုချင်လာပုံရသည် ...။ ဒါပေမဲ့ ပြောလက်စနှင့်မို့လားတော့မသိ ... မပြေချင့်ပြေချင်ပုံပေါက်နေတဲ့ကြားကပင် ... ခပ်ရှက်ရှက်လေးနဲ့ပဲ ...

"သူ့ဘက်က ဖွင့်ပြောလာတာကတော့ ... အင်း ... တစ်လကျော်ကျော်လောက်တော့ ရှိမှာပေါ့ ...။ ဟုတ်တယ် ...။ အဲဒီလောက်ပါပဲ ...။ နဂိုတည်းကလည်း သိနေကြပြီးတဲ့ အကြောင်းသိတွေဆိုတော့လေ ... မပန်းနုက ... သိပ်ကြီး အချိန်ယူစဉ်းစားနေစရာတော့ မလိုလိုက်ပါဘူး ..."

တစ်လကျော်ကျော် ...။ အင်း ...။ ဟင်း ...။

ထိုစဉ်မှာပင် ... ဩဘာသည် ... 'ပန်းနု'၊ 'Pinky' ဆိုတဲ့ နာမည်လေးတွေရဲ့ တိုက်ဆိုက်မှုကို ရုတ်တရက် သတိထားမိသွားပါသည် ...။ ပြီးလျှင်တော့ ဂျပန်မလေးတွေ ပုံစံလို ...





ဘဲဥပုံ အလျားရှည်ရှည် မျက်နှာကလေးချင်း ...။ ဖြူကြည်ကြည် အသားအရေနဲ့ ... ဆံပင်ရှည်ရှည် ... မိန်းမဆန်ဆန် ရုပ်ရည်ကလေးတွေ ဖြစ်နေကြပုံချင်း ...၊ နွဲ့နှောင်းသော စကားဆိုဟန်နဲ့ ချိုလွင်သော အသံကလေးတွေချည်း ဖြစ်နေကြပုံချင်း ...၊ အရုပ်တွေက သိပ်မမြင့်ကြသော်လည်းပဲ ပိန်ပိန်သွယ်သွယ် ပုံစံမျိုးလေးတွေ ပေါက်နေကြပုံချင်း ...။

ရုပ်ချင်းမဆင်ကြသော်လည်းပဲ ... နာမည်နှင့်တကွ အချက်အလက်အားလုံး ဆင်ဆင်တူနေကြတာဟာကော ... တိုက်ဆိုင်မှုသက်သက်ပါပဲလား ...။ ဩဘာ ချစ်မြတ်နိုးခဲ့မိတဲ့ ...၊ ကိုယ်တိုင်က မရရင်နေ ... သူကိုယ်တိုင် တကယ်မြတ်နိုးပုံရတဲ့ သူ့မိန်းကလေးနဲ့ ... သူတို့ရဲ့ ပျော်ရွှင်မှုကို ကူးစက်မျှယူ ကျေနပ်နိုင်ခဲ့တဲ့ ...၊ ဩဘာရဲ့ ဇမင်းဆက်ဟာ ချစ်သူသက်တမ်း တစ်နှစ်လောက်အကြာမှာ ... အချက်အလက်နဲ့ နာမည်ခပ်ဆင်ဆင် နောက်တစ်ယောက်ထံ ... 'ဖျတ်'ခနဲ ပြောင်းလိုက်နိုင်တဲ့သူ ... ဖြစ်နေခဲ့သလား ...။

"တော်သင့်ပြီ"ဟု နားလည်နိုင်လိုက်တာမျိုး မဟုတ်ဘဲ ... မကျေမနပ်ကြီး ဖြစ်သွားရမှုကြောင့် ငြိမ်ငြိမ်ကြီး နှုတ်ဆိတ်သွားရသောအခါ ... မပန်းနုခမျာ ... (သူ့အပြစ်လည်း ဘာမှ မရှိရှာပါဘဲနှင့်) မရင်းနှီးသည့် ညီမကို မရဲတရဲ အကဲခတ်နေရင်းက ...

"ဩဘာနဲ့များ သိကျွမ်းကြသလားဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ..."

"အချစ်ဆိုတဲ့ အရာဟာ ... ကိုယ်ချစ်ရတဲ့သူတစ်ယောက်အပေါ် ပိုင်ဆိုင်ခွင့်ရနိုင်မှ မဟုတ် ...။ သူ့အပေါ် 'ချစ်' နေရတဲ့ 'အချစ်စိတ်'ကလေးတစ်ခု ရှိရုံနဲ့လည်း ... ပြီးပြည့်စုံပြီလို့ ... သတ်မှတ်ကျေနပ်နေနိုင် ... တာမျိုးပဲ ..." ဆို ... ဩဘာရယ် ...။

ဒီပြဿနာချက်ဟာ အခုအချိန်မှာ ... ကိုယ့်ရင်ထဲတကယ်ပဲ ... လက်သင့်ခံ ... အတည်ယူထားနိုင်လောက်တာမျိုး ဟုတ်သေးရဲ့လား ...။

သူဟာ ... တစ်ယောက်ပြီးတစ်ယောက် ... ပြောင်းချင်တတ်တဲ့သူမျိုးလား ...။ နောက်ထပ်တစ်ယောက်ကော ... ထပ်ပြောင်းကိုပြောင်းဦးမဲ့ သူမျိုးလား ...။ 'အချစ်'ဆိုတဲ့ အရာကို ကိုယ်က တန်ဖိုးထားပြီး 'စံ'တစ်ခုအဖြစ်ထားသလို ... သူကမှ မထားနိုင်ပါဘူးဆိုရင် ... သူ ပျော်လေတိုင်း ... ပျော်လေတိုင်း... အပျော်လုံးတွေ ဆို့နေတိုင်း ...၊ ကိုယ်ကပါ လိုက်,လိုက်ပျော်ရကြေးဆိုတာ ... အဓိပ္ပာယ်ရှိနိုင်ပါဦးမလားဟင် ...။

"မပန်းနုတို့ ... ပျော်နေကြမှာပေါ့နော် ..."

"ဟင့်အင်း ဩဘာရယ် ... သူက ပျော်တတ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး ..."

"ဟင် ..."





"သြော် ... အင်မတန် တည်တည်ငြိမ်ငြိမ်နဲ့ ... ခံစားချက်ကို မဖော်ပြတတ်ဘဲ မျိုသိပ်ထိန်းချုပ်ထားတတ်တဲ့လူမျိုး ...လို့ ဆိုလိုတာပါ ..."

လေထဲကို လက်သီးနဲ့ ခုန်ခုန်ထိုးတတ်တဲ့၊ လမ်းသွားနေရင်း လမ်းလယ်ကောင်ကြီးတောင် ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေတတ်တဲ့၊ လောကကြီးမှာ သူ့လောက် ပျော်နေတဲ့သူ ထပ်မရှိတော့သလို ... နေရင်းထိုင်ရင်း ... မြောက်ကြွကြွ ခုန်ပေါက်ပေါက်ဖြစ်နေတတ်တဲ့၊ အလကားနေရင်းလည်း ရယ်စရာမဟုတ်တာကို ရယ်နေတတ်ခဲ့တဲ့ ... ကောင်လေးတစ်ယောက်ကော ...။ ဘယ်များရောက်သွားပြီလဲဟင် ...။ Delmation ထိ/အကြည်လေးနဲ့ ဘမင်းဆက်ဆိုတဲ့ နာမည်ဆန်းဆန်းတို့ကို ပူးတွဲပိုင်ဆိုင်နေသူမျိုး ကတော့ ... နှစ်ယောက်လည်း မရှိနိုင်ပါဘူး ...။ ဟုတ်ရဲ့လား ...။

❤ ❖ ❤

"မမြိုင်သမီး ... မပန်းနု (-)ရက်နေ့က ... ဆုံးသွားတယ်" ဆိုတဲ့ e.mail က ဩဘာရဲ့ mail address ထဲသို့ ဝင်လာခဲ့ပါသည်။ အမှန်ကတော့ ဖေနဲ့မေကို အကြောင်းကြားရုံ အသိပေးရုံသက်သက် ... ဒေါ်ဒေါ်က သတင်းပို့လိုက်ခြင်းဖြစ်ဟန်တူပေမဲ့ ... ဖေ့ mail ကို မပို့ဘဲ ဩဘာရဲ့ Address ထဲကိုမှ ပို့လိုက်ခြင်းကတော့ ... အဒေါ်က သူ အမှတ်ရတဲ့ပေါ်စွာ ...



www.burmeseclassic.com

www.burmeseclassic.com



သူပို့တာပဲ နေမှာပါ ...။ သို့သော် ... ထို mailကို ဖတ်မိပြီးပြီးချင်းပင် ဩဘာသည် ... "ဩဘာ ချမ့်နေ့မိအောင် ပြန်လာခဲ့မယ် ဒေါ်ဒေါ် ..."ဟု စာချက်ချင်း ပြန်လိုက်မိရက်သား ဖြစ်နေလေသည်။

အခန်းဖော်သူငယ်ချင်း "နီနာ"နှင့်အတူ (Westminster) တက္ကသိုလ် အနီးအနားမှာ အခန်းတစ်ခန်းငှားပြီး နှစ်ယောက်သွားနေနေရတဲ့ ဩဘာဟာ ... ဖေနဲ့မေရှိရာ Stockwell သို့ ပြန်ရောက်ရန် တစ်နာရီခန့် ကားမောင်းပြီး ပြန်ရပါသည် ...။ တုန်လှုပ်နေသော ဩဘာကို နီနာက "ရရဲ့လား underground train (tube) နဲ့ပဲ ပြန်လိုက်ပါလား ... ကားမောင်းလို့ ဖြစ်ပါ့မလား" ဟု အထပ်ထပ် မေးပေမဲ့ ... ဩဘာက ... တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချားနှင့်ပင် ... မိဘများရှိရာဆီ ပြန်သွားလိုက်သည်။

ဖေရော မေပါ ဒီသတင်းကြောင့် အဲဒီလောက်ကြီး တုန်လှုပ်ချောက်ချား ဣန္ဒြေမဆည်နိုင် ဖြစ်နေသည့် ဩဘာကို တော်တော်တော့ အံ့သြကြပုံရသည်။ "ဒေါ်ဒေါ်ဆီ ... ဩဘာ ပြန်လာခဲ့မယ်လို့ mailပြန်လိုက်တယ်"ဆိုတော့ ပိုလို့ပင် အံ့သြကုန်ကြလေသည်။

"သူ့အသွားကိစ္စနဲ့ ဖြန့်ကြတုန်းက ... မမမြိုင်ရဲ့သမီးနဲ့ ဩဘာနဲ့ တော်တော်လေး တရင်းတနှီးနဲ့ ... တပူးပူး တတွဲတွဲတော့ ရှိလိုက်တယ် ..."





"မွေးရပ်မြေကို 'သာရေး'နဲ့ တစ်ခါမှ ပြန်ရတယ်ကို မရှိသေးဘူး ... 'နာရေး'နဲ့ချည်း ပြန်ပြန်နေရသလို ဖြစ်တာ စိတ်ထဲ တစ်မျိုးကြီးတောင် ဖြစ်တယ် ..."

ဩဘာရဲ့ ပုံစံဟာ ... ဖြစ်များဖြစ်နိုင်ရင် ... ခုပဲ ထပြေးတော့မဲ့ပုံစံလို ဖြစ်နေတာမို့ ... ဖေရော မေရောပါ သူတို့ သိပ်နားမလည်ကြတဲ့ ကိစ္စအတွက် ... သူတို့ဘာသာ ဟိုပြော ဒီပြောလေးတွေလောက်ပဲ ရှိကြပြီးတဲ့အခါ ... ဩဘာကိုတော့ ဘားမြစ်ဟန့်တားချင်သည့် သဘောမျိုး ... "ကျောင်းကိစ္စနဲ့ ဖြစ်ပါ့မလား"တို့ ...၊ "ပြီးခဲ့တဲ့ တစ်ခေါက် ပြန်လာတာမှ ခြောက်လပဲ ရှိသေးတယ် ... မသွားရင်လည်း ... မသွားပါနဲ့တော့လား" တို့ ဘာဘာညာညာ ...။ ဘာမှတော့ ပြောမနေကြတော့ပါ။ သူတို့နှစ်ယောက်ကတော့ အလုပ်တွေ ကိုယ်စီကနေ ခွင့်ယူဖို့ ခလွယ်နိုင်တာမို့ ... ဩဘာတစ်ယောက်တည်းပဲ ... မြန်လာဖြစ်ခဲ့ရသည် ...။

ဩဘာက ဒေါ်ဒေါ့်အိမ်မှာပဲ တည်းပေမဲ့ ... ရောက်ဘတည်းက မိုးလင်းမှမိုးချုပ် ... ကြီးတော်တို့အိမ်မှာပဲ ရှိနေဖြစ်သည် ...။ ဩဘာ ပြန်ရောက်လာတာကို ဒေါ်ဒေါ်တို့ ကြီးတော်အိုနဲ့တကွ ... တစ်မျိုးလုံးက မောင်နှမတွေပါ အံ့သြသလို ရှိနေကြရင်း ... ကြီးတော်ခမျာ ... "သူ့သမီးလေးကို ဩဘာက ခင်ရှာတယ် ..."ဟု ဝမ်းနည်းဝမ်းသာ ဖြစ်လို့ကိုမဆုံးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်တို့အိမ်မှာ "သူ့"မေမေဆိုတဲ့ အန်တီကြီးကို ဩဘာက စတင်မြင်ဖူးခဲ့ပါသည် ...။ ညှိုးမှိုင်နေသော ရုပ်ရည်နဲ့ စိတ်မကောင်းလှတဲ့ပုံပေါက်နေသော အန်တီကြီးတစ်ယောက်ဟာ "သူ့မေမေ"ပါလို့ ... ဝမ်းကွဲညီမတစ်ယောက်ထံမှ သိလိုက်တာနှင့်ပဲ ... ဩဘာက ... အခန်းထောင့်တစ်နေရာမှာ ငြိမ်ငြိမ်ကလေး လာထိုင်နေတတ်သည့် ... အန်တီကြီးရဲ့ အနားမှာ ဩဘာပါ သွားသွားထိုင်နေဖြစ်ခဲ့သည် ...။

မျက်ရည်လေးတွေ တသွင်သွင်စီးစီးကျလာတာကို ကျိတ်သုတ်နေတတ်တဲ့ အန်တီကြီးဟာ ... ဘာစကားမှ မဆိုပေမဲ့ မပန်းနု အတွက် အတော့်ကို ခံစားနေရလေဟန် ရှိတာကို ... ပုံကြည့်လိုက်တာနဲ့ သိသာနိုင်သည် ...။ မျက်နှာတစ်ပြင်လုံး နီရဲပြီး ... ချွေးပါပြန်လာလျှင်တော့ ဩဘာက "စနိုးတာဝါ"လေးတစ်ထည်ကို ကမ်းပေးဖြစ်လိုက်လေသည် ...။ အန်တီကြီးက လှမ်းယူပြီး ... အသိအမှတ်ပြု ကျေးဇူးတင်ကြောင်းကိုတော့ မျက်လုံးများနှင့်သာပြသည် ...။

သူကော ...။

နိုင်ငံရပ်ခြားမှ ဩဘာက ချက်ချင်းရောက်လာနိုင်ပေမဲ့ ...၊ တချို့ အဖေ့ဘက်က အမျိုးတွေက ချက်ချင်း မလာနိုင်ကြသေးတာမို့ ... မပန်းနုကို ငါးရက်တောင် ထားပါသည်။ အဲဒီ ငါးရက်အတွင်းမှာ သူ့မေမေကိုသာ တစ်နေ့မပြတ် တွေ့မြင်နေရပြီး ... သူ့ကိုတော့ ... တစ်ရက်တလေလေးတောင် မယောင်လို့





များတောင် မတွေ့ရပါလား ...။ နောက်ဆုံးတော့ ဩဘာက မျိုသိပ်မနေနိုင်တော့တာနှင့်ပဲ ... "အဲဒါ မပန်းနု ချစ်သူရဲ့အမေ ပေါ့" ... လို့ ... ပြပေးခဲ့တဲ့ ညီမလေးကိုပဲ ...

"မပန်းနုရဲ့ ချစ်သူကကျတော့ မလာဘူးလားဟင် ..."

"သူ့ကို အိမ်က ထွက်မလာနိုင်အောင် သူ့အစ်မတွေ၊ အစ်ကိုတွေက ဝိုင်းအုံပြီး စောင့်ကြပ်ကြည့်ရှုနေကြမယ် ထင်တယ် မမဩဘာ ...။ ချမ့်နေ့တော့ ရောက်ချင်ရောက်လာမှာပေါ့ ... ဒီရက်တွေတော့ တမင်အပြင်မလွှတ်ကြတာ ထင်တယ် ..."

"ဟင် !ဘာဖြစ်လို့လဲ ... သူတို့က မပန်းနုနဲ့ သဘောမတူကြလို့လား ..."

"သူတို့ချင်း ... စပတ်သက်ကာစလောက်ကတော့ ကိုဗမင်းဆက်တို့ဘက်က တော်တော်ဝိုင်းတားကြသေးတယ်လို့ သတင်း သိုးသိုးသန့်သန့် ကြားလိုက်သေးတယ် သိလား။ ဥမ္မာပြောပြတယ်လို့ လျှောက်မပြောနဲ့နော် ... ကြီးကြီး သိရင် ကြိုက်မှာမဟုတ်ဘူး ... ဥမ္မာကို ဆူနေလိမ့်မှာ ...

ဒါပေမဲ့ သဘောမတူလို့ တားတာမျိုးတော့ ဟုတ်ရဲ့လား မသိဘူး ...။ တစ်မျိုးတော့တစ်မျိုးပဲ ...၊ ကြီးကြီးနဲ့ အဲဒီ ကိုဗမင်းဆက်ရဲ့ အမေတို့ကလည်း ဒီလောက်ခင်မင်နေတာ ...၊ မပန်းနုရဲ့ အနေအထားကလည်း သဘောမတူချင်စရာ ဘာရှိမှာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လေ ...။ ဘယ်သူမှ လျှောက်မပြောနဲ့နော် မမဩဘာ ...။ သူတို့ဘက်က ဝိုင်းတားတော့ ကိုဗမင်းဆက်က ရှေ့မဆက်တော့ဘဲ ရပ်လိုက်သလိုလိုပဲ ...။ ဒါပေမဲ့ မပန်းနုက ကိုဗမင်းဆက်ကို အရမ်းချစ်တာကိုး ...။ သိနေခဲ်နေကြတာလည်း ကြာပြီဟာ ...။ ဟိုဘက်က စ, မလာသေးလို့သာ သူ့မှာ မလှုပ်သာတာတဲ့ ...။ စ,လာသလို ရှိပြီးမှ ..., ရှေ့မဆက်ဘဲ ရပ်ပစ်လိုက်တော့ ဘယ်ရမလဲ ...

မပန်းနုက အေးသာ အေးတာ ...၊ အဲဒါမျိုးကျ ခေါင်းက ခပ်မာမာရယ် ...။ ဟိုဘက်က တားသလိုလို တန့်သလိုလို သတင်းကြားတော့ ကြီးကြီးကလည်း စိတ်ခု သေးတယ် ...။ အဲဒါကိုပဲ သူက ဇွတ်တိုးတာ ...။ မဖြစ် ဖြစ်အောင် ... တစ်ဖက်က အားနာယူရလောက်အောင် အတင်းကြီးတွေကို ဇွတ်လိုက်ပတ်သက်တာ ... အဲလိုမျိုးတွေ ကြားကြရတော့ မပန်းနု ဘယ်လောက်အေးကြောင်း၊ လူချွေကြီးကြောင်း သိနေကြတဲ့ တစ်မျိုးလုံးတောင် အံ့ဩနေကြရပါတယ်ဆို ...

မပန်းနု အတင်း ရှေ့ဆက်ဇွတ်တိုးလို့သာ သူတို့ ဇာတ်လမ်းက အတည်ဖြစ်သွားရသလိုလို သတင်းကြားလိုက်တယ် ...။ ဒါပေမဲ့ ကိုဗမင်းဆက်က မဆိုးပါဘူး ...။ သမီးရည်းစားတွေ ဖြစ်သွားကြပြီးတော့ကျတော့ တည့်တည့် တဲ့တဲ့နဲ့ ကြင်ကြင်နာနာပုံစံ ရှိပါတယ် ...။ ကြီးကြီးတို့နဲ့





လည်း ... ခင်မင်လေးစားပြီး တရိုတသေရှိတော့ ကြီးကြီးလည်း ပြန်စိတ်ပြေသွားတာပေါ့ ...

တားတုန်းက တားတယ်လို့ သတင်းထွက်ပြီးမှ ... သူ့အမေကြီးကလည်း နောက်ပိုင်းကျတော့ မသိချင်ယောင်ဆောင်ပြီး ဒီလိုပဲ အရင်ကလိုပဲ အေးအေးဆေးဆေး ပြန်ဝင်ထွက်နေတော့တာပါပဲ ... မပန်းနု အပေါ်လည်း ... 'သမီး ... သမီး'နဲ့ ဖူးဖူးမှုတ် ပုံစံနဲ့ပါပဲ ..."

"အဆန်းပါလားနော် ... ဒါဖြင့် ခုလိုအချိန်ကျမှ ဘာလို့ ဝိုင်းတားထားကြပြန်တာလဲ ...။ အဲလိုဆိုတော့ ... ဟိုတုန်းက သဘောမတူခဲ့သလိုလို ... တားခဲ့သလိုလို သတင်းတွေကြောင့် ကြီးကြီးတို့ ပြန်အထင်လွဲမှာကို မပူကြဘူးလား မသိ ..."

"အဲလိုသဘောမျိုးတော့ မဟုတ်တော့ဘူးနဲ့ တူပါတယ် မမဩဘာ ... သူ့အမေကြီးတောင် နေ့တိုင်း လာနေတာပဲ ...။ တမင်တားထားတာထက် ... ကိုဗမင်းဆက်အနေနဲ့ စိတ်ဆင်းရဲမခံနိုင်တော့မှာ စိုးလို့နဲ့တူပါတယ် ... သူ့ခများကလည်း ..."

ဩဘာက ... မျက်နှာတစ်မျိုးလေးနှင့် ဖြစ်နေသော ဝမ်းကွဲညီမငယ်ကို အံ့ဩတကြီးနှင့် ကြည့်နေသည်။ သူ့ခများက ဘာဖြစ်လဲ !... ချစ်သူတွေချင်းကတော့ ချစ်သူတွေချင်းပေါ့နော်။ ဒါပေမဲ့ ယောကျ်ားလေးပဲ ... စိတ်တင်းမခံနိုင်မှာစိုးလို့ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်းကို အစ်မတွေက ဝိုင်းကြည့်ထားကြရတယ်ဆိုတာက ... ဘာကြောင့်လဲ ...။

ညီမငယ်က ခပ်တိုးတိုးနှင့် ဟိုကြည့် ဒီကြည့်လုပ်နေပြီးမှ ...

"နှစ်ခါတောင်ရှိပြီဆိုတော့ မခံနိုင်တော့မှာစိုးလို့နေမှာပေါ့လေ ..."

"နှစ်ခါ ... !"

"ဟုတ်တယ် မမကြီးဘာရဲ့ ... အဲဒီ ကိုဗမင်းဆက်မှာ မပန်းနု မတိုင်ခင်ကလည်း ချစ်သူတစ်ယောက် ရှိဖူးသေးတာတဲ့ ... အဲဒီတစ်ယောက်ကလည်း ဆုံးသွားတာပဲရယ် ... သိပ်တောင် မကြာသေးဘူး ... တစ်နှစ်ခွဲလောက်ပဲ ရှိဦးမှာ"

ကြီးဘာမှာ ပါးစပ်ကလေး အဟောင်းသားနှင့်ပင် ကြက်သေသေကြီး ဖြစ်နေရပါလေတော့သည် ...။ ဒါ ... ဒါဖြင့် ဟို Pinky ဆိုတဲ့ တစ်ယောက်ကလည်းပဲ ဆုံးပါးသွားခဲ့တာပဲပေါ့ ...။ ဒါဖြင့် ဗမင်းဆက်ဟာ ချစ်သူသက်တမ်း တစ်နှစ်လောက်ကလေးနဲ့ ... နောက်တစ်ယောက်ထံ အလွယ်တကူ ကူးပြောင်းပစ်လိုက်တဲ့ ...၊ တစ်ယောက်ပြီးတစ်ယောက် ပြောင်းချင်တတ်သူ သက်သက်တော့ မဟုတ်ဘူးပေါ့ ...။ ပထမတစ်ယောက်က တစ်နှစ်၊ ခုတစ်ယောက်ကျတော့ ခြောက်လ ...။ ဘယ်လိုဖြစ်ရတာပါလဲ ... ကံကြမ္မာရယ် ...။





"အဲဒီတစ်ယောက်တုန်းက ကားချင်းတိုက်တာတဲ့ ... အဲဒီအစ်မကြီးက အမှန်တဲ့ ...။ တစ်ဖက်က ယာဉ်ကြောက ဘတ်စ်ကားကြီးက ... ဘာဖြစ်မှန်းမသိ ဘယ်ဘက်ယာဉ်ကြောထဲ ဝင်လာပြီး ... မျက်နှာချင်းဆိုင် တိုက်ကြတယ် ပြောတာပဲ ..."

မပန်းနု ခမျာကတော့ ခွေးရူးပြန်ရောဂါ (Rabies) နှင့် ဆုံးပါးခဲ့ရခြင်း ဖြစ်ပါသည်။ ကျန်းမာရေးအတွက် ဆေးနှင့် ဆေးပစ္စည်းတွေ ... အလွယ်တကူ လက်လှမ်းမီမီ ရနိုင်နေပြီဖြစ်တဲ့ ခေတ်ကြီးထဲမှာမှ ... ကိုယ်တိုင်ရော ... မိဘတွေပါ ခေတ်ပညာတတ် ... အသိုင်းအဝိုင်း ကျယ်ကျယ်နှင့် ပိုက်ဆံလည်း ဘတ်နိုင်ကြသည့် အခြေအနေနှင့် ဖြစ်ကြပါရက် ... Rabies လို ရောဂါမျိုးနှင့် ဆုံးပါးရတာကတော့ ... တကယ့်ကို ရင်နင့်စဖွယ်ပင် ...။

ခေတ်ပညာတတ်တိုင်းလည်း ... ကျန်းမာရေးအသိပညာမှာကျတော့ ခပ်ပေါ့ပေါ့ ဖြစ်နေတတ်ကြတဲ့ ... သူတွေအတွက် ဥပမာဆိုးတစ်ခုသဖွယ်ပါပဲ ...။

ခွေးကလည်း အကိုက်ခံရတာထက် ... သွားနှင့်ခြစ်မိသွားတဲ့သဘောလောက်ပါတဲ့ ...။ မူလတန်းအရွယ် ကလေးငယ်ကလေးတွေကို Private home tution လိုက်ပြသည့် ဆရာမကလေးဖြစ်သူ မပန်းနုမှာ ကလေးတစ်ယောက်ရဲ့ အိမ်က အိမ်မွေးစုတ်ဖွား ခွေးကလေးနှင့်ပဲ ကံခေသွားရတဲ့အဖြစ်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခွေးကလေးနဲ့ကလည်း နဂိုတည်းက တရင်းတနှီး ရှိကြလေတော့ ... အဲဒီနေ့က မာန်ဖီပြီး ... ကိုက်ချင်ချင်ဖြစ်နေတဲ့ခွေးကို "ဒီကောင် ဘာလို့စိတ်တိုနေပါလိမ့် ..."ဆိုတာလောက် သာရှိမိကြသတဲ့ ...။ စာသင်နေတုန်း ... အလစ်မှာ လာပြေးကိုက်တော့ ... မပန်းနုက လက်နှင့် ယောင်ပြီး ပုတ်ထုတ်လိုက်မိတော့ လက်ကို သွားနှင့် ခြစ်မိကာ ... နည်းနည်းပွန်းပဲ့ပြီး သွေးတော့ ထွက်သွားခဲ့သည် ...။

ဒါပေမဲ့ ... "ခွေးရူးရောဂါ ကာကွယ်ဆေး ထိုးထားတဲ့ခွေးပါ"ဟု အိမ်ရှင်မိဘတွေက ဆိုခဲ့ကြတာရယ် ...၊ "ခြံထဲက ခြံပြင် မထွက်ရတဲ့ခွေး"လို့ ကိုယ်တိုင်ကလည်း သိနေတာရယ်နှင့် သွေးထွက်သည့်ဒဏ်ရာကို အရက်ပျံနှင့် သုတ်လိုက်ရုံနဲ့လောက်ပဲ ပြီးမိကာ ခွေးရူးဆေးတွေ ဘာတွေလဲ ပြေးမထိုးမိဘဲ ... ပေါ့ လိုက်မိတာ ... တဲ့ ...။

အဲဒီကနေ မေ့မေ့ပျောက်ပျောက်နဲ့ နေလိုက်တာ ... နှစ်လလောက်ရှိမှ ... လက်ကစယားပြီး ... ဖျားလာရာမှစကာ နောက်ဆုံး ရောဂါလက္ခဏာတွေ တစ်ခုပြီးတစ်ခု ပေါ်လာတော့ ဆရာဝန်များက "ခွေးရူးပြန်ဝေဒနာများလား"ဟု မသင်္ကာပဲ လိုက်စုံစမ်း၊ နောက်ကြောင်းပြန်လိုက်ကြတော့မှပင် ... အဲဒီအိမ်ကခွေးဟာ ... ဖောက်ပြန်လာလို့ ... ဆေးထိုးသတ်ပစ်လိုက်ရပြီး အဲဒီတစ်အိမ်လုံးလည်း ကလေးရော လူကြီးပါ တစ်ယောက်မကျန် ကာကွယ်ဆေးတောင်မကတော့ဘဲ ... ရူးနေတဲ့ခွေးတွေကိုက်ခံရရင်



ထိုးရတဲ့ "Serum"ကို တစ်အိမ်လုံး ထိုးထားကြရတာပင် ... တစ်လခွဲလောက် ရှိပြီတဲ့ ...။

ခွေးနဲ့ ခြစ်ခံရပြီးတဲ့နောက်မှာ ... "နွေရာသီတစ်လ စာသင်နားမည်"ဆိုပြီး မပန်းနုကလည်း အဲဒီအိမ်သို့ မရောက်ဖြစ်တော့တာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားပြီး ... အဲဒီသတင်းဆွေ အဖြစ်အပျက်တွေကို ... မသိနိုင်တော့တာမျိုး ဖြစ်သွားရတာ ...။ တကယ်ဆို အဲဒီအိမ်ရှင်တွေဟာ အရင်ကတော့ ခွေးကို ခွေးရူးကာကွယ်ဆေး ထိုးထားဖူးပေမဲ့ ... ပြန်ထိုးရမဲ့နှစ်ပြည့်ပြီး ... ဒီတိုင်းလွှန်နေတုန်း ... သူတို့ရဲ့ ခွေးက တစ်နည်းနည်းနဲ့ ရောဂါပိုး ကူးစက်ခံလာရတာကို ... သိပြီးကြပြီးရင် ...၊ ကိုယ့်ခွေးကိုတောင် သတ်ပစ်လိုက်ရပြီ ...၊ ကိုယ့်တစ်အိမ်လုံးလည်း 'Serum'တောင် ထိုးကြရပြီ ... ဆိုရင် ... ဒီခွေးနဲ့ ပတ်သက်ဖူးတဲ့ ...၊ ထိခိုက်ဒဏ်ရာတောင်မှ ရဖူးလိုက်သေးတဲ့ ... အိမ်ကို ဝင်ထွက်နေသူအပေါင်းထံ ... လိုက်သတင်းပို့ ...၊ အကြောင်းကြားအေးဖို့ကောင်းပါသည် ...။

ခုတော့ ... သူတို့ရဲ့ ပေါ့လျော့မှုလား ...၊ ကျိတ်မှိန်နေမှုလား မပြောနိုင်တဲ့ "အကြောင်းကြားပေးဖို့ ပျက်ကွက်မှု" မှာ ... ကိုယ်တိုင်ကလည်း ပေါ့ပေါ့ပဲ ရှိခဲ့မိတဲ့ မပန်းနုတစ်ယောက်ကို (ဘယ်လိုမှ အသည်းအသန် ပြန်ကြိုးစားဝိုင်းဝန်းကယ်တင်၊ ပံ့အောကုယူလို့လည်း မရနိုင်တော့ဘဲ) မရှုမလှကြီး စတေးခံ ဆိုက်ရပါပြီ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကိုက်ခံထားရတာက နှစ်လတောင်ရှိမှ ရောဂါကသေပါရသည်"ဆိုပြီး အံ့ဩထိတ်လန့်နေကြတဲ့ အသိုင်းအဝိုင်းတစ်ခုလုံးကို "ခွေးရူးရောဂါပိုးဆိုတာ ... ကိုယ်ခန္ဓာထဲ ရောက်သွားရင် အချိန်မီ ကုသမှုမရှိနိုင်လိုက်ရင် ...၊ လနဲ့ချီပြီးတောင်မှမဟုတ် နှစ်နဲ့ချီပြီးလည်း လူထဲမှာ ခပ်ငြိမ်ငြိမ် ဆက်ရှိနေနိုင်တယ် ...။ ချက်ချင်း အန္တရာယ်မပေးလည်း နှစ်ပေါင်းကြာမှထဖောက်ပြီး ... အသက်ဆုံးရှုံးနိုင်တယ် ..."ဆိုတဲ့ အသိပညာကို မပန်းနုက အသက်နဲ့ရင်းပြီး ... ပေးခဲ့လိုက်သလိုတောင် ရှိပါသည်။

"မမသြဘာ ... မွေးကတည်းက ဘီလူးနက္ခတ်နဲ့ မွေးလာပြီး ... ဘာနဲ့ဘာဆိုလား 'ထွန်း'နေတဲ့ လူတွေဟာ လူစားတတ်တယ်ဆိုတာ ဟုတ်သလားဟင် ... ကြားဖူးလား ..."

"ဟယ် ... !ဘာတွေ လျှောက်ပြောနေတာလဲ ... ပေါက်ကရ ... ဥမ္မာရယ် ..."

"ဩော် ... ဟုတ်သားပဲ ... မမသြဘာက ငယ်ငယ်လေးတည်းက နိုင်ငံခြားတွေချည်း ရောက်နေတာ ... ဒါမျိုးတွေကို ဥမ္မာတို့လောက်တောင် ကြားဖူးနားဝဘယ်ရှိနိုင်ပါ့မလဲ ...။ ဒါပေမဲ့ အဲဒါမျိုးက တကယ်ရှိတယ်တဲ့ သိလား မမသြဘာ ...၊ အဲဒီလိုလူမျိုးဟာ အိမ်ထောင်ပြုလို့မရဘူးတဲ့ ...။ ပြုသမျှ အိမ်ထောင်ဖက်တွေ ... သေကုန်မှာပဲတဲ့ ...





ကိုဗမင်းဆက်ဟာ ... အဲဒီလို 'ဘီလူး'မျိုးလို့ ပြောနေကြတယ် သိလား ...။ သူ့ဟာက အိမ်ထောင်ဖက် ဘဝတောင် မရောက်လိုက်ရဘူး ... သူနဲ့ ချစ်သူတွေဖြစ်တာနဲ့ကို ... ဆုံးကုန်ကြတဲ့သဘော ... ဖြစ်နေတော့လေ ..."

"ကျွတ် ... !မဖြစ်နိုင်တာတွေ မပြောပါနဲ့ဟယ် ... လူတစ်ဖက်သားကို ...။ ဥမ္မာရဲ့ အထင်တွေက လျှောက်ဖြန့်ကုန်ရင် ... လူပြောများ,များလာပြီး ... ဟုတ်တာလည်း မဟုတ်ဘဲနဲ့ ... တစ်ဖက်လူမှာ အတော်ကြီး နစ်နာပါ့မယ် ဥမ္မာရယ် ...။ မကောင်းပါဘူး ..."

"အင်းလေ ... မမသြဘာကတော့ နိုင်ငံခြားမှာ တစ်သက်လုံးနေလာတော့လည်း ..."

"အဲဒါနဲ့ မဆိုင်ပါဘူး ...။ အယူတွေ၊ အစွဲအလမ်းတွေဆိုတာ လူက လုပ်နေကြတာပါ ဥမ္မာရဲ့ ...။ တကယ်ဆို ဒီကိစ္စတွေမှာ ... ဖြစ်ရတဲ့ အဖြစ်တွေဟာ ကိုဗမင်းဆက်နဲ့ ဘာဆိုင်သလဲ ...။ ပထမတစ်ခေါက်ကဆို တစ်ဖက်ကကားကြီးရဲ့ မှားတာ၊ ရမ်းတာ သက်သက် ...။ မပန်းနုကိစ္စမှာကျတော့ ကာယကံရှင်ကော ...၊ တာဝန်ရှိတဲ့ ခွေးပိုင်ရှင်တွေပါ ... အပေါ့ကြီး ပေါ့ဆမိကြတာ ... ဘီလူးတွေ ဘာတွေနဲ့ ဘာမှမဆိုင်ဘူး"

"ဒါပေမဲ့ အဲဒီကားကြီးက မှားမယ့်မှား ... ဒီမြင်လွှာကို သွားမမှားဘူးလေ။ အဲဒီခွေးကလည်းပဲ မပန်းနုကိုမှ လာ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်တာလေ ... ကိုဇမင်းဆက်ရဲ့ ပတ်သက်ရာ ပတ်သက် ကြောင်းတွေကိုမှ ရွေးဖြစ်နေတာ ...”

“ကိုယ်ထင်တာတွေကို အဟုတ်လုပ်ပြီး လျှောက်မပြောပါနဲ့ဆို ... ဒီပြင်လူတွေရဲ့ ပါးစပ်တွေထဲပါ ရောက်ကုန်ကြရင် မကောင်းပါဘူးဆို ...”

ကြာကြာနေရင်တော့ ... သိပ်ကြီးလည်း တရင်းတနှီး မရှိကြသေးသည့် ဝမ်းကွဲညီမတော်နှင့် သြဘာတို့ ... အခြေအတင် ထ,ဖြစ်ကြရတော့မည်ထင်သည်။ ညီမတော်ကလေးကလည်း ... ဖွတ် ...။ သြဘာကလည်း ဘယ်လိုမှ မခံမရပ်နိုင်စွာ ... ကြားတောင်မှ မကြားနိုင်သည်မို့ ဘောက်ဆတ်ဆတ်နှင့် ... ဒေါပွချင်လာသည် ...။

“အဲဒါ ဥမ္မာက စထွင်ပြောတဲ့အကြောင်းအရာမှ မဟုတ်ဘဲ မမသြဘာရဲ့ ... ဥမ္မာက ... ကလေးပဲ ... ဒါမျိုးတွေကို ဘယ်လိုလုပ်စသိမှာလဲ ...။ ခုဟာက သူများတွေ ပြောနေကြတာကို ကြားတာ ...၊ လူတွေက ဒါပဲ စကားလုပ်ပြောနေကြတာကြီး ...။ ဥမ္မာက ကိုယ်သိတဲ့သတင်းကို မကြားဖူးသေးတဲ့ မမသြဘာကိုပဲ ပြန်ပြောပြနေတာပါ ... စဖြန့်နေတဲ့သူမဟုတ်ပါဘူး ...။ မမသြဘာ မကြိုက်ရင်လည်း မပြောတော့ပါဘူး ...”

ညီမလေးက လာဆူမာန်ချင်နေသလို ဖြစ်သွားသော သြဘာကို စိတ်ခုသွားပုံနှင့် ပါးစပ်ကြီးပိတ်ပြီး စူကောက်ကောက်





ကြီး ဖြစ်သွားပါသည် ...။ ဒီတော့မှပင် သြဘာက မျက်ရည်မသိမ်းနိုင်၊ ဖြေမဆည်နိုင်ဖြစ်နေသည့် ‘သူ့’ အမေ အန်တီကြီးထံ အကြည့်ပြန်ရောက်မိကာ ... ဥမ္မာလေးရဲ့ စကားတွေကို တစ်လုံးချင်း ပြန်တွေးနေမိပါတော့သည် ...။

ဒီလောက် ဝမ်းပန်းတနည်းနဲ့ ယူကျုံးမရဟန်လည်း ပေါက်နေခဲ့တဲ့ အန်တီကြီးဟာ ... သူ့သားနဲ့ မပန်းနုကို ဘာမှ ဇာတ်လမ်းမစဖြစ်ကြသေးခင်က တကယ်ပဲ တားမြစ်ကန့်ကွက်ခဲ့ဖူးသေးပါတယ်ဆိုရင် ... ဒါဟာ သူ့မိတ်ဆွေရင်းရဲ့ သမီးအဖိုးတန် အလိမ္မာချစ်စရာလေးနဲ့ သဘောမတူနိုင်လို့ ... ဆိုတာ ... ဟုတ်နိုင်ပါ့မလား ...။

သြဘာကို ပိုပြီး စိတ်ဝင်တစားကြီး ဖြစ်စေတာက တော့ ... မပန်းနု အသုဘချသည့်နေ့က ... ကြီးတော်ကြီးနဲ့ အဲဒီ အန်တီကြီးနှစ်ယောက် ဖက်,ဖက်ပြီး ငိုကြတော့ ... ဗလုံးဗထွေးနဲ့ ငိုရင်းပြောနေတဲ့ အန်တီကြီးရဲ့ စကားများပင် ...။

“သူငယ်ချင်းရေ ... ကိုယ် ပြောခဲ့ပါတယ်ကွယ် ... သူငယ်ချင်းကို ကိုယ် သေချာကို ရှင်းပြခဲ့ပါတယ် ... မင်းကိုယ့်ကို နားလည်ပေးပါလို့ ... အဲဒါကြောင့် ကိုယ် အထပ်ထပ်ကို ပြောခဲ့ရပါတယ် ...”

အဲဒီနားသို့ပဲ တမင်ကပ်နေခဲ့တဲ့ သြဘာဟာ ပြောသွားတဲ့စကားတွေကို (ငိုသံပါ၊ ဗလုံးဗထွေးကြီးနှင့်ပေမဲ့) တစ်လုံးမကျန် လုံးစေ့ပတ်စေ့ ကြားလိုက်ရပါသည် ...။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အစိတ္တယ်ကိုကျတော့ ... မကောက်နိုင်ပေ ...။ ဘာများတောင်းပန်ဖြေရှင်းစရာတွေ ရှိနေတဲ့သဘောလဲ ...။ အသုဘကိစ္စကြီးထဲမှာ ပြောတဲ့စကားမို့ မပန်းနဲ့ ဆုံးပါးသွားရခြင်းနှင့် ပတ်သက်ပြီး ပြောနေတာကလွဲလို့ ... ဘာမှတော့ မဖြစ်နိုင်လောက်ပါ ...။ ဒါပေမဲ့ ဟိုခွေးရဲ့ ပိုင်ရှင်လည်းပဲ မဟုတ် ... ခွေးရှင်နဲ့ ဆွေမျိုးနီးစပ် ပတ်သက်မှုတစ်စုံတရာလည်း မရှိဘဲ အန်တီကြီးဟာ အသုဘချသည့်နေ့ကြီးမှာမှပဲ ... အထူးတောင်းပန်ဖြေရှင်းနေစရာ ဘာများရှိရမှာတဲ့လဲ ...။

ရောက်ကတည်းက မတွေ့ရသေးသည့် "ဗမင်းဆက်" ကို အဲဒီနေ့ကျမှပင် ... စမြင်ရပါသည်။ ရေဝေးသုဿာန်ရဲ့ ခန်းမ(၁)ထဲမှာ ... ဟိုးနောက်နားလေးတစ်နေရာမှာ ခပ်ကုပ်ကုပ်ကလေး ထိုင်နေခဲ့သော သူတစ်ယောက်ဟာ ... ပတ်ဝန်းကျင်ရဲ့ စိတ်ဝင်စားမှု၊ အကြည့် အပြော အဆိုတွေအောက်က လွတ်လိုဟန်နှင့် ရှိနေသော်လည်း ... ...ားလုံးဟာ သူ့ကိုပဲ ဝိုင်းအကဲခတ်၊ ခိုးဝှက်ကြည့်ရှု ...ဝင်စား၊ စကားတင်းဆိုနေကြလေတော့သလားဟု သြ...ဟ စိတ်က ထင်မိသည် ...။

သူဟာ ... သူ့ကိုသူ မကြည့်ကြည့်အောင် ထူးထူးခြားခြားကြီး လုပ်လာတာလည်း မဟုတ်ရှာပါ ...။ တခြားကျန်ရစ်သူ ချစ်သူ၊ ရည်းစားတချို့၊ တချို့ လုပ်လေ့ရှိကြသလို (ရုပ်ရှင်တွေ ဘာတွေထဲမှာလဲ မြင်ဖူးနေကျ အကွက်လိုမျိုး) အနက်ဝမ်းဆက်တို့ ...၊ မျက်မှန်နက်ကြီးတို့ ...၊ ပန်းခြင်းလှလှ





ကြီးတစ်ခုမှာ ... စာလုံးပြူးတူးပြဲတဲကြီးတွေနှင့် ... "ကျန်ရစ်သူချစ်သူ"မှန်း လူသိအောင် လုပ်ရှာတာမျိုးလည်း လုံးဝ မရှိရှာပါ။ ကြည့်ဘာက တမင်ပင် လိုက်ရှာဖတ်ကြည့်လိုက်သေးသော်လည်း သူ့နာမည်နဲ့ ပန်းခြင်း၊ ပန်းခွေ၊ ပန်းစည်းသက်သက်ရယ်လို့ကို မရှိတာပါ ...။ သူ့မိဘတွေ နာမည်နှင့် တစ်ခြင်းတော့ မြင်ပါသည် ...။)

ဘယ်ချိန်တည်းက ရောက်နေမှန်းသတိမထားလိုက်မိတဲ့ 'သူ'ဟာ ... ထိုင်ခုံတစ်ခုပေါ်မှာ ခပ်ကုပ်ကုပ်ကလေး မျက်လွှာချ၊ ထိုင်နေရင်း ... အနေခက်၊ အနေကျုံ့၊ စိတ်အနှောင့်အယှက်ဖြစ်နေဟန်တွေအပြည့်နှင့် ဖြစ်နေသည် ...။ သူ့ပုံစံကို ...းနေဖြစ်ရင်းမှ ... ဥမ္မာလေး ပြောသလို ... "စိတ်မထိန်းနိုင်...စိုးလို့ အစ်ကိုတွေ အစ်မတွေက ပေးမလွှတ်တာ ..."ဆိုတာ ...တ်ပါမလားဟု သံသယ ရှိရပါသည်။ သူ့ပုံဟာ စိတ်ပျက်လက်...တ်ကြီး နွမ်းဖတ်နေတဲ့ပုံ ရှိပေမဲ့ ... တည်ငြိမ်စွာ ဣန္ဒြေဆည်...ိုင်သည့် အနေအထားမှာ ရှိနေသားပဲ ...။ သူ့ကြည့်ရတာ ...ဝန်းနှရဲ့ အသိုင်းအဝိုင်းနှင့်တကွ၊ ပတ်ဝန်းကျင်ကိုပါ ရင်ဆိုင်...နေချင်တော့သည့် စိတ်ကသာ ပိုများနေလေမလား ...။ အဲဒါ...ကြောင့်ပဲ ... ရှေ့ရက်တွေက ပေါ်မလာခဲ့တာလား ...။

အကျီအဖြူ လက်တိုလေးနှင့် ကချင်ရိုးရာဆင်...ခမ်းပုပ်ကွက် ပုဆိုးလေးတို့နှင့် သာမန်လူငယ်လေးတစ်ယောက်...ဲ ဝတ်စားဆင်ပြင်ထားသော 'ဗမင်းဆက်'ဟာ ... လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ် ... ဩဘာ သူ့ကို စတွေ့ဖူးခဲ့တဲ့ အချိန်က ကောင်ကလေး တစ်ယောက်နှင့် ယှဉ်လျှင်တော့ ... ရုတ်ခြည်း ... ရင့်ထော်၊ အိုစာနာကျသွားသလိုလို ... အဘိုးအိုပေါက်စလေးတစ်ယောက် နှင့် တူနေလေသည် ...။

အင်မတန် ကြည့်ကောင်းခဲ့တဲ့ လူကလေးတစ်ယောက်ကို ... ဒီပုံ၊ ဒီလိုမျိုးနှင့်သာ စတွေ့ခဲ့မိရင်တော့ ... "ကြည့်ကောင်းလှချည့်"ဟု သတ်မှတ်ချင်မှလည်း သတ်မှတ်မိမည် ...။ သူ့အပျော်တွေ ... ကိုယ့်ဆီ ကူးစက်ကာ ... ကြည့်နေရရင်ကိုပဲ ... ရင်ထဲ တသိမ့်သိမ့်နှင့် လှုပ်ရှားတုန်ခတ်လာမိတာမျိုးလည်း ရှိချင်မှရှိမိပါမည် ...။

ခုတော့ဖြင့် ဩဘာသည် "ဒီလူတစ်ယောက်ဟာ ငါ ချစ်ခဲ့မိဖူးတဲ့သူပါလား ..."ဟု ရင်ထဲ ဆွေးလျှနေအောင် မချိတင်ကဲဖြစ်ရကာ ... ချိုင့်ခွက်ဝင်နေတဲ့ ပါးပြင်တွေ၊ သေချာမရိတ်သင်ထားတဲ့ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးမည်းမည်းတွေ၊ ဂရုစိုက်မခံရဘဲ ပစ်ပယ်ခံထားရတာ ကြာပြီဖြစ်ဟန်တူတဲ့ ဘုတ်ပွပွ ပုံပျက်ပျက်ပွယောင်းယောင်း ဆံပင်အုံကြီးတွေ ... အရောင်အဆင်းရော ... တက်ကြွမှုနှင့် မျှော်လင့်ချက်တို့ပါ ကင်းမဲ့နေတဲ့ မျက်ဝန်းတွေ ...။

ဒါတွေကို လိုက်ငေးနေမိရင်း ... "သူ့အတွက်" ဆိုတဲ့ စကားလုံးသုံးလုံးလေးက ဩဘာ ခေါင်းထဲ ပြန်ရောက်လို့ လာပြန်ပြီ ...။ အဲဒါတွေ နဂိုနေပြန်ရောက်ဖို့ ... လိုကိုလိုအပ်တယ်





လို့လည်း ခံစားမိနေပြီ ...။ အဲဒါဟာလည်း "ကိုယ့်တာဝန်ပဲ" လိုလို ဘာမဆိုင်ညာမဆိုင် ... ထင်လိုက်မိရက်သား ဖြစ်နေပြီ ...။

တချို့သော အချိန်အခါမျိုးတွေ ကျပြန်တော့ ... သူ့အပေါ် 'ချစ်'နေရတဲ့ 'အချစ်စိတ်ကလေးတစ်ခု' ကိုယ့်မှာ ရှိရုံနဲ့လည်း ပြီးပြည့်စုံနေပြီ ... မဟုတ်ဘူးလေ ...။ သူ့မှာ လိုအပ်ချက်တစ်ခုခု ရှိနေပြီလို့ ကိုယ်ထင်တဲ့အခါမှာ ... အဲဒီလိုအပ်ချက်မျိုးကို ... ကိုယ်ကိုယ်တိုင် ဖြည့်ဆည်းပေးနိုင်ခွင့်ရှိဖို့ ...။ အဲဒီလို "ဖြည့်ဆည်းပေးဆပ်ခွင့်"အတွက် ... ကိုယ်ချစ်ရတဲ့သူတစ်ယောက်ကို "ပိုင်ဆိုင်ခွင့်"ဆိုတာမျိုး ရှိဖို့လည်း ... လိုကိုလိုအပ်နေတာတော့ပြန်တယ် ...။

**"အချစ်ဆိုတဲ့အရာဟာ ... ပိုင်ဆိုင်ချင်စိတ် ရှိလာပြန်တော့လည်း ... ဖြည့်ဆည်းပေးဆပ်ဖို့ ... ဆိုတဲ့ ရည်ရွယ်ချက်နဲ့မို့ အလိုရမ္မက်ကင်းကင်းနဲ့ သန့်ရှင်းဖြူစင်စွာ ... ကျေနပ်ချင်စရာ ကောင်းနေပြန်တော့တယ် ..."**

ကြီးဒေါ်ကြီးက ... ရက်လည်အပြီးမှာ ... "သူ့သမီး ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းပစ္စယ မှန်သမျှကို ... တစ်ဝမ်းကွဲညီအစ်မ တွေထဲက လိုချင်သည့်သူရှိရင် ... လိုချင်တာမှန်သမျှ ... ကြိုက် သလိုခွဲယူပါ ...၊ ပိုနေ ကျန်နေသေးရင်လည်း ... "မိဘမဲ့အမျိုး သမီးလေးများဂေဟာ"သို့ပဲ လှူပစ်မှာ ..."ဆိုတော့ ဩဘာမှာ ဘာမှမဆယ်နိုင်စွာပင် ... (ဘယ်သူတွေ ဘယ်လိုထင်ထင် မြင်မြင်) တစ်ယောက်တည်း အလုအယက် ... အဆောတလျင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် "101 Delmation ခွေးရုပ်ထီးအကြည်လေးကို ... သြဘာ ယူချင်တယ် ..." ဟု အရင်ဦးဆုံး ထကြေညာလိုက်မိလေတော့သည် ...။

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ... သြဘာဟာ ကိုယ့်ဆီပဲ တန်းတန်းမတ်မတ် ... တစ်ပတ်လည်ပြီး ပြန်ရောက်လာပြီဖြစ်တဲ့ ... အဲဒီ ထီးအကြည်လေးကို ရန်ကုန်မိုးထဲမှာ ဖွင့်ဆောင်းရင်း ... ဝါထိန်တောက်နေတဲ့ မိုးကာအင်္ကျီတစ်ထည်ကိုလည်း 'သူ့'ကိုယ်ပေါ် လွှမ်းခြုံပေးလိုက်ပိုင်ခွင့် ... ရှိလာဦးမှာပါ ..."ဟုလည်း တစ်ယောက်တည်း ... ယုံကြည်ကျေနပ်နေမိပါသည် ...။

"ဥစ္စာရှင်မှန်ရင်"ဆိုတဲ့ စကားဟာ ... ဒီထီးကလေး ကိုယ့်လက်ထဲ ပြန်ရောက်လာခဲ့တဲ့ တစ်နေ့ရာမှာ မှန်ကန်နေခဲ့ရင် နောက်တစ်နေ့ရာမှာလည်း မှန်ကို မှန်ကန်နေရမှာပဲ ပေါ့ ...။





## အခန်း(၂)

နေဝန်းသက်၊ စိမ့်ညိုခက်၊ ဗမင်းဆက် ...။

"နာမည်တွေက အဲဒီလို ဆင်တူလေးတွေနဲ့ 'စား'ပြီး 'စီး'နေတဲ့ နာမည်ဆန်းမျိုးတွေ ဖြစ်နေလို့လည်း ခုလိုဆွေစဉ်မျိုးဆက် ဖျက်မရနိုင်တဲ့ ပြဿနာကြီးက ဒီအမျိုးအုပ်စုထဲမှာ စွဲမြဲနေသေးတဲ့ သဘောဖြစ်တယ် ... နောက်မျိုးဆက်အသစ်တစ်ခုမှာတော့ ... ဒီမျိုးဆက်သွေးရဲ့ အစဉ်အလာကို ဖျက်ပစ်ခဲ့ရမယ် ... နာမည်ကို ဗုဒ္ဓဟူးနဲ့ စနေတွဲရက် အရိုးဆုံးနဲ့ အရှင်းဆုံး နာမည်မျိုး ..."

နာမ၊ နက္ခတ်၊ ဓာတ်၊ လက္ခဏာ၊ ဗေဒင် ပညာရှင် ပုဏ္ဏားဆရာကြီး တစ်ယောက်က အဲဒီလို ဟောလိုက်သည့်အတွက် ... အစ်ကိုအကြီးဆုံးဖြစ်သူ နေဝန်းသက်ရဲ့ မျိုးဆက်ရင်သွေးကလေး ...။ ဗမင်းဆက်တို့ရဲ့ တူကလေး လက်ထက်ကျတော့မှ ... "လှတိုး"ရယ်လို့ အမည်တွင်နေရခြင်း ဖြစ်လေသည် ...။



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသက်၊ စိမ့်ညိုခက်၊ ဗမင်းဆက် မောင်နှမသုံးယောက်တို့ရဲ့ အမည်နာမများကို ကြားသိပြီးသူတို့သည် ... "ဤအိမ်ကြီးမှ နောက်ဆုံးကလေးလေးရဲ့ အမည်ကျကာမှ "လှတိုး" ရယ်လို့ ... ဘယ်လိုများ ဖြစ်ရတာလဲ ..."ဟု ဖြစ်ကုန်ကြဖို့ရှိသော်လည်း ... အဲဒီလို ဖြစ်ကြဖို့ထက် ... မောင်နှမသုံးယောက်တို့ရဲ့ နာမည်တွေကို ကြားပြီးကြတာနှင့်ပင် ... "သြော် ဟိုမောင်နှမတွေ ..."ဟု ဖြစ်ကုန်ကြရတာနဲ့ပဲ ... "လှတိုး" ကလေးရဲ့နာမည်အတွက် စိတ်မရောက်နိုင်ကြပေဘူးသလိုလိုပါပေ ...။

ဟိုမောင်နှမတွေ ...။

အမေရိကန်ပြည်သူပြည်သား အများစုတို့ကတော့ "ကနေဒီ"မိသားစု ဆိုတာနဲ့ ...၊ "ကနေဒီ"ဆိုတဲ့ နာမည်စာလုံးပါနေတာနဲ့ ... "ဘဝကူးပြောင်းကြရပုံ ထူးခြားလှတဲ့ ကျိန်စာသင့်နေသော မိသားစုနာမည်စာလုံး"အဖြစ် သတ်မှတ်၊ ထင်မြင်လိုက်ကြသတဲ့ ...။

ဗမင်းဆက်တို့မှာတော့ ... Sir Nameဆိုတဲ့ အယူကို သိပ်မယူတတ်ကြတဲ့ မြန်မာဗုဒ္ဓဘာသာဝင်တွေမို့ ... "မိသားစုနာမည်စကားလုံး"ဆိုတာမျိုးကြီးတော့ဖြင့် မရှိပါ ...။ သို့သော် "ကျိန်စာ"ရယ်လို့လည်း ... ဗုဒ္ဓဘာသာဝင်တွေပီပီ သူများကို သတ်မှတ်ပြောဆိုဖို့ မကောင်းတတ်၍သာ ရှိရမည် ...။ "ဘယ်လိုမောင်နှမတွေလဲ ..."၊ "သူတို့က ဘယ်လိုလဲ ..."၊ "လူစားတယ် ဘီလူးနက္ခတ်တွေနဲ့ ...၊ ဆိုတာ တကယ်ပဲလား ..."၊ "ဆွေစဉ်မျိုး





ဆက် မောင်နှမသုံးယောက်စလုံးကြီး ..." စသဖြင့် ဘာဘာညာညာ ပြောဆိုသံတွေဟာ ... ဗမင်းဆက်တို့ မောင်နှမတွေနားမှာ လျှံနေတော့တာ ... အချိန်အတန်ကြာတော့ ရှိခဲ့ပြီ ...။

ပထမဆုံးကတော့ အစ်ကိုကြီး နေဝန်းသက်ရဲ့ မင်္ဂလာကိစ္စမှ စတင်ခဲ့ပါသည်။

လူငယ်ချင်း သဘောမျှပြီး ... နှစ်ဖက်မိဘကလည်း ကြည်ဖြူပြီး ...၊ ချစ်သူမိန်းကလေးနှင့် ကျောင်းပြီး ဘွဲ့ရကြတဲ့အခါ မိဘနှစ်ဖက်လုံးက "ပညာစုံပေမဲ့ အရွယ်တွေက ငယ်ကြသေးတယ် ..."ဟု ဆိုင်းငံ့ချင် ...။ ကလေးတွေ နှစ်ယောက်လုံးကကျတော့ မဆိုင်းချင်တော့ဘဲ မင်္ဂလာကိစ္စကို စီစဉ်ချင် ...။ ဒီမှာတင် တစ်ဖက်က မိန်းကလေးရှင် လူကြီးမိဘများက ..."ဒါဖြင့် ဇာတာတိုက်ကြည့်ကြရအောင် ..."ဟု တောင်းဆိုလာသောအခါ ... ဒီဘက်ကလည်း လိုလားကြည်ဖြူစွာပင် ... လက်ခံပြီး ... (မိန်းကလေးကမွေ့လေးကမို့) မွေ့လေးမှ နာမည်ကြီး ... ဇာတာနက္ခတ် လက္ခဏာပညာရှင် ... ပုဏ္ဏားဆရာကြီးထံ ရောက်ကြ ...။

အဖြေထွက်လာသောအခါ ... အစ်ကိုကြီးမှာ "ဘီလူး"တဲ့၊ မိန်းကလေးကား ... "လူ"တဲ့ ...။ ယူလို့မရနိုင်ပါ ...။ "လူ ဖြစ်သူမိန်းကလေး သေမည်" ... ဟု အဖြေထွက်လေသည်။

ထိုပုဏ္ဏားဆရာကြီးကိုမှ စွဲစွဲမြဲမြဲ သဲကြီးမဲကြီး ယုံကြည်သူ မိန်းကလေးရှင် မိဘတို့ "ရှူးတူးဝါးတား"တွေဖြစ်ကုန်ကြတော့တာပေါ့လေ ...။ မပေးစားချင်ကော့ သယောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးသံတွေ ပစ်လာတဲ့အခါ ... သမက်လောင်းနှင့် ယောက္ခမလောင်းတို့လည်း ပြဿနာတွေ တက်ကြ ...။ မိန်းကလေးက "ယတြာပြန်ချေပြီး ကြိုးစားလို့မရဘူးလား ..."ဘာညာနဲ့ ပုဏ္ဏားဆရာကြီးကိုလည်း ညှိ၊ သူ့လူကြီးမိဘတွေကိုလည်းညှိ ... လုပ်နေချိန်မှာ ... အစ်ကိုကြီးရဲ့ ... မာန်တက်တက် ဖောင်းကြွကြွ အပြောအဆိုများကြောင့် "လုံးဝသဘောမတူနိုင်တော့ပါဘူး ..."ဟု သူတို့သမီးကို ပြန်ဖွက်သိမ်းသွားတဲ့ အထိတောင် ... ဖြစ်သွားပါတော့သည် ...။

ဗမင်းဆက်တို့ရဲ့ မိခင်ကြီးကလည်း ... ခပ်ထက်ထက်ရယ် ...။ "ဘာမှ လိုလေသေးမရှိဘဲ အဘက်ဘက်က ပြည့်စုံပြီး ရန်ကုန်မှာဆို ... ကိုယ့်အသိုင်းအဝိုင်းထဲမှာဆို ... သမီးရှင်တိုင်း မျက်စိကျနေကြရတဲ့ အစ်ကိုကြီးလို သားမျိုးကိုမှ ဘာမဟုတ်တဲ့ ... ဇာတာနက္ခတ်အမည်တပ်ပြီး ... အငြင်းခံရကောင်းလား"ရယ်လို့ ...။ "ငါတို့ဘက်ကလည်း သဘောကိုမတူရေးချမတူဟော့ ..." လို့များ ... လေသံ ပြန်ပစ်မယ်ထင်ပါသလား။ မဟုတ်ပါ ...။

သားကြီးဖြစ်သူရဲ့ ရည်းဇပူ (ရည်းစားပူ) အလွမ်းကိုလည်းမြင်နေ၊ မိန်းကလေးကလည်း နဂိုတည်းက ကိုယ် လက်ခံနိုင်ထားပြီးသား မိန်းကလေးမျိုး ဖြစ်နေပေရာ ...

"မင်း ရအောင်ခိုးယူနိုင်မယ်ဆို မန္တလေး ရန်ကုန် အသွားအပြန် ကားနဲ့ လမ်းခရီးကိုစွပါ စီစဉ်ပေးလိုက်မယ် ...၊





အပါသာခေါ်ခဲ့ ...။ ဒီရောက်ရင် အကောင်းဆုံး ဆရာပါ ဆိုတဲ့ သူနဲ့ ယတြာပြန်ချေပြီးမှ ... အခမ်းနားဆုံး စီစဉ်ပေးစားပေးမယ် ..."တဲ့ ...။

မေမေဟာ ... အယူသည်းကြတဲ့သူတွေကို မကျေနပ်လှပေမဲ့ သူများသားသမီးကို လက်လွှတ်စပယ်ကြီး လုပ်ခဲ့တယ်တော့ မဟုတ်ပါ ...။ "ခိုးသာလာခဲ့ ... လင်မယားအဖြစ် မပေါင်းခင် ... ယတြာတော့ အရင်ချေကြ ကြမယ် ..."ရယ်လို့ ရန်ကုန်ထိပါလာတဲ့ မန္တလေးသူ ချွေးမကလေးကို ... သမီးဖြစ်တဲ့ စိမ့်ညိုခက်နဲ့ အတူထားပြီး ... ဆရာသုံးလေးယောက်နဲ့ မျိုးစုံအောင် ယတြာတွေ ချေယူပြီးမှ အကြီးအကျယ် လက်ထပ်ပေးစားခဲ့တာ ဖြစ်ပါသည် ...။

သို့သော် ... အစ်ကိုကြီးရဲ့ ဇနီးဟာ ... သားဦးကလေးမွေးရင်း မီးတွင်းထဲမှာပဲ ... အသက်ပါသွားကာ ဆုံးပါးသွားခဲ့ရှာတာ ... 'လှတိုး'ကလေးရဲ့ အသက်ကိုတောင် မနည်းကြီးလုလိုက်ကြရတာမျိုးပင် ...။ ကိုယ်ဝန်ကြီးအရင့်အမာရကာမှ ... ခွန့်ပစ်လိုက်တဲ့ သမီးဖြစ်သူကို ပြန်လည်ဆက်သွယ်လာပြီး ... ခွင့်လွှတ်လက်ခံကြတော့မယောင်ယောင် ရှိလာတဲ့ ... မန္တလေးက မိန်းကလေးရဲ့ ဆွေမျိုးမိဘ အသိုင်းအဝိုင်းကြီး တစ်ခုလုံးလည်း မွက်လောကို ရိုက်ကုန်ကြတော့တာပေါ့လေ ...။

နောက်မှ ပြန်သိကြရတာ ... သူတို့ဘက်ကလည်း သမီးဖြစ်သူက ကိုယ့်အသက်ဘေးအန္တရာယ်ကိုမှပင် ... မကြောက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲ ကောက်ကောက် ပါသွားခဲ့သောအခါမှာ ... သူတို့ဘက်က လည်း မန္တလေးမှာ ... ခြောက်လ၊ ခုနစ်နီးပါးတောင် လစဉ် ဆက်တိုက် ... ယတြာတွေ မှန်မှန်ထိုင်ချေနေခဲ့ကြသေးဟာပါ ... တဲ့ ...။ ဒီဘက်က တစ်လွဲထင်နေကြမှာစိုးလို့ ...

"သူတို့ ချေခဲ့ကြတဲ့ ယတြာတွေဟာ ... လူငယ်ချင်း မပေါင်းရအောင်မဟုတ် ...၊ သူတို့သမီးအတွက် အသက်အန္တရာယ် မရှိနိုင်အောင်သာ ချေနေသေးတာပါ ..."ဟု သတင်းမျိုးကိုလည်း ပို့ခဲ့ကြပါသေးသည် ...။

အဘက်ဘက်က ပြည့်စုံပြီး ... ကိုယ်ချစ်သောကိုယ့် ချစ်သူ အိမ်ထောင်ဖက်ကောင်းနှင့်လည်း အဆင်ပြေ၊ ကိုယ်တိုင် ကလည်း တက်လမ်းတွေ တလူလူနှင့် အရွယ်ကောင်း ယောကျ်ား လေးတစ်ယောက်ဖြစ်တဲ့ "နေဝန်းသက်"ခမျာ အသက်ကလေး (၂၄)နှစ်အရွယ်မှာတင် 'မုဆိုးဖို'တစ်ယောက်ဘဝသို့ ရောက်သွား လိုက်တာ ... ခုထိ ...။ ခုဆို လှတိုးကလေးတောင် (၁၇)နှစ်ထဲ ဝင်လာလို့ ... လူပျိုပေါက်ကလေးဘဝ ဖြစ်နေပါပြီ ...။ လေး ဆယ်ကျော်ကာစပဲ ရှိသေးတဲ့ အစ်ကိုကြီးဟာ ... "တစ်ပင်ထူဖို့" ဝေးလို့ အိမ်ထောင်သားမွေးကိစ္စကို ... ခေါင်းထဲတောင် ... ထပ် မထည့်တော့တာပင် ...။

အဲဒီကိစ္စတွေ ဖြစ်ပွားခဲ့စဉ်က ... ဇမင်းဆက်က ဆယ်နှစ် ဆယ့်နှစ်နှစ်အရွယ် ... ကလေးပေါက်စသာသာ ... လူပျိုအရွယ်မျိုးပင် သေချာမရောက်ချင်သေးသည့် အချိန်မျိုးပါ။





တစ်ယောက်နှင့်တစ်ယောက် အထက်အောက် ခြောက်နှစ်စီတောင် ကွာကြတဲ့ မောင်နှမသုံးယောက်တို့မှာ ... အစ်ကိုကြီးကိစ္စတွေ ဖြစ်ပွားစဉ်က 'စိမ့်'သည် (၁၈)နှစ်သမီးကလေးအရွယ်မျှ ...။

အစ်ကိုကြီးရဲ့ ကိစ္စဟာ မိသားစုမှာ တကယ့်ကို အရိပ်မည်းကြီးတစ်ခု ထိုးချခံလိုက်ရသလိုလို ... တစ်မိသားစုလုံး (ဒီကိစ္စကို အားပေးအားမြှောက် ပြုမိခဲ့သလိုရှိခဲ့တဲ့ မေမေကတော့ အဆိုးဆုံး) စိတ်မကောင်းခြင်းကြီးစွာနဲ့ ရင်ထဲကိုယ်စီမှာလည်း တစ်ခုခုကို သံသယပဲ ရှိရတော့မလိုလို ... မရှိရမလိုလို။ လှတိုး ကလေးဟာလည်း ... စိမ့်ရဲ့လက်ထဲမှာပဲ ကြီးပြင်းအရွယ်ရောက်ခဲ့ ရတာ ... စိမ့်တစ်ယောက် အသက် (၂၆)နှစ်ပြည့်လို့ "သီးချိန်တန်လို့ သီးတော့မယ် ... ပွင့်တော့မယ်"လို့ ... ဆိုလာခဲ့တဲ့ အထိပါ ...။

ခုနစ်နှစ် ရှစ်နှစ်လောက် ကြာမြင့်အလှမ်းကွာလိုက် ပြီဆိုတော့လည်း အစ်ကိုကြီးတုန်းက ... "သံသယပဲ ရှိရတော့ မလိုလို ..." ဆိုတဲ့ အရိပ်မည်းတစ်ခုဟာ ဒီမိသားစုထဲမှာ မှုန်မှိုန်ဝိုးဝါးစပြုပါပြီ ...။ သွေးအေးစပြုပါပြီ ...။ ပြီးကျ ... အစ်ကိုကြီးသည်အစ်ကိုကြီး ...၊ စိမ့်သည်စိမ့် ...၊ လူတစ်ဦးစီ ဘခြားစီလေ ...။ ဒါတောင်မှ ... မေမေဟာ ပြီးခဲ့တဲ့ အတိတ် က ဓာတ်လမ်းကို အစဖော် သတိရလာပြီး ...

"စိမ့် ... သမီးတို့ကော ... မန္တလေးကိုပဲဖြစ်ဖြစ် ဇာတာ တွေပို့ပြီး တစ်ချက်လောက် တိုက်ကြည့်လိုက်ကြရင်မှ ကောင်းမလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မေမေကလည်းပဲ ... ပြီးခဲ့တာတွေအတွက် ခုထိ ရင်ထဲ မသိုးမသန့် ဆက်ဖြစ်မနေပါနဲ့ ...။ တကယ်တမ်း ကျတော့လေ ... စိမ့်တို့ ယောက်မ ဆုံးခဲ့ရတဲ့ကိစ္စက ... သူတို့ပြောသလို ... လူတွေ ဘီလူးတွေနဲ့ ဘာမှကို မဆိုင် တာ ...

ယောက်မက မွေးရာပါ နှလုံးရောဂါ အနုစားတစ်ခု ရှိနေတယ် ...။ တကယ်ဆိုရင် ... သူတို့ မိဘတွေဟာ ဓာတ်တွေ၊ ဘီလူးတွေ၊ လူတွေ လုပ်နေဖို့ထက် ... သူတို့ သမီး လက်ထပ်တော့မယ်ဆိုရင် ... ဒါကို သမက်လောင်းနဲ့ သူ့မိသားစုကို သေချာ ပွင့်ပွင့်လင်းလင်း အသိပေးထား ရမှာပေါ့ ...

ယောက်မက သူ့ငွေးသမီးလေးဘဝနဲ့ တစ်သက်လုံး ဘာမှ ပင်ပင်ပန်းပန်း လုပ်ရကိုင်ရတယ်လည်းမရှိ ...၊ အေးဆေးဆေးဆေး သက်သောင့်သက်သာကလေးနဲ့ ကျန်း မာရေးနဲ့ ညီညွတ်ပြီး ကြီးပြင်းခဲ့ရသလို ရှိနေတော့ ... နည်းနည်းလေး သူများထက် ပိုချူချာနေတဲ့ သဘောလောက် ကလွဲရင် ... သူ့မွေးရာပါရောဂါက လက္ခဏာမပြခဲ့သလို ဘဲ ရှိနေတာ ... သူ့မှာ သေချာဂရုထားနေရပေမဲ့ ရောဂါ အခံတစ်ခုနဲ့ဆိုတာ ... အစ်ကိုကြီးရော သမီးတို့ မိသားစု ပါ ... ဘယ်လိုသိခဲ့နိုင်မှာလဲ ...။ သူကလည်း မပြောဘူး ...





အဲဒါမျိုးလူက ... တစ်သက်လုံး အေးဆေးနေပေမဲ့ ကိုယ်ဝန်ဆောင်ရ၊ မွေးရဖွားရတဲ့ဒဏ်တွေ၊ ပင်ပန်းမှုတွေ ကိုကျတော့ ခံချင်မှခံနိုင်မှာပေါ့ ...။ ကြိုသာသိခဲ့ရရင် ... ကိုယ်ဝန်ဆောင်ကာလတစ်လျှောက်လုံးမှာလည်း ... Cardiologist သမားတော်တစ်ယောက်ယောက်ကိုပါ အိုဂျီနဲ့ တွဲပြပြီး ... ကြိုတင်ပြင်ဆင်နိုင်မယ် ...၊ မွေးဖွားရင်လည်း ရိုးရိုးမွေးရတဲ့ ညှစ်ရပြုရပင်ပန်းဒဏ်ကို ပေးခံမလား ...။ ခွဲစိတ်ယူလိုက်တဲ့ မေ့ဆေးဒဏ်ကို ပေးခံမလား ...။ အဲဒီ လိုပေါ့ ... ကိုယ့်ဘက်က သမားတော်တွေနဲ့ ညှိပြီး တိုင် ပင်ပြီး ရွေးချယ်နိုင်ခဲ့မှာ ...။ မွေးနေတုန်းမှာလည်း သူ့ သမားတော် Cardiologistကို မွေးခန်းထဲပါ ကြိုခေါ်ထားလို့ ရနိုင်တာပေါ့ ...

ဒါမျိုးတွေ ရှိခဲ့ရမှာ ...။ ခုတော့ အဲဒီလို ဘာမှ ပြင်ဆင်ချိန်ဖြင့် မရလိုက်ဘဲနဲ့ ... အသိမပေးခဲ့ကြဘဲနဲ့ ... ဖြစ်ပြီးသွားပြီ ဆိုမှ ... "နက္ခတ်မကိုက်ပါဘူးလို့ ... ငါတို့ မပြောလား" ဆိုပြီး ... အစ်ကိုကြီးကို ဘာဘာညာညာ ဝိုင်းပြောသတ်မှတ်ကြတာကတော့ လွန်လွန်းပါတယ် ...။ စိမ့်ကတော့ သားသားကိုသာမငဲ့ရရင် ...၊ ဒါမှမဟုတ် 'နင်ပဲ အပြီးတာဝန်ယူ စောင့်ရှောက်ပေတော့ ... ငါ အပ်တယ်' ဆိုရင် ... အစ်ကိုကြီးကို အိမ်ထောင်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြုစေချင်တာ ... (၃၂)နှစ် ဆိုတာ တကယ့်အရွယ်ကောင်းပဲ ရှိသေးတဲ့ဟာကို ...

ခုတော့ ... အစ်ကိုကြီးကိုယ်တိုင်ကိုက သူ့ယောက္ခမဟောင်းကြီးတွေ ရိုက်သွင်းပေးလိုက်ကြတဲ့ အစွဲတစ်ခုက ခေါင်းထဲက ပြန်ကိုထုတ်နိုင်ပုံမရတော့တာ ...။ ခေတ်ပညာတတ် ... ပြည့်ပြည့်စုံစုံ ယောကျ်ားတစ်ယောက် ဒါမျိုးကြီးဖြစ်သွားတာ ... စိမ့်ဖြင့် အရမ်းနှမြောရတာပဲ ...။ စိမ့်တို့ကတော့ ဗေဒင်တွေ ဇာတာတွေ မလိုဘူး မေမေ ...၊ စိမ့်ရော သူပါ ... ဆရာဝန်တွေလည်း ဖြစ်နေကြတာ ...၊ ဒီခေတ်ကြီးထဲ လက်ထပ်ကြတော့မဲ့ သမီးရည်းစားစုံတွဲတွေဟာ ... ဇာတာစစ်ဖို့ထက် ... ဆေးစစ်ကြဖို့ပဲ အရေးကြီးတယ်လို့ကို ခံယူတယ် ...

သူရော ကိုယ်ပါ ... ကိုယ့်ကိုယ်ကိုယ်ရော ... တစ်ဖက်လူကိုပါ ယုံတာမယုံတာက အပထား ... ဒီခေတ်ကြီးထဲမှာ ဘီပိုး စီပိုးနဲ့ အိပ်ချ်အိုင်ဗီလောက်ကတော့ လက်မထပ်ခင် စစ်ကိုစစ်ကြရမယ် ...။ ပြီးကျတော့ မျိုးရိုးလိုက်တတ်တဲ့ သွေးရောဂါတို့၊ တခြားရောဂါတွေပါ ရှိမရှိ စစ်ကြမယ်၊ တစ်ကိုယ်လုံးကို တစ်ခုမကျန် General checkup လုပ်ကြည့်ကြပြီး ... အဖြေသေချာထွက်မှ လက်ထပ်ကြဖို့လို့ တိုင်ပင်ထားတာပါ မေမေ ..."





သမီး ဆရာဝန်မရဲ့ သိပ္ပံနည်းကျ စဉ်းစားပုံနဲ့ ကြိုတင်ပြင်ဆင်ပုံကို ဗမင်းဆက်တို့ရဲ့ မိသားစုတွေလည်း သဘောတူကျေနပ်စွာ လက်ခံခဲ့ကြပါသည်။ တစ်ခုရှိတာက ... အစ်ကိုကြီးရဲ့ အတိတ်ဇာတ်ကြောင်း အပြည့်အစုံကိုတော့ ... စိမ့်က သူ့လူနဲ့ သူ့ယောက္ခမဟောင်းတွေကို သေချာတိတိကျကျကြီး အသိပေးခဲ့ပုံရပါ ...။ ဒါကလည်း ... တမင်ဖုံးကွယ်လိုတာထက် ... စိမ့်ကိုယ်တိုင် မန္တလေးက ... အစ်ကိုကြီးမိန်းမဘက်က လူကြီးမိဘတွေကို အယုံအကြည် မရှိခဲ့တာ၊ လက်သင့်ကိုမခံဘဲ ... ခေါင်းထဲတောင် ထည့်မထားတော့တာမျိုးမို့ ... ဖြစ်ပါသည် ...။

သူ့လူဘက်က လူကြီးမိဘတွေကလည်း ... အစ်ကိုကြီးဟာ 'မုဆိုးဖို'၊ ကလေးတစ်ယောက်ကျန်ရစ်တာ ...၊ စိမ့်ရဲ့ လက်ပေါ်မှာ ကြီးပြင်းလာတာဆိုတာကို သိရတော့ ... ဘာဘာညာညာတောင်တောင်အီအီပေါက်ကရတွေ ခေါင်းထဲဝင်ဖို့ထက် သူတို့သားအတွက် အဓိကကျနိုင်တဲ့ အချက်မျိုးကိုသာ ...

"ကလေးက စိမ့်ပဲ အမြဲတာဝန်ယူပေးသွားရတော့မှာမျိုးလား ... အစ်ကိုကြီး မုဆိုးဖိုဆိုတာကလည်း ခုမှ(၃၀)ကျော်စ ...၊ ကလေးကလည်း စိမ့်လက်ထဲပဲ ကြီးလာတာဆိုရင် ... သူ့အစ်ကိုက နောက်ထပ် အိမ်ရာထူထောင်ချင် လာရင် ကလေးကိုတော့ အဒေါ်ကပဲ တာဝန်ဆက်ယူ ... ဆိုတာမျိုးများ ဖြစ်လာကြမှာ။ ဒါဆိုရင်တော့ ကလေးတစ်ယောက် အမေကလေးကို ယူရသလိုမျိုးများ ကျနေတော့ မလားပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ခမျာ တစ်ဖက်က ခမည်းခမက်လောင်းတို့ရဲ့ ခြေဘုံဆိုပုံလေသံနဲ့ စကားလုံးတို့ကို မနှစ်သက်လှသော်လည်းပဲ "ကိုယ်သာ အဲဒီအနေအထားမျိုးက သားရှင်ဆိုရင်လည်းပဲ အဲဒီ့လို အတွေးမျိုးနဲ့ စိုးရိမ်စိတ်မျိုး ... တွေးကောင်း တွေးမိနိုင်တာပါပဲ လေ ..."ဟုသာ ကိုယ်ချင်းစာတွေးပြီးပဲ နားလည်ပေးလိုက်ပါသည် ...။ သူ့မိဘတွေကသာ တစ်မျိုး ...၊ စိမ့်ရဲ့ ချစ်သူကလေးက ကျတော့ မွှန်မွှန်ရည်ရည်နဲ့ လက်ခံချင်စရာလေးကိုး ...။ ပြီးကျတော့ သိပ္ပံနည်းကျ ဓာတာတိုက် (ဆေးစစ်)ထားကြတဲ့ ... ကလေးနှစ်ယောက်ရဲ့ နှစ်ဦးနှစ်ဖက် အဖြေတွေကလည်း ကျေနပ်စရာတွေချည်းမို့ ... ကိုယ့်သမီး ကိုယ်တိုင်ကလည်း "ဘယ့်သူဖျက်ဖျက် ... မပျက်တော့ဘူး ..."ဆိုတဲ့ အစားမျိုးထဲက ဖြစ်နေပြီကိုး ...။

"သားကြီးကလည်း ဒီ့ထက် ငယ်ငယ်ရွယ်ရွယ်တုန်းကတောင် တစ်ပင်ထပ်ထူဖို့စိတ်ကူး မရှိခဲ့တာ ...။ ခုဆို မိဘကတောင် ... တိုက်တွန်းချင်သေးတာကို သူက လုံးလုံးကို လက်သင့်မခံချင်တာပါ ...။ အကယ်၍ ကံကြမ္မာက ဖန်တီးပေးလာလို့ စိတ်ပြောင်းခဲ့တယ်ဆိုရင်တောင် ... ဒီမြေးကလေးတစ်ယောက်ကတော့ ကျွန်မတို့ရဲ့ အငယ်ဆုံးသားနဲ့မှလည်း ... ဆယ့်နှစ်နှစ်ပဲကွာတာ ...။ ကျွန်မတို့ရဲ့ မြေးဆိုပေမဲ့ ... သားသဘောပါပဲ ...။ အစစအရာရာ သူအရွယ်ရောက် အခြေကျတဲ့အထိ ကျွန်မတို့ တာဝန်ပေါ့။ သမီးစိမ့်မှာတော့ ဘာတာဝန်မှ မရှိပါဘူး ..."





ဒီတော့မှပင် တစ်ဖက်က ခမည်းခမက်လောင်းများမှာ အားနာပါးနာကြီးတွေနဲ့ ...

"ကျွန်မတို့ကလည်း ဒီသဘောမျိုးဆိုလိုတာ မဟုတ်ပါဘူး။ ဘေးပတ်ဝန်းကျင်က သားကို နောက်ပြောင်နေကြတာမျိုးတွေကို ပြန်ပြောပြတဲ့သဘောပါ ...။ အစ်မကြီးတို့လည်း မြေးက ဒီအရွယ်ရောက်နေပေမဲ့ ... ကိုယ်တိုင်က ငယ်ကြသေးတာပဲ ... ကျွန်မတို့ထက်တောင် ပိုကျန်းမာကြသေးတဲ့ဟာ ... ဒီမြေးကလေးပါ အခြေတကျနဲ့ အိမ်ထောင်ကျပြီး ... မြစ်ကလေးတွေပါ ဆက်ချီထိန်းနေကြရဦးမှာပါ ... ဟင်း ဟင်း ဟင်း ..."

လက်ထပ်ဖို့ကိုတော့ စိမ့်ရော သူ့လူကပါ အကြီးအကျယ်ကြီး ပကာသနကြီးတွေ မလုပ်ချင်တော့ဘူးဟု တိုင်ပင်ကာ ... ဘုန်းကြီးကျောင်း စာသင်တိုက်တစ်ခုမှာပင် ဆွမ်းကျွေးပြီး ... လူပရိသတ်များကိုလည်း အဲဒီမှာပဲ ဧည့်ခံပါသည် ...။ သို့သော်လည်း အသိုင်းအဝိုင်း အပေါင်းအသင်းများလှတဲ့ လူငယ်တွေပီပီ ... ညဘက် ထမင်းစားပွဲနဲ့ ဧည့်ခံပွဲကိုတော့ ... လူငယ်တွေချည်း ... စည်စည်းကားကား ပျော်ပျော်ရွှင်ရွှင်နှင့် ... အကုန်အကျခံကာ ... ခပ်ကြီးကြီးကလေး ကျင်းပကြလေသည် ...။

အဲဒီမှာတင် ... ပွဲက ညနက်လာပြီး ... အသောက်အစားကလေးကလည်းများလာ ...။ ဗမင်းဆက်တို့ရဲ့ ဖခင်ကြီးက ... "အရက်"ဆိုရင် ... လူမှုရေးအရ သောက်တောင်မှသောက်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရာသက်သန့် ဝေရမဏီထားသူဖြစ်လေရာ ... အသက်နှစ်ဆယ် အရွယ် 'ဗမင်းဆက်'သည်လည်းကောင်း၊ သုံးဆယ်ကျော် 'နေဝန်းသက်'သည်လည်းကောင်း ... ယောက်ျားတစ်ယောက်အနေနဲ့ ... အပြောမခံရလောက်အောင်သာ သောက်ဖူးတယ် ... ဆိုရုံ ... ယောက်ျားလေးတွေပဲ ဖြစ်နေခဲ့ကြပါသည် ...။ အဲဒီလို အစ်ကိုမောင်၊ ဖခင်တွေကြား ကြီးပြင်းခဲ့ရတဲ့ "စိမ့်ညိုခက်"ခမျာလည်း ... ညနက်လေ ...၊ အသောက်ကြမ်းလေ ...၊ အပျော်လွန်ကြလေ ... ဖြစ်လာတဲ့ အရက်ချောင်းစီးနေတဲ့ ညပွဲသွေ့ခံပွဲကို ... ဘယ် ... ကြာရှည်သည်းခံစောင့်စားပြီး ဧည့်ခံနေနိုင်မှာလဲ ...။

သူ့လူခများလည်း Bachelor Night မို့သာ ...၊ နဂိုကတော့ အသောက်သမား - မဟုတ်လေတာကိုလည်းသိ ...၊ ခုသာ ... ကိုယ့်ပွဲမို့ ချောင်းစီးသလို ဖြစ်ရတာ၊ ပုံမှန်ကတော့ ထိန်းသိမ်းနိုင်စွမ်းနဲ့ ထိန်းသိမ်းချင်စိတ်ရှိတဲ့၊ ယောက်ျားတစ်ယောက် မှန်းကလည်း သိနေလေတော့ ... မိန်းကလေးတွေ သိပ်မကျန်တော့လောက်အောင် ညဥ့်ကနက်လာပြီး၊ ပွဲကလည်း ပိုကြမ်းလာတဲ့အခါ ... စိမ့်က နောက်ဆုံးလက်ကျန် သူငယ်ချင်းမများအားလုံးစုပြီး ... ကားတစ်စီးနဲ့ ... အိမ်ကို ကြိုပြန်ဖြစ်ခဲ့ပါသည် ...။

မိုးလင်းကတည်းက ဧည့်ခံပွဲလုပ်တဲ့ ဘုန်းကြီးကျောင်းမှာ အရဏ်ဆွမ်းကပ်ရာကစလို့ တစ်နေကုန် တောက်လျှောက် ပင်ပန်းထားကြတဲ့ နှစ်ဖက်မိဘများကော ... သတို့သမီးဖြစ်သူမါ မောမောပန်းပန်းနဲ့ သတို့သားရဲ့ အိမ်ပြန်ချိန်ကိုမှ မစောင့်နိုင်ဘဲ





ကိုယ့်အိမ်တွေမှာ ကိုယ် အသီးသီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသိုက်ကြတာ ... နောက်တစ်နေ့မနက်(၁)နာရီခွဲလောက်ရောက်ကာမှ ... ဆေးရုံကြီးကနေ ဖုန်းတွေအသီးသီး ဝင်လာမှ ... လန့်ဖျပ်ပြီး ... ကားမှာရ၊ ထပြေးရ ... လုပ်ကြရတော့ ... စိမ့်ခမျာ ... သူ့လူကို အသက်တောင် မမီလိုက်ရှာတော့ပါပေ ...။

ရောဂါဘယစုံလင်စွာ ကင်းရှင်းကြောင်း ... ဆေးလက်မှတ်အစုံအလင်နှင့်ဖြစ်သော သူ့လူခများ ... အသောက်အစားများကြောင့် Acute Abdomen နှင့် ဗိုက်အလွန်အောင့်ကာ ဆေးရုံသို့ ရောက်ရ။ ဆေးရုံသို့ရောက်တော့ ရောဂါမှတ်ချက် (Diaganosis)က "Acute pancreatitis"တဲ့။ စိမ့်ရဲ့လူခများမှာ ... Hypovolemic shock၊ Septicaemic shock တို့ဖြင့် ဆုံးပါးသွားခဲ့ရခြင်း ဖြစ်ပေသည် ...။

စိမ့်မှာ ... သားသမီးတော့ ... မကျန်ရစ်ခဲ့ပါပေ။ သူ့ခမျာ ... လက်သာထပ်ဖူးလိုက်ပြီး ... ပေါင်းကိုမပေါင်းလိုက်ရှာဘဲ ... မုဆိုးမကလေးအဖြစ်သို့ ... ရောက်ရှိသွားရပါလေတော့သည် ...။ စိမ့်ကား ... သူ့အမျိုးသား ဆုံးပါးသွားပြီးတဲ့နောက်မှာ ... အပြောင်းအလဲ အလွန်လျင်မြန်စွာနှင့် အံ့သြစဖွယ်ပင် ...။

အရာရာကို သိပ္ပံနည်းကျကျ၊ လက်တွေ့ကျလှသော ရှုထောင့်မှချည်း ကြည့်မြင်တတ်သည့်၊ ခေတ်ပညာတတ် ဆရာဝန်ကလေး "စိမ့်ညိုခက်"သည် ... သူ့အမျိုးသားအတွက် "ဘိစလ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ခွင်း" ကျေးပွဲအပြီးမှာ ... တူဖြစ်သူ လှတိုးလေး (အဲဒီတုန်းကတော့ အိမ်မှာ "သားသား" ဟု ခေါ်ကြပြီး ... ကျောင်းနာမည်က "ရဲမိုးစက်") ကိုခေါ်ကာ မန္တလေးသို့ တက်သွားပါလေတော့သည်။

အိမ်က မိသားစုဝင်တွေခမျာ ... စိမ့်ရဲ့ သဘောထားကို "ဘယ်လိုပါလိမ့်" ဟု နားမလည်ပါးမလည်နှင့် ရှိရစဉ်မှာ စိမ့်ဟာ ... အစ်ကိုကြီးရဲ့ ယောက္ခမဟောင်း မိသားစုနှင့် သွားရောက်ဆက်သွယ်ပြီး ... 'သားသား' ကိုလည်း ဆွေပြမျိုးပြအနေနဲ့ အပ်၊ အစ်ကိုကြီးတို့ရဲ့ အိမ်ထောင်ရေးကိစ္စတုန်းက ... ကြိုတင်ဗေဒင်ဟော နိမိတ်ဖတ်ပေးခဲ့သည်ဆိုသော ... ပုဏ္ဏားကြီးနှင့် ဆက်သွယ်ပေးဖို့လည်း အကူအညီတောင်းဆိုခဲ့ပါသတဲ့ ...။

စိမ့်ကို တစ်ခါ အံ့သြခဲ့ရသကဲ့သို့ ... ယခုတစ်ချီသည်လည်း အံ့သြစရာပင် ...။ အစ်ကိုကြီးတို့ကိစ္စတုန်းက "နင်ပဲငဆ" နှင့် ရန်သူတော်ကြီးတွေသဖွယ် တူးတူးခါးခါး ရှိခဲ့ကြသော ... ထိုယောက္ခမဟောင်းမိသားစုဟာ ... သားသားကိုလည်း မြင်လိုက်ရ၊ စိမ့်ရဲ့ အိမ်ထောင်ရေး အခြေအနေကိုလည်း ကြားလိုက်ကြရသောအခါမှာ ... ရုတ်ခြည်းပင် သဘောထားတွေ ပြောင်းကုန်ကြကာ ... ခေတ်အဆက်ဆက်က ဖက်လှဲတကင်း ရင်းနှီးချစ်ကြည်ခဲ့ကြသော ဆွေမျိုးရင်းချာကြီးတွေသဖွယ် ...၊ ဆီးကြိုလက်ခံ၊ ဖေးမကူညီကြရင်း ...

အဲဒီနောက်ပိုင်းမှာတော့ ... သားသားသည်လည်း "ရဲမိုးစက်" ဘဝကနေ "လှတိုး" ဖြစ် ...။ အသက်(၂၀)ကျော်ကာ





အရွယ်လောက်ကလေးနဲ့ ... အိမ်ထောင်ရေးမပြောနဲ့ "အချစ်" ဆိုသောအရာကိုပင် ဘာမှန်းသေချာဂန မတိကျနိုင်သေးတဲ့အတွက် ခုမှ စိတ်ကစားစပြုဖို့ စတင်ကြံစည်ကာစလောက် ရှိရသေးတဲ့ ... ဗမင်းဆက်ခမျာသည်လည်း ... "အိမ်ထောင်ရေးသာမက ... အချစ်ရေးကိုပင်လျှင် ... ခေါင်းထဲတောင် မထည့်ရမဲ့သူ" တစ်ယောက်အဖြစ် ... စစ်တမ်းက ထွက်လာပါလေရောတဲ့ ...။

ပတ်ဝန်းကျင်ကတော့ ... စိမ့်ကို အင်မတန် 'မောင်' တိုလှသည့် အတ္တကြီးကြီး အစ်မကြီးတစ်ယောက်အဖြစ် မြင်ချင်မြင်ကြမည် ...။ ထိုအချိန်မှစကာ ... စိမ့်ညိုခက်သည် ဗမင်းဆက်၏ ဘဝထဲ ဝင်ရောက်လာနိုင်သည့် မိန်းကလေးကြီးငယ် မှန်သမျှကို မျက်စိဒေါက်ထောက်၊ စောင့်စားကြည့်ရှုကာ ကဖျက်ယဖျက် ... တားဆီးပိတ်ပင်ခြင်းအမှုကို တွင်တွင်ကြီးပင် ပြုပါလေတော့သည်။

❤ ❖ ❤

ဗမင်းဆက်ရဲ့ အစ်မဖြစ်သူ စိမ့်ညိုခက်မှာ ... ဗမင်းဆက်ရဲ့ သတင်းကို ... တစ်နေရာရာမှ ကြားလာခဲ့ပြီးသည်မို့ ... အင်မတန်မှ တူးတူးခါးခါး ရူးရူးဝါးဝါး ဖြစ်နေခဲ့ပါသည်။ ဗမင်းဆက်ကတော့ အစ်မဖြစ်သူရဲ့ စိတ်ခံစားချက်တွေကိုလည်း သဘောပေါက်နေ ...၊ အဓိပ္ပာယ်မရှိလှသည့် အယူသီးယုံကြည်မှုကြီးတွေကိုလည်း စိတ်ပျက်နေ ...။



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူရဲ့ ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေမှုတွေ အောက်က ရုန်းထွက်လိုတာထက် ... ကိုယ်တိုင်က .. "အချစ်"ဆိုတဲ့အရာနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံလိုက်ရပြီဆိုတဲ့ အခါမှာ ... ခါတိုင်းလို(စိတ်ပျက်ပေမဲ့လည်း ရယ်ကျဲကျဲကလေးနဲ့ပဲ) "ဟုတ်ကဲ့ ... မစိမ့်"ဆိုတာမျိုးတော့ ဘယ်နည်းနဲ့မှ မလုပ်နိုင်တော့ပါပေ ...။

ခက်တာက ... ကိုယ့်ဘက်ကပဲ ရှင်းရှင်းပါမည် ထင်ထားမိသော ဖခင်ကြီးမှာ ... အံ့ဩစရာကောင်းလှစွာပင် ... ကြားနေ ...။ မိခင်ကြီးကတော့ ... မစိမ့်ရဲ့ ဘက်တော်သားလုံးလုံး ဖြစ်နေခဲ့လေသည် ...။

"ကဲဗျာ ... ပြောကြပါဦး ... အသိုင်းအဝိုင်းတို့၊ အကျင့်စာရိတ္တတို့၊ သူ့စိတ်ဓာတ်တို့ ... အဲလိုဟာတွေနဲ့ အကြောင်းပြပြီး ... သဘောမတူနိုင်ပါဘူးဆိုရင် ... လက်သင့်ခံရင်ခံမယ်ဗျာ ...။ ဘာအကြောင်းပြချက်မှ မပေးဘဲနဲ့ "နင့်ကိုငါက လုပ်ပျိုကြီးပဲ လုပ်စေချင်တာ ..."ဆိုတဲ့ ကလေးတုန်းက စကားမျိုးတွေနဲ့တော့ မလာနဲ့ဗျ ...။ အဓိပ္ပာယ်မရှိတဲ့ အယူသီးသီး အကြောင်းပြချက်ကြီးတွေလည်း ရှေ့တန်းတင်မလာနဲ့ ... လက်မခံနိုင်ဘူး ...

ကျွန်တော် ... ကလေးလည်း မဟုတ်တော့ဘူး ... (၂၇)နှစ်တောင် ရှိပြီဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ... ခု သားသားကို အုပ်ထိန်းထားသလို ... ခြင်းကြားနဲ့ တစ်ထပ်အုပ်၊ ပြီးမှ စောင်ထူထူကြီးနဲ့ လုံလုံထပ်အုပ်၊ ဆိုတာမျိုးကြီးတွေနဲ့တော့ ... အုပ်ထားလို့မသင့်တော့ဘူးနဲ့တူတယ် ..."

စိမ့်နှင့် ဗမင်းဆက်တို့ ထိပ်တိုက်တွေ့ကြသောအခါမှာ စိမ့်ဟာ ဝမ်းနည်းခံပြင်းရမှုတွေအပြည့်နှင့် ...။ တစ်သက်လုံးက သူ့စကား နားထောင်ပြီး၊ ခေါင်းညိတ်တတ်ခဲ့တဲ့ မောင်တစ်ယောက်ရဲ့ ပြောင်းလဲမှုကို အံ့ဩနေဟန်လည်း ရှိပေမဲ့ ... သူ့ဘက်ကလည်း "နည်းနည်းလေးမှ မလျှော့နိုင်ပါဘူး"ဆိုတဲ့ ရုပ်မျိုးက စိမ့် မျက်နှာပေါ်မှာ အထင်းသားပင် ...။

ဒီမောင်တစ်ယောက်ကို အသက်(၂၀)အရွယ်ကစလို့ ခုနှစ်နှစ်လုံးလုံး အစ်မကြီးဆုံတာထက် ... မိခင်နေရာမျိုးလောက်ထိပါ တက်ယူထားလိုက်ပြီး တောက်လျှောက် မျက်စိဒေါက်ထောက် အုပ်ထိန်းလာနိုင်ခဲ့တဲ့အတွက် ဒီတစ်ချီမှာ ... 'လွတ်'သွားတာရော၊ မောင်ဖြစ်သူက စကားနားမထောင်၊ ငုံ့ခံမနေတော့ဘဲ ... ခေါင်းမာကာပြန်လာကာ ... "လုပ်ချင်ရာလုပ်မှာပဲ"ဆိုတဲ့ သဘောထားမျိုးတွေကို အတိအလင်း ပြလာပြီဖြစ်တဲ့အတွက်ရော ... စိမ့်မှာ ဘယ်လိုမှ မခံစားနိုင်စွာ ယူကျုံးမရ ...။

(၂၇)နှစ်ဆိုတဲ့အရွယ်နဲ့မှ မလိုက်အောင် ... ရိုးရိုးသားသား လိမ်လိမ်မာမာကလေးနှင့် ... မိဘစကား၊ အစ်မစကားနားထောင်ကာ သားသားနှင့် ထပ်တူပင် ... ကလေးလေးတစ်ယောက်လို ကျိုးကုပ်ပီပြားနေထိုင်ခဲ့သော ... မောင်ကလေး ...







www.burmeseclassic.com

www.burmeseclassic.com



"အချစ်"နဲ့တွေ့ကာ ပြောင်းလဲပြီမို့ ... စိမ့် ရင်မှာလည်း ... လှုံနေအောင်ပဲ ... ပူပန်နေရတော့တာ ...။

မိဘများကလည်း အသိုင်းအဝိုင်း ကောင်းကောင်းနဲ့ အခြေအနေ အဆင့်အတန်းရှိရှိ ...၊ သူကိုယ်တိုင်ကလည်း ပညာတတ်၊ ရိုးသားလိမ္မာကာ အနေအထိုင် တော်လှတာမို့သတင်းမွှေးလှတဲ့ စိမ့်ရဲ့မောင်လေးဟာ ... ရုပ်ရည်ကလေးအရလည်း ... မိန်းကလေးတွေ ဝိုင်းကျလောက်တဲ့ အနေအထားမျိုး ဖြစ်နေပြန်တဲ့အခါ ... စိမ့်မှာ ရဲတင်းလှတဲ့ ခေတ်မိန်းကလေးများကြား ... ဂုဏ္ဍာမကြီးတစ်ယောက်သဖွယ် ... ဘယ်လောက်ပြူးတူးပြဲတဲ အုပ်ထိန်းနေခဲ့ရသလဲ ... ကိုယ်ပဲ အသိဆုံး ...။

တက္ကသိုလ်ကျောင်းသားတစ်ယောက် အဖြစ် ... နေ့စဉ် ကျောင်းတက်၊ ဘွဲ့ရသွားတာတောင် ... ဘာဇာတ်လမ်းမှ မဖြစ်ခဲ့တာဟာ ... စိမ့်ဘက်က အုပ်ထိန်းမှုတော်လွန်းလို့၊ မောင်လေးဘက်က လိမ္မာစွာ စကားနားထောင်တတ်လွန်းလို့၊ ဘာတစ်ခုမှမဟုတ်လေဘဲ ... ဗမင်းဆက်တစ်ယောက် တကယ့်"အချစ်"ဆိုတာနဲ့ မတွေ့သေးလို့ဆိုတာ ခုမှပင် သဘောပေါက်ရတော့သည်။

ဘွဲ့ရပြီးသူတွေ ထပ်တက်ကြသည့် နိုင်ငံခြားဘာသာသင်တက္ကသိုလ်က မနက်စောပိုင်းတန်းတွေမှာ ... ဂျပန်ဘာသာ ထပ်တက်လိုက်တော့မှပင် ... ဗမင်းဆက်ဟာ ... စိမ့်ရဲ့ ဩဇာကို ကောင်းကောင်းကြီး တွန်းလှန်နိုင်ဖို့ "အချစ်"ဆိုတာကို ရှာဖွေတွေ့ရှိသွားလေတော့ပြီ ...။





"ပင်ကီဝင်းလွင်" (Pinky)တဲ့ ... အဘက်ဘက်က ပြည့်စုံလှတဲ့ ... အပြစ်ပြောစရာ ဘာမှ မရှိတဲ့ မိန်းကလေးငယ်တစ်ဦးအပေါ်မှာ ... ဂုဏ္ဍာမကြီး ဝင်လုပ်ရဦးမဲ့အရေးကို စိမ့်က အင်မတန်မှ စိတ်ပျက်လှပါသည် ...။ သို့ပါသော်လည်း အဲသလို ပြည့်စုံလှတဲ့ မိန်းကလေးငယ်လေးကို ... ကိုယ်ချင်းစာ သနားလွန်းတာနဲ့ပဲ ... စိမ့်က လူမုန်းခံကာ မရမက ဝင်ပါရဦးမှာ ဖြစ်တော့သည် ...။ သူတို့ဟာက ... ဘယ်အချိန်လောက်က ... (အစ်မ မသိလိုက်အောင် ခိုးကြောင်ခိုးဝှက်အလစ်) စ,ထားမှန်းမသိတဲ့ ဇာတ်လမ်းက စိမ့် သတင်းကြားလိုက်ရချိန်မှာ အတော်ကြီးခရီးရောက်နေခဲ့ကြပြီ ... ဆိုသကိုး ...။

"ကဲ ... ပြောကြပါ ... Pinky နဲ့ ကျွန်တော့်နဲ့ကို လုံးဝသဘောမတူနိုင်ပါဘူး ... ခုချက်ချင်းပဲဖြတ် ... ဆိုတဲ့ အကြောင်းပြချက်က ... ဘာလဲ ပြောပါ ... ပြောပါ ...။ မစိမ့် မပြောနိုင်ရင် ... မေမေ ပြော ..."

ဗမင်းဆက်ရဲ့ မိခင်ကြီးမှာ ... စိတ်ညစ်ညူးရှုပ်ထွေးစွာနှင့်ပင် ...

"အဲဒီ ကလေးကကွယ် ... ဟိုဒင်း ... မိန်းကလေးတန်မဲ့နဲ့..."

"မိန်းကလေး တန်မဲ့နဲ့ ဘာဖြစ်သလဲ မေမေ ... သတင်းတစ်ခုခု ကြားထားရင်လည်း ... ကျွန်တော့်ကို အားမနာပါနဲ့ အမှန်အတိုင်းပဲ ပြောပြပါ ... ကျွန်တော်က ဘာသိသု



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော ... သူ့ဘက်ကပဲဆိုတဲ့ မျက်ကန်းတောတိုးသမားတော့ မဟုတ်ပါဘူး ...

ပင်ကိုအပေါ် ကျွန်တော် ဘယ်လောက်ချစ်ချစ်ပါ ... မကောင်းတဲ့ သတင်းတစ်ခုခု ရှိမယ်ဆိုရင် ... ဟုတ်မဟုတ် တိကျသေချာအောင် စုံစမ်းယူမယ် ... ဟုတ်နေခဲ့ရင် ... ပြုပြင်နိုင်မလား ... ညှိယူကြမယ် ... ဒါကိုမှ မရသေးဘူးဆိုရင်တော့ ... ဘာဆက်လုပ်ရမလဲဆိုတာ ... ကျွန်တော့်မှာလည်း အသိဉာဏ်နဲ့ ဦးနှောက်နဲ့ ပါပါတယ် မေမေ ...။ ပြောပါ ..."

"မိန်းကလေးတန်မဲ့နဲ့" ... ကားမောင်းတာ အင်မတန်မှ ရမ်းသကွယ် ... မြန်လိုက်တာ ... မှတ်နေရော ..."

"ဟား ..."

ဗမင်းဆက်ရဲ့ မိခင်ကြီးခမျာမှာလည်း ... ပြောမဲ့သာပြောရ ... အခြေအမြစ်မရှိလှတဲ့ အကြောင်းပြချက်မျိုးအတွက် သူ့ဘာသာလည်း စိတ်ညစ်နေရှာပါသည်။

"မကြားဖူးပါဘူးဗျာ ... ကိုယ့်မောင်တစ်ယောက်၊ သားတစ်ယောက်ရဲ့ အချစ်ရေး အိမ်ထောင်ရေးအတွက် ... တင်ပြလာတဲ့ မိန်းကလေးတစ်ယောက်ကို ..."

"နင် မတင်ပြပါဘူး ... ခိုးလုပ်နေတာပါ ..."

"ဟုတ်ပါပြီ ... ခိုးလုပ်နေတယ်ပဲထား ... ဟုတ်ပါတွယ် ခိုးလုပ်နေပါပဲ ... မြို့ထားမိသေးတာပါပဲ ...။ ဒါပေမဲ့



တစ်နေ့တော့ ပြောဖြစ်ရမှာပါ ...။ ခုဟာက မပြောဖြစ်သေးခင်ပဲ ကြိုသိသွားတဲ့သဘော မဟုတ်ဘူးလား ... အဲဒီမှာ အငြင်းခံရတယ် ... ပယ်ချခံရတယ် ... အကြောင်းပြချက်က ... ကားမောင်းမြန်လို့တဲ့ ...

ဟား ... တစ်ခါမှ မကြားဖူးဘူး ...၊ ဘာပြစ်ချက်မှ သေချာမရှိဘဲနဲ့ ... ကားမောင်းမြန်လို့ ... သားရှင်မိဘဘက်က အပယ်ခံရတယ်ဆိုတဲ့ အဖြစ်တဲ့ ...။ လူကြားလို့တောင် မကောင်းဘူး ..."

"မောင်လေး ... မေမေက နင့်အတွက် အကောင်းပြောနေတာ ... နင့်အတွက်အပြင် ... နင် ချစ်တယ်ဆိုတဲ့ နင့်မိန်းကလေးဆိုသူအတွက်ပါ အကောင်းပြောနေတာ ...။ နင် မေမေ့ကို ဘာမှ ဟားပြီးပြောင်နေစရာအကြောင်း မရှိဘူး ..."

"မဟားပါဘူး ... မပြောင်ပါဘူး ... ခုဟာက ဘယ်လိုဟာကြီးဖြစ်နေပြီလဲ ... အဓိပ္ပာယ်ကော ရှိကြရဲ့လား ... ဆိုတာကိုပဲ တွေးကြည့်ကြဦး ..."

"အဓိပ္ပာယ်ဆိုတာ ... ဘယ်သူ့ရဲ့ ဘယ်လိုအမြင်ဘက်ကနေကြည့်ပြီး အနက်'ကောက်'မလဲဆိုတဲ့အပေါ်မှာပဲ မူတည်တယ် ... အကြောင်းအရာတစ်ခုဟာ ဘယ်သူတွေအဖို့ အဓိပ္ပာယ် ရှိရှိမရှိရှိ ...၊ ကိုယ့်အတွက် ကြောက်စရာကောင်းလောက်အောင် အဓိပ္ပာယ်ရှိနေပြီဆိုရင် ... အဲဒီ အဓိပ္ပာယ်

www.burmeseclassic.com



ရှိတဲ့ အကြောင်းပဲ ဖြစ်တယ် ... သူများတကာတွေ လက်သင့်ခံခံ ... မခံခံ ... အရေးစိုက်စရာမလိုဘူး"

"အဲသလို ကိုယ့်အတွက် အဓိပ္ပာယ်ရှိနေတယ် ဆိုတာကြီးကို လက်မခံနိုင်တာ ... လုံးဝ အတည်မယူနိုင်တာ ..."

"နင် မယူပေမဲ့ ... ငါတို့မိသားစုကတော့ ..."

"ဒါပေမဲ့ ကာယကံရှင်က ကျွန်တော်ပဲ ..."

"နင့်အတွက်နဲ့ တစ်စုံတစ်ယောက် အနှေးရှုယ်ကျရောက်နိုင်တယ်ဆိုရင် နင် မပူဘူးလား ... ပြီးကျတော့ အဲဒီတစ်စုံတစ်ယောက်ဟာ ... နင် ချစ်ပါတယ်ဆိုတဲ့သူ ..."

"မစိမ့်တို့ ခေါင်းထဲ စွဲနေကြတဲ့ဟာကြီးကို ... ကျွန်တော်မှ မယုံတာ ... ကျွန်တော် ချစ်တဲ့သူမှာ ... အန္တရာယ်ကျရောက်မယ်ဆိုတဲ့ အတွေးမျိုး၊ ယုံကြည်ချက်မျိုး ကျွန်တော့်မှာ ရှိမနေတော့ ... မပူဘူး ..."

ဗမင်းဆက်ရဲ့ မိခင်နှင့် အစ်မများ ... ပြောမရသည့် မောင်တစ်ယောက်အတွက် အတော်ကြီးကို စိတ်သောကရောက်ကြရဟန် ရှိပါသည် ...။ အမေနဲ့ အစ်မတို့ရဲ့ လုပ်ရပ်ဟာ "ဘာအဓိပ္ပာယ်မှ မရှိ"ဟု ခံယူထားသော်လည်း ... ကိုယ်နဲ့ကိုယ့်မိန်းကလေးဖြစ်လာမဲ့သူအပေါ် ပူပင်အလေးအနက်ထားနေကြလို့ ... ဒီလိုဖြစ်နေကြရှာတာ ... ရယ်လို့ နားလည်နိုင်တဲ့ ဗမင်းဆက်ကလည်း ... သူတို့ဘာသာ တစ်ဖက်တစ်လမ်းကနေ ယကြာချေတာတွေ ...၊ ရန်ကုန် မန္တလေး အခေါက်ခေါက် အခါ





ခါ ကူးချည်သန်းချည် ရှိကြတာတွေအတွက် ဘာမှကို ဝင်မပြော ... ထားသည် ...။

"သဘောမတူနိုင်ဘူး" ဆိုပြီး ပင်ကိုထဲ တိုက်ရိုက်အားမြစ်ထိခိုက်တာမျိုး မလုပ်သေးသရွေ့ ... ဒီကိစ္စဟာ မိသားစုထဲမှာ ... ထိပ်တိုက်ထပ်တွေ့နေစရာကိစ္စ မဟုတ်သေးဘူး ... ဘူသာ ခံယူထားပါသည်။ မေမေနှင့် စိမ့်တို့ဟာလည်း ဗမင်းဆက်အတွက် စိုးရိမ်ပူပန်လို့သာ ... ဤသို့ ဖြစ်နေကြရသော်လည်း ... တစ်ဖက်သားကို မလေးစားသည့် စိတ်ထားရှိသူမျိုး ...၊ မိန်းကလေးချင်း၊ သမီးချင်း ကိုယ်ချင်းမစာတတ်တဲ့သူမျိုးတွေတော့ ... တတ်လေတာမို့ ... ဒီကိစ္စကြီးဟာ ... အဖြေမပေါ်ဘဲ တအုံနွေးနွေးနဲ့ ဆက်ရှိဆဲသာ ...။

ဒီကြားထဲမှာ စိမ့်က တစ်ခေါက်နှစ်ခေါက်လောက် "မောင်လေး ... နင် ပြန်စဉ်းစားမယ် ... ဆိုရင် စဉ်းစားပါဦးနော်" ...၊ "ဒီအသက်အရွယ် ရောက်ကာမှ ... ပထမဆုံး စထားတဲ့ ... စားဦးဆိုတော့ မကြိုစဖူးနဲ့ ... နင် သိပ်ခံစား ... မြတ်နိုး ... တာကြီး ဖြစ်မနေရင်တော့ ကောင်းတာပေါ့ဟယ် ..."တို့ ... တိပေးသလိုလို ... ဘာလိုလို ... (ရန်ကလည်း ထပ်မဖြစ်ချင် ... ဘော့ ... ဒီထက်တော့ ဘာမှ မပို၊ ရှေ့မဆက်) လာ,လာပြောဖူးပါ ... သည်။ တစ်ခေါက်မှာတော့ ...

"မောင်လေးရယ် ... ဆရာကြီးက "အိမ်ထောင်ဘက်" ဆိုတာမျိုးအထိတောင် စကားထဲ ထည့်ပြောတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



"သမီးရည်းစားချစ်သူ"တောင် မရှာသင့်ပါဘူးလို့ တားထားလို့ပါ ... နင် ဖြတ်လိုက်လို့မရဘူးလား ...။ ပြီးမှ နောက်ပိုင်းမှာ ... ဆရာကြီးနဲ့ ပြန်တွက်ချင်တွက်၊ ဆရာကောင်းသမားကောင်း ထပ်ရှာချင်ရှာ ...။ ဖြစ်နိုင်ပြီ ...၊ ရပြီဆိုမှ ပြန်ဆက်ချင်ဆက် ဆိုရင်ကော ... ဟင် ! ..."

"မင်းမှာ အန္တရာယ်ရှိမှာစိုးလို့ ... မင်းကို ငါ ခဏဖြတ်ထားဦးမယ် ... ပြီးမှ ပြန်ဆက်ချင်ဆက်မယ် ... စောင့်နေနော် ...။ ဒီလိုပြောထားရမှာလား မစိမ့်ရယ် ... မဖြစ်နိုင်တာ ...။ မစိမ့် ပြောသလို နားထောင်ပြီး ဖြတ်လိုက်ရပါပြီပဲထား ... ကျွန်တော့်စိတ်ထဲမှာ ... တစ်ချိန်လုံး ... အဲဒီမိန်းကလေးအပေါ် ... ချစ်မြတ်နိုးနေတဲ့ စိတ်ကတော့ ဖျောက်မရနိုင်ဘဲ စွဲကျန်နေရင်ကော ... မစိမ့်တို့ ဆရာကြီးပြောတဲ့ "ချစ်သူ"ဆိုတဲ့အဖြစ်က လွတ်သွားပြီလို့ ပြောလို့ရပါ့မလား ...

ကျွန်တော် သူ့ကို စိတ်ထဲကနေတော့ ဆက်ချစ်နေမိသေးတယ်လေ ...။ မပတ်သက်ကြတော့ပေမဲ့ ... "ချစ်သူ" ဖြစ်ဆဲပဲလေ။ အဲဒီလိုမျိုးဆိုရင်ကော ... ဘာပြောမလဲ ... စိတ်ထဲကပါ ဖျောက်ထုတ်ပစ်လိုက် ... လို့ စိတ်ကိုပါ လိုက်ပြင်ခိုင်းနေဦးမှာပဲလား ..."

ပင်ကီဟာ သူ့ကို သူ့ချစ်သူ ယောကျ်ားလေးရှင်ဘက်က ... တစ်စက်မှ သဘောမတူဘဲ ... ဖြတ်ပစ်ဖို့ချည်း တသွင်





သွင် တိုက်တွန်းတားမြစ်နေခဲ့တာ ... ဆိုတာကို သိမသွားရှာပါ။ ကိုယ့်ဘက်မှာက ပြဿနာကြီးနှင့်မို့ ... ချစ်သူသက်တမ်း (၆)လကျော်လာသည်အထိ ... အိမ်လည်ခေါ်တာမျိုး၊ အိမ်က မိသားစုတွေနှင့် မိတ်ဆက်ပေးထားတာမျိုးတွေ မလုပ်ရဲသေးပေမဲ့ ... သူ့ဘက်ကိုတော့ (လွတ်လပ်ပွင့်လင်းစွာ အုပ်ထိန်း၊ ခွင့်ပြုပေးထားသည့် မိဘမျိုးတွေမို့) အလည်ခေါ်၊ တွေ့ဆုံပေးကာ ... အသိအမှတ်ပြုခံတာမျိုးတွေ လုပ်ပြီးသွားပြီ ...။

တစ်နေ့မှာတော့ ... ကားပါမလာသည့် ဗမင်းဆက်ကို ပင်ကီက သူ့ကားနှင့် အိမ်လိုက်ပို့ဖို့ ပြင်သည်။ ဗမင်းဆက်တို့အိမ်မှာ ... မိဘတွေ အပြင်သွားမနေကြဘဲ ... တိုက်ဆိုင်ကြုံကာ ရှိနေကြမည်ဆိုရင်လည်း ... တစ်ခါတည်း ဝင်နှုတ်ဆက်၊ ခါရပြုကာ ... အသိအမှတ်ကို ခံယူဦးမည် ... ဟု ဆိုလာပါသည်။

အမေနှင့် အစ်မဖြစ်သူတို့ အသည်းအသန် တားမြစ်ရှပ်စိုးရိမ် နေကြသည့်ကြားက ... ဗမင်းဆက်က မျက်နှာပြောင်တိုက်သလိုပုံစံနှင့် ကိုယ့်မိန်းကလေးကို အိမ်လည်ခေါ်လာရမဲ့အရေးမှာ ... တွေးကြည့်တာနဲ့တင် စိတ်ရှုပ်ထွေးစရာ ကောင်းလှပါသည်။

အမေနှင့် အစ်မဟာ ဆိုးကြိုးပြီး ရိုင်းပျလွတ်ကြမှာတော့ မဟုတ်ပါ ...။ ဒါပေမဲ့ အတော်ကြီး စိတ်မကောင်းဖြစ်ကြရှာမှာ ...။ မျက်နှာတွေကလည်း တစ်မျိုးကြီးတွေ ဖြစ်နေကြမှာကို ပြင်ချင်မှ ပြင်ထားနိုင်ကြမှာ ...။ ဒီအမေ ဒီအစ်မတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို ကျိုးနွံနာခံစွာ တစ်သက်လုံး မချိုးဖောက်ဖူးသေးသော လူလိမ္မာကလေး ဇမင်းဆက်ဟာ ... ဒီချစ်သူ တစ်ယောက်ကို သူတို့ လိုလားနေကြသလို ဖြတ်မပစ်သေးဘဲ ဇွတ်ဆက်ပတ်သက်နေဖို့ ဝန်မလေးပေမဲ့၊ အခြေအနေက သိပ်အလှကြီးမဟုတ်ချိန်မှာ ... (အစွဲတိုက်ပြသလို ပုံစံနှင့်) အိမ်လည်ခေါ်သွားတဲ့ အဖြစ်မျိုးအထိကြီးတော့ ... မလုပ်ဝံ့၊ မလုပ်ချင်သေး ...။

“ဟာ ... ကိုယ်က အိမ်မပြန်သေးဘူး၊ ဒီကအပြန် ဖော်ကြီးတို့အိမ် ဝင်မလားလို့ ... ကိစ္စရှိလို့ ...”

“ရတယ်လေ ... ကိုဖော်ကြီးတို့အိမ်လည်း ဝင်လိုက်ပါ ... လိုက်ခဲ့မယ် ... စောင့်ပေးမယ် ... ပြီးမှ ... သူ့အိမ်ပြန်ပို့တာပေါ့ ...”

“မေမေတို့က ဒီလိုနေ့မျိုးဆို ... အိမ်မှာ မရှိလောက်ဘူး ထင်တယ် ... ဖေဖေက အလုပ်နဲ့ ...၊ မေမေကတော့ ... ဘုန်းကြီးကျောင်းတို့၊ အမျိုးအိမ်တို့ ... သွားတတ်လေ့ ရှိတယ်”

“မရှိဘူးဆိုလည်း မရှိဘူးပေါ့ ... ရတယ်လေ ... လိုက်ပို့ပေးလိုက်မယ် ... မရှိရင် မဆင်းတော့ဘူးပေါ့ ... နောက်တစ်ခေါက်မှ သပ်သပ်ထပ်လာတာပေါ့ ...”

“ဒီကနေ ပင်ကိုအိမ် ပင်ကိုဘာသာ ပြန်လိုက်တာက အနီးကလေး ...၊ ကိုယ့်အိမ်ထိ တစ်ပတ်ကြီး သပ်သပ်လိုက်ပို့ပြီးမှ ... ပြန်ရရင် ဝေးလိုက်တာ ... တစ်ကွေ့တစ်ပတ်ကြီး ...”





“ဩော် ... ဘာဖြစ်လဲ ... ဘာမှမဖြစ်ဘူး ... ဒီလောက်လေးများ”

“နေပူနေတယ် ...”

“ဟင်း ဟင်း ဟင်း ... ဘယ်လိုလေးမှန်းကို မသိဘူး ...။ ပင်ကီကလည်း အဲလို နေပူနေလို့ကိုပဲ ... သူ ပူမှာစိုးလို့ ပြန်လိုက်ပို့ပေးပါမယ်လို့ ပြောနေတာပေါ့ ...”

“နေပေ့စေ ... ကိုယ်က ယောက်ျားလေး ...”

“နေပါစေနော် ... တော်ပါပြီ ... သိပါပြီ ... ဒီလောက်လှည့်ပတ်ကပ်သပ်ပြီး ငြင်းဆန်နေကတည်းက ... ကိုဖော်ကြီးတို့နဲ့ ဘာလုပ်ဖို့ ချိန်းထားကြသလဲမှ သိတာ ...။ ဟွန်း ! မသိရင် ခက်ဦးမယ်။ ဒါဖြင့်လည်း ကိုဖော်ကြီးတို့ အိမ်အထိတော့ လှည့်ပို့ပေးခဲ့ပါ့မယ် ... ထိုင်စောင့်မနေတော့ပါဘူး ... တက်ပါ ...။ ဒါပေမဲ့ နေပူတယ် ... ထီးတော့ယူသွား ...။ ကိုဖော်ကြီးက ပြန်လိုက်မပို့ရင် ... အပြန်ကျ အလကားနေ ... နေပူက မိရဦးမယ် ...”

ပင်ကီဟာ အဲဒီလို အခြေအနေမျိုးတွေမှာ ... “ဘာကြောင့်လဲ”ဟု ဇွတ် အဖြေရသည်အထိ ဆက်လိုက်ရစ်မနေတတ်သော ... အင်မတန်မှ နားလည်မှုရှိ၊ လက်သင့်ခံပေးတတ်သော မိန်းကလေးမျိုး ဖြစ်ပါသည် ...။ သူနဲ့ ဇမင်းဆက်တို့ရဲ့ ဓာတ်လမ်းအစ ဖြစ်ခဲ့သော ... (“အဲဒီတုန်းက ထီးကလေး ... ပင်ကီ့ကို ပေးပါလား ... သိပ်ချစ်စရာကောင်းတာပဲ ...”ဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ကြာတုန်း၊ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့တုန်း "သူခိုး"ဘဝတောင် ရောက်ခဲ့ရသည့်) ခွေးရုပ်ထီးလေးကို ... ဗမင်းဆက်လက်ထဲ ပြန်ထည့်ပေးခဲ့ကာ ... ဖော်ကြီးတို့ လမ်းထိပ်မှာ ... ချပေးခဲ့သည့်နေ့ ...။

ကားကို ဂငယ်ကွေ့လေး ပြန်ကွေ့ထွက်သွားပြီး ... ပြုံးပြုံးကလေး "တာ့တာ" ပြသွားခဲ့တဲ့ မိန်းကလေးကို အဲဒီတစ်ကြိမ် မြင်လိုက်ရတာ ... ဘဝမှာ နောက်ဆုံးပင် ...။ ပင်ကီဟာ ဖော်ကြီးအိမ်ကနေ ... သူ့အိမ်သို့ အပြန်မှာ ... လမ်းမှာတင် ကားချင်းတိုက်ကာ ... ဆုံးပါးကွယ်လွန်သွားခဲ့ပါတော့သည် ...။

❤ ❖ ❤

"မပန်းနု" နှင့်ကျတော့ ... "ဗမင်းဆက်ရဲ့ ရင်ထဲ အသည်းထဲမှာ စွဲမြဲနှစ်လိုစွာ နေရာယူနိုင်ခြင်း မရှိပါဘဲနှင့် ..." ဟု ပြောလျှင် ... ထိုမိန်းကလေးအပေါ် ... ဗမင်းဆက်က မတရားရာများ ကျနေမလားပင် ...။ အမှန်စင်စစ်ကလည်း အခြေအနေက အဲဒီလိုသာပါပဲ ...။

မပန်းနုရဲ့ မေမေနှင့် ဗမင်းဆက်ရဲ့ မိခင်ကြီးတို့က ... ဟိုးအရင် ... တက္ကသိုလ်ကျောင်းသူတွေ ဘဝမျိုးလောက်ကပင် ခင်မင်ရင်းနှီးလာခဲ့ကြသူများ ဖြစ်လေရာ ... အဝင်အထွက် အသွားအလာ မကင်းကြပေမဲ့ ...၊ သူ့မလည်း သမီးပျို့ရှိ၊ ကိုယ့်မလည်း သားပျိုရှိ ...။ ရှိတာယ်လို့ သိရုံထက် ဘာမှ မပိုဖြစ်ခဲ့





ကြဘဲ ... တွဲဖက်စပ်ဟပ် စနောက်ပြောဆိုနေဖို့လည်း နှစ်ယောက်လုံး စိတ်ထဲ ရှိကိုရှိမနေကြပုံတွေနှင့်ပါ ...။ ဗမင်းဆက်ရဲ့ မေမေကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ဖြစ်ပြီး ... မပန်းနုရဲ့ မိခင်ကတော့ ... အဖိုးတန်သမီးမိန်းကလေးတစ်ယောက်ရဲ့ မိခင်ပီပီ နှုတ်နည်းနည်းနှင့် ... ဘယ်သားရှင်ကိုမှ ... နောက်ပြောင်နေဖို့ ဝါသနာမရှိလှပုံနှင့် ဖြစ်ပါသည် ...။

ပင်ကီကိစ္စ ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ ... မေမေက ယူကျုံးမရသလိုလို၊ နောင်တတွေ တစ်ထွေးကြီးနှင့်လိုလို ...၊ ငှငေါင်ငေါင်ကြီးလိုလို ... အိမ်တွင်းပုန်းကြီးလိုလို ... ဖြစ်သွားသည့်သားဖြစ်သူ ဗမင်းဆက်ကို သူသွားလေသမျှ အပြင်ကိစ္စနေရာတကာတိုင်းကို တမင်အတင်းကြီး ခေါ်ထုတ်တာမျိုးတွေ ရှိလာသည် ...။

မေမေတင်မကပါ ...။ အစ်ကိုကြီးကော ... မစိမ့်ပါ တစ်ပုံစံတည်း ...။ အစ်ကိုကြီးကဆို ... နိုင်ငံရပ်ခြားပဲ သွားအလုပ်လုပ်မလို စိတ်ရှိပြီး ... ခုချိန်ထိ ... ကလေးလိုလို ဘာလိုလိုနှင့် ... သင်တန်းချည်း လိုမ့်တက်၊ စာမေးပွဲတွေချည်း ဖြေနေသေးတဲ့ ဗမင်းဆက်ကို သူ့လုပ်ငန်းခွင်ထဲပါ ခေါ်ထည့်ထားလိုက်တော့တာမျိုးပါ ...။ မေမေကတော့ ... သူ သွားလေရာမှန်သမျှ "ကားမောင်းပို့ပေးပါ"ဟု အပါဆွဲခေါ်တတ်သည်မှာ ... အိမ်ကအခိုင်ဘာပင် ... "သူတော့ အနားယူ အလုပ်ပြုတ်ရတော့မယ်" ဟု ထင်လာရတော့သည်အထိပင် ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ မေမေတို့ တက္ကသိုလ်နှစ်တွေက ... 'အင်းယား ယောလ်' ကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲ (Reunion)တွေလုပ်ကြ ဆရာကန်တော့ပွဲတွေလုပ်ကြ၊ ရန်ပုံငွေဈေးရောင်းပွဲတွေလုပ်ကြ နှင့် ... အဖွဲ့ရဲ့ အတွင်းရေးမှူး မေမေနှင့် ဘဏ္ဍာရေးမှူး ... မပန်းနုရဲ့ မိခင်ကြီးတို့ဟာ ... ကာလတိုလေးတစ်ခုအတွင်းမှာ နေ့စဉ်နဲ့အမျှလောက် ... မပြတ်တွေ့ဆုံနေရ ...။ ကိုယ့်အိမ် သူ လာ သူ့အိမ် ကိုယ်သွား ...။

ဤနွေရှင် မပန်းနုကလေးဟာ ... ဗမင်းဆက်ကို သူ့ဘက်ကပင် အရင်တလိုက်တလျော တခုတ်တရလေး စတင်လာ ခဲ့ပါသည်ဆိုရင် ... အစ်မချင်း၊ နှမချင်းမစာနာ ... ပြောမိရာများ ကျလေမလားမသိ ...။ ပထမပိုင်းမှာတော့ ဗမင်းဆက်က (ရိပ်မိ မလိုလို ရှိသော်ငြား) စိတ်ထဲ ဘာယ့်နှယ်မှမနေ ...။ တစ်ခါခံစား ထားရပြီးသား ... ကိစ္စကြီးကလည်း ရင်ထဲ အသားမှ မသေနိုင်သေး ဘဲရှိဆဲမို့ ... သိလည်းသိသိ ... ဘာသာလဝါ သဘောလောက်ပါပဲ။ ကိုယ့်ဘက်က မရိုင်းပျမိအောင် အထိုက်အလျောက် ခင်ခင်မင်မင် ပြန်ဆက်ဆံမိတာကလွဲလို့ ... ဘယ်လိုသဘောမှ မရှိခဲ့ပါ ...။

အဲဒီအတောအတွင်းမှာပဲ ... သူ့အမေနဲ့အတူ အိမ် သို့ (လမ်းကြုံသဘော) ခဏတစ်ဖြုတ်လေးပါလာခဲ့ဖူးသည့် မပန်းနု က ... ပင်ကီ ပေးပစ်ခဲ့၍ ဗမင်းဆက် လက်ထဲ ပြန်ကျန်နေရစ် သော ... ခွေးရုပ်ထီးကလေးကို ... ဘယ်ကနေ ဘယ်လို လှမ်း တွေ့သလဲတော့ မသိ ...။ ပေါ်တင်ကြီးပင် ...





"ကိုဗမင်းဆက်ရဲ့ထီး ... ဆိုရင် ... ပန်းနုကို လက်ဆောင် ပေးပါလားဟင် ... တစ်ခါမှ မမြင်ဖူးလို့ပါ ...။ လှလွန်းလို့ ကြိုက်လွန်းလို့ပါ ... ကိုဗမင်းဆက်မှာ အပန်းမကြီးဘူးဆိုရင် ပြောတာပါ ..."

အပန်းတော့ မကြီးလှပါ ...။ "ဆုံးပါးသွားခဲ့တဲ့ ချစ်သူရဲ့ ပစ္စည်း"အဖြစ်လည်း ... တန်ဖိုးမဖြတ်နိုင်လောက် အောင် ... Sentimental value တွေ ဘာတွေ သတ်မှတ်ကာ ... ကိုးကွယ်မထားလိုပါ ...။ သို့သော် ... ဗမင်းဆက်မှာ တစ်ခုခု တော့ ဖြစ်သွားခဲ့ရလေသည် ...။

ပင်ကီတုန်းကလည်း ဒီလိုပဲ ...။ သူ့ကို ဗမင်းဆက် က သဲကြီးမဲကြီး ... ဖွဲနုဘဲနဲ့ လိုက်ယူနေရဆဲ ... ဖြစ်တဲ့အချိန်။ ကိုယ့်ဘက်မှာ မျက်နှာသာရှိသလား ...။ အခြေအနေက (+)ve ပေါ့စတစ်ဖ်ဘက်ကို ယိမ်းသလား၊ (–)ve နက်ဂတစ်ဖ်က ပိုအားသာ မှာလား ... ဘာမှ အကဲခတ်လို့မရဘဲ ဖြစ်နေချိန်မှာ ... အဖြေ ပြန်ပေးသေးတာလည်း မဟုတ် ...၊ လက်ခံစဉ်းစားပေးနေပြီ ... ဟုတောင် မဆိုသေးဘဲနှင့် မပြောမဆို ...

"ပင်ကီကိုလေ ... ဟိုဆိုင်ကလေးတစ်ခုမှာ ... ဆိုင်ရဲ့ အလုပ်သမားလိုလို ဘာလိုလိုနဲ့ ... ထီးမိုးပြီး လာကြိုခဲ့ တာကောလေ မှတ်မိလား ...။ အဲဒီတုန်းက ထီးကလေး ... ပင်ကီ့ကို ပေးပါလား ... သိပ်ချစ်စရာ ကောင်းတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



အဲသည်လိုကြီး တောင်းယူကာ ... တစ်မျိုးကလေး ရှက်သွေးဖြာနေခဲ့သည်မှာ ... "ကျွန်တော့်ထီး မဟုတ်ရပါဘူး" ဟုတောင် ပြန်ပြောလိုက်ပုံအ,ထစ် ... အချိန်မမီ ဖြစ်ခဲ့ရတာ ...။ (နောက်တော့လည်း ထီးက တိုက်ဆိုင်ကြုံကြိုက်လွန်းစွာ ပြန်တွေ့ကာ ... မရည်ရွယ်ပါဘဲ ... 'သူခိုး'တစ်ယောက်လည်း ဖြစ်ခဲ့ရ ...။)

ခုလည်း ... "ပန်းနုကို ပေးပါလားဟင်"တဲ့ ...။ အဲဒီလေသံနဲ့ စကားလုံးလေးတွေဟာ ... "ပင်ကို့ကို ပေးပါလား" ဆိုတာလေးကို ချက်ချင်း ပြန်သတိရစေကာ ... ဗမင်းဆက်ရဲ့ ရင်ထဲမှာ တစ်ခုခု ဖြစ်သွားခဲ့ရပါသည် ...။ ဒီနောက်ပိုင်းမှာတော့ ဗမင်းဆက်ဟာ 'ပန်းနု'နှင့် 'ပင်ကီ'ဆိုတဲ့ တိုက်ဆိုင်မှုကိုလည်း (ခုမှပဲ ) သေချာ စ,သတိထားဖြစ် ...။ ဖြူသွယ်လျှလျှ နွဲ့နှောင်း နှောင်းပုံစံလေးတွေနှင့် ဂျပန်မကလေးတွေလို ... (ရုပ်မဆင်ကြပေမဲ့) ပုံစံချင်း အတော်ဆင်ပါလားဆိုတာကိုပါ ဆက်တိုက် သတိထားဖြစ် ...။

တစ်နေ့မှာတော့ ... ဗမင်းဆက်တို့သားအမိနှစ်ယောက် အဲဒီအိမ်ကို ရောက်ဖြစ်ကြတုန်း ... မပန်းနုနဲ့ သူ့အဘွားဖြစ်ဟန်တူသူ အဘွားကြီးတစ်ယောက်တို့ ခြံထဲမှာ မြေးအဘွားချင်း ချစ်ကျီစယ်နောက်ပြောင်နေကြချိန်နှင့် တိုးပါသည်။ မြေးအဘွားနှစ်ယောက်ဟာ ... ပြောက်ကျားကျား ကျရောက်နေတဲ့ နေခြည်စက်ပြောက်တွေအောက်မှာ ... ခွေးရုပ်ထီးကြည်လေး





ဆောင်းလို့ ...။ မပန်းနုဟာ ... "တဟဲ့ဟဲ့"နဲ့ အော်ဟစ်နေတဲ့ သူ့အဘွားအကြီးကို ခါးကလိလေးတွေ လိုက်ထိုးလို့ ...။

"ဟဲ့ ဟဲ့ ... ငါ့နှယ် ... ယားပါတယ်ဆို ...။ မြိုင်မြိုင် ညည်း သမီးကို ကြည့်မပြောတော့ဘူးလား။ ဟဲ့ ... ပန်းနု ငါက ယားတတ်တယ်ဆိုနေမှနော် ... ပန်းနု ... ဘွား စိတ် တိုတော့မယ် ...။ ဟဲ့ ... ပြောမရဘူးလား ... ခွေးမကလေး မိပင်ကီ ...။ ပင်ကီ တော်တော့ ... ရပ်တော့ ..."

အဘွားကြီးရဲ့ ကျုံးအော်လိုက်သံအဆုံး ... မေမေနှင့် ဗမင်းဆက်တို့ ... တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မျက်လုံးချင်းဆိုင်မိရက်သား ဖြစ်သွားကြပါသည် ...။ နောက်ရက်တွေကစလို့ ... မေမေဟာ ... ဗမင်းဆက်ကို သူ့ကိစ္စတွေနောက်သို့ တကောက်ကောက်မခေါ်တော့ ...။ မခေါ်ဆို ... လုံးဝကို မခေါ်တော့ ...။

အဲဒီမှာပဲ ဗမင်းဆက်ဟာ "ကိုဗမင်းဆက်,ပျောက်နေလို့ပါ"ဟု ဖုန်းစဆက်လာခဲ့တဲ့ ... မပန်းနုကို ... သူ့စကားသံလေးတွေ ကြားလိုက်ရတာနှင့်ပဲ ...

"မပန်းနု ... ကျွန်တော့်ချစ်သူတစ်ယောက်အဖြစ် လက်ခံဖို့ ... ဝံ့ရဲနိုင်ပါ့မလားဟင်"

ဟု ... မရည်ရွယ်ပါဘဲနှင့် ... လျှပ်တစ်ပြက် မွှင့် ဟလိုက်မိရက်သား ဖြစ်သွားရတော့တာပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



မရည်ရွယ်ပါဘဲနှင့် ...။ ဒါကတော့ တကယ့်မှန်ကန်တဲ့ သစ္စာစကားပါ ...။ မေမေတို့ စိမ့်တို့ အသည်းအသန် ယုံကြည်တုန်လှုပ်နေကြတဲ့ အကြောင်းအရာကို ဗမင်းဆက်က လက်ခံယုံကြည်လိုက်ပါပြီဆိုတာထက် ... ပင်ကီ မရှိတော့တာ ဘာမှ မကြာလောက်သေးတဲ့ အချိန်ကာလကလေးအတွင်းမှာ ... နောက်တစ်ယောက်ကို ရင်ထဲ ထပ်ထည့်နိုင်လိုက်တဲ့အဖြစ်ကိုလည်း မလိုချင်သေး ...။ "အစားထိုးယူခြင်း" ဆိုတာကြီးကိုလည်း ... ကိုယ်ကိုယ်တိုင်က မနှစ်မြို့လှတာပါ ...။

ဒါပေမဲ့လည်း ... မရည်ရွယ်ပါဘဲ ... နှုတ်ဖျားက လွှတ်ခနဲ ထွက်သွားမိပြီ။ ဒါတောင် ချက်ချင်းပင် ... ပြောပြီးပြီးချင်း ...

"မပန်းနု လက်သင့်ခံစဉ်းစားမပေးလည်း ရပါတယ် ... ကျွန်တော် ပြောတာကို မေ့ပစ်လိုက်ပါ" ... ရယ်လို့ ဘွာခတ်မတတ် ပြန်ပြောခဲ့မိပါသေးရဲ့ ...။ ခင်မင်နှစ်လိုစရာ (ဒီလိုပဲ ပြောရမှာပါ) ကောင်းလှတဲ့ မိန်းကလေးကလည်း ... ဘွာခတ်ကို မခံဘဲ ချက်ချင်းပင် ...

"ပန်းနု ... စဉ်းစားပေးမှာပါ ... ကိုဗမင်းဆက် ... ပန်းနုကို ခဏလောက်ပဲ ... အချိန်ယူခွင့်ပေးပါ ..."တဲ့ ...။

ဗမင်းဆက်က ဒီတစ်ခါမှာတော့ ... မရည်ရွယ်ပါဘဲနှင့် 'လွှတ်'ခနဲ ထွက်သွားမိခဲ့ပြီဖြစ်တဲ့ စကားတစ်ခွန်းအကြောင်းကို ... မေမေနှင့် စိမ့်ထံ ... ကိုယ်ကပဲ သတင်းစပေးလိုက်မိတာ





ပဲ ...။ တစ်အိမ်သားလုံး ပွက်လောရိုက်သွားလိုက်ပြန်တာ ... အရင်တစ်ခါက ဘာမှ မပါဝင်ခဲ့တဲ့ အစ်ကိုကြီးပါ ပါလာခဲ့တဲ့ အထိပါပဲ ... ။ မေမေကလည်း သူခေါ်ခေါ်သွားမိလို့ ... သူ့အပြစ်ပါပဲ ... ဟု ပြောပြောဒိုင် ...။

"ဒါတောင် ... ပုံစံလေးဆင်တယ် ... ဆင်တယ်လို့ သတိထားမိလာတာရယ် ... သူ့အဘွားက 'ပင်ကီ'လို့ ခေါ်ချလိုက်မှ ... 'ဟိုက်'ခနဲ ဖြစ်သွားရတာရယ်နဲ့ မေမေလည်း အချိန်မီဦးမယ်ထင်ပြီး ... အမြန်ပြန်ဘရိတ်အုပ်လိုက်တာပါပဲ ...။ အချိန်က ဘာလို့မမီရတော့တာလဲ ... မသိဘူး ...။ ငါတော့ သေသာသေလိုက်ချင်ပါတယ် ... မိစိမ့်ရယ်"

"နင် မချစ်သေးဘူး မဟုတ်လား ..."

စိမ့်ရဲ့ အမေးကို ဗမင်းဆက်က ခပ်ရဲရဲပင် ခေါင်းခါ ခြနိုင်ခဲ့တာပါ ...။ အဲဒီမှာတင် အစ်ကိုကြီးက "ဒါဆို ထပ်မပတ်သက်နဲ့တော့ ... ပြောမိထားတာကိုလည်း ရှိပစေ၊ ချက်ချင်းရပ်၊ နောက်ဆုတ် ..."တဲ့ ...။ အစ်ကိုကြီးကတော့ ... ယောကျ်ားတစ်ယောက် ပီသသော စကားကိုပဲ ဆိုခဲ့တာပေါ့လေ ...။

"ဟိုကိစ္စက ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ...။ သူတစ်ပါးရဲ့ အသက်ဆိုတာနဲ့ ထည့်စဉ်းစားပေးရမယ်ဆိုရင် မင်းအနေနဲ့ ကလည်း "မဟုတ်သော်ရှိ"ဆိုတဲ့ဘက်ကို ... ဘယ်လိုမှ အတိအကျ သက်သေပြယူလို့မရနိုင်သေးဘူး မဟုတ်လား။ သူများသားသမီး နောက်ထပ်တစ်ယောက်ကို သွားထပ်



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်သင့်သေးဘူး ... ဆိုတဲ့ အချက်လောက်တော့ ခေါင်းထဲ ထည့်ထားစမ်းပါ"

ဗမင်းဆက်က ချက်ချင်းရပ်၊ နောက်ဆုတ် ရှောင်ဖယ်ပစ်လိုက်စဉ်မှာ မပန်းနုကကျတော့ ... မိခင်ဖြစ်သူနှင့် အဘွားဖြစ်သူကိုပင် ... ဖွင့်ပြောအသိပေး ... အရေးဆိုပြီးသွားခဲ့ပြီ ဖြစ်ပါသတဲ့ ...။ ယောက်ျားလေးဘက်က စရှောင်စဉ်မှာ မိန်းကလေးဘက်က တစ်ဇွတ်တိုး ရှေ့ဆက်တိုး၊ ပိုပိုဆိုးပြီး ပတ်သက်လာတော့တာဟာ ... ကာယကံရှင် ယောက်ျားလေးအတွက်ရော ... သားရှင်မိဘတွေအတွက်ပါ အတော်အနေရကျပ် ခံစားရခက်လှတဲ့ ပြဿနာကြီးကြီးတစ်ရပ်ပင် ...။

ထိုမိန်းကလေးကလည်း ... သူ့အပြစ်ကြောင့် ရှောင်ရတာ မဟုတ်တဲ့ပြင် ... မိဘအသိုင်းအဝိုင်းချင်းကလည်း မကောင်းရာ မကောင်းကြောင်းတွေချည်းမို့ ... တမင် (မလုပ်ချင်ပေမဲ့ ... ပြတ်ကာမှပြတ်ရော ... သဘောထားပြီး) တင်းမာ ပြတ်သားပြကာ ... ခပ်မာမာပြောလွှတ်၊ ရှိုင်းလွှတ်လို့က လည်းမရ ...။

ပိုဆိုးတာက ... ဗမင်းဆက်က ရှောင်နေပြီ ...။ ယောက်ျားလေးဘက်ကလည်း ကန့်ကွက်သလိုလို ... သဘောမတူလိုလိုတွေ ရှိပြီဟု သတင်းထွက်ကာမှ မပန်းနုရဲ့ မိခင်ကြီးဟာ ဗမင်းဆက်ရဲ့ မေမေကို အိမ်အထိ ဖုန်းလိုက်ဆက်ကာ ... "တိုင်ပင်စရာရှိလို့ အိမ်ကြွခဲ့ပေးပါဦး ..."ဟု ဖိတ်ခေါ်ရင်း ... တည့်ကြီးကို အတိအလင်း ပြောင်ပြောင်ရှင်းရှင်းပင် ဖွင့်မေးချပစ်တော့တာပင်။





"ခင်ခင့်သားက မြိုင့်သမီးကို ပရိုပို့စ် လုပ်သွားတယ်လို့ လိမ္မာတဲ့ မြိုင်သမီးက မြိုင့်ကို အသိပေးဖွင့်ပြောထားပါတယ် ...။ မြိုင်တို့အနေနဲ့ကတော့ လက်ခံတယ်၊ သဘောတူတယ်ဆိုတာထက် ... လူကြီးချင်းကလည်း မကင်းကြတဲ့ အခါကျတော့ ... လူငယ်တွေချင်း သူတို့သဘောအရ ရှိပါစေလို့ပဲ သဘောထားခဲ့တာ ...။ ဒါပေမဲ့ ခုကြားသလောက် ... သတင်းတွေ ထွက်လာတာက ဒီကိစ္စကို ခင်ခင်တို့ဘက်က ခါးခါးသီးသီး သဘောမတူ၊ ဝိုင်းကန့်ကွက်ကြလို့ ... ခင်ခင့်သားအလိမ္မာကလည်း ပြောပြီးသားစကားကို ပြန်ရုပ်သိမ်းမတတ် ကွေ့ပတ်ရှောင်ပြေးနေတယ် ဆိုလားလို့ပါ ...

လူငယ်တွေ ကိစ္စကတော့ ထားပါ ... မြိုင်တို့ကလည်း ခင်ခင့်သားသိတာ ... ခင်ခင့်သားကျ ဂယနဏ လိုက်သိ နေနိုင်တာမှ မဟုတ်သေးတာ ... သူ့အကျင့်စရိုက် အပြုအမူက ဘယ်လိုရှိမယ်မှ မသိရတော့ ... မကောင်းဘူးဆိုရင်လည်း ကိုယ့်သမီးကိုယ် သတိပေးရုံပဲ ...။ ဒါပေမဲ့ ... မြိုင် သိချင်တာက ... ခင်ခင်တို့ဘက်က လူကြီးတွေအနေနဲ့လည်း တူးတူးခါးခါး တားမြစ် ကန့်ကွက်ကြတယ် ...။ ဆွဲသိမ်းထားလိုက်ကြတယ် ဆိုတာမျိုး သတင်းထွက်လာတဲ့ကိစ္စပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါ မြိုင်က သဘောတူပေးစားချင်လွန်းလို့ ခေါ်ညှိနေတာ မဟုတ်ဘူးနော် ...။ ဒါမျိုးကိစ္စရှိတယ်ဆိုတာ ဟုတ်သလား ... ဆိုတာကိုပဲ အံ့ဩတကြီး သိချင်တာ ...။ ခင်ခင့် နှုတ်ဖျားက အတိအလင်း ပြောတာကို သိချင်တာ။ မြိုင့်သမီးလို မိန်းကလေးမျိုးကိုမှ ခင်ခင်တို့ဘက် သဘောမတူပါဘူးဆိုရင် ... မြိုင်တို့ကလည်း ... ဘာမှ ဝင်ဆွေးနွေးညှိနှိုင်းပေးနေစရာ မရှိနိုင်ဘူးဆိုတာ ... ခင်ခင်လည်း သဘောပေါက်မှာပါ ...”

မေမေဟာ ... နှုတ်လွှန်မိတဲ့ သားအတွက် မျက်နှာကို အောက်ချတောင်းပန်ရင်း ... သူငယ်ချင်းမကို ဖက်,ဖက်ငိုကာ ဒီမိသားစုရဲ့ ... ‘ကျိန်စာ’သဖွယ် ဇာတ်ကြောင်းကို တစ်ခုမကျန် ပဲ ရင်ဖွင့်ပြလိုက်ပါသည် ...။

“အယူသီးတယ်ပဲ ဆိုချင်ဆိုပါကွယ် ... ကိုယ့်ပယောဂမကင်းဘဲ ... အမျိုးကောင်းအဖိုးတန် သမီးမိန်းကလေးတစ်ယောက်ကို ထပ်မဆုံးရှုံးလိုတော့တာတော့ အမှန်ပါပဲ။ မြိုင့်သမီး ဖြစ်နေတယ်ဆိုတော့ ပိုလို့တောင် တားမြစ်ပိတ်ပင်ရမဲ့သဘောမှာ ရှိပါတယ် ...။ ဝဋ်ဆိုတာကြီး ရှိခဲ့လို့ဆိုရင်လည်း ... ဒီဘဝမှာ သား ဇမင်းဆက်မှာပဲဖြစ်ဖြစ် ... နောက်ဆုံးမြေးဖြစ်တဲ့ လှတိုးလေးဆီမှာပဲဖြစ်ဖြစ် ... ဒီဝဋ်ဇာတ်လမ်းကို ဆုံးခန်းတိုင်လိုက်ချင်ပါပြီ ...။ မျိုးဆက်လည်း ထပ်မပါစေချင်တော့ဘူး ... ကိုယ့်ကို နားလည်မေးပါ ... မြိုင်ရယ် ...။ အဲဒါကြောင့်ပါကွယ် ...”,





မပန်းနုရဲ့ မေမေမှာ တစ်မျိုးကြီးတော့ ဖြစ်သွားပါသည်။ သူ မျှော်လင့်ထားသလို အပြင်းအထန်၊ မကျေမနပ်တွေ ကြုံကြရမည့်ပွဲမျိုး ဖြစ်မလာဘဲ ... ဇာတ်လမ်းက တစ်မျိုးကြီး ‘ကွေ့’သွားတာမို့ ... ဘာဆက်ပြောရမည်မှန်းမသိ ဖြစ်သွားပုံပဲသည်။ အဲဒီနေ့ကတော့ ဇမင်းဆက်တို့ မပန်းနုတို့နဲ့ ပတ်သက်၍ ဘာမှ ဆက်မပြောတော့ဘဲ ... ခါတိုင်းတွေ့ဆုံနေကျ ပုံစံလိုပဲ အခင်မင်မပျက် ကျွေးမွေး နှုတ်ဆက်လွှတ်လိုက်လေတော့ ... ဇမင်းဆက်ရဲ့ မေမေခမျာလည်း ခုမှ သက်မကြီးချနိုင်ကာ “တစ်ရန်အေးပြီ ... ခုမှပဲ ... မျက်နှာပူနေရတာလည်း သက်သာ၊ တာဝန်လည်းကျေပါပြီ” ပေါ့ ...။

မဟုတ်ပါ ...။ နှစ်ရက်လောက်ပဲ အသံတိတ် အရိပ်ပါ မပြတော့ကာ ပျောက်သလို ငြိမ်နေကြပြီးလျှင် ... မပန်းနုရဲ့ မေမေဟာ ... ဇမင်းဆက်ရဲ့ မေမေထံ ဖုန်းလှမ်းဆက် ဆက်သွယ်လာပြန်ကာ ... “မြိုင်တို့ မိသားစုက ခင်ခင်တို့မိသားစုကို ထမင်းစားဖိတ်ပါတယ်”ဟု လုပ်ချပစ်လိုက်လေတော့သည်။

အဓိက,ကတော့ ... သမီးကိုချစ်သည့်ဖေဖေပေါ့ ...။ ကိုယ့်သမီးဘက်က အပါကြီးပါနေပြီဆိုတာ ... အဲဖေရော၊ အမေရော၊ အချစ်တော်ဖြစ်သူ အဘွားကပါ ... သေချာကြီး သိနေသည့် အခါ ... ထိုလူကြီးသုံးယောက်စလုံးဟာ ... အံ့ဩထိတ်လန့် လေးစားစရာ ကောင်းလောက်အောင်ပဲ “အယူ၊ အတိတ်နိမိတ်၊ ဗေဒင်၊ နက္ခတ်၊ အစွဲအလမ်း”စသည်တို့ကို တစ်ခုမှ လက်သင့်ခံ မယုံကြည်ကြသူများပါ ... တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဗမင်းဆက်ဟာ လွှတ်ခနဲပဲ ထွက်ထွက်၊ ရည်ရွယ်ချက်ပါပါ မပါပါ ...၊ ကိုယ့်ဆန္ဒက ဘယ်လိုရှိရှိ ...၊ ကိုယ်ပြောမိခဲ့တဲ့စကားတစ်ခွန်းအပေါ်တော့ ကိုယ် တာဝန်အပြည့်ယူနိုင်ရပေမည် ...။ "ဒီလို အယူရှိလို့ တားတာပါ"ဆိုတဲ့ မေမေတို့ခမျာလည်း "အယူမရှိပါ လက်ခံသဘောတူပါသည် ..."ဆိုသည့်နောက်တော့ ဘာများဆက်လုပ်လို့ ... တားမြစ်လို့၊ ပိတ်ပင်လို့ရနိုင်ပါဦးမည်နည်း ...။ မေမေနှင့် စိမ့်တို့ ရန်ကုန်နှင့် မန္တလေးကူးချည်သန်းချည် အလုပ်ရှုပ် မောပန်း၊ ဗျာများရပြန်တာပေါ့လေ ...။

တစ်ဖက်မှာ ကံမကောင်းပေမဲ့၊ တစ်ဖက်မှာတော့ တော်တော်ကံကောင်းလှပုံရတဲ့ ဗမင်းဆက်အဖို့ ... တွေ့တွေ့သမျှမိန်းကလေးတိုင်းဟာ ကိုယ့်အပေါ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးကြကာ ... နားလည်မှုပြည့်ဝသော၊ ပျော်ရွှင်စေလိုသော စေတနာနှင့် ... ဖြူဖြူစင်စင် မိန်းကလေးချည်း ဖြစ်နေကြလေသည်။ မပန်းနုဆိုရင် ... တစ်ခုတောင် ပိုသာအုံးသေးတာက ... အရင်တစ်ယောက်ကြောင့် အသည်းကွဲခံစားနေခဲ့ရသည်ဟု စိတ်လုပ်ရမည့်အစား ...၊ အဲဒီအဖြစ်ကြောင့်ကိုပဲ ပိုလို့ဖေးမကြင်နာ ... သနားနေသေးတော့သည်ပင် ...။

သဘောကျစရာကောင်းသော၊ ခင်မင်နှစ်လိုဖွယ်ဖြစ်သော ဤမိန်းကလေးနှင့် သံယောဇဉ်တွေ စဖြစ်စပြုကာ ... "ဘဝဆိုတာ ပျော်စရာအလှည့်တွေနဲ့ ဝေးနေရင်တောင် ... နှစ်





ဆက်စရာ အလှည့်အပြောင်းတွေနဲ့ သာယာအောင် နေတတ်လို့ ...ည်း ရနိုင်ပါသေးလား ..."လို့ ပြန်ထင်စပြုလာမိချိန် ...။ မပန်းနု ...င် အများအသိအမှတ်ပြု ချစ်သူနှစ်ဦး ဖြစ်ခဲ့ကြတာ ခြောက်လခန့် ...အမြင့်သောအချိန်မှာပဲ ... ကံကြမ္မာက ဗမင်းဆက်ကို ... ရက်ရက် ...တ်စက် အစွမ်းပြ၊ အကြောင်းသိစေလိုက်ပြန်လေတော့သည် ...။

❤ ❖ ❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ပြုံးနေလွန်းသော ကောင်မလေးဟာ ... သူ့မုန့်တွေ ပစ္စည်းတွေ အရောင်းသွက်အောင် မဲဆွယ်စည်းရုံးရင်း၊ သူ့စီးပွားရေး သူလုပ်နေတာနှင့်မတူ ...။ နဂိုတည်းက လူခင်လူသိချင်းမို့ ဖက်လှဲတကင်း နှုတ်ဆက်၊ ပြုံးပျော်နေပုံမျိုးနှင့်သာ တူနေလေတော့ သည် ...။ ဒါပေမဲ့လည်း ဒီကောင်မလေးကို ဗမင်းဆက်ရဲ့ တစ် သက်တာမှာ သိမှမသိဖူး၊ မြင်တောင်မှ မမြင်ဖူးခဲ့ဘူးတာပဲ ...။

ဗမင်းဆက်က အလိုက်သင့် ပြန်ပြုံးပြရင်း ... မုန့်ထုပ်နေတဲ့ ကောင်မလေးရဲ့ လက်တွေဆီပဲ အကြည့်ပို့လွှတ် လိုက်မိတော့သည် ...။ ဟာ ... တော်ပြီလေ ...။ တော်လောက် ပြီလေ ...။ များနေပြီပဲ ...။ အင်း ... မဟုတ်သေးဘူး ... များ လွန်းနေပြီပဲ ...။ တစ်ချိန်လုံး ပြုံးပြနေကာ ... မျက်လုံးက ဝယ်သူထံ ပို့လွှတ်ထားပြီး ... အလုပ်လုပ်နေသည့် (သစ်သီးခြောက် တွေ ခပ်ထည့်ပေးနေသည့်) သူ့လက်တွေဆီတော့ သူ ပြန်မရောက်။





ချက်လုံးတင်မကာ,ပါ ...။ သူ့စိတ်တွေကလည်း သူ ရောင်းနေ တဲ့ပစ္စည်းထဲမှာ ရှိမနေတာ ... အသိသာကြီးတောင် ဖြစ်လာပြီ ...။

"အဲ ... အဲ ... တော်ပြီလေ ... တော်လောက်ပြီ ... ရပြီ"

ဗမင်းဆက်က သတိပေးလိုက်တော့မှပင် ... သူ အည့်နေသည့် စက္ကူထုပ်ကို ပြန်ငုံ့ကြည့်ကြည့်လိုက်ပြီး ... ခပ်လွင် လွင် ... ချိုရွှင်စွာ တစ်ချက်ရယ်မောလိုက်ရင်း ...

"တော်ပြီလား ..."

"ဟုတ်ကဲ့ ... အများကြီးပဲ ဖြစ်နေပါပြီ"

"ဟင်း ဟင်း ဟင်း ဟင်း ... ဟုတ်တယ်နော် ... များသွား တယ်"

"ပြန်လျှော့ချင် လျှော့ပါ ... ကိစ္စမရှိဘူး"

"ရပါတယ် ... စားလိုက်ပေါ့"

"များနေလို့ ..."

"သူငယ်ချင်းတွေနဲ့ ပေါင်းစားလိုက်ပါ ... ကုန်ပါတယ်၊ ဒီလောက်တော့ ..."

"ကူပွန်ကတ် ... ထပ်ပေးရမလား ခင်ဗျ ..."

"မလိုပါဘူးရှင် ... ဒါ ကူပွန်တစ်ကတ်စာပါပဲ ..."

သူတို့အတွက် သစ်သီးခြောက်ယိုစုံထုပ်လေးတွေ ထိုယ်စီရပြီး ဖြစ်နေကြသော်လည်း ... ဆိုင်ခုံနေရာလေးမှ ခွာမသွား ကြသေးဘဲ ... ဘေးနားလေးတင်ရပ်ပြီး စက္ကူထုပ်လေးတွေ ထိုင်စားနေကြသည့် ... ဆယ်ကျော်သက်မလေးများ အုပ်စုထံမှ



www.burmeseclassic.com

www.burmeseclassic.com



"အမ်း ..."ဟု မကျေမနပ်ကြီး ဝိုင်းအော်လိုက်ကြသံတွေ ညံတက်သွားပါသည်။ သူတို့ လက်ထဲက စက္ကူထုပ်တွေကိုလည်း ရောင်းနေသည့် မိန်းကလေးရဲ့ မျက်နှာနားသို့ ကပ်ပြထား သည် ...။

"ကူပွန်တစ်ကတ်စာနဲ့ ... တစ်ကတ်စာက မညီမျှပါလား ... ဒီမှာတွေကျတော့ နည်းနေတယ် ... မတရားမှုတွေတော့ ရှိနေပြီထင်တယ် ..."

သစ်သီးခြောက်သည် မိန်းကလေးရဲ့ ရယ်ရွှင်သံက ပိုပြီး စိုပြည်လွင်ချိုလာကာ ... ကလေးမလေးတွေရဲ့ လက်ထဲကိုယ် က မုန့်ထုပ်တွေကို ပြန်ဆွဲယူပြီး ... သူ့လက်ထဲက သစ်သီး ခြောက်ကော်သည့် ဂေါ်ပြားလေးနှင့် အပြည့်အပြည့် ထပ်လိုက် ဖြည့်ပေးနေပါတော့သည် ...။ ဆယ်ကျော်သက် ကလေးမလေး တွေရဲ့ ဝမ်းသာအားရ "တဝေးဝေး"အော်သံတွေက ကျယ်ကျယ် လောင်လောင်။ ဟိုဟိုဒီဒီပင် လက်ခုပ်လက်ဝါးတီးခေါ်၊ အော်ဟစ် ခေါ်ကြကာ ..."လာကြဟေ့ ... ဒီဆိုင်က သိပ်တန်တယ်"တဲ့ ...

ဗမင်းဆက်မှာ ... ကိုယ့်မုန့်ထုပ်လည်း ရပြီးဖြစ်ပေ ရက် ... ထိုဆိုင်ခုံကလေးအပါးကနေ ထွက်မသွားသာသေးသလိုပင် ပဲ ရှိနေရပါတော့သည်။ ကိုယ့်ကို ပြုံးပြနေမိရင်းက မပြီးနိုင်အောင် (ယောင်ပြီး)ထည့်,ထည့်မိနေတာနဲ့ပဲ 'တရားမျှတအောင်'ဆိုပြီး တခြားဝယ်ပြီးသားသူတွေကိုပါ ထပ်လိုက်ထည့်ပေးနေရပြီ ... ရှုံးတော့မှာပါပဲ ...။ အဲ ... ရှုံးတာထက် အိပ်စိုက်ပေါ့ ...။





ဤဈေးပွဲတော်ကြီးမှာ ... မိဘမဲ့ကလေးများရန်ပုံငွေ အတွက် ဈေးရောင်းပွဲတော် ဈေးခင်းဖြစ်ပါသည်။ ဆိုင်လာဖွင့် လှူစ်ရောင်းချပေးကြမဲ့ (အလှူရှင်)များဟာ ... အရင်းက ဘယ် လောက် အမြတ်ကဖြင့်ဘယ်လောက် သတ်မှတ်ပြီး ... တချို့ အတော့ အမြတ်ငွေကိုပဲ လှူဖို့ စာရင်းသွင်းပေးထားကာ ... တချို့ကျတော့ အရင်းရော အမြတ်ပါ ... ဘယ်လောက် ဘယ် လောက် ရအောင် လှူပါမယ် ... ဆိုပြီး စာရင်းပေးထားကြသူ များဖြစ်သည် ...။

ဒီကောင်မလေးရဲ့ မုန့်ဆိုင်ခုံကတော့ ... တရုတ် ပြည်ထွက် ... ဆီးသီးခြောက်၊ လိမ္မော်သီးခြောက်၊ မက်မန်း၊ ကော်မုံ၊ မန်ခေါက်သီးခြောက်များ၊ သရက်သားခြောက် ... စတဲ့ အိုလိတ္တာလို ချိုချဉ်ခြောက်ကလေးများကို ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်မျိုး ဖြစ်ပါသည်။

အဲဒီလို အသီးခြောက်ကလေးများဆိုရင် မေမေ ကြိုက်တတ်မှန်း စားနေတတ်မှန်း သိပေမဲ့ ဘာသီးခြောက်တွေ ကိုမှ ကြိုက်တာလဲ ... ဆိုတာကိုတော့ တိတိကျကျ မမှတ်မိ တာမို့ ... ကူပွန်တစ်ကတ်တည်းနှင့် ... "တစ်မျိုးကို နည်းနည်း နည်းနည်းစီလောက် ထည့်ပေးလို့ရမလား"ဆိုတာကို ခေါင်းညိတ် ပြုံးပြပြီးသည့်နောက်ဝယ် ... ထည့်ပေးနေလိုက်တော့တာမှ မရပ် နားပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ထွက်သွားရင်လည်း ရပါရက် ထွက်မသွားမိသေးဘဲ တာဝန်ပဲရှိသလိုလို ရပ်စောင့်နေမိသော ဗမင်းဆက်က ဆယ်ကျော်သက်ကလေးမလေးများအုပ်စု အကုန်ရှိသွားပြီဆိုမှပင် ထိုဆိုင်နား ပြန်ကပ်ကာ ...

"ထပ်ယူဦးမလို့လားဟင် ..."

"ဟာ ... မဟုတ်ပါဘူး ... ဟိုဟာပါ ... ဒီထဲကနေ ပြန်လျှော့ချင် လျှော့လိုက်ပါလား ..."

"ဟင်း ဟင်း ... အရမ်းရယ်ရတာပဲ ... ဘာလို့ လျှော့ရမှာလဲ ... မကုန်လောက်ဘူးထင်လို့လား ... ကုန်ပါတယ် ဒါလေးတွေက အဲလိုပဲ နှိုက်ရင်းဝါးရင်း မသိလိုက်ဘဲ အလိုလို ကုန်သွားရော ..."

"မဟုတ်ပါဘူး ... ကျွန်တော့်ဖို့ ဝယ်တာလည်း မဟုတ်ပါဘူး ... အမေ့အတွက်ပါ ..."

"အို ... လူကြီးအတွက်မှန်းသိရင် ဒီထက်တောင် ပိုထည့်ပေးသေးတာပေါ့ ... ကုသိုလ်ယူရမဲ့ ကိစ္စမျိုးဟာကို — ပေး ... ပြန်ပေး ... အိတ် ... ကျွန်မ ထပ်ဖြည့်ပေးချင်တယ် ..."

"ဟာ ... မဟုတ်တာ ..."

ကိုယ့်မှာက အလကားနေရင်း သူများတကာထက် အခွင့်အရေးကြီးတွေ ပိုသာနေရသလို ရှိနေတာကို မအီမလည်ကြီးလိုလို၊ တာဝန်ပဲ ရှိသလိုလိုမို့ ... ပြန်လျှော့ခိုင်းမိကာမှ —





လူကြီးအတွက်ဆိုရင် ထပ်တောင် ထည့်ပေးရဦးမှာပေါ့တဲ့ — ခက်နေပါပြီ ...။

အလန့်တကြား ခုန်ပေါက်ရှောင်ရှားသလို ပုံစံနှင့် သစ်သီးခြောက်ထည့်သည့် စက္ကူအိတ်လေးကို လက်နောက်ပစ်ပြီး ... ကျောဘက်ပို့ ဖွက်ထားသည့် ဗမင်းဆက်ရဲ့ ပုံစံကို ကြည့်ကာ ... ဩဘာမှာ ... လက်ဖျား ခြေဖျားကလေးတွေပင် အေးစက်လာရပါသည်။ ကြည့်ပါဦးကွယ် ...။ ဝယ်ပြီးပစ္စည်းကို ဆိုင်ရှင်က သဒ္ဓါကြည်ဖြူသလောက် ထည့်ပေးပြီးတာတောင်မှ အများနဲ့ မတူဘဲ များနေလို့ ... "ပြန်လျှော့လိုက်ပါလား"တဲ့ ...။ တကယ့်ကို ကြည်လင်ရိုးသားလှတဲ့ မျက်နှာထားမျိုးနဲ့ ...။

ဒီလိုဆို ... သူဟာ အားနာတတ်သူပေါ့ ...။ လူတစ်ဖက်သားတစ်ယောက်က သူ့အပေါ် အရမ်းလာကောင်းနေခဲ့ရင် ... နေမထိထိုင်မသာတွေဖြစ်ကာ ... အဲဒီ အားနာစိတ်မျိုးနဲ့ပဲ သူ့ဘက်ကလည်း ... တစ်ခုခု ပြန်လုပ်ပေးလိုက်ဖို့ကို လိုလားသူပေါ့ ...။ ဟုတ်ပြီ ...။ ဒီလိုလေး သိလိုက်ရတာ တန်ဖိုးရှိလိုက်တာ —။

အဲဒီလို ဖြူစင်ကြည်လင်လှတဲ့ စိတ်ထားမျိုးတွေ ရှိနေလို့ ... သူ့မျက်နှာကလေးက အသက်နဲ့မှမလိုက် ... ဒီလောက် နုဖတ်အရွယ်တင်နေတာ ...။ မပန်းနုရဲ့ ကိစ္စတုန်းက ညှိုးလျော်ကျ၊ ပိန်ချုံးဟောက်ပက်စွာ ရင့်ထော်အိုစနာသွားခဲ့သည့် ဗမင်းဆက်သည် ... အဲဒီလို ကြည်လင်ရိုးသားလှတဲ့ စိတ်အစွမ်းတို့ကြောင့်ပင်ထင့် ...။ လပိုင်းအတွင်းမှာပင် အချိန်တိုတိုအတွင်း ရုပ်က



www.burmeseclassic.com

www.burmeseclassic.com



နဂိုနေသို့ ပြန်ရောက်သွားနိုင်ခဲ့ပြီ။ သူ့စိတ်သူလည်း အတော်ကြီး 'ထား'တတ်အောင် ကြိုးစားလိုက်ရမှာပေါ့လေ ...။

သူ့ကို စမြင်စက ... "အဲဒီတစ်ယောက်ကလေး ..."၊ "ကောင်ကလေး"စသည်ဖြင့် သတ်မှတ်ခဲ့ဖူးသော သြဘာဟာ ... ဗမင်းဆက်ရဲ့ အသက်အရွယ်မှန်ကို သိလိုက်ရစဉ်က ... အသံထွက်မိအောင်ပင် အော်ဟာစ်ရယ်မောလိုက်ဖူးပါရဲ့ ...။ ကြည့်လို့ကောင်းလှသော ချစ်စဖွယ် "ထိုကောင်လေး"ဟာ သြဘာ စမြင်ဖူးခဲ့တဲ့ အချိန်ကပင် ... သူ့အသက်က (၂၇)နှစ်တောင် ရှိနေပြီတဲ့ ...။ အခုဆို (၂၉) ...။ သြဘာထက်ဆို ငါးနှစ်လောက်မျှပင် ကြီးနေပါရက် ... (သူ့ခမျာ ထိထိခိုက်ခိုက် စိတ်ခံစားချက်ပေါင်းစုံလည်း အကြိမ်ကြိမ် ပိခဲ့ဖူးပါရက် ...) ကြည်လင်နုနယ်လှသော သူ့ရုပ်ရည်ကလေးကတော့ ... အရွယ်တင်နိုင်လွန်းလှသည်။

သူ ခပ်ကြောင်ကြောင်နှင့် လက်ကမ်းပေးလိုက်မိသော သစ်သီးခြောက်မှုန့်ထုပ် စက္ကူအိတ်ကို ဆိုင်ရှင် ကောင်မလေးက ပြန်လျှော့ဖို့နေနေ ... ထပ်တောင် ဖြည့်ထည့်ဦးမည်ဆိုလျှင် ဗမင်းဆက်မှာ ဘာဆက်လုပ်ရမှန်းမသိတော့ဘဲ ... အလန့်တကြားနှင့်ပင် အိတ်ကို နောက်ပြန်ကိုင်၊ အူကြောင်ကြောင်နှင့် ခဏဆက်ရပ်နေမိပြီးမှ ... လှည့်ထွက်လာခဲ့မိပါတော့သည် ...။

ဗမင်းဆက် ထွက်သွားသည်နှင့် သြဘာက ... နံဘေးမှ ဝမ်းကွဲ ညီအစ်မများကို ... "သြဘာ ဈေးခင်းထဲ တစ်ပတ်ပတ်လိုက်ဦးမယ်"ဟု ပြောလိုက်သည်။ မမေ့ညီမ အပျို





ကြီး အန်တီမီးရဲ့ ဦးဆောင်မှုနဲ့ ဆိုင်ထွက်နေကြတာဖြစ်သော အမေ့ဘက်က ဝမ်းကွဲအပျိုချောတစ်သိုက်ဟာ ... ခုနကတည်းက ဖြစ်ရပ်တွေနဲ့ လုပ်ရပ်တွေကို မြင်တွေ့၊ သဘောကျ စိတ်ဝင်စားတက်ကြွနေကြပြီး ဖြစ်လေရာ ... ထိုတစ်ယောက်ကို နောက်က လိုက်တော့မည်မှန်း ... ဒက်ထိ သေချာနေသလောက်ဖြစ်တဲ့ သြဘာကို "ဘာလဲဟေ့"ဆိုတဲ့ အကြည့်တွေနှင့် အားလုံး ပြုံးစိစိပါ ...။

ဖေဖေ့ အမျိုးတွေဘက်မှာ ဆိုရင်တော့ ... မပန်းနုရဲ့ ကိစ္စနဲ့ ... တစ်မျိုးလုံး မသိသူ မရှိ ... နာမည်ကျော်ပင် ဖြစ်နေသော ဗမင်းဆက်ကို မေမေ့ဘက်က အမျိုးတွေကတော့ တစ်ယောက်မှ မသိဖူး၊ သတင်းမကြားဖူး၊ ဖြစ်နေကြတာ သြဘာအတွက် ကံကောင်းကွက် တစ်ချက်ပင် ...။

"တစ်ခုခုတော့ တစ်ခုခုပဲဟေ့ ... အိတို့လည်း လိုက်ခဲ့မှာပဲ ..."

"အဖော်မလိုဘူး"

အန်တီမီးရဲ့ မျက်နှာသာပေးမှုအောက်မှာ ထင်ရာလေးတွေ လုပ်ပိုင်ခွင့်ရထားသလိုရှိနေတဲ့ ...၊ နိုင်ငံရပ်ခြားမှာပဲ တစ်သက်လုံး နေလာခဲ့ရတော့ သူတို့နဲ့ အတွေးခေါ် အပြုအမူတွေလည်း နည်းနည်းတော့ ကွဲကွဲလေးဖြစ်နေတဲ့ သြဘာဟာ ... သိပ်ကြီးမရင်းနှီးကြဲလှတဲ့ ဝမ်းကွဲများအလယ်မှာတော့ ... အားကျဖွယ် "ဟီးရိုး"တစ်ယောက်လိုလို ... ဘာလိုလိုပင် ...။ သြဘာရဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် 'အုန်း'ခနဲ ပွဲကျသွားကြသော ညီအစ်မများထဲမှ တစ်ယောက်ကတော့ ... တွေးတွေးဆဆနှင့် ...

"အန်တီမီးကဖြင့် ပြန်လာတော့မှာ မသြဘာ ..."

"လာပစေပေါ့ ... သြဘာ ဟိုဘက်ခဏသွားတယ်ပြော လိုက်ပေါ့ ..."

"ကောင်ကလေးတစ်ယောက်နောက်ကို တစ်ယောက်တည်း လိုက်သွားတာလို့ကော ... ဟီ ဟီ ... အဲလိုပါ ထည့်ပြော လို့ရမလား ..."

"ရပါတယ် ... ဒါပေမဲ့ 'ကောင်ကလေး'လို့တော့ မပြော ပါနဲ့ ... သူ့အသက်က (၂၉)နှစ်တောင်ရှိပြီ ... အစ်ကိုကြီး တစ်ယောက် နောက်လို့ပဲ ... ပြောပေါ့ ..."

သြဘာက ပြောပြီးသည်နှင့် ပြေးထွက်လာတော့ ဝမ်းကွဲများ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ကြလေသည်။ ဒီဈေးခင်းထဲမှာ (အနည်းငယ် ကျန်းမာရေး ကောင်းနေသည့်) အန်တီမီးက တူမအပျိုချောတွေ ပျော်အောင်ဆိုပြီး ဆိုင်ခန်းတစ်ခန်း တာဝန်ယူလိုက်စဉ်က ...၊ အစည်းအဝေးသဘောမျိုး သွား၊သွား တက်ရစဉ်ကပင် ... ဗမင်းဆက်ရဲ့ မေမေ ... အန်တီကြီးလည်း အစည်းအဝေး လာတက်တာကို သြဘာက တွေ့ခဲ့ပြီးသား ဖြစ်ပါသည်။

နေရာချထားခံရသည့် ဆိုင်ခုံချင်းက အလှမ်းဝေး လှတာမို့ များပြားထူထပ်နေမည့် လူအုပ်ပရိသတ်ကြီးနှင့်ဆို





ဘယ်လိုမှ လှမ်းကြည့်အကဲခတ်နေလို့ မမြင်သာနိုင် ...။ တမင် သွား၊သွား အကဲခတ်နေမှ ရနိုင်မှာဆိုတာလည်း သြဘာက တွက်ဆစီစဉ်ပြီးသား။ သူပါ ရောက်လာမယ်လို့တော့ (မျှော်လင့် သော်မှ) သိပ်မထင်ခဲ့တာ ဝန်ခံပါသည်။ ဒီလို အပျော်သက်သက် ပွဲမျိုးတွေကို ပြန်တိုးဦးမယ်လို့မှ မထင်ထားပဲကိုး ...။ ခုတော့ဖြင့် မထင်မှတ်ဘဲ ရောက်လာခဲ့တဲ့ 'သူ'ဟာ ... ရောက်မဲ့ရောက်တော့ သြဘာရဲ့ ဆိုင်ရှေ့ကိုမှ တည့်တည့်ဆိုက်ဆိုက်မြိုက်မြိုက် ...။

လိုရာဆွဲတွေးတယ်ပဲပြောပြော ...။ ကဲ ... ကြည့် ပါလား ... ဘယ်လောက် 'ကံ'ပါထားလိုက်သလဲလို့ ...။

ဈေးခင်းကို တစ်ပတ်ပတ်ကြည့်ပြီးပြီမို့ ... ကိုယ့် ဆိုင်ရှိရာဆီသို့ပဲ ကိုယ်ပြန်လာနေသည့် ဗမင်းဆက်မှာ ... ဘာရယ် မဟုတ် (စိတ်ထဲက သိလိုက်လို့ကိုလည်းမဟုတ်) နောက်ဘက်သို့ တစ်ချက်ငဲ့ကြည့်လိုက်မိစဉ် ... နောက်ဘက် မလှမ်းမကမ်းကနေ လိုက်ပါလာသည့် ကောင်မလေးတစ်ယောက်ကို အမြင်မှာ မျက် ခုံးနှစ်ဖက်ပင် မြင့်တက်မိသွားရပါသည် ...။

"လိုက်ပါလာတဲ့"လို့ သေချာပေါက် ပြောရတာ ကတော့ ဒီလိုလေ ...။ ဒီလောက်များပြားနေတဲ့ လူအုပ်ကြားမှာ ဘယ်လိုလုပ်သိသလဲလို့ဆိုရင် ... သိသာလွန်းလို့ကို သိတယ်လို့ ပဲ ပြောရတော့မှာပင် ...။ ကောင်မလေးဟာ ဗမင်းဆက်ကိုပဲ ဘစိုက်မတ်မတ်ကြီး ပြုံးကြည့်နေခဲ့ကာ (ပြုံးတာမှ ကိုယ် လှည့် ကြည့်မိခင်ကတည်းက သူ့ဘာသာ သဘောတကျ ကြီးထား



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး၊ ခုနကလည်း သူ့ဆိုင်မှာ တစ်ခါဖြစ်သလို ဆေးဘီဘာကိုမှ ဂရုမထား ... သတိလက်လွှတ် တစူးတစိုက်ကြီးကို ပြုံးနေပုံမျိုး) ဗမင်းဆက်ကလည်း ဖျတ်ခနဲ လှည့်ကြည့်လိုက်မိရော သူ့အပြုံးတို့က ပိုလို့ပင် တောက်ပသွားရကာ လှမ်းနှုတ်ဆက်တဲ့ သဘော ... ကိုယ်လေးညွတ်ကာ ... ခေါင်းများပင် တစ်ချက် ညိတ်ပြလိုက်သေး ...။

ခက်တော့နေပြီ ...။ ဒီအသက် ဒီအရွယ်မှာ ချစ်သူနှစ်ယောက်လည်း ရှိခဲ့ဖူးပြီဖြစ်တဲ့ ဗမင်းဆက်ဟာ ... အဲဒီလိုကောင်မလေးမျိုးတွေရဲ့ အတွင်းသဘောရည်ရွယ်ချက်ကို အံတော်လေးတော့ ကြုံဖူးနေကျလို့နေပြီပေါ့ ...။ ခုခေတ်မိန်းကလေးတချို့ဟာ ဒီလိုပါပဲ ...။ အထူးသဖြင့်ကတော့ ဗမင်းဆက်ကိုသူတို့နှင့်ရွယ်တူ၊ ရေလိုက်ငါးလိုက် ရောရောအီအီပဲ ရှိဦးမည့်အရွယ် ... ဟု ထင်မှတ်နေကြတာမျိုး ...။ ဘာရယ်မဟုတ်ကလေးတွေပါ ...။ အသည်းအသန် ဆက်ဖြစ်နေကြတာတွေလည်း ရှိပေမဲ့များသောအားဖြင့်ကတော့ ... (ယောကျ်ားလေးဘက်က အရမ်းကိုတည်ငြိမ်နေတဲ့အခါ) ဒီလိုပဲ ပြီးသွားကြတာပါပဲ ...။ မပြီးနိုင်သည့်အသည်းအသန်တွေသည်လည်း "မစိမ့်"နှင့်တိုးကာ စာရင်းပြတ်သွားကြတာပါပဲ ...။

ဗမင်းဆက်ကား ခုမှမဟုတ် အသက်နှစ်ဆယ်ကျော်စလောက်ကတည်းက မစိမ့် လက်ချက်နဲ့ပဲ ... အီအီရောရောတွေရှိဖို့ဝေး၊ တရင်းတနှီး ခင်ခင်မင်မင် မိန်းကလေးဆိုတာမျိုး ဆောင်မှ သိပ်မရှိခဲ့လှသူပင် ...။ ခုနောက်ပိုင်းမှာတော့ ကိုယ်လည်းအသက်ပဲ သုံးဆယ်နားကပ်နေပြီ ...။ လူတိုင်း မကြုံနိုင်တဲ့ စိတ်ဒဏ်ရာမျိုးတွေလည်း နှစ်ကြိမ်နှစ်ခါ ကြုံခဲ့ပြီးပြီ ...။ အဲဒီလိုမျိုးနှုးမနပ် ဓာတ်လမ်းကလေးတွေကို "မစိမ့်"က လိုက်ကာကွယ်ရတုန်း ... ဆိုတာကြီးတော့ မဖြစ်ချင်တော့ပါပြီ ...။

မစိမ့်ကတော့ ဘယ်အရွယ်ရောက်ရောက် ... သူ့သံကွန်ချာတံတိုင်းနဲ့ လိုက်အုပ်ချင်နေတာကို လျှော့နိုင်မည်မထင်တဲ့ပြင် ... ခုဆို ပိုတောင်ဆိုးဦးမည်။ ဗမင်းဆက်မှာ ... ကိုယ့်ကြောင့် ကိုယ့်အစ်မခမျာ ..."စိတ်ပုပ်မကြီး၊ မောင်တိုမကြီး၊ သူဆိုးမ ဖြစ်သွားတိုင်း ...၊ အဲဒါကြောင့် စိတ်ပုပ်လို့ ကံဆိုးတာ" သဖြင့် ... နှုတ်ဆိုးသော မိန်းကလေးငယ်တချို့ရဲ့ ပြောဆိုခံဖြစ်ဖြစ်နေရတာမျိုးကိုလည်း မကြိုက်နိုင်တော့ပါပေ ...။

ခု မိန်းကလေးကတော့ဖြင့် ဗမင်းဆက်နှင့် နံဘေးအပ်ပင်ယှဉ်လျှောက်တော့မတတ် အနေထားနှင့် ဆိုင်ခန်းထဲအထိင် လိုက်ပါလာခဲ့ပါပြီ။

ဗမင်းဆက်တို့ကတော့ ... မေမေရော မစိမ့်ပါဦးစီးကာ ... လှတိုးကလေးရဲ့ သူငယ်ချင်း တစ်သိုက်နှင့်အတူ "ကြာဆံချက်" ရောင်းချနေသည့်ဆိုင် ဖြစ်ပါသည် ...။ လှတိုးလေးကား ... မန္တလေးက ပုဏ္ဏားဆရာကြီးရဲ့ နောက်ဆုံးအဟောဆက်ထားသည့် အမြင့်အရ (အမည်နာမကလည်း ပြောင်းထားလိုက်ပြီးပြီမို့) "ဝင့်ကင်းသူ ဖြစ်နိုင်သည်"ဆိုသည့်အတွက် ...







www.burmeseclassic.com

www.burmeseclassic.com



အန်တီစိမ့်ရဲ့ ခွင့်ပြုချက်နဲ့ ... မိန်းကလေးသူငယ်ချင်းတွေမှ ဝိုင်းဝိုင်းလည်ပင် ...။ "မောင်တိုမကြီး"ဖြစ်သော မစိမ့်သည် ... "တူတိုကြီး" အန်တီစိမ့် အဖြစ်အထိ ပရိမိုးရှင်း လိုက်တက်စရာမလိုတော့ဘဲ ... ခုဆိုရင် သူ့နံဘေးဝယ် ... ဆယ့်ခြောက်၊ ဆယ့်ခုနစ် ကလေးမလေးတွေ ပတ်ချာဝိုင်းကာ ပျော်ပျော်ရွှင်ရွှင် ရှိလှသည် ...။

သို့သော် ...။ တူတော်မောင်ရဲ့ သူငယ်ချင်းမကလေးများနှင့် ချစ်ခင်ပျော်ရွှင်နေသော မစိမ့်ဟာ ... ဆိုင်ခန်းထဲ အတွဲလိုက်ကလေးလိုလို ဘာလိုလို တစ်ပြိုင်နက် ရောက်လာကြသည့် ဗမင်းဆက်တို့ကို အမြင်မှာတော့ "ဖျတ်"ခနဲ ဟည်တန့်သွားသော မျက်နှာနှင့် သူ့လက်က ငါးဖယ်ကြော်တွေကို တဆတ်ဆတ် ညှပ်နေသော အလုပ်ကလည်း "ဖျတ်"ခနဲပင် ရပ်တန့်သွားပါသည် ...။

တစ်နေရာမှာ ကုလားထိုင်တစ်လုံးနှင့် အေးအေးလူလူ ထိုင်နေသော မေမေသည်လည်း ရုတ်ခြည်းပင် မှတ်တတ်က ထ,ရပ်ပြီးသား ...။ ဆိုင်ခန်းထဲထိပင် တောက်လျှောက်လိုက်ပါလာခဲ့သော ကလေးမကတော့ သူ့အန္တရာယ် သူ မသိသေးသည့်အလား ... (ဘယ်သူ့ကိုမှ အမှုမထားဘဲ) မတ်တတ်စုံရပ်လျက် ခပ်မော့မော့ပင် လာပြုံးပြနေပြန်လေတော့သည်။

"ဩော် ... အင်း ... ဟင်း ဟင်း ... ခုနက ဆိုင်က မှတ်လား။ ဒါ ကျွန်တော်တို့ဆိုင်ပဲခင်ဗျ ... မုန့်စားမလို့လား ... လာ ထိုင်ပါ ..."





"မုန့် ... ! ဩော် ... သိပြီ ... ကြာဆံချက်လေ။ မစားတော့ပါဘူးရှင် ... ကြာဆံချက် မကြိုက်တတ်ပါဘူး ..."

အင်း ...။ လုပ်ထားပေါ့ ...။ အခြေအနေကို သမားရိုးကျ လှလှပပ ပုံစံဖြစ်အောင် ပြောင်းကြည့်ဖို့ ကြိုးစားပါသော်လည်း မရ ...။ အသိအသာကြီးကို ရင်းနှီးလိုဟန် ဆင်နေသော မိန်းကလေးကြောင့် မေမေနှင့် မစိမ့်တို့ကတော့ အနားသို့ရောက်သွားကြပါပြီ ...။ ဗမင်းဆက်ကား ... ကိုယ့်နံဘေးသို့ ရောက်၊ ရောက်လာကြလေတဲ့ မိန်းကလေးတိုင်းကို (ကိုယ်ကပဲ လာသမျှကို ဆီးကြိုနှုတ်ဆက်၊ ပစ်ကျသွားတော့မဲ့ အတိုင်း) မေမေနှင့် မစိမ့်တို့ လိုက်ဖျက်မှ ... သင်းကလေးတို့ခမျာ အသက်ချမ်းသာရာရကြရှာတော့မည် ... ဆိုတဲ့ ခံယူချက်ကြီးတွေကို ကြိုက်ကိုမကြိုက်သော်လည်း ... ဘာများတတ်နိုင်ပါဦးမည်နည်း ...။

"ဩော် ... မေမေ ... ဒါကလေ ... ဟိုနားက သစ်သီးခြောက်ဆိုင်က ...။ ကျွန်တော့်အမေဖို့ ဆိုတာနဲ့ ကုသိုလ်ယူရအောင်တဲ့ ပိုထည့်ပေးလိုက်တယ်တဲ့ ..."

အမှန်ကတော့ ဗမင်းဆက်ဟာ ဒီလိုမိန်းကလေးမျိုးကို သူ့ဘာသာ အနေရအထိုင်ရကျပ်ကျပ်၊ မျက်နှာပျက်ပျက်၊ ဘာဖြစ်ဖြစ် ... ဆိုပြီး အခြေအနေကို ပြေပြေလျောလျောဖြစ်အောင် ဝင်လုပ်ပေးမနေတော့ဘဲ ... ဒီအတိုင်းကို ထားရစ်ခဲ့ရမှာပင် ...။ ဒါပေမဲ့ ကိုယ်နဲ့လည်း ဘာမှရင်းနှီးတာ မဟုတ်ဘဲ ... အရင်းသဘောထားကာ ... ဝင်ဝက်မိတ်ဆက်ပေးမိတာမျိုးတွေ လုပ်နေမိပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ဗမင်းဆက်ရဲ့ မိတ်ဆက်ပေးလိုက်တဲ့ စကားကို ဩဘာက အတော်လေး သဘောကျသွားပါသည် ...။ အားနာတတ်တဲ့ ချစ်သူလေး ...၊ တစ်ဖက်လူရဲ့ အနေအထားကို စာနာပေးတတ်တဲ့ သူကလေး ...။ သူ့မေမေနှင့် မမတို့ကဖြင့် မျက်နှာကျော တည်တည်ကလေးတွေကို မလျော့နိုင်ကြတဲ့အပြင် ... ဗမင်းဆက် လှမ်းပေးနေသော အထုပ်ကိုငဲ့၍မျှတောင် မကြည့်ကြတဲ့အတွက် သူ့ခမျာ လေထဲမှာ လက်တန်းလန်းကြီး ဖြစ်ရပြန်ပြီ ...။

ကောင်းတာပေါ့ ...။ မီးဆိုတာ မလောင်ခင်ကတား မှလေ ...။ အမေနဲ့ အစ်မက ဒီလောက်တော့ ရှိထားမှ ...။ နို့မို့ ဒီလောက် ကြည့်ကောင်း၊ ချစ်စဖွယ်ရှိတဲ့ လူပျိုလူလွတ် တစ်ယောက်အနားမှာ ဝိုင်းနေကြနိုင်တဲ့ မိန်းကလေးတို့ဟာ လှကိုချိုးရေဖို့တောင် လွယ်မည်မထင်ပေါ့ ...။ ကောင်းတယ် ...။

"သမီးက ကြီးကြီးမြိုင်ရဲ့တူမ ... ဩဘာပါ ဒန်တီ ... ကိုဗမင်းဆက်ကို တွေ့လိုက်လို့ ... အန်တီတို့ဆိုင်လည်း ရှိမှာပဲ ... ဆိုပြီး လာနှုတ်ဆက်တာပါ ..."

အမေရော ... အစ်မပါ "သြော်"သံရှည်ဆွဲ တစ်လုံးစီနှင့် မျက်နှာကြောတွေက အတော်လေး လျော့သွားကြသည်။ ဒီတော့မှ ... ဗမင်းဆက်မှာလည်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားရကာ ... "ဒီလောက်ဆိုရင်တော့ ဒီနားမှာ ကိုယ်ဆက်ရပ်နေဖို့ ဘာမှမရှိတော့"... ဟူသည့် ပုံစံနှင့် ဆိုင်ခန်းနောက်ဘက်ထဲသို့ လျှောက်ဝင်သွားပါတော့သည်။





"ကြီးကြီးမြိုင်ရဲ့ တူမ"ဆိုရင်တော့ ... ဗမင်းဆက် င် ပတ်သက်သမျှ အခြေအနေ အားလုံးဟာ ... ရှိရှိသမျှ derstood နားလည်သိကျွမ်း ကြားဖူးပြီးသား ဖြစ်ရမည် ...။ န်းနု၏ ညီမဆိုလျှင်တော့ ... ဤမိန်းကလေးသည် သံသယ တွင်းထဲမှ လွတ်စေ ...။ ဒီလို သဘောထားလိုက်ကြပုံနှင့် င်းဆက်ရဲ့ မေမေက ...

"သြော် ... မြိုင်တို့ရော ဆိုင်ခန်းယူသလား ... သတိတောင် မထားမိဘူးကွယ် ...။ အန်တီလည်း ... ပန်းနုလေးကိစ္စပြီးကတည်းက ... မြိုင်နဲ့ နည်းနည်းအနေဝေးနေတော့လေ ...။ ဖုန်းဆက်ကြဖို့တောင် ပျက်ကွက်နေသလိုလိုပါ သမီးရယ် ..."

"ကြီးကြီးတို့က ဆိုင်မယူပါဘူး ... ဩဘာက အမေ့ဘက်က အမျိုးတွေနဲ့ ပါလာတာပါ ..."

"အန်တီတို့ကတော့ ... သားကို လူတောထဲ ပြန်ဝင်စေချင်ပြီမို့ တမင်ပဲ ... အပင်ပန်းခံပြီး ... ဆိုင်တစ်ခန်းယူလိုက်တယ် ..."

ဗမင်းဆက်တို့မေမေရဲ့ စကားက မပန်းနုရဲ့အမျိုး ယောက်ရှေ့မှာ မပြောလည်းရတဲ့ စကားမျိုးတွေကို ... လာ ပြနေပြီး ... အယူခံဝင်သလိုလိုပုံစံနှင့်တောင် ဖြစ်နေပါသည်။

"ဟုတ်တာပေါ့ အန်တီ ... သင်္ခါရတရား ဆိုတာ လူတိုင်း မကြုံမရှိ ကြုံဖူးရမဲ့သူချည်းပဲလေ ...။ ကြုံရပြီဆိုရင် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိသားစု၊ ဆွေရင်းမျိုးရင်းတွေ အတွက်တောင် တစ်ချိန်ချိန်မှာတော့ တရားနဲ့ ရှုမြင်မှတ်ပြီး စိတ်ဖြတ်နိုင်ကြရသေးတာ ...။ "ပတ်သက်တယ်"ဆိုတဲ့ အခြေအနေလောက်နဲ့ သူမျိုးအတွက်ဆို ... ဘာဖြစ်လို့ ခပ်မြန်မြန်ပဲ နဂိုနေပြန်မရောက်နိုင်ရမလဲ ...။

သူ့ဘဝ ဆိုတာအပြင် ... "ကိုယ့်ဘဝ" ဆိုတာကလည်း ရှိကိုရှိသေးတဲ့ဟာလေ ...။ ကိုယ့်ရဲ့ မူလလမ်းကြောင်းပေါ် မြန်မြန်ပြန်ရောက်ပြီး ... ကိုယ့်ဘဝကိုယ် ပြန်ကြည့်၊ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ဖို့က အဓိကပဲ ...။ ဩဘာတော့ ... အဲဒီလို မြန်မြန်ပြန် လုပ်နိုင်လေလေ ... လူတော်တစ်ယောက်လို့ သတ်မှတ်မိလေလေပဲ"

ဗမင်းဆက်၏ အမေနှင့် အစ်မမှာ ... မပန်းနုအမျိုးတစ်ယောက်ထံမှ ... ဗမင်းဆက် အတွက် ... ဤမျှလောက် တက်ကြွနေသောလေသံ၊ ဘက်ပင်းနေသောစကား၊ တရင်းတနီး ဆန်နေသော အားပေးမှုတို့ ထွက်ပေါ်လာတာကို ... အံ့အားအသင့်ကြီး သင့်ရပုံနှင့် တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်ကြည့်နေမိကြလေသည် ...။

"ဩော် ... အင်း ... အင်း ... သမီးလေးက မြို့တူမဆိုတော့ ... ဘယ်သူ့သမီးလေးများလဲ ...။ မြို့ဆီသွားလာဝင်ထွက်နေရင်း ... မြို့က ပြတာ ... မိတ်ဆက်ပေးတာနဲ့ တချို့တော့ အန်တီက မြင်ဖူး သိဖူးနေပါတယ်။ ပန်းန





လေးကိစ္စတုန်းကလည်း တော်တော်များများတော့ တွေ့ဆေမဲ့ အဲဒီတုန်းကတော့လည်း သတိမထားလိုက်မိနိုင်တာနဲ့"

"ဩဘာက ... အင်္ဂလန်က ဦးကျော်ခိုင်ရဲ့ သမီးပါ ... ကြီးကြီးက ဖေဖေ့အစ်မ တော်ပါတယ် ...။ ဩဘာက ငယ်ငယ်တည်းက ဖေဖေ့အလုပ်နဲ့ နိုင်ငံရပ်ခြားတွေပဲ သွားနေခဲ့ရပြီး ... ဟိုမှာပဲ ကျောင်းတွေတက် ဆိုတော့ ... အမျိုးအဆွေ အသိုင်းအဝိုင်းတွေထဲမှာတော့ လူသိပ်မသိကြပါဘူး ...။ ခုတော့ ကိုယ့်မြန်မာနိုင်ငံမှာပဲ ပြန်နေတော့မယ်လို့ ... ဟိုမှာ Post grad ယူရမဲ့ အစီအစဉ်ကိုပါ နှစ်,နှစ်လောက် ခွင့်တင်ထားလိုက်ပြီး ပြန်လာတာပါ ...။ မိဘတွေကတော့ မပါလာသေးပါဘူး ...။ ခု ဩဘာက အမေ့ဘက်က အဒေါ်တစ်ယောက်နဲ့ နေ,နေပါတယ် အန်တီ"

အတင်းကြီးကို မိတ်ဆက် "Intro"ဆန်နေပြန်သည့် ဩဘာရဲ့ လစကားတွေမှာ ဗမင်းဆက်ရဲ့အမေနှင့် အစ်မတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိခြင်းအမှုကို ထပ်ပြုကြရပြန်ပါသည် ...။ အကြောင်းအရာ သိပ်မရှိဘဲ စကားမရှိ စကားရှာ လေးငါးမိနစ်ခန့်ပြီးလျှင် ... "ပြန်ပါဦးမယ်"ဟု နှုတ်ဆက်လိုက်သည့် ဩဘာက ... ဆိုင်ခန်းနောက်ဘက်ထဲ သွားဝင်ထိုင်နေသည့် ဗမင်းဆက်ထံသို့ပါ ... "လှစ်"ခနဲ လှမ်းဝင်သွားပြီး ...

"ကိုဗမင်းဆက် ... ဩဘာ ပြန်လိုက်ပါဦးမယ် ...။ ဦးနေဝန်းသက်တို့ ရုံးနားကို ဩဘာ အမြဲလမ်းကြုံပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကြိုလို့ တွေ့ရင် ခေါ်ပါမယ်နော် ...။ ညနေကျ ပွဲသိမ်း
လည်း ... သစ်သီးခြောက်တစ်ထုပ် လှည့်ဝင်ယူလိုက်ပါ
ဩဘာ သပ်သပ် ဖယ်ချန်ပြီး ထုပ်ထားပေးပါမယ် ...

ဗမင်းဆက်ရဲ့ မေမေကတော့ သူ မျက်နှာနာ
ဆဲ ... သူငယ်ချင်းဖြစ်သူရဲ့ တူမလေးအပေါ် ... ဖော်ဖော်ရွေ
ပုံစံနှင့်ပဲ ဆက်ရှိနိုင်သေးပေမဲ့ ... မစိမ့်ရဲ့ မျက်နှာကတော့ ... ခ
တည်တည်ပဲ ပြန်ဖြစ်သွားခဲ့ပါလေပြီ ...။

ညနေကျ ဈေးခင်းသိမ်းလျှင်တော့ ... ဗမင်းဆက်
သွားမယူဖြစ်သည့် သစ်သီးခြောက်ထုပ်မှာ ... ကိုယ်တိုင်ကိုယ်
လာပို့ပေးပြန်သူရဲ့ လက်ချက်နဲ့ ဆိုင်သို့ ရောက်ကိုရောက်လာ
သည်ပဲ ဖြစ်လေသည်။ စိမ့်မှာ စိတ်တိုစုပုပ်စွာဖြင့် "မေမေ
လည်း ... စားမနေပါနဲ့ ... ပတ်ပတ်သက်သက် ..."တဲ့ ...
တရုတ်ကလာသည့် အသီးခြောက်များကို ကြိုက်တတ်လှသည်
မေမေ့ခမျာ ... စားကလည်း စားချင်၊ သမီးဖြစ်သူ၏ ကြိုတင်
ပူပန်မှုကိုလည်း မလွန်ဆန်ချင်နှင့် ... မပြောသာ ပြောသာလေး

"ငါ စားစား ... မစားစား ... ဟိုသူက လာပို့ပြီး
သွားပြီဆိုတော့ ... သူ့ကွယ်ရာမှာ စားနေပြီပဲ ထင်နေမှာပေါ့
အေ ... မပတ်သက်ချင်လို့ စားကို မစားဘူးဆိုတာ ဘယ်သူက
သိမှာလဲ ..."တဲ့ ...။ ဗမင်းဆက်ကတော့ သူတို့ပြဿနာ
ခေါင်းထဲ ဆက်မသွင်းဘဲ ... ထား,ထားလိုက်သည် ...။

❤ ❖ ❤





●

တကယ်ဆိုရင် "သူ့"အတွက်သက်သက်နဲ့ ဩဘာ
ရဲ့ဘဝမှာ မဆန့်ကျင်သင့်တာတွေကိုလည်း ဆန့်ကျင်၊ မစွန့်လွှတ်
သင့်တာတွေကိုလည်း စွန့်လွှတ်သည့် နည်းပါးလောက်ပင် ရှိခဲ့
ရ ...။ "သူ့"တစ်မျက်နှာတည်းကြောင့်သာပင် ...။

အဘွားဆုံးသွားတဲ့ကိစ္စနှင့် ... မြန်မာနိုင်ငံသို့ ပြန်
ရမှာမို့ ... ဘွဲ့လွန်တက်ခွင့် အကြိုစာမေးပွဲကို ခြောက်လနောက်
ဆုတ်ပစ်လိုက်ရတဲ့ ဩဘာဟာ ... အဲဒီခြောက်လမှ သေချာပြန်
ခပြည့်သေးခင်မှာပဲပန်းနုက ဆုံးပြန်တဲ့အတွက် ... မြန်မာနိုင်ငံ
သို့ ပြန်လာမိရပြန် ...။

ပြီးလျှင်တော့ ဩဘာက မိဘများရှိရာ အင်္ဂလန်သို့
ပြန်တော့ ပြန်လိုက်ပါသေးသည်။ သို့သော်လည်း ရောက်တာနဲ့ကို
အရေးဆို တိုက်ပွဲဝင်ရတော့တာပင် ...။

"ဩဘာ ... မြန်မာနိုင်ငံမှာပဲ ပြန်နေချင်ပြီ"

ဖေရော မေပါ အံ့ဩလွန်းအား ကြီးတာမို့ ငြိမ်သက်
သွားကြသည်။

"ဒါဖြင့် ဘွဲ့လွန်ဒီကရီအတွက်ကကော ..."

"ဒီတစ်ခေါက်လည်း ဝင်ခွင့်အကြိုစာမေးပွဲဖြေဖို့ ငွေသွင်း
လိုက်ပြီးပေမဲ့ ... မပန်းနုကိစ္စနဲ့ ဟိုမှာ ခဏကြာသွားတော့

www.burmeseclassic.com



ဩဘာ အဆင်သင့် မဖြစ်ဘူး ... ဖြစ်သွားပါတယ် ...။ အဲဒီတော့ နောက်ခြောက်လ ထပ်စောင့်ရမလို ဖြစ်သွားတယ် ... ဒါပေမဲ့ ရွှေ့တာက နှစ်ခါရှိပြီဆိုတော့ နောက်ခြောက်လအပြီး ထပ်ဖြေရမဲ့ တစ်ခေါက်က ဩဘာအတွက် Chance (အခွင့်အရေး)က နောက်ဆုံးပါ ...။ အဲဒီမှာ ဝင်ခွင့်မရရင် ... ထပ်ဖြေလို့ မရနိုင်တော့ဘဲ ဖြစ်သွားမယ်ဆိုတော့ ... မထူးတော့ဘူး ... ဩဘာက နှစ်နှစ်လောက် တစ်ခါတည်း ရွှေ့ဆိုင်းနားထားလိုက်မယ် စိတ်ကူးပါတယ် ..."

"နှစ်နှစ် ..."ဟု လန့်အော်လိုက်သော မေမေ့အသံက စိုးရိမ်မကင်းဟန်တွေ အပြည့်နှင့် ဖေဖေကတော့ ခေါင်းတခါခါနှင့်ပင် ...

"နှစ်နဲ့ချီ ရွှေ့ပစ်ပြီးမှ အဲဒီဘွဲ့လွန်ကို ဘယ်တော့မှ ထပ်မကြိုးစားတော့ဘဲ အဆုံးရှုံးခံလိုက်တော့တာမျိုး အထိကော ဖြစ်မသွားနိုင်ဘူးလား ..."

ဩဘာက မိဘများ နားခံသာ၊ နှစ်သက်နိုင်လောက်သော အဖြေကို မပေးနိုင်တာမို့ နှုတ်ပဲပိတ်နေသည်။ အဲဒီလိုကြီး အထိလည်း ဖြစ်သွားနိုင်လောက်တယ် ဆိုတာကို ဩဘာရဲ့ ခေါင်းထဲ ထည့်တွက်ပြီး၊ "ရတယ် ... အိုကေ"ဟု အဖြေထွက်ပြီးထား၍ ဖြစ်လေသည်။ သို့သော် ... ကိုယ့်ဘာသာ သေချာတိုင်လည်း လူကြီးတွေကို ထုတ်ပြောလို့ ကောင်းတာမှ မဟုတ်ဘဲ ...။





"ဩဘာကို ဖေဖေတို့က မြန်မာနိုင်ငံကို မပြန်စေချင်တာ မဟုတ်ဘူး ...။ ဖေဖေတို့ အသက်ကြီးတဲ့အခါ၊ ဩဘာလည်း ဒီမှာပညာစုံတဲ့အခါ ... ပြန်ကိုပြန်စေချင်တာ ... မြန်မာနိုင်ငံမှာပဲ အခြေချစေ့ချင်တာ ...။ ဒါပေမဲ့ အချိန်အခါက ရှိသေးတယ်လို့ သမီးမထင်ဘူးလား ... ပိုကောင်းတဲ့ အခြေအနေရှိရင် ... အဲဒါကိုပဲ ယူသွားသင့်တယ်လို့ မမြင်ဘူးလား ...

ခုတစ်ခါကို ပိုက်ဆံသွင်းပြီးပေမဲ့ ထပ်အလွှတ်ခံဦးမယ်ဆိုရင် ခံလိုက် ...။ လာမဲ့ ခြောက်လကိုတော့ ... မနားမနေ မရမက ကြိုးစားလိုက် ...၊ ပြီးရင် အဲဒီဘွဲ့လွန်အတွက်က နှစ်နှစ်ပဲ ထပ်တက်ရမယ်။ စုစုပေါင်းမှ ... သမီး နောက်ထပ် နှစ်နှစ်ခွဲပဲ ဆက်ကြာမယ် ...။ အဲဒါပြီးမှ ကိုယ့်မြေကို ကိုယ်ပြန်မယ်ဆိုရင်လည်း နောက်မကျသေးပါဘူး ...။ ပညာပိုပြည့်စုံသွားတဲ့အတွက် ... ကိုယ့်နိုင်ငံအတွက် ပိုတောင် အကျိုးရှိမယ် ...။ ဒီလိုတွက်လို့ မရဘူးလား ဩဘာ ..."

"ဘွဲ့လွန်က စကော်လာတစ်ဝက်ခ ... မရ ရအောင် ပြန်လျှောက်မယ်ဆိုရင် ဘွဲ့လွန်ဘွဲ့အတွက် စာတမ်းက တစ်ခုတည်းမက,တော့ဘဲ ... တက္ကသိုလ်ရဲ့ Central Research မှာ တစ်နှစ်ခွဲ ပြန်ဆင်းပေးရမဲ့ စာတမ်းနောက်တစ်ခုရဲ့ ဘွန်း(စာချုပ်)ပါ ထိုးရမဲ့သဘောလို့ နီနာက ပြောပါတယ် ... အဲသလိုဆိုရင် ... နှစ်နှစ်ခွဲနဲ့ တစ်နှစ်ခွဲ ... ပေါင်း လေး



www.burmeseclassic.com

www.burmeseclassic.com



နှစ် ဖြစ်နေပြီ ...။ ဒါတောင် အဲဒီ Central Research က ကိုယ်တင်တဲ့ ဒုတိယစာတမ်းကို တစ်ခါတည်းနဲ့ လက်ခံဦးပါမှ ... မဟုတ်ရင် ...”

“သွင်းရမဲ့ တစ်နှစ်တာ Fees (ကျောင်းဝင်ကြေး)က သိပ်များလွန်းတယ် ... ဟုတ်တယ် ... ဒါပေမဲ့လည်း ဩဘာက လေးငါးနှစ် ထပ်မစောင့်ချင်ဘူး ... ဩဘာရဲ့ ပညာသင်နှစ်ကို နှစ်နှစ်နဲ့ပဲ အဆုံးသတ်ချင်ရင် ဖေဖေရော မေမေပါ ဩဘာရဲ့ ကျောင်းစရိတ်ကို အပြည့်ပဲ တာဝန်ယူလိုက်မယ် ...။ ပညာသင်ဆု စကော်လာ လျှောက်မနေဘဲ နေလိုက်ရင်ကော ...။ ဒါဆိုရင် နောက်နှစ်နှစ်ခွဲပဲ ...”

လေးနှစ်၊ လေးနှစ်ကျော်ကျော်ဆိုဝေး ...၊ နောက်နှစ်နှစ်ခွဲလည်း မပြောပါနဲ့ ...။ ဖြစ်နိုင်ရင် ... နှစ်လ ...၊ နှစ်ပတ်မျှတောင်မှ ထပ်မစောင့်ချင်တော့တဲ့ ဩဘာဟာ ... ဖေဖေတို့ဆီက ခွင့်ပြုချက်ရတာနဲ့ ... ကိုယ့်ကျောင်းရှိရာကို ကိုယ်ပြန်။ လုပ်သင့်တာတွေ အပြီးလုပ်ပြီးတာနဲ့ ... ချက်ချင်းပြန်ထွက်တော့ဖို့ အစီအစဉ်ရှိသူပါ ...။

ဩဘာဘက်က အဖြေပြန်မလာသောအခါ ... ဖေဖေတို့ဘက်ကလည်း အဖြေပြန်မလာတော့တဲ့ ဩဘာမှာ ကိုယ့်ကျောင်းရှိရာ Harrow သို့ မပြန်ရသေးဘဲ “Stockwell”တွင် နှစ်ရက်လောက် ထပ်သောင်တင်နေရသေးသည်။ အဲဒီနှစ်ရက်အတွင်းမှာ ဖေဖေနဲ့ ဩဘာဟာ “ဘယ်သူက စလျှော့ပါ့မလဲ”လို့ တစ်





ယောက်နဲ့ တစ်ယောက် အကဲခတ်နေကြရတာနဲ့ပဲ ... စကားတစ်ခွန်းမှကို မပြောဖြစ်ကြပါ။ မေမေကသာ ဩဘာနားကို တိုးတိုးတိတ်တိတ် ကပ်လာခဲ့ပြီး ...

“ဩဘာ ... သမီး အဲဒီလောက် မြန်မာနိုင်ငံမှာပဲ နေချင်နေတာ ... ဘယ်သူ့အတွက်လဲ ...”

“ဩဘာ အတွက်ပါ မေမေ ... ဩဘာ ကိုယ်စိတ်ချမ်းသာမယ်ထင်တာကို ကိုယ်လုပ်ကြည့်ချင်တာမျိုးပါ ...”

“ကိုယ့်မြေ ကိုယ့်ရေကိုချစ်လို့ ... တို့၊ ဆွေမျိုးတွေကိုချစ်လို့ ... တို့ ... အဲဒီအကြောင်းပြချက်မျိုးတွေ မဟုတ်ဘဲနဲ့ ... ဩဘာကို စိတ်ချမ်းသာစေမယ်ဆိုတဲ့ အကြောင်းရင်းက ဘာလဲ ...”

“ဩဘာ ... အဲဒီမှာပဲ ပြန်နေချင်တယ် ...”

“ဟုတ်ပြီလေ ... မေမေ မေးချင်တာက ... ဩဘာ ... အဲဒီမှာ ချစ်သူရည်းစားများ ရလာခဲ့ပြီလား ...”

ဩဘာက ခေါင်းကို ဖြည်းဖြည်းလေးပဲ ခါပြလိုက်သည် ...။ ဒါပေမဲ့ ...

“ဟင့်အင်း မေမေ ... ချစ်သူရည်းစားတော့ မရပါဘူး ... ဒါပေမဲ့ ... ဩဘာ ... လူတစ်ယောက်ကိုတော့ ချစ်မိတယ်”

မေမေက သက်ပြင်းကြီး တစ်ခုနှင့် ...

“ခေါင်းမာပြီး ဇွဲကြီးတတ်တဲ့ ဩဘာကို ကိုယ့်မြန်မာမျိုးတစ်ယောက် မဟုတ်တဲ့ ... နိုင်ငံခြားသား လူမျိုးကြွ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာကွဲနဲ့တော့ မကြိုက်မိပါစေနဲ့လို့ ... မေမေနဲ့ ဖေဖေတို့ အမြဲဆုတောင်းခဲ့ကြရတယ် ...။ ဒီပြင်ပနိုင်ငံတွေမှာပဲ အနေကြာရတော့ မြန်မာလူမျိုးနဲ့ပဲ ပြန်ဖူးစာမဖက်မှာကိုပဲ ပူခဲ့ကြရတယ် ...

ဆုတောင်းတစ်ခုကတော့ ပြည့်ပါရဲ့။ ဒါပေမဲ့ ခုလို မြန်မာလူမျိုး၊ ကိုယ့်လူမျိုးနဲ့ပဲ တွေ့ပြန်တော့လည်း ... အဲဒီအတွက်ကြောင့်မို့ ... ရည်မှန်းချက်၊ ပညာရေး၊ တက်လမ်း ... စတာတွေကို အဆုံးရှုံးခံပစ်လိုက်လိမ့်မယ်လို့တော့ ယောင်လို့တောင် တွေးမထားမိတော့ ... ကြိုဆုတောင်းထားမိတဲ့အထဲမှာ မပါမိဘူး ..."

"ဩဘာ နှစ်နှစ်ပဲ ရှေ့မှာပါ ... အဲဒီနှစ်နှစ် ပြီးရင်တော့ ဒီပြန်လာပြီး ဘွဲ့ပြန်ယူဖြစ်ဖို့ များမယ်ထင်ပါတယ် မေမေ။ တကယ်လို့ ကျောင်းကလည်း တစ်နှစ် (သို့မဟုတ်) နှစ်နှစ်လို့ ... ရွေးစရာလမ်းနှစ်ခုထားပြီး တင်ကြည့်တာကို လက်ခံပေးမယ်ဆိုရင် ... တော့ ... ဩဘာက ခွင့်ကို အဲလိုရွေးလို့ရအောင် အသေမလုပ်ဘဲ ... တင်ပါ့မယ် ..."

"အဲဒီ တစ်နှစ်၊ ဒါမှမဟုတ် နှစ်နှစ်အတွင်းမှာ ဩဘာရဲ့ ရည်ရွယ်ချက်က ဘာလဲ ... မြန်မာနိုင်ငံကို ပြန်ပြီး ဘာလုပ်ဖို့ ဆန္ဒရှိတာလဲ ..."

"ဩဘာ အခု စုံစမ်းလာခဲ့သလောက်ကတော့ ... ဩဘာ ရထားတဲ့ ဘွဲ့နဲ့ဆို ... သဘာဝအရင်းအမြစ် အတွက်





မြန်မာနိုင်ငံကို ရောက်နေတဲ့ NGO (Non Govermental Organisation) တစ်ခုက အချိန်မရွေး လက်ခံအလုပ်ပေးနိုင်မယ် ပြောပါတယ် ...။ ပညာနဲ့ မပတ်သက်တာမျိုး လုပ်နိုင်ရင်တော့ အန်တီမီးက French Ambessay မှာလည်း ရနိုင်တယ် ...၊ သူ လုပ်နေတဲ့ နိုင်ငံခြားသားပိုင် ကုမ္ပဏီတစ်ခုမှာလည်း ဘယ် Branch မှာမဆို သူသွင်းပေးနိုင်တယ် ပြောပါတယ် ..."

"ဩ ... မီးမီးနဲ့ပါ ကျိတ်ကြံလာကြတာပေါ့လေ ... ဒါက ထားပါ ...။ မေမေက အလုပ်အကိုင်ကို မေးနေတာမဟုတ်ပါဘူး ..."

မေမေ့ အမေးကို နားလည်လိုက်သည်မို့ ဩဘာမှာ ပြန်မဖြေနိုင် ဖြစ်သွားရပြန်ပါသည်။ "ဘာလုပ်ဖို့ ဆန္ဒရှိတာလဲ"၊ "ရည်ရွယ်ချက်က ဘာလဲ"တဲ့ ...။ နိုင်ငံရပ်ခြားမှာ အနေများ ကြီးပြင်းခဲ့တာမို့ ... ခုခေတ် မြန်မာမိန်းကလေး တော်တော်များများနဲ့တော့ လုပ်ပုံကိုင်ပုံ၊ အချိုးအချိတ်၊ အတွေးအခေါ်၊ ဆုံးဖြတ်ချက် ... ဒါမျိုးတွေမှာ တူညီနေနိုင်မှာ မဟုတ်ဘဲ ... ကွဲထွက်နေနိုင်တဲ့ ဩဘာဟာ ... ကေန်စင်စစ်မှာတော့ မြန်မာမိန်းကလေးမှ မြန်မာမိန်းကလေး တစ်ယောက်ပဲ ဖြစ်နေပါသေးသည်လေ ...။ ရင်ထဲကဆန္ဒနဲ့ ရည်ရွယ်ချက်က ဘယ်သို့ရှိရှိ ... လက်တွေ့မှာ ရဲရဲရင့်ရင့် အကောင်အထည် ဖော်နိုင်ဖို့ဆိုတာက တော့ ...။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဩဘာသည် ... မရှက်စတမ်း ဝန်ခံရမည်ဆိုပါက ... ကိုယ့်ကိုယ်ကိုယ် "သူ့"ချစ်သူတစ်ယောက်အဖြစ် ပိုင်နိုင်စွာ (ပြီးတော့ ... ရဲရဲစွာ) ကြေညာနိုင်ခွင့် ရှိလာမည့်အချိန်ဟာ ... တစ်နှစ်အတွင်းလား ...၊ နှစ်နှစ်လား ...။ တိကျသေချာနိုင်ပြီ ဆိုလျှင်တော့ ... ကိုယ့်ပညာရေးအတွက် ... ဘယ်နှနှစ်ပဲကြာကြာ ...၊ စိတ်ချလက်ချ ... အချိန်ပြန်ပေးနိုင်လေပြီ ...။ အဓိက,က လောလောဆယ် လစ်ဟာနေသည့် သူ့နှလုံးသားတစ်နေရာမှာ ဒီကြားကာလအတွင်း "ဩဘာ"ကလွဲရင် ဘယ်သူတစ်ဦးတစ်ယောက်မျှ နေရာဝင်ယူမသွားနိုင်ဖို့ ...။

ခုပုံစံအတိုင်းကတော့ ... နေရာမယူဖြစ်ကြဖို့၊ မယူရဲကြတော့ဖို့ များနေပါလိမ့်မည်။ ဒါပေမဲ့ပေါ့နော် ... ပြောနိုင်လို့လား ...။ "အချစ်"တစ်ခုနှင့်ယှဉ်လျှင် ... ဘာ"အယူ"ကိုမှ မယုံကြည်၊ လက်မခံချင်တော့သော မိန်းကလေးမျိုးဟာ ... ဒီလောကကြီးမှာ ဩဘာ တစ်ယောက်တည်းပဲ ... ဟုတ်ချင်မှ ဟုတ်မှာပေါ့ ...။ မိဘများ ဖြစ်စေချင်သလို နှစ်နှစ်ခွဲ (သို့မဟုတ်)လေးနှစ်အတွင်းမှာ အဲဒီလို မိန်းကလေးမျိုး တစ်ဦးတစ်ယောက်မှ ထပ်မပေါ်တော့ဘူးဟု ဘယ်သူမှ ယတိပြတ် မပြောနိုင် ...။ လပိုင်းအတွင်းတောင် မပြောနိုင် ...။

ခုဆိုရင် ... ဩဘာ ဆိုတဲ့ မိန်းကလေးဟာ လွန်ခဲ့တဲ့ နှစ်နှစ်ကာလဆီကတည်းက ... သူ့အပေါ် တမြတ်တနိုးနှင့် (စောင့်နေတယ်တော့ မဟုတ်)ချစ်နေမိသူ ... ဆိုတာ ... ဘယ်သူ





သိလို့လဲ ...။ ဘယ်သူမှ မသိနိုင်ဘူး မဟုတ်လား ...။ အဲဒါမျိုးများ ... နောက်တစ်ယောက်လောက် ထပ်ကျိတ် ရှိနေလျှင် ...။

"အဲဒီသူငယ်က ဘယ်သူလဲ ... ဘယ်ကလဲ ... ဘာဘာညာညာ မေမေ မမေးချင်ပါဘူး ...၊ ဒါပေမဲ့ ဩဘာ ခုဒါတွေကို စွန့်လွှတ်ခဲ့သလောက်နီးနီးနဲ့ ပြန်သွားမယ် ...၊ အဲဒီအတွက် ရလဒ်က ... အဲဒီသူငယ်တစ်ယောက်နဲ့ ဩဘာနဲ့ ဖူးစာဖက်ဖြစ်ပြီး သေတစ်ပန် သက်တစ်ဆုံး ရိုးမြေကျဖြစ်ကြရလိမ့်မယ် ... အဲဒီလို တစ်ထစ်ချ ခံယူပြီးပြီလား ..."

"ဩဘာ သူ့ကို ချစ်မိတာတော့ နှစ်နှစ်ရှိပြီ မေမေ ... သူက ခုထိ ဩဘာကို သိတောင် မသိသေးဘူး ...။ ဒီကမ္ဘာလောကကြီးထဲမှာ 'ဩဘာ'ဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိနေခဲ့ပါလား ဆိုတာမျိုးလောက်တောင် မသိနိုင်သေးတာမျိုးပါ ..."

မေမေ တော်တော် စိတ်ညစ်သွားပုံရသည်။ အင်မတန် ခေါင်းမာပြီး ဇွဲခတ်တတ်တဲ့ ဩဘာရဲ့ ငယ်ကျင့်ကို ဘယ်တုန်းကမှလဲ မချိုးနိုင်ခဲ့ဘဲ ... မိဘတို့ရဲ့ မေတ္တာစိတ်နဲ့ပဲ အလျှော့ပေး အလိုလိုက်မြဲ ဖြစ်ခဲ့ရတဲ့ မေမေနဲ့ ... ငယ်တုန်းကဆို ... "ဇွဲကြီးနေရင် ... ရိုက်ချိုးရတယ်ကွ"ဆိုတဲ့ ဖေဖေနဲ့ကတော့ ... ဩဘာရဲ့ အခြေအနေကို လက်သင့်ခံကြပုံချင်း မတူပေ ...။ အဲဒီအချက်ဟာ မေမေ့ထံမှ ပြန်ကြားပြီး ဖြစ်နိုင်ပါရက် ... ဩဘာရဲ့ ချစ်ရေးချစ်ရာကိစ္စကို ဘာတစ်ခွန်းမှ စကားစပ်လို့ မပြော ...။



www.burmeseclassic.com

www.burmeseclassic.com



"ဩဘာ ဒီမှာပဲ ဆက်နေပြီး နောက်ခြောက်လကျ ဘွဲ့လွန် ဝင်ခွင့်ကို ဝင်ဖြေပါ ..."

"ဩဘာ မြန်မာနိုင်ငံပဲ ပြန်ချင်ပါတယ် ဖေဖေ ..."

"နှစ်နှစ်ခွဲ ဆိုင်းပြီးမှ ပြန်သင့်တယ် ..."

"ဩဘာက ဒီကခွင့်ကိစ္စတွေ စီစဉ်ပြီးချင်းချင်း ... ခုပဲ ... ပြန်ချင်ပါတယ်"

"ကျောင်းကို ပြန်လိုက်ပြီး နီနာတို့ ... ကျောင်းအုပ်ချုပ်သူတို့နဲ့ စကားပြန်ပြောကြည့်လိုက်ဦး ... သူတို့ရဲ့အကြံပေးချက်တွေကို နားထောင်ကြည့်လိုက်"

"ဩဘာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ပဲ ကိုယ်လုပ်ချင်ပါတယ် ဖေဖေ"

"ဝင်ခွင့် ဖြေလိုက်။ ဝင်ခွင့် ဖြေပြီးရင် ကျောင်းကိစ္စက နှစ်နှစ် တစ်ပြိုင်နက် တစ်ဆက်တည်း အပြီးမလုပ်ဘဲ ... လေးလစီ ဖြတ်ဖြတ်ပြီး ယူလို့ရတယ်လို့ ဖေဖေ စုံစမ်းထားတယ် ...။ စကော်လှာ မယူရင် ကိုယ့် Trimester ကိုယ်ဆွဲပြီး ... term တစ်ခုစီ ဖြတ်တက်လို့ ရနိုင်မယ်တဲ့၊ အဲဒီလို လုပ်ချင်လုပ်၊ ကြားထဲမှာ တစ်လစီလောက်ဖြစ်ဖြစ် ကိုယ့်နိုင်ငံကိုယ် ပြန်‚ပြန်နေလို့ရနိုင်တယ် ... အလုပ်တစ်ဖက်နဲ့ Part-time တက်ရတာမျိုး မဟုတ်ဘဲ Full-time တက်မယ်ဆိုရင် Advanced Computer Science ကို တစ်နှစ်တည်းနဲ့တောင် M.Sc ယူလို့ ရနိုင်မယ် ..."





"ကျောင်းကိစ္စအတွက်ကတော့ ခွင့်နှစ်နှစ် တင်ချင်ပါတယ် ..."

ဖခင်တစ်ဦး၏ အမြင်၌ သူ့သမီးလေးအတွက် ... အခါက အရေးကြီးသောအရာ ...၊ ဦးစားပေးသင့်သော အလုပ်မှာ "ဘွဲ့လွန်ဒီဂရီ"တစ်ခုဖြစ်၍ ... သူ့သမီးငယ်ရဲ့ အမြင်ကတော့ "ကိုယ်ရော ချစ်ရသူပါ ... ဘဝတစ်လျှောက်လုံး စိတ်ချမ်းချမ်းသာသာနှင့် ပျော်ရွှင်သွားနိုင်ရေး"ပင် ဖြစ်နေလေသည်။ လောကကြီး အတွင်းမှာ ... "ဘယ်သူဘာလိုအပ်သလဲ" ... "ကိုယ့်ကိုယ်ကိုယ်အတွက် အခိကလိုအပ်တာကတော့ ... ဘာလဲ ..."ဆိုတာ ... အဖေနဲ့သမီးရဲ့ ဆန္ဒပြိုင်ပွဲက ညွှန်ပြနေသည် ...။

"ဩဘာ ... ဖေဖေက ကိုယ့်သမီးကိုယ် ... အထင်မသေးချင်သေးပါဘူး"

ငယ်ငယ်ကဆိုလျှင် ... ဒါ ... ဖေဖေက ဩဘာကို "ရိုက်ချိုးတယ်ကွာ"ဟု ထရိုက်ပစ်လိုက်တော့သည့် အချိန်မျိုးဖြစ်လေသည်။

"ဩဘာကို ... အထင်သေးပါ ... ဖေဖေ ..."

ဩဘာ၏"အချစ်"အတွက် မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်း၊ မည်သူတစ်စုံတစ်ရာ "အထင်ကြီးခြင်း"ကိုမျှ မမျှော်လင့်ပါ ...။ မျှော်လင့်ထားလို့လည်း မရနိုင်လောက်သည့် အစားထိုးပေါင်းရောက် ပေးဆပ်ချင်လိုမှု သက်သက်မှာ ... ရင်ဆိုင်ဆန့်ကျင်နေရဦးမည့် အကြိမ်တွေသည်လည်း ဤတစ်ကြိမ်မှုမှက ... ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ... ဆက်ကာ ... ဆက်ကာ အများကြီး ထပ်ရှိရဦးမှာ ...
တာကို သဘောပေါက်ပါသည်။ ပထမဦးဆုံးသော "တာ"စထွ
ချိန်မှာ ဩဘာဟာ ... ဦးကျိုး နောက်တွန့်သွားရလို့တော့ မဖြ
ပေ ...။ အဆက်မပြတ် ရဲရင့်နေနိုင်ဖို့ လိုပါသည် ...။

ဖေဖေကတော့ ဩဘာကို အလွန်တရာ ခေါ်သထွ
စိတ်ကုန်သွားခဲ့ကာ ခုနောက်ပိုင်း ဩဘာ မြန်မာနိုင်ငံသို့ ပြန်လာ
ပြီးခဲ့တဲ့အထိ ... ဩဘာနှင့် ရင်ဆိုင်ကို စကားမပြောတော့
ပါ ...။ လေဆိပ်ဆင်းကာနီး ကန်တော့,တော့လည်း ခေါင်းညိ
ခေါင်းခါလောက်နှင့်သာရှိပြီး ... မြန်မာနိုင်ငံသို့ ပြန်ရောက်အပြီ
မှာတော့ အဖေနှင့်သမီး e-mail နှင့်တော့ စကားပြောဖြစ်ကြ
သည်။ မေမေက အသံကြားချင်လို့ဟုဆိုကာ ဖုန်းဆက်,ဆက်လာ
သော်လည်း အီးမေးလ်နဲ့ အပြန်အလှန် စာရေးပြောရတာမျိုးထ
ထပ်လျှော့ချင်ဟန်မတူသေးသည့် ဖေဖေက ... မေမေ့ဖုန်းမှာ
မပြောပါ ...။

"အလကား ... အသုံးမကျတဲ့ ... အမေတူသမီး
အချစ်ရူးမ ..."တဲ့။ ဖေဖေက ဩဘာရဲ့နောက်ကွယ်မှာ ဩဘာ
သတ်မှတ်တာပါ ...။ ဖေနှင့် မေတို့ ငယ်စဉ်တက္ကသိုလ်ကျောင်
သား ကျောင်းသူတွေဘဝမှာ ... ချစ်သူတွေ ဖြစ်ခဲ့ကြတော့
မေမေ့ မိဘများက ဖေဖေနဲ့ သဘောမတူချင်သလိုလို ရှိခဲ့ကြ
ကို ... ဖေဖေက"လူကြီးတွေ ကျေနပ်နိုင်လာတဲ့အထိ စောင့်ပြ
အချိန်ယူပြီး ကြိုးစားကြစို့ ..."ဆိုတာကို ...။ အိမ်က သဘောတူ





လူတစ်ယောက်နှင့် ပေးစားခံရတော့မဲ့ မေမေက ... ဖွတ်အတင်း
ပင် ဖေဖေ့နောက်၊ ကောက်ကောက်ပါအောင် လိုက်လာခဲ့တာပါ
တဲ့ ...။

မေမေ့ခမျာ ပညာရေးကို ဆုံးခန်းမတိုင်၊ ဘွဲ့မရလိုက်
နိုင်တော့ ...။ ဖေဖေကတော့ ပထမတစ်ဘွဲ့ကို ပင်ပန်းဆင်းရဲခြင်း
ကြီးစွာ ယူခဲ့ရတဲ့အခါ ... မေမေ့အတွက်လည်း နှမြော၊ ကိုယ့်
အတွက် ကိုယ်လည်း စိတ်တိုနှင့် ... ဖေဖေသည် ... ချစ်သူကို
ပိုင်ဆိုင်ခဲ့ရပေမဲ့ ... အလျဉ်းသင့်လေတိုင်း "အချစ်ကိုဦးစားပေး
တဲ့ အချစ်ရူးမ"ဟု တမင်သက်သက်ကို အနိုင်ယူတတ်မြဲ ...။

ခုလည်းပဲ ပညာလောဘကြီးတဲ့ ဒီအဖေရဲ့သမီး
ဘာ... မိခင်လိုပင်..."အချစ်"ကိုမှ ရှေ့တန်းတင်လိုတဲ့ "အချစ်
ရူးမ" ဖြစ်ရပြန်လေပြီ ...။

နောက်တစ်ချက်ကတော့ ဩဘာ မြန်မာနိုင်ငံကို
ပြန်လာမည်ဆိုလျှင် ... ခုလေးတင် သမီးတစ်ယောက် ဆုံးရှုံးထား
ရလေတဲ့ ကြီးတော်ကြီးကလည်း ..."သူ့အိမ်မှာနေပါ ..."။ တိုင်
ပင်ဖော် တိုင်ပင်ဖက် မိခင်ကြီး ကွယ်လွန်သွားလို့ တစ်အိမ်တည်း
နေ ... အိမ်ထောင်သည် အစ်ကို၊ မောင်လူပျို၊ ယောက်မ၊ တူ
နှစ်ယောက်တို့နှင့် တစ်ယောက်နဲ့မှ အစေးမကပ်ချင်တဲ့ ဒေါ်လေး
အပျိုကြီးကလည်း ..."သူ့အိမ်မှာနေပါ ..."နှင့် ဩဘာကို
ဆက်ခံကြိုဆိုကာ သမီးအရာထားချင်သူ နှစ်ယောက် ... သူ့ဖို့ချင်း
ဆောင် ... အဝေမတည့်နိုင် ဖြစ်နေကြတာ ...။



www.burmeseclassic.com

www.burmeseclassic.com



ဩဘာကို စကားဟဟ မပြောတဲ့ ဖေဖေ့ရဲ့ဆန္ဒ
တော့ တားမရတော့လို့ ... တကယ်ပင် သွားပါတော့မည့် ဆို
လည်း သူ့အစ်မကြီးရဲ့ လိုလားချက်ကို ဖြည့်ပေးလိုက်စေချင်
တာမှန်း ... သိသားပင် ...။ သို့သော် ဘယ့်နှယ်လုပ်ပြီး ...
နိုင်ပါတော့မည်နည်း ...။ ဩဘာသည် ကြီးတော်ကြီးရဲ့အိမ်
နေ ...။ ဆုံးပါးသွားခဲ့ပြီ ဖြစ်သော အစ်မဝမ်းကွဲရဲ့ ချစ်သူဟော
ကိုမှ ပတ်သက်ချင်နေ ...။ ကြီးတော်ကြီးတို့ရဲ့ တဖွဖွတ
အပြောအဆိုတွေအရ ... "ဘီလူးစားခံရသူ"အဖြစ်ကိုပဲ မယုံမကြ
နဲ့ ရှုတ်တိုးလေဖို့ ကြိုးစားနေ ...။ ကဲ ... ဖြစ်နိုင်ပါ့မလား

ဩဘာက ... "အန်တီမီးက တစ်ယောက်တည်း
ကြီးတစ်လုံးလုံးနဲ့ နေနေရတာဆိုတော့ အန်တီမီးနဲ့ပဲ နေမယ်
ပြောလာခဲ့ပြီးပြီ"ဆိုသောအခါ ... ဖေဖေ့ရဲ့ စိတ်အခန့်မသင့်မှုတို့
မြေဩဇာ လောင်းပေးလိုက်သလိုပဲ ရှိနေပါလိမ့်မည်ပေါ့ ...

တကယ်ဆိုရင် ... "သူ့"အတွက် သက်သ
ဩဘာရဲ့ ဘဝမှာ မဆန့်ကျင်သင့်တာတွေကိုလည်း ဆန့်ကျ
ဆိုင်ရ၊ မစွန့်လွှတ်သင့်တာတွေကိုလည်း စွန့်လွှတ်သည်
လောက် ရှိခဲ့ရ ...။ "သူ့"တစ်မျက်နှာကြောင့်သာပင် ...။
သူ မသိလည်း နေပါစေ ...။ ဩဘာ, ဘာသာ သိရှိကျေ
ပြီးပါသည် ...။ ဩဘာရဲ့ ချစ်ခြင်းတို့ကိုတော့ ... လက်မ
ရင်တောင်မှ ... အနည်းငယ်ကလေးလောက် မှန်းဆ,သ
ပေါက်, နားလည်ပေးနိုင်ဖို့ ကောင်းပါသည် ...။





သို့သော် ... အားနာတတ်မည့်ပုံရသော၊ ချစ်စရာ
အဖြူစင်စင် သူကလေးသည် ... အသည်းတော်တော်မာတတ်
သော သူတစ်ယောက်လည်း ဖြစ်နေခဲ့မှန်း ဩဘာက ... တဖြည်း
ဖြည်း တစ်စနှင့် သိရှိခွင့် ရလာခဲ့လေသည် ...။

ရပါတယ်လေ ... အသည်းမာတတ်တဲ့သူနဲ့ ခေါင်းမာ
တတ်တဲ့သူနဲ့ တွေ့ကြတဲ့အခါမှာ ... ဩဘာရဲ့ခေါင်းကပဲ သူ့
အသည်းကို ပျော့သွားအောင် တိုက်နိုင်လိမ့်လေမလား ...။ အင်မ
တန် မာလှတဲ့ သူ့အသည်းကပဲ ခပ်မာမာ ခေါင်းတစ်လုံးထဲက
ဦးနှောက်ရဲ့ အတွေးအခေါ်အချို့တောင် ပြောင်းလဲသွားနိုင်အောင် ...
အစွမ်းပြနိုင်လေမလား ...။

**"အချစ်"ဆိုတာ လူတစ်ယောက်နဲ့ ပတ်သက်မိပြီး ... ထိုပတ်သက်မှု ကုန်ဆုံးသွားသည်နှင့် တစ်ပါတည်း လိုက်ပါ ပျောက်ပျက် အဆုံးသတ်၊ ထပ်မရှိနိုင်တော့ပါဘူးလို့ ... ဘယ်သူ ပြောသလဲ ...။**

ဩဘာရဲ့ ယုံကြည်ချက်က ... မပန်းနုကို"သံယော
ဇဉ်ရှိရုံထက် မပိုခဲ့"ဟု (မပန်းနုဘက်မှမဟုတ် ... သူ့အသိုင်း
အဝိုင်းဘက်ဆီမှ) ပြန်ကြားထားရတဲ့ သတင်းကို (သူ့နှုတ်ကကို
တကယ်ပင် ဤသို့ဖွင့်ပြောခဲ့သည်ပဲ ရှိစေဦး) "ခြောက်လတည်း
ရှိပါ"ဟုပင် သေချာပေါက် ယုံကြည်သည်။ သဘောကောင်း
ဖြူစင်သူ တစ်ယောက် ဖြစ်ခဲ့သော မပန်းနုသာ အချိန်ကာလ
ကြာမြင့်ရှည်လျားစွာ ... သူ့အပေါ် ကောင်းလွန်းနိုင်ခဲ့လျှင်၊ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ပြလွှန်းနိုင်ခွင့်ရှိခဲ့လျှင် ...“မပင်ကီ”နောက်သို့ အကုန်လုံး ပါသွားခဲ့ပြီဟု သူယူဆနေသော “အချစ်”တို့ကို ... မပန်းနုလည်း ဘာကြောင့် ရမလာနိုင်ဘဲ ရှိခဲ့ရမလဲ ...။

ထိုနည်းတူ ... ဩဘာသည်လည်း ... ယခု ဘာကြောင့် မရနိုင် ... ရှိရမလဲ ...။

လူမှန်လျှင် “အချစ်”တစ်ခုခုနှင့် ရှင်သန်ရပ်တည်နေကြသည်ချည်းဖြစ်ရာ ...။ သူ မသေသေးသရွေ့ ... သူ့ရင်ထဲ ကျန်ရှိနေနိုင်ဦးမည့် ...“အချစ်”တို့ကို ... ထပ်မံရရှိပိုင်ဆိုင်၊ တစ်သက်လုံး စွဲမြဲပိုင်ဆိုင်သွားနိုင်မည့်သူမှာ ... “ဩဘာ”မဟုတ်ပါဘူး ... ဟုကော ဘယ်သူ ပြောနိုင်ပါသလဲ။

ဒေါ်ခင်ခင်နှင့် စိမ့်ညိုခက်တို့သည် မပန်းနု၏ မေမေကြီးကြီးမြိုင်နှင့်အတူ အိမ်သို့ပါပါလာတတ်သော ... မိန်းကလေးတစ်ယောက်အတွက် စိတ်လက်မကြည်လင်နိုင် ဖြစ်ကြရသလို ...၊ ဒီတစ်နည်းကလွဲရင် ... ဒီအိမ်သို့ ဝင်ထွက်နိုင်ဖို့အရေး ...၊ ဗမင်းဆက်ရဲ့မေမေ အန်တီခင်ခင်နှင့် တွေ့ရပါမဲ့အရေး၊ “သူ့”ကို ခဏတဖြုတ်လောက်မှ မြင်ခွင့်၊ ပြုံးပြခွင့် ရပါမဲ့အရေး ... ရွေးစရာလမ်းမရှိ ဖြစ်နေရသည့် ဩဘာသည်လည်း ... ကိုယ့်“ခုတုံး”က ကြီးကြီးမှပဲ ဖြစ်နေရခြင်းအတွက် ... သိပ်စိတ်ချမ်းသာလှသည်တော့ မဟုတ်ပေ ...။





အလုပ်နားရက် စနေ၊ တနင်္ဂနွေတွေမှာ ... အပြင်ထွက် လည်ပတ်သွားလာခြင်း သိပ်မရှိလှတော့သော ဗမင်းဆက်မှာ ... တချို့ စနေ၊ တနင်္ဂနွေတွေမှာ ... အိမ်ရှေ့သို့ ကားထိုးဝင်ကာ ... ရောက်ရှိလာသည့် ... ဒေါ်မြိုင်မြိုင့်ကို ... လူမှုရေးအရ၊ ဆက်ဆံမှုအရ ခရီးဦးကြိုပြု၊ ဖွက်နှုတ်ဆက်၊ စကားစမြည် ခဏတဖြုတ်ထိုင်ပြော၊ ဆိုတာလောက်ကတော့ လုပ်ကိုလုပ်ရမည်။

အဲသည်လို အခါတွေမှာ တစ်ချိန်လုံး ပြုံးပြီးစိုက်ကြည့်နေတော့သည့် မိန်းကလေးကို သူ့ကြီးတော်က “ဘာကြောင့်မမီ၊ အကဲမခတ်နိုင်ရပါလိမ့် ...”ဟု ဗမင်းဆက်တို့ မိသားစုအားလုံး သက်ပြင်းတွေကိုယ်စီနှင့် ဖြစ်ကြရပါသည်။ ကြာကြာတော့ ဗမင်းဆက်ဟာ ... မတော်လိုက်ရတဲ့ ယောက်ခမလောင်းလောင်းကို ... တမင်ပဲ ရှောင်ဖယ်ပြုလို့ ... မထွက်၊ မတွေ့ဘဲနေ,နေလိုက်ရတော့တဲ့ အဖြစ်ကို ရောက်ပါရော ...။

ဒေါ်ခင်ခင်နှင့် စိမ့်တို့ကတော့ ... ညှော်သည်ပြန်သွားသည်နှင့် ... အဖြေမထွက်နိုင်သော၊ မပြီးဆုံးနိုင်သော ငြင်းခုန်ဖြစ်ခြင်းမျိုးတွေနှင့်သာ ကျန်ရစ်ကြရမြဲဖြစ်လေသည်။

“မေမေ့သူငယ်ချင်းကိုက ဘာအကြံနဲ့မှန်းမှ မသိနိုင်တာ ... လာ,လာလွှန်းတယ်၊ သူ လာတိုင်းလည်း ခေါ်,ခေါ်လာတာပဲ ...။ ဟို “ပြုံးအလှပိုင်ရှင်”ကလည်းပဲ ... သူ့လောက်ပြုံးအားကြီးနိုင်တာ ကမ္ဘာမှာ နောက်တစ်ယောက် ထပ်မရှိနိုင်တော့ဘူးနဲ့ တူပါရဲ့။ သူတို့လုပ်နေပုံတွေက ဒီကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ အရှုးလည်း ဖြစ်တယ်။ စိတ်ပုပ်မကြီးတွေလည်း ဖြစ်တယ် ... ကိုယ့်အပြစ်မရှိဘဲ ... အပြစ်ရှိသူတွေလိုလိုနဲ့ သူတို့လုပ်သမျှ ငြိမ်ခံနေရမဲ့ သဘောလည်း ရောက်နေတယ်။ အလိုက်ကမ်းဆိုးကို မသိတတ်ကြဘူး ...

မောင်လေးခများလည်း အားရက်၊ ပိတ်ရက်လေး ကိုယ့်အိမ်ကိုယ် အေးဆေးမနေရဘူး ...။ အခန်းထဲ ဝင်ပုန်းနေရတာနဲ့ ... နောက်ဖေးပေါက်က ရှောင်ပြေးရတာနဲ့ ...။ ဟိုမိန်းကလေးက စကားစပေးရင် ... အဘွားကြီးကလည်း ခေါ်,ခေါ်ထုတ်တတ်သေးတယ် ... လိမ်ညာနေရတာကိုလည်း မကြိုက်ပါဘူး ...။ သူတို့လာပြီဆိုရင် — လူမှာ မုသာဝါဒအတုံးအခဲကြီးကို ဖြစ်လို့ ..."

"မြိုင်ကတော့ ဘာမှသိတဲ့ပုံ မရပါဘူးကွယ် ... သူ့သမီးမရှိတော့တဲ့နောက် ဒီတူမလေးပဲ အဖော်ပြု အားကိုးနေမိတော့တယ် ... လို့ ပြောရှာတာ ..."

"အို ... ခုမှ ကောင်မလေးမောင်းတဲ့ကားနဲ့မှပဲ အပြင်ထွက်နိုင်ရတော့မှာလား ...။ အရင်က ဒရိုင်ဘာ ဘယ်ရောက်သွားလို့လဲ ... တမင်ပါ ...။ ပြီးကျတော့ ... ဘာသဘောနဲ့ ဒီအိမ်ပဲ လာ,လာလည်နေရသလဲ ... အဓိပ္ပာယ်က သိပ်မရှိဘူး ..."

"မြိုင်က သူအရင်က မယုံမိတဲ့အချက်ကို မပန်းနုလေးဆုံးသွားကာမှ အလန့်တကြားနဲ့ ထယုံမိတော့ပြီး ... နှ-ကြောက်ကြီးလိုလို ဖြစ်သွားရတာ ... အဲဒီနောက်ပိုင်း —





မမေတို့ကို သူ အတော်လေး ရှောင်ဖယ်လိုက်မိသလို ဖြစ်သွားရတာတွေအတွက် အပြစ်မကင်းသလို Guilty ဖြစ်ရတယ်လို့ ပြောတယ်လေ ...။ အဲဒါကြောင့် အဲဒီလို ဖြစ်လိုက်မိတာတွေအတွက် ... သင်ပုန်းချေ၊ အကြွေးဆပ်တဲ့ အနေနဲ့ ..."

"အို ... တစ်ဖက်နဲ့တစ်ဖက် ဘာအကြွေးမှ,မှ ရှိတယ်လို့ သတ်မှတ်လို့မှ မရတာ ... ဘယ်သူကမှ ဘယ်သူ့အပေါ် အကြွေးမတင်ဘူး ..."

"စိမ့်ရယ် မမေကလည်း လာနေစေချင်တဲ့ဘက်က မဟုတ်ဘူး ... မလာစေချင်တဲ့ဘက်ကပါ ...။ မြိုင် ရောက်လာတာကို စကားပြောဖော်ရလို့ နှစ်သက်မိတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီ ဩဘာ ဆိုတဲ့ ကလေးမပါ အိမ်ပေါ်ပါလာရင် တစ်မျိုး ...။ ခြံထဲမှာပဲ နေနေရစ်ရင်လည်း တစ်မျိုး ...။ ဘယ်လိုလဲဟဲ့ ... လို့ အဖြေထုတ်နေရတာနဲ့ပဲ စကားပြောရတာတောင် မဖြောင့်ပါဘူး ..."

"ဟိုအကောင်လေးကလည်းပဲ တစ်မျိုး ...။ သားသားနော် ပြောထားပါပေရဲ့ ... သူ အိမ်ရောက်လာရင် ဘာမှ ရောလားနောလား ... ခင်မင်လား ... စကားပြော ညှော်ခံလားလုပ်နေစရာ မလိုဘူး ...။ အရွယ်တူတွေ ကျနေတာပဲ — တဟီးဟီး တဟားဟားနဲ့ ...။ ငါတို့မှာတော့ စိုးရိမ်စောင့်ကြည့်လို့ ... သူ့မတော့ ပျော်လို့ ရွှင်လို့"



www.burmeseclassic.com

www.burmeseclassic.com



မစိမ့်ရဲ့ ဘယ်သူ့လှည့်ပတ်ရမှန်း မသိတဲ့ မြားဦးက လှတိုး အပေါ်လည်း ကျချင် ကျတတ်သေးတာ ...။

"ဟာ ... ဘာဆိုင်လဲ ! သားက ဘယ်သူနဲ့ ပေါင်းပေါင်း ရတယ် ... ဘာမှမဖြစ်ဘူးဆို ..."

လှတိုးကား ... ဒီတစ်အိမ်လုံးမှာ ဖြစ်ပေါ်နေတဲ့ "အယူ"ကြီးတစ်ခုကို ယုံကြည်သူတွေရယ်၊ ယုံတယ် မယုံတယ် မဟုတ် ... ဆင်ခြင်နေလိုက်ရင် ကောင်းမယ် ... ဆိုသူတွေရယ် ကြားမှာ (ခေတ်လူငယ်ကလေးမို့ထင့်) တူးတူးခါးခါးပင် မယုံမကြည်၊ ဆန့်ကျင်ကာ (တစ်ခါတစ်ရံကျ) ဟားတိုက်လို့ပင် နောက်ပြောင်ချင်တတ်သူတည်း ...။

ခေတ်ရဲ့ ကလေးငယ်တွေပီပီ ... လှပဆန်းပြား၊ ညွှန့်တက်လို့ချည်း နေကြတဲ့ နာမည်ကလေးတွေ ကိုယ်စီနဲ့ ... သူ့သူငယ်ချင်း အုပ်စုကြီးထဲမှာ သူတစ်ယောက်သာ "ရဲမိုးစက်" ဘဝကနေ "လှတိုး"ရယ်လို့ ဖြစ်နေရခြင်းကိုလည်း ... နေ့စဉ်နဲ့အမျှ မကျေမနပ်နှင့် ပြဿနာရှာတတ်သူတည်း ...။

မန္တလေးက ပုဏ္ဏားဆရာက "သူတော့ လွတ်နိုင်ပါတယ် ... ကိစ္စမရှိဘူး"ဟု ပြောထားလို့သာ တော်ပေရော့ ...။ နို့မို့ သူ့ကိုပါ ... ဇမင်းဆက်လောက် လိုက်အုပ်နေကြရင် ... အရွဲ့ပါတိုက်ပြီး ... ထင်ရာ ထ,လုပ်ပြမည့် ကလေးမျိုး ဖြစ်လေသည် ...။





"နင့်စကားပြောကို ဆင်ခြင်စမ်း ...၊ နင့်အတွက် မဟုတ်ပေမဲ့ ကိုယ့်ဦးလေးအတွက်လို့ တွက်ရင် ... ကိုယ့်မှာလည်း ဒီမိသားစုဝင်အဖြစ် ဆင်ဆင်ခြင်ခြင်နေဖို့ တာဝန်ရှိတာပဲ ..."

"ကိုယ့်ဦးလေးက ဘာဖြစ်နိုင်လို့လဲ ...။ ဖြစ်ချင်းဖြစ် သူများတွေပဲ ဖြစ်မှာဆို ...၊ သူတို့ဘာသာ အဖြစ်ခံနိုင်လို့ လာရင် ... လာပစေပေါ့ ... ဘာဖြစ်လဲ ..."

လှတိုးရဲ့ ကျောပြင်မှာ စိမ့်ရဲ့ ရိုက်ပုတ်သံတွေ "တဖြောဖြော၊ တဖြုန်းဖြုန်း" ညံသွားသည့်ကြားကပင် ...၊ ထိန်းချုပ်ရက်သည့် အရွယ်လေး ရောက်နေပြီဖြစ်တဲ့ ကလေးက ... အလျှော့တော့ လုံးဝမပေး ...။

"မမကြီးဘာက ဘာဖြစ်သလဲဗျ ... သိပ်မိုက်တာ ... စကားပြောလို့ သိပ်အဆင်ပြေတယ် ... သူ့အတွေးအခေါ်တွေကိုလည်း သိပ်ကြိုက်တယ် ... သားသူငယ်ချင်း ယောက်ျားလေးတွေရော၊ မိန်းကလေးတွေရော သူ့အကုန်ကြိုက်တယ်"

"ဘုရားရေ ... ဒါက ဘာစကားလဲ ! ... နင်တို့ အုပ်လိုက်ကြီးနဲ့ သူက ..."

"ချိန်းချိန်းပြီးတော့ ကြေးအိုးတွေ သွားစား၊ ရုပ်ရှင်ကြည့်လုပ်တာပဲ ...။ ပေါင်းလို့ သိပ်ကောင်းတာ ...။ အသက်ကွာနေတဲ့ အစ်မကြီးလို့ ဘယ်သူမှ စိတ်ထဲမရှိပါဘူး ... လုံးဝသော်ဒါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ရော မေမေပါ ရင်ဘတ်တဖိဖိ ရှိရလျှင် … အစ်ကိုကြီး နေဝန်းသက်တွင်လည်း ပြောစရာစကားများ အပြည့်နှင့် …။

"အင်း …။ သူ့အမေဘက်က ဘကြီးတစ်ယောက်ဟာ ကျွန်တော့်အလုပ်နဲ့ ဆက်ဆံနေရတဲ့ JV တစ်ခုမှာ … အစိုးရဘက်က အရာရှိကြီး ဆိုတော့ … ကျွန်တော်နဲ့လည်း ဒင်နာဝိုင်းတွေမှာ ထမင်းလက်ဆုံစား၊ စကားလက်ဆုံကျ ဖြစ်ကြတာ … နှစ်ခါလောက်တော့ ရှိပြီ …။ ခုမှ … အိမ်မှာလည်း "ဩဘာ … ဩဘာ"ဖြစ်နေတော့ အဲဒီဖြစ်စဉ်လေးကကော ထူးမလားလို့ …"

"ဟော … ဒီလိုဆိုလည်း အဲဒီကလေးမလေးက … မနက်မနက်တွေမှာ … အင်းလျားလမ်း တစ်လျှောက်က လမ်းလျှောက်ဖော်တွေထဲမှာ ငါနဲ့ စကားပြောဖော်တွေဖြစ်နေတာပဲ … အခေါက်ပေါင်း များပြီပဲ …။ နောက်မှ ဒေါ်မြိုင်မြိုင့်တူမ … ဩဘာရယ်လို့ … အိမ်ရောက်လာမှပဲ … သိရတာပဲ …"

ဖေဖေ့မှာလည်း ပြောစရာ ဇာတ်လမ်းနှင့် …။ သားသားကတော့ သူ့ကို "မပေါင်းနဲ့"ဟု ပိတ်ပစ်လိုက်မှာကို စိုးပုံနှင့် … (တကယ်တော့ ပိတ်လိုက်လည်း လိုက်နာမဲ့ကောင်မျိုးတော့ မဟုတ်ပါ …)။





"ဘာဖြစ်တုန်း … တစ်အိမ်လုံးနဲ့ တစ်နေရာစီမှာ ခင်နေတာနဲ့ပဲ … ရည်ရွယ်ချက်ကြီးပိုက်ပြီး အတင်းဝင်လာသူ ဖြစ်ရရောလား … ခင်တတ် မင်တတ်တာနေမှာပေါ့ …။ သူ့စရိုက်ကို အဲလိုပဲဟာ …။ ဘွားဘွားနဲ့ အန်တီစိမ့်ဟာ မိန်းကလေးတစ်ယောက်ယောက် မြင်ရင်ပဲ တစ်ဆိတ်ရှိ သူတို့သား သူတို့မောင်ကို လာကြိုက်ပါပြီချည်းပဲ မှတ်နေကြတယ် … ကိုယ့်လူကိုယ် သိပ်အထင်ကြီးတာပဲ … နာမည်ကြီး ရုပ်ရှင်မင်းသား၊ အဆိုတော်လည်း မဟုတ် …။ လေးလေးရဲ့ အရွယ်ကြီးလည်း ကြည့်ကြပါဦး … ဟားဟား ဟား …။ မသကာ … သားကို ရည်ရွယ်ပြီး ကပ်လာသလားလို့ … တွေးကြရင်မှ တော်သေး …"

"ကောင်လေး … နင် ဗလွတ်ရွတ်တနဲ့ ဘာမှဝင်ဆွေးနွေး မနေနဲ့ … နင့်ပါးစပ်ပိတ်။ လာတယ်လေ … အဲဒီလိုလာတိုင်း ခင်မင်တတ်တယ်ဆိုပြီး ဘာမှ အားနာနေစရာမလိုဘူး …။ ကိုယ့်ဘာသာ ပုံမှန်သံပြတ်နဲ့ ရှေ့မတိုးသာအောင် တန့်ထားနိုင်ရင် … ခင်ကြဟဲ့ မင်ကြဟဲ့ ဆိုတာ ဖြစ်လာစရာကို မရှိဘူး …။ လာတာပဲဟာ … စိမ့်ဆေးခန်းကိုဆိုလည်း သူ့အမေဘက်က တစ်မျိုးလုံး တစ်ဆွေလုံးက ညီအစ်မတော်တွေဟာ ဖျားလိုက်၊ ဗိုက်နာလိုက်၊ ခေါင်းကိုက်လိုက်၊ ဓားရှလိုက်၊ မျိုးကိုစုံနေတာပဲ …။ သူ့ဘာသာ ဘယ်လောက်လာလာ … ဘာမှ ရှေ့မဆက်သာအောင် ကိုယ်တွေဘက်က နေတတ်ဖို့ပဲလိုတယ် …"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို သူ့ညီအစ်မတွေက တကယ် မဖျားကြဘူးလား၊ ကြက်သွန်နီဥကို ချိုင်းကြားညှပ်ပြီး ဆေးခန်းရောက်လာကြတာလား။ လက်ကိုကော ဓားနဲ့ တမင်မျှားခွဲ၊ လှီး … လာကြတာလား …”

လှတိုးရဲ့ ချက်ကျလက်ကျ အမေးကို စိမ့်က မျက်စောင်းနှင့်သာ တုံ့ပြန်ပြီး ဘာမှပြန်မဖြေပါ …။

“မပန်းနုတုန်းကလည်း ဒီလိုပဲ …။ ဖွတ်တင်းထားကြတဲ့ ကြားတည်းကကို ဖွတ်လာ,လာခင်နေတာ …။ သူတို့အမျိုးတွေဟာ ဘယ်လိုဟာတွေလဲကို မပြောတတ်ပါဘူး …။ ဒါပေမဲ့ ပန်းနုကလေးတုန်းကမှ အိမ်ဝင်ထွက်တယ်၊ ဖုန်းဆက်တယ်၊ ခင်မင်တယ် ဒါလောက်ပဲ ရှိတာ …

သူ့ အလှည့်ကျမှ ပိုဆိုး …၊ တစ်အိမ်လုံးက တစ်ယောက်မကျန်ကို … နေရာအနှံ့မှာ လိုက်စည်းရုံးပြီး … ဖြန့်ကျက်သိမ်း သွင်းလာပြီးမှ … တဖြည်းဖြည်း သူ့စည်းဝိုင်းကို ကျဉ်းကျဉ်းယူလာမှာ …။ မဟာဗျူဟာ ကြီးကြီးနဲ့ကို အကွက်ချ၊ ပလန် (plan) လုပ်နေပုံမျိုးနဲ့တောင် တူလာတယ် …။ ပန်းနုနဲ့ ဖြစ်ခဲ့တဲ့ကိစ္စကိုပါ ခေါင်းထဲမထည့်ဘူး … ဂရုမစိုက်ဘူး ဆိုတဲ့ပုံမျိုး ချိုးထားတာကတော့ အဆိုးဆုံးပဲ”

“သားကိုလည်း မန္တလေးက မေမေ့အမျိုးတွေနဲ့ ပုဏ္ဏားဆရာကြီးအကြောင်း ခမ်းသားပဲ …။ ပြီးကျတော့ ယုံကြည်လက်ခံပုံမှ မရတာ …။ ကောင်းတာပဲ …။ သားက ဓာတ်လမ်း





ကြားလိုက်ရရင် … ဘေးဘီကနေ ဝင်ကြောက်ပြီး – “အောင်းမယ်လေး … ဘီလူးမျိုးတဲ့ …”ဆိုတဲ့ လူတွေကို ရွံတယ် … မုန်းတယ် …

“မဖြစ်နိုင်ပါဘူး … တိုက်ဆိုင်မှုဆိုတာ … လောကကြီးမှာ အများကြီးပဲ … ဒီ့ထက် တိုက်ဆိုင်တဲ့ ဓာတ်လမ်းမျိုးတွေတောင် ရှိသေး … ဘာမှ ခေါင်းထဲထည့်ထားစရာမလိုဘူး …”ဆိုတဲ့ လူမျိုးတွေကိုပဲ … လေးစားတယ်၊ ခင်မင်တယ် …

မမသြဘာကိုလည်း အဲဒါကြောင့်ပဲ ခင်တာ …။ အများနဲ့ တစ်ယောက် … သူ့တစ်မျိုးလုံးနဲ့ယှဉ်ပြီး … တစ်ယောက်တည်း ဒီဘက်ထွက်ရပ်နေရမယ်ဆိုလည်း … မမှုဘူး … သူ့ယုံကြည်ချက်နဲ့သူ မှန်တယ်ထင်တာကိုတော့ မပြင်ဘူးဆိုတဲ့ သူမျိုးကမှ တကယ့်လူ …”

“နင့် ဆယ်ကျော်သက် အတွေးတွေကို လာထည့် ပြောမနေနဲ့ … အဲဒီတစ်ယောက်ကလည်းပဲ ဒီအရွယ်ပဲရောက်နေပြီ … ပညာတွေလည်း သင်ထားလိုက်တာ အပြည့်နဲ့ … မိုက်ရူးရဲတုန်းလား … ကလေးကိုစည်းရုံးချင်လို့ … အဲဒါမျိုး လာအော်နေတာလားမှမသိတာ …။ အစာညီမယူနဲ့ … တစ်သက်လုံး သူများနိုင်ငံတွေမှာချည်း လျှောက်နေ,နေခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ လုပ်ပုံကိုင်ပုံတွေက … ငါတို့မျက်စိထဲမတော့ အချိုးပြေစရာကို တစ်ကွက်မှ မရှိဘူး …”

www.burmeseclassic.com



"အဲဒီလို မိန်းကလေးမျိုးမို့ပဲ သိပ္ပံနည်းကျ ..."

"တော်စမ်း ...။ အဲဒီ "သိပ္ပံနည်းကျ"ဆိုတဲ့ စကားကို အရင်ဦးဆုံး စပြောခဲ့ဖူးသူဟာ အန်တီစိမ့်ပါ သားသားရယ် ... ဒါပေမဲ့ ပြင်ချိန်တန်တော့လည်း ကိုယ့်ခေါင်းထဲက အတွေးအခေါ်တွေကို ပြုပြင်လိုက်ရပြီး ... တကယ်ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို လက်ခံလိုက်ရတာပါပဲ ..."

"ဒါပေမဲ့ ... မကြောက်တဲ့လူကမှ မကြောက်ရင် သားတို့က ကြိုအကဲဆတ်ပြနေဖို့ လိုမလို ..."

"လိုတယ် သားသား ...။ မကြောက်ဘူး၊ မယုံပါဘူးဆိုတဲ့ သူ့အစ်မက နမူနာပြသွားလို့ သူ့ကြီးတော်နဲ့ သူတို့အဖေဘက်က အမျိုးအဆွေ အကုန်လုံး ခုဘယ်လိုဖြစ်နေကြပြီလဲ ...

အဲဒီလို တစ်ခါတစ်ခါ ဖြစ်ရင်ကော ... သူတို့တင် နစ်နာတာလား ...၊ အန်တီစိမ့်တို့ တစ်မိသားစုလုံးရော ... ဘယ်လိုနာမည်ပျက်,ပျက်ပြီး ကျန်ရစ်ခဲ့ကြရသလဲ။ အဲဒီဂယက်ဟာ သားသားအပေါ်တောင် ဘယ်လောက်ရိုက်ခတ်နေသလဲ သားကိုယ်တွေ့ပါ ...

သားသူငယ်ချင်း ကလေးမလေးတွေရဲ့အမေ၊ မိဘတွေဟာ သူတို့သမီးလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကစား၊ ရည်းစားထား ဆိုတာမျိုး ဖြစ်ကုန်ကြမှာစိုးလို့— တခြားကောင်ကလေးတွေအပေါ် စောင့်ကြည့်အုပ်ထိန်းပုံ





က တစ်မျိုး ...၊ သားသားနဲ့ကျတော့ အထူးကို တင်းကျပ်၊ အမိန့်ချကြတာကတစ်မျိုး၊ ဆက်ဆံ၊ ပြောဆို၊ အုပ်ထိန်းကြပုံတွေ ... တူရဲ့လား ... သားသား ...။ အဲဒီလို တစ်ခါပြီးတစ်ခါ ... နာမည်ပျက်၊ ပျက်ပြီး 'ဟိန်း'ထွက်မလာအောင် ... ကိုယ့်မိသားစုရဲ့ 'နာမည်'ကိစ္စအတွက် ... အပြင်းအထန် ကာကွယ်ကြရမှာက မိသားစုဝင်တိုင်းရဲ့ တာဝန်ပါ ..."

စိမ့်ရဲ့ စကားတွေဟာ သားသားကို ဆုံးမသလိုလိုနဲ့ ... ဆုံးမနေရမဲ့အရွယ် မဟုတ်တော့တဲ့ ဗမင်းဆက်ကိုလည်းဆောင်း"သည့်ပင် ...။ ဗမင်းဆက်မှာ စိတ်ပျက်လက်ပျက်လည်း အတော်ကြီးကို ဖြစ်မိရသည် ...။ ကိုယ့်လာ, ခင်မင်ဖော်ရွေ ပြုံးပြနေသည့်သူမျိုးကို တင်းမာအော်ထုတ်နိုင်ဖို့ ဆိုတာက ... တော်ရုံအရွေးတောင် မလုပ်နိုင်လောက်သည့် အရာမျိုးပေ ...။ ခုဟာက သူ့ရည်ရွယ်ချက်ကို လူတိုင်းက ဒီလိုထင်နေကြပြီ ဖြစ်ပေမဲ့ ... သက်သေပြနိုင်လောက်ဖွယ် အနေအထားကျတော့လည်း မဟုတ်သေး ...။

အဲဒီမိန်းကလေးဟာ အဖေ၊ အစ်ကို၊ အမေ၊ အစ်မ၊ နောက်ဆုံး ... အငယ်ဆုံးလေးဖြစ်တဲ့ သားသား အထိပါ ... အားလုံးနဲ့ စကားပြောနိုင် ... ရင်းနှီးနိုင်ဖို့ ကြိုးစားနေသော်လည်း ... ဗမင်းဆက်နှင့်ကျ ... စကားလက်ဆုံကျနိုင်ဖို့တောင် ထပ်ကြိုးစားသောတာ မဟုတ်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျ ... သူတို့တူဝရီး လာလည်ပြီဆို ပြီး ဗမင်းဆက်က နောက်ဘေးပေါက်ကနေ ဆင်းရှောင်၊ သူက ကြီးတော်ကြီးနဲ့အတူ အိမ်ပေါ်ထိ လိုက်ပါသွားတာ မဟုတ်ဘဲ — ခြံထဲ၊ ကားထဲတင် ချန်နေရစ်တာမို့ ... ရှောင်ချင်သည့်သူနှင့်မှ "ဘွား"ခနဲတိုး ...။ အဲဒီအခါကျ ... စကားလည်း လာမဆို — အပြောနဲ့လည်း နှုတ်မဆက်ဘဲ ... ပြုံးရုံပြုံးပြနေတဲ့ ..."အပြုံး"က အတော်အခံရခက်စဖွယ် ဖြစ်သည် ...။

သူမို့ အဲဒီလောက် ခင်ခင်မင်မင် တရင်းတနှီး နားလည်မှု ကြီးမားသည့် အပြုံးမျိုးတွေနဲ့ ပြုံးပြုံးနိုင်လွန်း — အဲဒီအခါမျိုးကျ တစ်ချက်ကလေးလောက်တောင် ပြန်မပြုံးဖြစ်ဘဲ ခေါင်းညိတ်ပြရုံ တစ်ခုလောက် ပြန်တုံ့ပြန်ရတာမျိုးသည် — အားနာ၊ မျက်နှာပူတတ်သော ဗမင်းဆက်လို လူမျိုးအဖို့ ...၊ အင် မတန်မှ ပင်ပန်း၊ စိတ်ညစ်ညူးဖွယ်ပင် ဖြစ်နေရတော့သည်ပေ။

အဲဒီအချိန်မှာပဲ ... အဲဒီမိန်းကလေးဟာ ... အစ်ကို ကြီးတို့ ကုမ္ပဏီနှင့် အမြဲဆက်သွယ်နေရတဲ့ ... အစိုးရနဲ့ နိုင်ငံ ခြား ရင်းနှီးမြှုပ်နှံမှု ဖက်စပ်ပိုင် (JV)ကုမ္ပဏီတစ်ခုသို့ ... သူ့ အဆွေအမျိုး တစ်ယောက်ရဲ့ အကူအညီနဲ့ အလုပ်ပြောင်းရွှေ့ ရောက်ရှိလာပါလေတော့သည် ...။

ဗမင်းဆက်နဲ့ ဩဘာဟာ ... တစ်ပတ်မှာ နှစ်ခါ — အလုပ်သဘောအရ ... အမြဲမြင်တွေ့၊ ပတ်သက်နေရတော့မဲ့ — နေရာမျိုးမှာ ရောက်ရှိသွားသည်။ ဗမင်းဆက်မှာ ..."အစ်ကိုကြီး





အဲဒီလိုတော့ ဖြစ်နေပြီ ... ကျွန်တော့်ကို နေရာပြောင်းချင်လည်း ပြောင်း ..."ဟု အိမ်ကမိသားစုဝိုင်းမှာ ထ,အသိပေး ... ပြောကြား နေရဦးမည်လား။ ဗမင်းဆက်မှာ ... အိမ်ကလူတွေရဲ့ မိသားစု စကားဝိုင်းက အုတ်အော်သောင်းနင်းနှင့် ... ဒါပြီး ... ဒါ ...၊ ဒါ ပြီး အပ်ကြောင်းထပ် ဖြစ်နေတော့တာကိုလည်း ... သည်းမခံ နိုင်ပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ... အဲသည်လောက်တော့ ယုံကြည် နိုင်မာမှု ရှိသင့်သည်ပဲ မဟုတ်လား ...။

❤ ❖ ❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

အုပ်စုလိုက် အခန်းထဲ လှမ်းဝင်လာကြသော ကလေးမတစ်သိုက်မှာ အခန်းထဲသို့ ခြေလှမ်း သုံး,လေးလှမ်းစာမျှလောက် လှမ်းဝင်လာကြပြီးသည်၌ ရုတ်တရက် တုံ့ခနဲရပ်တန့်ကာ စကားသံတွေလည်း တိတ်ဆိတ်သွားလေသည် ...။ ဤသို့ ဖြစ်ရသည်မှာ "ဒေါ်ပြုံး"ဟု (ဗမင်းဆက် ဘာသာ တစ်ယောက်တည်း) အမည်ကျိတ်ပေးထားသော မချောကလေးကြောင့်ပဲ ဖြစ်မည်ပင်။

အလွန်တရာ့ စကားများကြလှသော ထိုအုပ်စုများ ရုံးထဲဝင်လာပြီဆိုလျှင် ဦးစီးခေါင်းဆောင် ဖြစ်ဟန်တူတဲ့ အဲဒီ ဒေါ်ပြုံးရဲ့ အသံက( အကျယ်ဆုံး မဟုတ်သော်လည်း မှတ်မိနေရပြီမို့) အကြားရဆုံး ...။ ဒါပေမဲ့ အဲဒီအသံတွေဟာ ဗမင်းဆက်ရဲ့ အခန်းနားသို့ရောက်ရင် အလိုလိုနေရင်း ခပ်တိုးတိုး ဖြစ်ကြရကွိစိကွစိ ဖြစ်ကြရ ...။ ပြုံးနိုင်သော ဒေါ်ပြုံးကတော့ ဗမင်းဆက်ရဲ့ စားပွဲဘက် ပြုံးပြုံးကြီး ခေါင်းစောင်းကြည့်သွားကာ စားပွဲတို့ကျော်ဖြတ်မည် ...။





များသောအားဖြင့်ကတော့ ဗမင်းဆက်ဟာ ... သူတို့နှင့် ကိုယ် တိုက်ရိုက်အလုပ်မရှိရင် ... မော့လို့တောင်မှ မကြည့်ဖြစ်ဘဲ ဘာသိဘာသာ နေ,နေလိုက်တာများသည်။ အဓိက,ကတော့ အဲဒီ "ပြုံးပြုံးကြီး"ကို ရင်မဆိုင်လိုခြင်း ...။ ကိုယ်နှင့်တိုက်ရိုက် အလုပ်ရှိရင်တော့ ...။ စာအပေးအယူလောက်လုပ်။ ကိုယ်နှင့် သက်ဆိုင်တာ ကိုယ်လုပ်ပေး။ ဒီလောက်နဲ့ပဲပြီးကာ စကားအထူးပြောရတယ်လို့ကို မရှိလှတာမို့ ... အချိန်လည်းမကြာ ...။ (တိုက်ရိုက်အလုပ်ရှိရင်တော့ ... အပြုံးမျက်နှာကို ရှောင်လွှဲနေလို့မရနိုင်ပေဘူးပေါ့လေ ...။)

အဲဒီဘက်ရုံးကနေ ဒီဘက်သို့ လာ,လာနေရသည့် အဲဒီအုပ်စုလိုက်ကြီးဟာ အကုန်နီးပါး ... ညီအစ်မတွေချည်း ... ဟုလည်း သိရကာ ...၊ အကုန်နီးပါးသည်လည်း (ဩဘာဆိုတဲ့ တစ်ယောက်ရဲ့ အပြောအဟောများကြောင့်ပဲ ဖြစ်မှာပေါ့) ဗမင်းဆက်ကို ... သူတို့တွေဘက်ကတော့ တစ်ဖက်သတ် သိကျွမ်းပြီးနှင့်နေကြတဲ့ ပုံစံတွေနှင့်ချည်း ...။

ဒီနေ့တော့ ဘယ်လိုဖြစ်သည်မသိ ...။ ခါတိုင်းလို နှုတ်ရှိန်တန့်ကြရုံ၊ အသံတိုးသွားရုံ၊ စစ်သားများ စစ်ချီတက်ရင်း အလေးပြုသွားကြသလိုမျိုး ဗမင်းဆက်ရဲ့ စားပွဲကို ဖြတ်ကျော်သွားကြချိန်မှာ တညီတညာတည်းကြီးတွေ ... ခေါင်းစောင်းငုံ့ကြည့်ကာ ပြုံးပြသွားကြတာမျိုးတွေ မလာဘဲ ... ရုတ်တရက်ဆိုသလို အသံကတိတ်၊ ခြေလှမ်းတွေကပါ ရပ်တန့်ကာ အပေါက်ဝတင် ကြွက်စီ ကြွက်စီ ...။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမကြည့်ပါဘူး၊ မော့မကြည့်ပါဘူး ... ဟု သတိထားထားသည့်ကြားက ဗမင်းဆက်မှာ ထိုအုပ်စုထံ အကြည့်တစ်ချက် ရောက်မိအောင် ရောက်သွားရပါလေတော့သည်။ အံ့ဩစရာပင် ... ကျန်သုံးယောက်လောက်မှာ ဩဘာကို ပတ်လည်ဝန်းရံ ညှပ်လိုက်ကြသလို ပုံစံတွေနှင့် အခန်းပြင်သို့ လူအလုံးလိုက်ကြီး နောက်ပြန်၊ နောက်ပြန် ... ပြန်ထွက်သွားကြလေသည် ...။

ဘာစတန့်လဲဟာ ...။ သူတို့ကို ဗမင်းဆက်အပြင် ရုံးခန်းထဲက တချို့တလေကလည်း "ဘာပါလိမ့်"ဟု စိတ်ဝင်တစား အကြည့်ရောက်သွားကြပါသည်။

အခန်းအပြင်ဘက်မှာတော့ ... ဩဘာက "ဩဘာကို မြန်မြန်ဝိုင်းကွယ်လိုက်ကြစမ်းပါ ..."ဟု တိတ်တခိုး အလန့်တကြား ထလုပ်တာမို့ ... လူကြည့်ခံရပြီး ... ပူးကျပ်ကျပ် ပုံစံကြီးတွေနဲ့ အခန်းပြင် ပြန်ရောက်လာကြရသော ... ညီအစ်မတစ်သိုက်တို့ရဲ့ ထောပနာသံများထဲ နစ်မြုပ်လျက် ...

"ဘာဖြစ်တာလဲ ... မဩဘာရဲ့ ..."

"ဒီမှာ ... ဩဘာ ... ထီးကြီးကိုင်လာမိလို့ ..."

"ထီး ! ဘာဖြစ်လို့လဲ ... ကားပေါ်မှာ မထားခဲ့မိလို့လား ကားကမရှိတော့ဘူး ... အိတို့ကို ချထားပေးပြီး ပြန်ထွက်သွားပြီလေ ... နောက်နာရီဝက်လောက်နေမှ တစ်ခေါက် ပြန်လာကြိုပေးမှာလေ ..."





"အဲဒါ သိပါတယ် ... သိလို့ပေါ့၊ ဒီထီးကြီးက လက်ထဲမှ ကိုင်ကိုင်ကြီး ဖြစ်နေပြီ ... ဘယ်လိုလုပ်ရတော့မလဲ မသိဘူး ...။ အစတည်းက ဒီကိုယူလာဖို့တောင် ဆန္ဒမရှိဘူး ... ယောင်ပြီး ပါလာမိတာ ..."

"ပါလာလည်း ဆက်ကိုင်ထားပေါ့ ... ရှိုးပွဲတယ်ထင်လို့လား ... ပေး ... ဒါဖြင့် အိ ကိုင်ပေးထားမယ် ..."

"ဟာ ... မရဘူး ... အဲဒီထီးက ဟိုတစ်ယောက်တွေ့လို့ မရဘူး ..."

ညီအစ်မသုံးယောက် ခေါင်းချင်းဆိုင် စိတ်ဝင်စားသွားကြသည်။ ဩဘာ၏ ကျန်ဝမ်းကွဲသုံးယောက်သည် ဘကြီးရဲ့ အစီအမံနှင့် ဤအလုပ်မှာ လေးယောက်ပူးကြီး အတူဝင်ဖြစ်လိုက်ကြပြီးတဲ့နောက်မှာ ဩဘာနှင့် အရင်းကြီး ရင်းသွားကြကာ သူတို့ရဲ့ "ဟီးရိုး"ဩဘာရဲ့ ဇာတ်လမ်းကို အစုံအလင် မသိနိုင်ကြသော်လည်း သိသလောက်နှင့် ဝမ်းသာအားရ ကူညီရိုင်းပင်းချင်သူချည်း ဖြစ်နေကြပြီ ...။

"ဘာလို့လဲ ..."

"အကြောင်းရှိတယ်ဟာ ... ဒီလိုလုပ် ... ဒီထီးကို အပြင်မှာပဲ တစ်ယောက်ကကိုင်ပြီး ရပ်စောင့်ကျန်ခဲ့ ..."

"ဟာ ... အားလုံး ကိုယ့်အလုပ်နဲ့ကိုယ် လာတာချည်းဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျန်ခဲ့မဲ့လူရဲ့ အလုပ်ကို ... ဒီသုံးယောက်တည်းက ကိုင်ရ အလုပ် အရင်ဆုံး ပြီးသွားတဲ့လူက လုပ်ကြေး ..."

"ထီးကြီးကိုင်ရစ်ပြီး ဒီနားတင် မတ်တတ်လား ..."

"အေး ... မတော်တဆ သူ အခန်းထဲက ထွက်လာရင် လည်း ကျောကုန်းနောက်ဖြစ်ဖြစ် ပို့ဖွက်ထား ..."

"သူ့ထီးကို မသြဘာက ခိုးထားမိပြီးမှ ပေါ်မှာစိုးနေတာ တော့ မဟုတ်ပါဘူးနော်"

"ဟာ ... ပြောင်းပြန် ..."

နောက်ဆုံးတော့ သူ့ကိုယ်သူ ... အလှည်ဆုံးလို့ ထင်နေတဲ့ အငယ်ဆုံး၊ အသွက်ဆုံးမကလေး ပိုးအိစိုးကပဲ ထီးကို ယူထားလိုက်ကာ အခန်းပြင်မှာ နေရစ်ခဲ့ပါတော့သည်။ ခုနတည်း က လေးယောက်ပူးဝင်လာ ... ရုတ်တရက် ပူးကပ်ကပ်ကြီးတွေ ဖြစ်ပြီး တိုးဝှေ့ပြန်ထွက်သွားကြ ...။

ပြီးကျ သုံးယောက်တည်း ပြန်ဝင်လာ ... ဆိုတော့ ဗမင်းဆက်နှင့် နည်းတူပင် အခန်းထဲက လူအပေါင်းဟာ — ဧည့်သည်အဖြစ် ရောက်လာရတဲ့ တခြားရုံးက ကလေးမများကို ပိုပြီးစိတ်ဝင်စားကြပြီ ...။

မကြာမကြာဆိုသလို လာနေရတော့ မျက်မှန်းတန်း နေကြသူတွေ၊ အလုပ်ချင်း ဆက်စပ်ကာ တွေ့ဆုံနေကျ သူတွေ နှင့် နှုတ်ဆက် ခေါ်ပြောသွားကြသော်လည်း ... ပြန်ဝင်လာတဲ့ သုံးယောက်ရဲ့ ပုံစံကလည်း တစ်မျိုး၊ တစ်ယောက် ပျောက်ကျန်ခဲ့





တာကလည်း တစ်မျိုးမို့ ... ဘယ်လောက်မှ မကြာခင် ... နှစ် မိနစ်လောက်မျှ မပြည့်ခင် ... အခန်းထဲက တစ်ယောက်စ၊ နှစ် ယောက်စဟာ တစ်ခုခု အလုပ်ရှိသလိုလို၊ ဘာလိုလိုနဲ့ အပြင်ထွက် စပ်စုကြစ ပြုပြီ ...။

"မတ်တတ်ရပ်ကျန်ခဲ့တာ ..."

"အေး ... စပ်ဖြဲဖြဲနဲ့ ... ဘာလုပ်နေတာလဲ ..."

"ဒီအခန်းထဲက တစ်ယောက်ယောက် ထွက်,ထွက်လာတာ နဲ့ သူ့လက်ထဲကထီးကို ကျောဘက်၊ နံရံဘက် ပို့,ပို့ဖွက် လိုက်သလိုလိုပဲ ..."

"ဟုတ်လို့လား ... သူ့လက်ထဲကဟာကထီး ...။ ပန်းချီ ကားလိုလို ဘာလိုလိုနဲ့ စက္ကူလိပ်အရှည်တစ်ခုပါ ..."

"ထီးပါ ... ထိပ်ချွန်ရော ... လက်ကိုင်ရော ပါတယ် ... လက်ကိုင်က ... လိပ်ခွံဆင် အဖြူနဲ့ အမည်းကွက် ..."

အဲဒီအချိန်အထိ ဗမင်းဆက်က ... ဘာကိုမှ အထူး တလည် စိတ်ဝင်စားလှသေးတာ မဟုတ်ပါ ...။ ဟို ဒေါ်ပြုံးတို့ အုပ်စုကလည်း သက်ဆိုင်ရာ လူကြီးတွေနဲ့ သွားတွေ့ပြီးမှ ... ဗမင်းဆက်တို့အခန်းကို ပြန်လာကြရမည် ဖြစ်ပေရာ ... ကိုယ့် မြင်ကွင်းအောက်မှာ ဆက်ရှိမနေတော့တာနဲ့ပဲ ... ခုနက ဖြစ်ပုံ ဆန်းနေကြသည့် သူတို့အကြောင်းသည်တောင် ... ကိုယ့်ခေါင်းထဲ သိပ်မရှိတော့ပါ ...။ အဲဒီအချိန်မှာမှ ဗမင်းဆက်က coffee သောက်ချင်လာသည်။

www.burmeseclassic.com



ဗမင်းဆက်တို့ ရုံးမှာက လျှပ်စစ်ကော်ဖီအိုး (Percolator)ကို အခန်းပြင် စကြံတွင် ခလုတ်တပ် ဖွင့်ပေးထားကာ ... နံဘေးမှာ တစ်ခါသုံးစက္ကူခွက်တွေ၊ နို့မှုန့်နဲ့ သကြားထုပ်တွေပါသော ဗန်းကလေးတစ်ခုပါ ချထားပေးသည့်စနစ်နဲ့ ရုံးသူရုံးသားများကို ... ကော်ဖီတိုက်သည့် စနစ်ကို ကျင့်သုံးပါသည်။ လူကြီးတွေပဲဖြစ်ဖြစ်၊ အကူသန့်ရှင်းရေးအဆင့်ဖြစ်ဖြစ် ကော်ဖီသောက်ချင်လာရင် ... ကိုယ့်ဘာသာ စက်ဆီသွား၊ ကြိုက်သလို ဖျော်သောက် ... တစ်ပြေးညီ။

ဗမင်းဆက်က ... ကိုယ့်ကွန်ပျူတာကို "Stand by" ခလုတ် နှိပ်ပစ်ခဲ့ကာ ... အခန်းအပြင်သို့ ထထွက်လာခဲ့မိပါတော့သည် ...။

ဗမင်းဆက်မှာ အပြင်ရောက်ရောက်ချင်း ... ခုနက အခန်းထဲကလူတွေ ပွစိစိ ဖြစ်နေသည့် ကောင်မလေးကို ချက်ချင်းပင် တန်းတွေ့ပါသည်။ ထိုကောင်မလေးသည်လည်း ဗမင်းဆက်ကို လှမ်းတွေ့သွားသည့်ပုံရကာ ... ပျာပျာသလဲ မှုပျက်ရင်း ... ဘာတွေဖြစ်နေမှန်း မသိပြီ ...။ သူတို့ပြောကြသလို စပ်ဖြဖြနှင့်တော့ မဟုတ် ... မျက်လုံးဝိုင်းဝိုင်း၊ ပြူးတူးပြဲတဲနှင့်။

ဗမင်းဆက်က ဖြစ်နိုင်ရင် ကိုယ့်အကြောင်းကို ခေါ်ပြ ကတစ်ဆင့် ... တစ်မျိုးသိထားနိုင်တဲ့၊ သူတို့အုပ်စုဝင်လည်း ဖြစ် နေတဲ့ အဲဒီညှိသည်ကောင်မလေးကို ... သူ့ဘာသာ ဘာကြီးပဲ ဖြစ်နေနေ ... ဂရုမထားဘဲကို လျစ်လျူရှုထားချင်တာပါ ...။





ခက်တာက ... သူ့ဘာသာ ဘာတွေဖြစ်နေမှန်းမသိ၊ ဂနာမငြိမ်နှင့် တွန့်လိမ်နောက်ပြန်ပြုကာ လက်နှစ်ဖက် နောက်ပစ်ထားပြီး ရွှေ့လျားနေသည့် ကလေးမကလေးဟာ ... ဗမင်းဆက် သွားလိုသည့် လျှပ်စစ်ကော်ဖီအိုး ခလုတ်ခုံနားမှာ ဖြစ်နေသည် ...။ ကြာကြာနေရင် လိမ်တွန့်ရင်း နောက်ပြန်ဆုတ်ရင်းနှင့် ကော်ဖီအိုးတင်ထားသည့် စားပွဲကို ဝင်တိုက်ကာ ... အကျိုးတောင် နည်းနိုင်သည်။

ဗမင်းဆက်မှာ မသိမသာလေး ခေါင်းယမ်းမိကာ ကော်ဖီအိုးဆီသို့ပဲ ဦးတည်ကာ လျှောက်လှမ်းသွားလိုက်ပါသည်။

ကိုယ့်ဆီ တည့်တည့်ကြီး တန်းလာနေသည့် မသြဘာရဲ့ လူကြီးကိုကြည့်ကာ ပိုးအိစိုး ခမျာမတော့ ... ဟိုဟာ လုပ်ရတော့မလိုလို ...၊ ဒီဟာလုပ်ရတော့မလိုလိုနှင့်ပါ ...။ ယောင်ယမ်းပြီး ကော်ဖီစားပွဲကြီးရှေ့ ပိတ်ကွယ်ရပ်ထားမိလျှင်တော့ ထိုလူကြီးကလည်း ... ပိုးအိစိုး ရှေ့မှာမှ တည့်တည့်ကြီး လာရပ်လျက် ...

"ကော်ဖီ ယူမလို့လား ခင်ဗျ ..."

"နေ ... နေပါစေ ... ကျွန်မ, မသောက်တော့ဘူး ..."

"ဟုတ်ကဲ့ ... ဒါဖြင့်လည်း ကျွန်တော်တော့ သောက်မလို့ ဘေးဖယ်ပေးနိုင်မလား"

ပိုးအိစိုးက နောက်ပြန်ဘေးတိုက်ကြီး ရှောင်ဖယ်လိုက်လျှင် ထိုလူကြီးရဲ့ မျက်ခုံးတွေ နည်းနည်းအတွန့်ချိုးသွားသည် ... ဟု စိတ်ထဲ ထင်လိုက်မိပါသည်။ ကော်ဖီကရားထဲမှ စက္ကူခွက်လေး တစ်ခုထဲသို့ ကော်ဖီတွေငှဲ့ပြီး ထည့်နေရာက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီလူကြီးရဲ့ မျက်လုံးတို့က ပိုးအိစိုး ထံသို့ပဲ စွေပြီးကျ ရောက်နေသလိုလို စိတ်က ထင်ပြန်သည်။

ကျွတ် ...။ ဒီထီးတစ်လက်နဲ့ သူများရှုံးလာပြီး ဟန် ပျက်နေရတာ ဘာအလုပ်လဲ ...။ ခုနကဆိုလျှင် ရှယ်တူသူစိမ်း ကောင်ကလေးများဟာ ပိုးအိစိုးကို ပြောင်ချော်ချော် ပြုံးဖြီးဖြီးတွေ နှင့်ပင် ကြည့်သွားတာ ခံလိုက်ရသေးသည် ...။ အကြောင်းရှိတယ် ဆိုတာကို မသိတော့ ... လူကို အရူးမပဲ ထင်ရင် ထင်နေကြမှာ ပေါ့ ...။ နေပါဦး ... အဲဒီအကြောင်းကကော ... ဘာလဲ ! ...။ အဲဒီလူကြီးရဲ့ထီးကို မသြဘာက နိုးဝှက်ယူထားမိတာမျိုး မဟုတ် ရင် ... ဘာကိစ္စ သူ မမြင်အောင် ဒီလောက် အကြောက်ကြီး ကြောက်ပြီး ကာကွယ်နေရဦးမှာလဲ ...။ ဟင် ... ! ဟောတော့။

အတွေးတွေ ထွေပြားနေမိသော ပိုးအိစိုးမှာ လက် ကို နောက်ပစ်ပြီး ကိုင်ဖွက်ထားရာက လျှော့တိလျှော့ရဲ အောက် ချကိုင်ထားလိုက်မိသလို ဖြစ်နေမိကာ ကျောနောက်ပဲ ပို့ဖွက်ထား သော်ငြား ... ထီးလက်ကိုင်နဲ့ ထိပ်ကဦးချွန်ခေါင်းတို့ကတော့ ... အကာအကွယ် မကျရောက်ဘဲ ... တမင်စောင်းပြီး ပြပေးထား သလို ဖြစ်သွားမိပြီ ...။ ဟိုလူကြီးကလည်း ... အဲဒီ ပေါ်ထွက်နေ တဲ့ လက်ကိုင်နဲ့ ထိပ်ဦးကိုပဲ ... စူးစူးကြီး ကြည့်နေပြီ ...။

ထိုအခိုက်မှာပဲ သြဘာတို့ တစ်သိုက်ကလည်း ဟို အခန်းထဲက ပြန်ထွက်လာကြပြီး အနားသို့ ရောက်လာကြပါသည်။ သြဘာသည် ညီမငယ် အိနှင့် "သူ"တို့ရဲ့ ဖြစ်နေကြတဲ့ အခြေ





အနေပုံစံကို အဝေးက မြင်လိုက်ရုံနှင့် ... ခြေလှမ်းတို့က ခပ်နှေး နှေး ...။ ဗမင်းဆက်ကတော့ ဟိုကလေးမလေးရဲ့ လက်ထဲက ထီးကို တွေ့လိုက်ရတာနှင့်ပဲ ... သြဘာ ဆိုတဲ့ မိန်းကလေးရဲ့ အချိုးအချိတ်တို့ကို သိပ်မနှစ်မြို့နိုင်တော့တာမို့ ... စကားပြောဖို့ ဆုံးဖြတ်လိုက်ပါတော့သည် ...။ သြဘာ အနားရောက်လာသည် နှင့် ပိုးအိစိုးထံ ဆတ်ခနဲ မေးဆတ်ပြကာ ...

"အဲဒီထီး ... မပန်းနုဆီက ရထားလိုက်တာလား ..."

"ကြီးကြီး ပေးတာပါ ... သြဘာက တောင်းယူထားလိုက် တာ ..."

"အဲဒါ ကျွန်တော် ပေးထားခဲ့တာပါ ... ကျွန်တော် ပြန်ရ နိုင်မလား"

"ဟင့်အင်း ... သြဘာရဲ့ထီးပဲ ဖြစ်နေပြီ ..."

"ဒါပေမဲ့ ..."

"မပေးချင်ပါဘူး ... ကိုဗမင်းဆက် ..."

"ဘာသဘောနဲ့လဲ ... ခုလို မမြင်စေချင်တာတွေ ဖွက်တာ တွေ ဘာတွေ ဖြစ်နေမှတော့ အဲဒါ ကျွန်တော့်ထီးဆိုတာ လည်း သိပြီးပြီဖြစ်မယ် ထင်ပါတယ် ..."

ပိုးအိစိုးက သြဘာကို မျက်စောင်းလေးတစ်ချက် ရွယ်သာ ရွယ်သာနှင့် ထီးကို အနားမှာရှိသော စားပွဲပေါ်သို့ လှမ်း ချထားလိုက်သည်။ ပြောတော့ဖြင့် ဟိုလူကြီးထီး မဟုတ်ပါဘူး ဘာဘူးနဲ့။ ခုကျတော့ အိပါ သူခိုးလက်ခံဖြစ်ရအောင် ... ဟွန့် ...။



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိစိုး လှမ်းတင်လိုက်သော စားပွဲက ဗမင်းဆက်နှင့် ပိုနီးနေသလို ရှိသွားတာမို့ … ဩဘာ ခများ လက်လှမ်းလို့မှ အချိန်မမီလိုက်နိုင်ခင် … ထီးက ဗမင်းဆက်ရဲ့ လက်ထဲသို့ပါသွားခဲ့ပြီ …။ ဩဘာရဲ့ ရင်ထဲ သိမ့်ခနဲ ဖြစ်သွားရပါသည်။

ဟင့်အင်း …။ ဩဘာက အဲဒီထီးနဲ့ ပတ်သက်လို့ အစွဲအလမ်းကြီးတယ် …။ ဩဘာ လက်ထဲက သူယူသွားခဲ့တဲ့ ဒီထီးဟာ … သူ့မိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်လေတိုင်း ပိုင်ရှင်ပြောင်း,ပြောင်း သွားရတာမို့ … ခု တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်လက်ထဲ ပြန်ရောက်ပြီးတဲ့အခါ … ဘယ်သူ့ဆီမှ မရောက်စေရတော့ …။ ထပ်မပေးနိုင်တော့ပါ …။ ဒီတစ်ခါ ဩဘာအလှည့်၊ ပြီးကျတော့ တစ်သက်တာ ပိုင်ရှင်ဟာလည်း ဩဘာပဲ ဖြစ်ရမယ် …။

ဘယ်လိုဖြစ်လို့ … ကတ်သီးကတ်သတ် နိုင်ချင်နေသလဲ မသိသည့် ဤမိန်းကလေးကို ဗမင်းဆက်က တိတ်တခိုး သက်ပြင်းတို့နှင့်ပဲ စိတ်ရှုပ်နေပါသည်။ အဲဒါကြောင့် …“မောင်ထွေးကြီး”လို့ အမည်တွင်လေတဲ့ စိမ့်ရဲ့ ပယ်ပယ်နယ်နယ် အပြောတွေကို ခံနေရတာ …။ စိမ့်တောင် သိပ်မလွန်ချင်တော့ …။ ခုကြည့်ပါလား …။ ဒီထီးကိုမှ မရမကရရမှ … သဲကြီးမဲကြီး ဖြစ်နေတာ … ထီးရုံးနဲ့ ဘာတစ်ခုခု ဖြစ်မှာမို့မျှားလဲလို့ မေးလိုက်ရင် … ကိုယ့်ဘက်ကပဲ လွန်ရာကျရဦးမည် …။





ဒီထီးအပေါ် ဗမင်းဆက်က အစွဲအလမ်း (မကြီးချင်လည်း) ကြီးမိရတော့မလို ဖြစ်နေပါပြီ …။ ဒီထီးကလေးဟာ ဗမင်းဆက်ရဲ့စိတ်ကို အမျိုးမျိုး ဆွဲဆောင်ကာ အပြစ်ကျူးလွန်စေတဲ့ထီး …။ သူခိုးတစ်ယောက်လည်း ဖြစ်လိုဖြစ်ရ၊ ကိုယ့်ရင်ထဲ နှစ်နှစ်ကာကာ ချစ်မြတ်နိုးစိတ် မရှိခဲ့လိုက်သေးဘဲနှင့် မိန်းကလေး တစ်ယောက်အပေါ်လည်း ဖွင့်ပြောလို ပြောမိ။

ပြီးကျတော့ ဗမင်းဆက် ထံမှ ဒီထီးကလေးကို အရမ်းလိုချင့်ခဲ့ကြဖူးတဲ့ မိန်းကလေးတွေဟာ ကံကောင်းခဲ့ကြလို့လား …။ ထီးနှင့်တော့ မဆိုင်ဘူးပေါ့လေ … ဒါပေမဲ့ ပြောစမှတ်တော့ ဖြစ်နေပြီ …။ ဗမင်းဆက်ဟာ ထီးတစ်ချောင်းရဲ့ ဖြားယောင်းမှုကိုလည်း ထပ်မံ မခံစားချင် …။ မြင်လိုက်တာနဲ့ တန်းတန်းစွဲ လိုချင်နေသော မိန်းကလေးမျိုးလည်း နောက်တစ်ယောက် ထပ်မံ မမြင်တွေ့ချင် …။

“အဲဒါ ဩဘာရဲ့ထီး …”

ဩဘာက အသံအက်အက်ကလေးနှင့် ဖျစ်ညှစ်ပြီး လှမ်းပြောလိုက်ပေမဲ့ ဗမင်းဆက်ကတော့ အရေးထပ်မစိုက်လိုတော့သလို … ထီးကို ခလယ်ကောင်ကကိုင်ရင်း … လှည့်ထွက်သွားဖို့ ပြင်နေပြီ …။

ကြည့်စမ်း … သူဟာ … ပိုင်ရှင်စစ် ပိုင်ရှင်မှန်ကျတော့ တင်းမာပြတ်သားနိုင်လိုက်တာ …။ သူ့အသည်း နှလုံးသားလောက်မာကြောင်း ပြသချင်ဖောတွေ ကြီးနေလိုက်တာ …။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေးတောင် ဟောင်းနေခဲ့ပြီဖြစ်တဲ့ ထီးဟောင်းတစ်ချောင်းကို သူတောင်းစားကို ပေးရသလိုမျိုး သဘောမျိုးနဲ့လောက်တောင်မှ မပေးချင် ဖြစ်နေပါလား...။ ရှေ့ရှေ့က နှစ်ယောက်နှင့်တုန်းကကျတော့ အလွယ်တကူ ...။ ဟင့်အင်း ...။ ဒါမျိုးမရပါဘူး...။

"အဲဒါ သြဘာရဲ့ထီး ... ရှင်က ... သြဘာရဲ့စက်ဘီးနောက်ဘက်က စတီးညှပ်ကလေးထဲကနေ ... လာဖြုတ်ယူသွားခဲ့တာ ..."

သူများရုံးတစ်ခုပါလား ဆိုတာတောင် သတိထားမနေတော့ဘဲ အသံခပ်အက်အက်နှင့်ပဲ ကျူးအော်ပစ်လိုက်လျှင် ... ကျောခိုင်းထွက်သွားနေပြီဖြစ်သော ဗမင်းဆက်၏ ခြေလှမ်းများလုံးဝရပ်တန့်သွားပါသည်။ သြဘာကတော့ ... ဗမင်းဆက် ရပ်လိုက်လား၊ မရပ်လိုက်ဘူးလား ဆိုတာတောင်မှ သတိမပြုမိတော့ဘဲ လက်သီးလေးနှစ်ဖက် ကျစ်ကျစ်ဆုပ်၊ ပေါင်နှစ်ဖက်ဆောသို့ကပ်ကာ ... လူလေးကတောင် မကုန်းတကုန်း ပုံစံလေးနှင့် ... ကိုယ်နှစ်သက်သည့် ကစားစရာတစ်ခု၊ သူများလက် အပါခံရတော့မည့် ကလေးငယ် တစ်ယောက်လို သွေးရူးသွေးတန်း ကမူးရှူးထိုးနှင့် ...

"အဲဒါမတိုင်ခင်ကလည်း ... ရှင် ထီးမိုးပေးဖို့လို့တော့ ... သူများထီး စိုက်ထားတဲ့ ဆိုင်ရှေ့က ပုံးထဲကနေ ဆွဲယူသွားခဲ့တာ ... အဲဒါ ပိုင်ရှင်က သြဘာ ...။ ရှင် ပုံးထဲကယူတုန်းကကော ...၊ စက်ဘီးနောက်ဘက်က ဖြုတ်ယူတုန်းကကျော့ ရှင်နားတစ်ဝိုက်မှာ သြဘာ အမြဲရှိနေခဲ့တာ ...





ရှင့်အတွက် အသုံးလိုမယ်ဆိုရင် ... ယူပါစေလေဆိုပြီးထားခဲ့တာ ... ရှင် တကယ် ကြိုက်တယ်ထင်လို့ ...။ သူများတွေကို အခါခါ အလီလီ ပေး,ပေးပစ်နေမှတော့ ... ပိုင်ရှင်အစစ်ဖြစ်တဲ့ သြဘာက ဒီတစ်ခါမှာ ကိုယ့်ဘာသာပဲ ပြန်သိမ်းထားတော့မယ် ...။ ပြန်ပေး ..."

ဗမင်းဆက်က ဆတ်ခနဲ ပြန်လှည့်လာကာ ... ထီးကလေးကို သြဘာရဲ့လက်ထဲ ... လာထိုးထည့်လိုက်သည်။ တုန်တုန်ယင်ယင်နှင့် ဆွဲယူလိုက်သော သြဘာသည် ... ဗမင်းဆက်ရဲ့တစ်မျိုးသော အကြည့်တစ်ခုကိုတော့ ရဲရဲဝံ့ဝံ့ပင် မျက်လုံးချင်းဆိုင်ပြန်ကြည့်နေနိုင်ခဲ့ပါသည်။ ဗမင်းဆက်က ... "ခွင့်လွှတ်ပါ"ဟု အသံထွက်ရုံလောက်လေးနှင့် ပြောလိုက်၏။ ပြီးတာနဲ့ ချက်ချင်းနောက်လှည့်ချပစ်ကာ မျက်ဝန်းလွှဲလိုက်သည် ...။

သြဘာမှာ "ရှင့်ကို သြဘာ သိခဲ့တာ နှစ်နှစ်ကျော်ရှိခဲ့ပြီ ..."ဆိုတာကိုပါ တစ်လက်စတည်း ထည့်ပြောပစ်လိုက်ရကောင်းနိုးနိုး၊ မကောင်းနိုးနိုး ... နှင့် မဝေခွဲနိုင်ဘဲ ရှိစဉ်မှာပင် ... တိတ်တခိုး သက်ပြင်းတွေ ကျိတ်ချနေရပြန်သော ဗမင်းဆက်က ပြန်လှည့်ထွက်သွားခဲ့ပါပြီ ...။

ခပ်ကြောင်ကြောင်တွေနှင့် တိတ်ဆိတ်ကာ ပွဲကြည့်ပရိသတ်ပဲ ဖြစ်နေခဲ့ကြသော ညီအစ်မတို့မှာ ... ဗမင်းဆက်ရဲ့ကျောပိုင် လုံးလုံးကွယ်ပျောက်သွားတော့မှပင် ... တစ်ဟန်ထိုး လှုပ်ရှားလာကြပြီးသကာလ ...



www.burmeseclassic.com

www.burmeseclassic.com



"အကယ်ဒမီရှောပဲ ... ဟိုလူကြီး ဟာ့ထ်ထိသွားပြီ ..."

"ဟာ့ထ် မထိရင်တောင် ... တစ်ခုခုတော့ ပါသွားပြီ ..."

"မဩဘာတို့ကတော့ ... သိပ်ကို ပိုင်တာပဲ ... ကွက်တိပဲ ..."

ဩဘာက တစ်ယောက်တစ်မျိုး တက်ကြွနေကြသော ညီအစ်မများကို "မထင်ပါဘူးကွယ် ..."ဟုသာ ခပ်လေးလေး,လေး ဟစ်ချက် တုံ့ပြန်လိုက်ပါသည်။

ဗမင်းဆက်မှာတော့ ကိုယ့်စားပွဲကိုယ် ပြန်ဝင်ထိုင်လိုက်ပြီးသည်အထိ ... မငြိမ်သက်၊ မငြိမ်းချမ်းနိုင်ဘဲ ဆက်ရှိနေရလေတော့သည် ...။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ထီးတစ်ချောင်းရဲ့ ဖြစ်စဉ်ဟာ ... သူ့ပိုင်ရှင်က သိသိကြီးနဲ့ ... ခွင့်ပြုပေးခဲ့တာမျိုးတဲ့ ...။

❤ ❖ ❤

ဒီဇာတ်လမ်းမှာ "လှတိုး"သည်လည်း ဇာတ်ကောင်တစ်ယောက်အဖြစ် မပါမပြီးသည့်သူ ဆိုလျှင် ... လှတိုးမှာလည်း ကိုယ်ပိုင်ဇာတ်လမ်းတစ်ခု ရှိနေတာက စပြောရတော့မည်ပင် ...။

လှတိုးရဲ့ ဇာတ်လမ်းလေးက "မေသဒ္ဒါ"ဟု မည်သည်။ မေသဒ္ဒါကား လှတိုးတို့ သူငယ်ချင်းအုပ်စုများထဲမှ တစ်ဦးပေမို့ လှတိုးတို့ မိသားစုရဲ့ လူပြောများတဲ့ ဇာတ်လမ်းကြီး





"လှတိုး ဘယ်လို လူ့ပြည်ရောက်လာသလဲ" ... ဆိုတာလောက်ကလို့ သိရှိပြီးသူဟုပင် ဆိုရမည် ...။

တစ်နေ့မှာတော့ လှတိုးက တခြားသူငယ်ချင်းတွေအားလုံးရဲ့ အလစ်မှာ မေသဒ္ဒါကို ...

"ဟိတ် ! သဒ္ဒါ ... နင့်မှာကော ဘာရောဂါ ကြီးကြီးမားမား တစ်ခုခု ရှိသလဲ ..."

"ဘာဖြစ်လို့လဲ ... နင့်မှာ ဘာရောဂါ ရှိနေလို့တဲ့လဲ ..."

"ဟာ ... ငါက ဘာဆိုင်လို့ ရှိရမှာလဲ ... နင့်မှာရှိသလား လို့ပဲ မေးတာပဲ ..."

"နင်ပဲ ... 'နင့်မှာကော'ဆို ... 'ကော'ဆိုတာကြီး ထည့်ထားတော့ နင့်မှာလည်း တစ်ခုခုရှိနေလို့ အဖော်လာစပ်တာများလားလို့ပေါ့ ..."

"တယ်ရှည်တယ်ဟာ ... ဒါဖြင့် ဘာမှမရှိဘူးပေါ့ ..."

"ရှိတယ် ... Von Willebrand disease တဲ့"

"ဟာ ... ဘာကြီးလဲ ...။ တစ်ခါမှ မကြားဖူးဘူး ..."

"အဲဒါ 'သွေးမတိတ်တဲ့ရောဂါ'လို့ လွယ်လွယ်ခေါ်တာပေါ့။ 'သွေးမတိတ်ရောဂါ'လို့ ခေါ်နိုင်တာတွေကတော့ အများကြီးရှိတယ် ... အဲဒီထဲမှာမှ ... ငါက Von Willebrand ဆိုတာလေ။ ဒါပေမဲ့ ငါက အဲဒီရောဂါအစစ် ဟုတ်မဟုတ်တော့ မသေချာဘူး။ ဘာလို့ ဆိုတော့ မြန်မာနိုင်ငံမှာ အဲဒီ Von Willebrand Factor ရှိ မရှိ၊ အနည်းအများ၊ အတိအကျ

www.burmeseclassic.com



ထွက်အောင် စစ်နိုင်တာ မရှိသေးလို့ ...။ ဗန်ကောက်တို့ စင်္ကာပူတို့ သွားစစ်ရင်တော့ ရနိုင်တယ်တဲ့ ...

ဒါပေမဲ့ ငါကတော့ တော်ရုံကွဲပြဲပေါက်ရှတာလေး လောက်နဲ့တောင် အနာက မကျက်နိုင်၊ သွေးကမတိတ်နိုင် ဖြစ်နေတော့ ... Bleeding Time သွေးထွက်ချိန် အရှမ်းရှည်ပြီး ... Clotting Time သွေးတိတ်/သွေးခဲသွားချိန်ကျတော့လည်း အရမ်းကြာနေတာတဲ့ ...။ သွားနုတ်တုန်းကတောင် သွေးတစ်ပုလင်း ပြန်သွင်းရတာသာကြည့် ... သွေးထွက်များလို့လေ ...

ပြီးကျတော့ အလကားနေရင်း နှာခေါင်းသွေးယိုလိုက်။ အရိုက်ခံထားရသလို သွေးခြေတွေ ဥလာလိုက်ဖြစ်နေတာ။ ဒဏ်ရာလေး နည်းနည်းလောက်ရရင်ပဲ သူများထက် ကြီးကျယ်ပြီမှတ် ...။ အဲဒါ အဲဒီ Von Willebrand ဆိုတာကြီး ဖြစ်နိုင်တယ်တဲ့ ...”

“နင့်ဘယ်သူက ပြောသလဲ ... ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ ... အတိအကျမှ မစစ်ရသေးတာ ဆိုရင် ...”

“သြော် ... ငါ့အမေအရင်းက ဆရာဝန်ပဲဟာကို ... သိတာပေါ့ ...”

“ရုပ်ကိုက လူမကြားဘူးတဲ့ ရောဂါမျိုးကြီးမှ ငါ့မှာဖြစ်နေတာဆိုပြီး ... ဂုဏ်ယူနေတဲ့ ရုပ်ကြီးနဲ့ ...။ အေး ... ဒါဆိုလည်း ပြီးရော ...”





“ဘာလဲဟဲ့ ... ဘာပြီးရောလဲ ...အစက စမေးတုန်းကရော ... ဘာလုပ်မလို့ မေးတာလဲ ...”

“ဘာမှမလုပ်ဘူး ... ဒီလိုပဲ မေးကြည့်တာ ...”

“နင် အေးအောင်တို့ သိရိတို့ကိုရော မေးသလား ...”

“မမေးဘူး ...”

“သိသားပဲ ... ဒါဆို ငါ့ကျမှ ဘာလို့ ကွက်မေးတာလဲ”

“နင့်ကိုမှ မေးတာက ကွက်မေးချင်လို့ပေါ့ ... ဟိုဟာတွေကို မမေးတာကလည်း မမေးချင်လို့ပေါ့ ...”

လှတိုးက မလိမ့်တပတ်နဲ့ ကွေ့ရှောင်ထွက်ခဲ့ပေမဲ့ မသဒ္ဓါ ဆိုတာကလည်း မသဒ္ဓါလေ ...။ လှတိုးလောက်မှ မလည်ရင် လှတိုးရဲ့ ကောင်မလေး ဖြစ်မလာနိုင်သည်ဖြစ်ရာ ... သူ့အပေါ် လှတိုး တစ်ယောက် မရိုးတော့ပြီဆိုတာကို ကြိုတင်နိုမိခံစားနိုင်ပြီး သူ့ ဖြစ်ရပ်မှုမက ... ကိုယ်တိုင်ကပါ အဖြေထွက်ပြီးသား အဆင်သင့် ရှိနှင့်သူ ...။

“ဒါလား မေတ္တာစစ်တာ ... ရောဂါတစ်ခုရှိတယ် ကြားရုံနဲ့ ... ငါ့ကို ကြောက်လို့ နောက်ဆုတ်ပြေး ... ဘကြီးအိမ်က ချေးစားခွေး ...”

“သြော် ... နင်တို့ဘကြီးက မွေးမဲ့မွေးတော့ ချေးစားခွေးတွေ မွေးထားသလား။ ပိုက်ဆံလည်း ရှိရက်သားနဲ့ ခွေးမျိုးကောင်း ဝယ်မမွေးဘူးနော် ... ကပ်စီးနဲ့လိုက်တာ ...”



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ ပြောမနေပါနဲ့ ... နင့်မေတ္တာက ဒီလိုလား ... မစစ်ဘူးပေါ့"

"စစ်တယ်လို့ကော ပြောမိသေးလို့လား ..."

"နင်က ရောဂါတစ်ခုခုရှိတဲ့ မိန်းမမျိုးနဲ့ရရင် ... နင် မုဆိုးဖို ဖြစ်မှာ သိပ်ကြောက်တယ်ပေါ့လေ ..."

"ဒီလိုမဟုတ်ရပါဘူး သဒ္ဒါရာ ... နင်မှမကြောက်ရင် ... ငါကကော ဘာကိစ္စ ကြောက်နေရဦးမှာလဲ ... ငါကကြောက်စရာဘာမှ မရှိပါဘူး ..."

"ဟွန်း ... ငါကကော ဘာလို့ကြောက်ရမှာလဲ ... အန့်တိစိမ့် ဆိမှာ အတိအကျ စုံစမ်းထားပြီးသား ...။ နင်မပါဘူးတဲ့ ..."

ဒီလိုနဲ့ပဲ လှတိုးနဲ့ မေသဒ္ဒါတို့ ချစ်စကားတစ်ခွန်းပင် မဆိုလိုက်ရဘဲ သမီးရည်းစား ချစ်သူတွေ ဘဝသို့ ရောက်ရှိသွားပါတော့သည်။ သူငယ်ချင်းတွေ အားလုံးသိတဲ့ ဓာတ်လမ်းဖြစ်ပေမဲ့ သူ့အိမ်၊ ကိုယ့်အိမ် နှစ်အိမ်လုံးသို့ ပြန်မပေါက်နိုင်အောင် အားလုံး ပိပိရိရိ ကာကွယ်အားထုတ်ပေးထားခဲ့ကြသည်။

ဆယ်ကျော်သက်တို့ရဲ့ အချစ်ဦးဓာတ်လမ်းပီပီ ... လူကြီးမိဘတွေ မသိအောင်ချည်း အလစ်မှာ ခိုးကြောင်ခိုးဝှက် ဆက်သွယ်နေကြရသည်ဖြစ်ရာ ... လှတိုးနှင့် မေသဒ္ဒါဟာ တစ်အုပ်စုလုံး အတူသွားလာကြရင်း နှစ်ယောက်တည်း ခိုးထွက်ဆိုတာမျိုးလောက်တောင်မှ အဖြစ်မရှိကြသေးသည့် တကယ့် ဗီဇကလေးစုံတွဲ သက်သက်မျိုးသာတည်း။





စိတ်လှုပ်ရှားစရာဆိုလို့ လူချင်း အမြဲတွေ့နေရရက်စာအပြန်အလှန်ရေး၊ ဖုန်းခိုးဆက်၊ အင်တာနက် ကိုယ်စီနှင့် လိုင်းပေါ်တက်ကာ ... ချက်တင်(Chatting)နဲ့ ပြောချင်ရာတွေ ပြောကြ၊ တစ်အုပ်စုလုံး အတူအပြင်ထွက်တုန်းမှာ ဒီနှစ်ယောက်ကတော့ ပူးကပ်ပြီး လက်တွဲထားကြ ... ဆိုတာမျိုးလောက်က လွဲရင် ဘာမှမရှိ ...။ "ငါ တစ်နေ့ ကြီးပြင်းအရွယ်ရောက်လာခဲ့ရင် ... မေသဒ္ဒါနဲ့ပဲ အိမ်ထောင်ပြုဖြစ်မယ် ..."ဆိုတာမျိုးတောင် ကိုယ်ဘာသာ တွေးထားပြီးပြီလား ...၊ မတွေးမိ မသေချာသေးဘူးလား ... လှတိုးက ကိုယ့်ကိုယ်ကိုယ်ပင် ပိုင်ပိုင်မပြောနိုင်သေးပါ ...။

အရှင်းဆုံး ပြောရရင်တော့ လှတိုးဟာ ကိုယ့်မျက်စိအောက် လာရောက်နေတဲ့ သူငယ်ချင်းမကလေးတွေထဲက ... ရင်ခုန်ချင်စရာ ကောင်းလောက်အောင်၊ စွဲမက်စရာ ကောင်းလောက်အောင် တသီးတခြား ပုံစံလေး ထွက်နေတဲ့ မေသဒ္ဒါကို သူများဦးခင် ... ကိုယ်ပဲ အရင်ဦးအောင် ... ဦးထားလိုက်ခြင်းလောက်ဆိုပါစို့ ...။

သို့ပေမဲ့ အဲဒီစွဲမက်ဖွယ်၊ ရင်ခုန်ဖွယ်ကလေးဟာ ... တစ်နေ့တခြား ဖြူပျော့ပိန်လှီသလိုလေး ဖြစ်လာ ...။ သွေးသွင်းရတဲ့ အကြိမ်အရေအတွက်က စိပ်လာ ...၊ ဘယ်ရောက်နေသလဲမေးနဲ့ ... မေးလိုက်တိုင်း ဆေးရုံမှာ ... ဆိုသလို ဖြစ်လာတဲ့အခါ ... လှတိုးရဲ့ မသေချာသေးတဲ့ "စိတ်"ကို ကိုယ့်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပြန်မြင်လိုက်ရပါပြီ ...။ ချစ်စကားဘာစ်ခွန်းမှ ဆိုစရာမလိုခဲ့တဲ့ ...၊ ခုထိလည်း သေချာကို မပြောဖြစ်ရသေးတဲ့ မေသဒ္ဒါကို လှတိုးက ... ခုအရွယ် ဆယ်ကျော်သက်၊ကလေး ဘဝကနေ — "သေတစ်ပန် သက်တစ်ဆုံး ..."ဆိုတဲ့ အ၊ဖြစ်အထိ ရည်ရွယ်မျှော်လင့်ပြီး ... ဘဝအဖော်တစ်ယောက် အဖြစ်ပါ ... ဖြစ်နေစေချင်တာပါလား ...။

ကိုယ့်ရဲ့ နှစ်ဖက်မိဘ ဘိုးဘွားတွေ ယုံစားအားထားကြသည့် "ပုဏ္ဏားတော်ကြီး"ဆိုတာကိုလည်း လှတိုးက တစ်စက်မျှ မယုံကြည်ပါ။ မိသားစုတွင်းမှာ ဆွေစဉ်မျိုးဆက် ပါနိုင်သည့် "ဝဋ်"ဆိုတာကိုလည်း နည်းနည်းလေးမှ မယုံပါ ...။ ကိုယ့်အဖေ ကိုယ့်အဒေါ်၊ ကိုယ့်လေးလေး ... အားလုံးရဲ့ တစ်ယောက်ပြီးတစ်ယောက် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်,ဖြစ်နေကြသည့် တိုက်ဆိုင်မှုကြီးများကိုလည်း "ဒါ့ကြောင့်"ဆိုတာမျိုး လုံးဝဥသုံကို မယုံပါ ...။

သို့သော် ...။ လှတိုးရဲ့ မေသဒ္ဒါလေးကိုတော့ — လှတိုးကြောင့် တစ်ခုခု ဆိုတာမျိုး "ဥပါဒါန်ကြောင့် ဥပါဒ်ရောက်" ဆိုတာမျိုးကြီး ဖြစ်ကိုမဖြစ်ချင်မိပါပေ ...။ ဘာဆိုင်လဲ ...။ အယူကို ယူရင်တောင် ... "လှတိုးက လွတ်သတဲ့"ဆိုတာကြီးက ရှိပြီးသားပဲ ...။ ဘာဆိုင်လဲ ...။ လှတိုးနှင့် ဘာမှမဖြစ်ကြ၊ မကြိုက်ကြခင်ကတည်းကပင် မေသဒ္ဒါသည် "မျိုးရိုးပါ သွေးရောဂါ" တစ်ခုဖြစ်သော ... ဘာမှန်းမသိသည့် ဟိုဟာကြီး ... က သူ့မှာ ပါလာခဲ့ပြီးသား ဖြစ်နေတာပဲ ...။





ဒါပေမဲ့လည်း ဒီပုံအတိုင်းဆိုလျှင် ရိုးမြေကျဘဝ အဖော်ဆိုတာမျိုး ဖြစ်လာနိုင်ဖို့ဝေးလို့ ... "လှတိုးနှင့် မေသဒ္ဒါ" ဆိုတာမျိုး ထုတ်ဖော်ကြေညာနိုင်ဖို့ကိုတောင်မှ မလွယ်သလိုလို နော် ...။ မေသဒ္ဒါရဲ့ မိဘများသည်လည်းလောင်း၊ အန်တီစိမ့်နှင့် ဘွားဘွားသည်လည်းကောင်း ... ဒီနှစ်ယောက်အကြောင်းကို သိလိုက်ရသည်နှင့် ... "ဩ ... ဒါ့ကြောင့်"ဟု လက်ညှိုးငေါက်ငေါက် ထိုး တစ်ယူသန်ကြတော့မည့်ပုံတွေပင် ...။

"မေသဒ္ဒါက သူ ပြောပြောနေတဲ့ Von ဘာဖြစ်တယ်ဆိုတာကြီး မဟုတ်ဘူးတဲ့ကွ ... ငါ ကြားလာခဲ့တယ် လှတိုး"

"ဟုတ်လား ... ကောင်းတာပေါ့ ... အိုကေတယ် ..."

"မအိုကေဘူး ... ဟိုဟာကြီးက ... ဘာမှမဖြစ်ရင် ... အကြောင်းတစ်ခုခုနဲ့ ... ခွဲစိတ်စရာ ဘာညာမလိုရင် သူ့ဘာသာ အေးအေးဆေးဆေး ငြိမ်နေဦးမယ် ... ခုဟာက တော့ လူကီးမီးယား (Leukaemia)တဲ့ ...။

"ထွီ ... ပေါက်ကရ ... ကိုရီးယားကား ရိုက်တာကျနေ တာပဲ ..."

"ဟ ... ငါ တကယ်ကြားလာ ..."

"ပယ်တယ် ... မယုံဘူး ..."

လှတိုးအဖို့ "အချိန်"ဆိုတာ သိပ်မရှိလှချေ ...။ "ကိုရီးယားကား ရိုက်တာကျနေတာပဲ ... ပယ်တယ်"ဟု တမင် ခေါင်းထဲကို မထည့်ခဲ့သော အရာတစ်ခုဟာ ... တကယ်လည်း

www.burmeseclassic.com



ဖြစ်နေနိုင်တာပဲ ဆိုတာ ဦးနှောက်က သိပါသည်။ တကယ်ပဲ ဆိုရင်တောင်မှ "တစ်ခုခု"ဆိုတဲ့ အချိန်မရောက်ခင် ... လှတိုးဟာ "လှတိုးနှင့် မေသဒ္ဒါ"ဆိုတာကို ... အသိုင်းအဝိုင်းနှစ်ခုလုံးတင် မှာပါမက, ကမ္ဘာပေါ်မှာပါ (ဖြစ်နိုင်ရင်) ထင်ကျန်ရစ်ခဲ့စေချင်သည်။

ဒီအရွယ် ... ကလေးသာသာဘဝမှာ စိတ်ကူးယဉ် ဆန်ဆန် ... လက်မှတ်ထိုး လက်ထပ် ဆိုတာမျိုးတွေလောက် တော့ ဖြစ်မလာနိုင်တော့မှန်း သိပေမဲ့ အကယ်၍သာ မေသဒ္ဒါရဲ့ နောက်ဆုံးအချိန်တွေ ဆိုတာ (မွှ ... မဦးမချွတ် ...)နီးစပ်တော့ မည်ဆိုရင် ... အဲဒီနောက်ဆုံးအချိန်တွေမှာ လူကြီးမိဘ အသိ အမှတ်ပြုထားပြီးသော လှတိုးနှင့်သာ ယှဉ်တွဲကုန်ဆုံးစေချင်သည်။ သူငယ်ချင်းအုပ်စုဝင်တွေထဲက တစ်ယောက် ... အဖြစ်နဲ့ကတော့ မိသားစုဝင်တိုင်းတောင် လိုက်ဝင်လို့မရတဲ့ ICU (Intensive care unit)တို့ ဘာတို့ထဲ ရောက်သွားခဲ့ပြီ ဆိုပါက ... ဘယ်လိုလုပ် ... ဘာအခွင့်အရေးမျိုး ရှိနိုင်တော့မှာလဲ ...။

ခုမှ ထ,ကြေညာပစ်လို့လည်း မရ ...။ ကြေညာ မထားရင်လည်း ကိုယ်ဟာ ဘာမှ အရေးအရာမပါ ...။ စာရင်း မဝင်သူ ...။

ဒီမှာ အဓိက လိုအပ်လာတာက ... ကိုယ့်အနေနဲ့ လုံးလုံး (တစ်စက်မှ) ယုံကြည်မထားသော ပုဏ္ဏားတော်ကြီးရဲ့ အဟောစကားများဟာ "ဘယ်နည်းနဲ့မှ မမှန်ကန်ပါကြောင်း၊





အခြေအမြစ် မရှိကြောင်း၊ ခုလက်တွေ့ မှားယွင်းပြီဖြစ်ပါကြောင်း" ကို သက်သေပြ ဖော်ထုတ်နိုင်ဖို့ပင် ...။ ခုထိက မှန်သလိုလို ဘာလိုလို ဖြစ်နေတော့ ... "မှားပါတယ်"ဆိုတာကို သက်သေ သက္ခာရနဲ့ မပြနိုင်သရွေ့ ဘယ်သူမှ လက်ခံကြမှာမှ မဟုတ်တာ။

"မှားပါပြီ"ဆိုတာကို သက်သေပြနိုင်ပြီးလျှင် ... မေသဒ္ဒါရဲ့ ရောဂါသည်းမှုသည် လှတိုးကြောင့် မဟုတ် ...။ သူ့ ဘာသာသူ ... သူ့ကံပါလို့ ... ဖြစ်ချင်လို့ ဖြစ်လာရတာ ... ဆိုတာကိုပါ အများက တစ်ပါတည်း လက်ခံနိုင်လာပြီး ဖြစ်ကြ မည်။ ဒါဆိုရင် ... "လှတိုးနဲ့ မေသဒ္ဒါ "ချစ်သူတွေပါ" ဆိုတာ ကို ရဲရဲဝံ့ဝံ့ ဟစ်အော်ကြေညာဝံ့ပြီ ... ကြေညာလို့ရပြီ ...။

အဲဒီတော့"မှားကြောင်း"သက်သေပြဖို့ ...။ ဖေဖေ လား ...။ စကားတောင် မစရဲပါ ...။ အန့်တီစိမ့် ...။ ပြောလိုက် ရင် သူ့ဘာသာတောင် သတ်သေသွားနိုင်သည်။ ဒီမှာတင် ... လှတိုးရဲ့ မျက်စိထဲ တစ်ဦးတည်းကျန်ပြီး ဖြစ်နိုင်ချေလည်း အရှိ ဆုံးလူမှာ "လေးလေး"ပင်တည်း ...။ နှစ်ခါတောင် တိုက်ဆိုင် ပြီးသား လူတစ်ဦးဟာလည်း "သုံးခါမှာလည်း တိုက်ဆိုင်ပြန်ပါ ပြီ"ဆိုတာမျိုး ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး မဟုတ်လား ...။

လေးလေး ဆိုလျှင် ဝေးဝေး ပြေးရှာနေစရာလည်း မလိုပါ ...။ သတင်းစကား၊ အတင်းစကားများကို မယုံမကြည် နှင့် သတ္တိအပြည့်ရှိနိုင်သော စေတနာ မေတ္တာရှင်ကလည်း အဆင် သင့် ...။ "မမသြဘာ"လေ ...။ မမသြဘာထံမှာ..အဆင်းသား

www.burmeseclassic.com



ပေါ်လွင်ထင်ရှားနေတော့သော မေတ္တာထုထည်ကြီးကို ... ဘော်ဒါချင်းမို့ အစင်းသိနေရတဲ့ လှတိုးဟာ တစ်ခါတစ်ခါကျ "ငါ့မေသဒ္ဒါတောင် ... ငါ့ကို အဲဒီလို အနစ်နာခံ ချစ်ပြရမယ်ဆို ... ချစ်မှ ချစ်နိုင်ပါတော့မလား ..."ဟုပင် စိတ်ပျက်ချင်ရသည် အထိပါ ...။

လှတိုးရဲ့ စိတ်ထဲမှာ ... ပထမတော့ နိုင်ငံရပ်ခြားတွေမှာ အနှစ် နှစ်ဆယ်လောက် နေထိုင်ခဲ့ရတဲ့ မမသြဘာနဲ့ ...၊ အားနာတတ်၊ ကိုယ်ချင်းစာတတ်၊ စိတ်ကောင်းလေး အတော်ရှိတတ်တဲ့ လေးလေးတို့ကိစ္စက ... ခပ်မြန်မြန်ပဲ အဆင်ပြေသွားမှာပါဟု ထင်ခဲ့ပေမဲ့ ... ထင်သလို ဖြစ်မလာခဲ့ပါ ...။ ပျော့တယ်ထင်ရတဲ့ လေးလေးက စိတ်မာတတ်ပြီး ... ရှေ့ဖွတ်တိုးပစ်မယ်ထင်ရတဲ့ မမသြဘာက ... စည်းမကျော်ချင်သည့် သူမျိုးပဲ ဖြစ်နေပုံရတော့တာလေ ...။

အဲဒီတော့ ဒီဇာတ်မှာ ကိုယ်ပဲ ရှေ့တိုးရတော့မဲ့ လှတိုးကပဲ ကုလားဖန် ကောင်းကောင်းထိုးတတ်၊ ကိုယ့်ဖဲ ကိုယ်ချိုးတတ်ရပေတော့မည် ...။ လှတိုးက လေးလေးနှင့် စကားပြောကြည့်လိုက်သည် ...။

"သားက ... သားကို ... ဘယ်သူ့ကိုမှ ပြောမပြရဘူး ... လို့ ... လူကြီးတွေကပိတ်ထားကြတဲ့ကိစ္စကို ... ခုလေးလေးကို ပြောချင်လာလို့ ..."

"ဟ ... ဘာများတုန်း ... သားသားရာ ..."

"ဟို ... မန္တလေးက ပုဏ္ဏားတော်ကြီးကိစ္စဟာလေ ..."





ဗမင်းဆက်ရဲ့ မျက်နှာမှာ ခပ်ပျက်ပျက် ဖြစ်သွားလျှင် လှတိုးသည် အခြေအနေကို စဉ်ဆက်မပြတ်အောင် အကဲခတ်နေရရာက ..."လေးလေးက ယုံနေတာလား ... သားဖြင့်တစ်စက်မှ မယုံဘူး ..."ဟု ခပ်မြန်မြန်ကြီး ပြောချလိုက်ပါသည်။

"ယုံတယ် ... မယုံတယ် မဟုတ်ပါဘူး သားသားရာ ... ဒီလိုပါပဲ ..."

"ဒါပေမဲ့ မန္တလေးက ဘိုးဘိုးဘွားဘွားတို့ ... ဒီကဘွားဘွားနဲ့ အန်တီစိမ့်တို့ကတော့ အသည်းအသန် ယုံကြည်တယ်လေ ... လက်ခံတယ်လေ ... အလကားပါ လေးလေးရာ ... အခြေအမြစ်မရှိ ... ဘယ်သူပဲဖြစ်ဖြစ် ... ဒီမိသားစုထဲ ဝင်လာသမျှ ဆက်တိုက်ဆက်ခါ သေမယ်ဆိုတာ ... အဓိပ္ပာယ်ရှိသလား"

"ထားပါတော့ကွာ ... ဒါတွေကို လေးလေးက သိပ်မဆွေးနွေးချင်လှပါဘူး သားသားရာ ..."

"ဒါပေမဲ့ တကယ့်အဖြစ်အပျက် ... လျှို့ဝှက်ချက်က ..."

လှတိုးက ဗမင်းဆက်နား ထိုးကပ်ထိုင်လိုက်ကာ ...

"လေးလေးက နှစ်ယောက်ပြီးရင် ပြီးပြီတဲ့ ..."

ဗမင်းဆက်က လှတိုးကို ကြည့်ရင်း ... ကြည့်ရင်းက ငြိုးစိစိ ဖြစ်ချင်လာသည်။ ပထမတစ်ခွန်းကတော့ မအောင်မြင်ဘဲ "ကွဲပြီ"ဆိုတာ လှတိုးက သဘောပေါက်လိုက်သည်။ ဟုတ်တာပေါ့ ..."နှစ်ယောက်ပြီး ... ပြီးပြီ"ဆိုတဲ့ စကားဟာ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ ...။ ဤအတိုင်းသာဆိုလျှင် အန်တီစိမ့်နှင့် ဘွားဘွားသည် "မောင်တိုကြီး" "သားတိုကြီး" ဆက်ဖြစ်နေစရာလည်း မလိုပေ။ သူတို့ချစ်သော မောင်၊ သားကို အဖြေကျကျဖြင့် ပျော်ရွှင်စွာ မြင်ချင်ကြသည်ချည်းမို့ လေးလေးက အင်တင်တင် ဆိုလျှင်တောင် ... သူတို့က အတင်းကို ပျော်ပျော်ရွှင်ရွှင်ကြီး ... စပ်ကာဟပ်ကာ ... နှင့် ရှိကြပေမည် ...။

"မင်းက ဘာဖြစ်စေချင်နေတာလဲ ... ဟင်း ဟင်း ဟင်း ..."

ခပ်တိုးတိုးကလေး ရယ်နေသော လေးလေးဟာ ... လှတိုးနဲ့ မမသြဘာတို့ရဲ့ ခင်မင်ကျွမ်းဝင်နေမှုကိုများ ရည်ရွယ်ရယ်မောနေတာလားဟု ... အိုးမလုံအုံပွင့် ဖြစ်ချင်ရပေမဲ့ ... လှတိုးက (ဒီတစ်မျိုးလုံးရဲ့ မူပိုင်)ကလေးငယ်လို ဖြူစင်နေတဲ့ ရုပ်ရည်လေးကိုပဲ အကာအကွယ် ယူထားသည်။

"ဘာမှမဖြစ်စေချင်ဘူး ... အန်တီစိမ့်တို့ ဖုံးထားတဲ့ တကယ့်ဖြစ်ရပ်ကိုပဲ ခုချိန်မှာ လေးဖေး သိစေချင်တာ ..."

"ပြောစမ်းပါဦး ..."

"ငါးယောက်လည်း ပြည့်ပြီ ... လေးလေးကလည်း နှစ်ယောက်ပြီး ... ပြီးပြီဆိုရင် ... ဒီတစ်ခါဆို အလှည့်ကျရောက်သူက 'လေးလေး'ပဲတဲ့ ..."

ဗမင်းဆက်ရဲ့ မျက်ခုံးတွေ တွန့်ခနဲ ဖြစ်သွားလျှင် လှတိုးသည် ကိုယ့်ဦးလေးကိုယ် မသိမသာ ပြန်အကဲခတ်ရပြန်ရင်း ... "ပုဏ္ဏားတော်ကြီးကို စွတ်ယုံပြီး ကိုယ်သေမှာကျတော့





လည်း ကြောက်တတ်လိုက်သေးသည့် လူမျိုးများ ဖြစ်နေဦးမှာလား" ဟု ပူပင်ရပါသေးသည်။

လှတိုး၏ အဖြီးခတ်လမ်းသည် မှသား တစ်ဝက်မှာ ... တကယ့် နားစွန်နားဖျားကိုလည်း တစ်ဝက်ထပ် ရောထားခြင်းပင် ...။ "ငါးယောက်"ဆိုလား ဘာဆိုလားကတော့ ကိုယ့်ကို မပြောလည်း ... တကယ်ပဲ ကြားလိုက်မိတာဖြစ်ပြီး ကျန်တာကတော့ အရေးပေါ် တီထွင်လိုက်ပြန်သည့် ကိုယ့်ခတ်လမ်း။

"ငါ ... ဟုတ်လား !... ဒီတစ်ခါသေမဲ့လူက 'လေးလေး' ပဲ ... ဒီလိုလား"

"အဲဒီသဘောပဲဗျ ... အဲဒီလိုလား ... ဒါမှမဟုတ် သားများ အရင်ရည်းစားထားလိုက်ရင် ... သေမဲ့လူက 'သား'ပဲလား မသိဘူး ..."

"ဟာ ... မင်းက လွတ်တယ်ဆို ..."

"ဒါက သား ကောင်မလေး ဖြစ်လာမဲ့သူက လွတ်မယ်လို့သာ ပြောတာပဲ ... ခုတစ်ခါအလှည့်က ဒီမိသားစုထဲကပဲ ဆိုရင်တော့ သားရော လွတ်ပါ့မလား ... အကျုံးဝင်နေဦးမှာလား ... သားက မသေချာဘူး ..."

"မင်းဟာက ဟုတ်ရဲ့လား ... မစိမ့်ဆီက တစ်ခါမှ ဒါမျိုး မကြားဖူးဘူး"

"တမင်ဖုံးထားတာ ဖြစ်မှာပေါ့ ... တော်ကြာ လေးလေးက သူများသေမယ်ဆိုရင်သာ ဆင်ခြင်ပေးမှာ ... ကိုယ်သေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့လည်း သေပါရစေဆိုပြီး ဇွတ်တိုးနေရင် ဘယ့်နှယ်လုပ်မလဲလို့ သူလည်း ပူမှာပေါ့ ... သူတို့ချင်း တခါးပိတ် ဆွေးနွေးမေးမြန်းနေကြတာကို သား ကြားသွားတယ် ထင်တော့ အရမ်းဆူတာ ... သားက ဘာမှမကြားပါဘူးလို့ ပြောလိုက်တယ် ... သူတို့ကလည်း ကြားရင်တောင် ဘာကြားကြား ... ဘယ်သူမှ ပြန်မပြောရဘူးလို့ ကျပ်ကျပ်မှာတာပဲ ..."

"ဩ ... ဒါဖြင့် မင်းက ငါ့ကို ဘာလို့ ခုလာပြောရတာလဲ"

"သားက ခု ကောင်မလေး တစ်ယောက်ကို ကြိုက်တော့မလို့ ..."

"အဲဒီတော့ ..."

"တော်ကြာ သေမဲ့လူက သားဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ ... အဲဒါ လေးလေး အရင်နည်းနည်း စမ်းသပ်ပေးတဲ့အနေနဲ့ ... လေးလေး အရင်စလိုက် ..."

"ဟင်း ဟင်း ဟင်း ... ဟော့ကောင် ... မင်းက ငါ့ကျတော့ သေစေ ... လား"

"လေးလေးပဲ ယုံကြည်တယ်လို့တော့ မဟုတ်ပါဘူးဆို ..."

"မင်းလည်းပဲ တစ်စက်မှ မယုံပါဘူး။ အခြေအမြစ် မရှိပါဘူး ... ဆို"

"ဒါပေမဲ့ ... သားက ... ခုမှ (၁၇)နှစ်ကျော်ကျော်ပဲ ရှိသေးတယ်"





"တဟင်းဟင်း" နှင့် တစိမ့်စိမ့်ရယ်နေသော လေးလေးရဲ့ပုံစံကို ကြည့်ရတာ ... လှတိုးပဲ ကိုယ်လိုရာ ကိုယ်ဆွဲတွေးမိရာကျနေမလားတော့ မသိ ...။ အမြဲတမ်း တစ်ခုခုကို စိတ်ကြီးတင်းနေသလိုလို ...၊ သတိဆွဲထားသလိုလို ... ပုံမျိုးပေါက်နေရာကနေ နည်းနည်းများ ... Relax ဖြစ်သွားနိုင်တဲ့ပုံမျိုး ပေါက်သွားသလားလို့ ...။

ဘာပဲဖြစ်ဖြစ်ပါ ...။ ပထမတစ်ခွန်းလောက် "ကွဲပြီ" ဆိုတာမျိုး မဖြစ်တော့လျှင် ဒီနေ့အဖို့က ဒီလောက်ဆိုတော်လောက်ပြီ ...။ လှတိုးက "လေးလေး စဉ်းစားထားပေါ့"ဟု တစ်ခွန်းနှင့် လှည့်ထွက်သွားတော့မလို့ရှိပြီးမှ ... ချက်ချင်းပြန် လှည့်လာကာ ...

"ဒါနဲ့ ... လေးလေးက မမဩဘာရဲ့ထီးကို သွားခိုးတာ သူ မိသွားလို့ဆို"

"ဟင်း ဟင်း ဟင်း ... မင်းဟာက မတိကျ မရေရာတဲ့ နားစွန်နားဖျား သတင်းလား ... သူကိုယ်တိုင်က မင်း ကို အဲလိုပဲ ပြောတာလား ..."

"သူကတော့ ပြောတော့ ပြောတယ် ... သားက သေချာနားထောင်မထားလိုက်မိတာ ... ဘယ်လိုဖြစ်ရတာတုန်းဗျာ ... ခု သားတွေ့သလောက်ကတော့ သူ့ဘက်က ခင်ခင်မင်မင် ဖော်ဖော်ရွေရွေနဲ့ဟာကို ... လေးလေးကပဲ ခပ်တည်တည်လိုလို ... ရှောင်ဖယ်ဖယ်လိုလိုနဲ့ ... ထီးကျမှ သွားခိုးရတယ်လို့ ... ဘာသဘောလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သူက အဲဒါ လွှန်ခဲ့တဲ့ နှစ်နှစ်ကျော်က အဖြစ်အပျက်ဆိုတာရော … ထည့်ပြောမသွားဘူးလား …"

"ဟာ … ! ဒါဖြင့် 'ရှေးဇာတ်လမ်း'ပေါ့ … 'ဟိုးရှေးရှေးတုန်းက'ပေါ့ … ဩော် … အဲဒီလိုလား … ဩော် …"

ခုနောက်ပိုင်းမှာ အရယ်အမောနည်းလှကာ … ပြုံးတောင် ကောင်းကောင်းမပြုံးတတ်တော့သလိုလို … ကိုယ့်ဦးလေးတစ်ယောက်ထံမှ … သဘောတကျ "တဟားဟား"ရယ်သံတွေ ထွက်လာခဲ့လျှင် … လှတိုးသည် ကိုယ့်အခန်းဘက်ကိုယ် ခပ်မြန်မြန် ပြန်ပြေးလာခဲ့ရင်း … မွေ့ရာကြီးပေါ် တစ်ယောက်တည်း … တက်ခုန်နေမိလေတော့သည် …။

မေသဒ္ဒါရေ … ကိုရီးယားကား မရိုက်ပါနဲ့ …၊ ဘာမှန်းမသိတဲ့ဟာကြီးကမှ နည်းနည်းသက်သာရာ ပိုရနိုင်သေးတယ်ဆိုရင် … အဲဒါကြီးပဲ လုပ်ပါ …။ တစ်နေ့ကျ ကိုယ်တို့နှစ်ယောက် လက်တွဲကြမယ် …။

❤ ❖ ❤





## အခန်း(၅)

"ကျွန်တော့်အစ်ကိုက ပြောပါတယ် … မသြဘာနဲ့ ဆိုရင် … ခုလုပ်နေတဲ့ အလုပ်က မတန်ပါဘူးတဲ့ … ဒီ့ပြင် ဒီ့ထက်မက … အတွေ့အကြုံရော၊ လုပ်ပိုင်ခွင့်ရော …၊ လခပါ ပိုရနိုင်တဲ့ … ကိုယ့်ဆီမှာရှိတဲ့ စွမ်းရည်တွေကို ထုတ်သုံးနိုင်မဲ့ အလုပ်မျိုးမှာ … သွားလုပ်သင့်တယ်တဲ့ …"

"သြဘာရဲ့ အဒေါ်ကလည်း အဲလိုပဲ ပြောတာပါပဲ … အရင်အလုပ်တစ်ခုကထွက်ပစ်ပြီး … ဒီမှာ ဝင်လိုက်တာကိုပဲ တော်တော်လေး မကျေနပ်ဘူးရယ် … ဒီမှာ သွင်းပေးမိတဲ့ သူ့အစ်ကို … သြဘာတို့ဘကြီးကိုတောင် မဆီမဆိုင် ရန်သွားလုပ်နေသေးတာ …"

သြဘာရော သူပါ "ဘာ့ကြောင့်"ဆိုတဲ့ အဖြေကို ဦးစလုံး ထုတ်နိုင်ပြီးသလိုလို ရှိနေကြလျှင် … ဘာမဟုတ်တဲ့ အလုပ်ကလေးတစ်ခုမှာ သြဘာ တစ်ယောက် လခနည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းနှင့် ဝင်လုပ်နေဖြစ်တဲ့ အဖြစ်ကို သြဘာတို့စကားဝိုင်းထဲ ဒီလောက်ထက် ထပ်ပိုပြောနေစရာ မလိုပြီ ...။

ခု ဒီအလုပ်နှင့် ပတ်သက်လို့ကတော့ သြဘာသည် အိမ်မှာဆိုလည်း အန်တီမီးနှင့် ... အရင်က အလုပ်မှာဆိုလည်း Group Leader ဖြစ်သော နိုင်ငံခြားသားနှင့် အကြေအလည် ရင်ဆိုင်တိုက်ပွဲတွေ နွှဲထားရပြီး ဖြစ်လေရာ ... ဘယ်သူဘာပြောပြော သြဘာဘက်က ဘာမှထပ်ပြောနေစရာ မရှိပြီ ...။

"လက်ရှိမှာလည်း လစာငွေကို ဒေါ်လာနဲ့ ရနေတဲ့ အလုပ် ပြီးကျတော့ အဖွဲ့က စီစဉ်ပြီးတော့လည်း သက်ဆိုင်ရာနိုင်ငံ တွေမှာ ဒီပလိုမာတွေ လွှတ်ယူခိုင်းဖို့လည်း ရှိတယ် ... အမြဲတမ်းလည်း တက်လမ်းရှိ၊ ကိုယ့်အရည်အချင်းထိ လည်း ပြလို့ရတဲ့ အလုပ်ကနေ ထွက်ပစ်မယ် ဆိုတာတော့ ရှားတာသက်သက်ပဲ ..."

"အန်တီမီးရယ် ... မြန်မာနိုင်ငံမှာ နေ ... နေချင်လို့ ... ပြန်လာပါတယ်ဆိုမှ ... တခြားနိုင်ငံတွေဆီ ဒီပလိုမာလွှတ် ယူခိုင်းမဲ့ အလုပ်မျိုးမှာ ထပ်လုပ်ချင်ပါတော့မလား ..."

"ဒါဖြင့်လည်း ... ကျုပ်တို့ကုမ္ပဏီမှာ ဝင်လျှောက်ရော ... ဒါလည်းမဟုတ် ...။ မတန်မရာတော် ... 'စာပို့'တဲ့ ... လစာကျတော့ ခြောက်တီးခြောက်ချက် ..."

"ဟိုမှာနေတုန်းကလည်း ကျောင်းစရိတ် တစ်နှစ်စာ ... တစ်ဝက်လောက်က စကော်လာရအောင်လျှောက်၊ နေ...



ထပ် လေးပုံတစ်ပုံလောက်ကို သြဘာ ကိုယ့်ဘာသာပဲ ရအောင်ရှာယူပြီး ... ဖေတို့ကို လေးပုံတစ်ပုံလောက်ပဲ ပေးရအောင် လုပ်ခဲ့ရတာပါ ... အန်တီမီးရဲ့ ... သြဘာက အစုံလုပ်ဖူးပါတယ် ... အလုပ်မရွေးဘူး"

"ဟိုမှာ မရွေးပေမဲ့ ... ဒီမှာကတော့ ရွေးလို့ရမယ်ဆိုရင် ရွေးပေါ့အေ ..."

"လစာများ 'ဒေါ်လာ'နဲ့ ရဖူးပါတယ် ... ခိခိ ... 'ကျပ်' နဲ့သာ မရဖူးသေးတာ ... လုပ်ကြည့်လိုက်ဦးမယ်လေ ... နော ..."

"အကြောင်းပြချက်ကြီးကိုက အဓိပ္ပာယ်မရှိတာ ... တစ်ခုခု တော့ တစ်ခုခုပါပဲ မိသြဘာ ... ကျုပ်ကို မမကလည်း မှာ ပါတယ် ... သူ့လို အချစ်ကို ဦးစားပေးမဲ့သူလည်း မဖြစ် စေချင်ဘူး၊ ကျုပ်လို အပျိုကြီးလည်း မဖြစ်စေချင်ဘူး ... ကြားကျအောင် ... မျှအောင် အုပ်ထိန်းပေးပါတဲ့ ..."

"ဟား ဟား ... မေက သိပ်ရယ်ရတာပဲ ..."

"ကျုပ်ကတော့ ညည်း ဘာအကြံအစည်နဲ့လဲ ... ဆိုတာ မျက်စိဖွင့် နားစွင့်ပြီးတော့ကို ရှာဖွေမှာပဲ ... မဟန်ဘူးထင် ရင်တော့ ... ပြန်ထွက်ရမယ် ... မရဘူး"

သို့သော် ... အန်တီမီးမှာ ... တစ်ဆင့်လောက်ပဲ ...တတ်ပြီး နှစ်ဆင့်ဆက်ခုန် မြင်ကြည့်ဖို့ အကြံမရှိရကား ... ...ဘာ အခုလက်ရှိ အလုပ်ဝင်ထားသည့် (ဘကြီးသွင်းပေး...

www.burmeseclassic.com

www.burmeseclassic.com



သည့်) အလုပ်ကုမ္ပဏီထဲမှာပဲ ... ဘယ်သူများ ရှိမလဲ ... ဘယ်တစ်ယောက်များလဲ ... စသဖြင့် ပိုက်စိပ်တိုက် ဖြစ်နေကာ ... အလုပ်ချင်းဆက်စပ်၊ ပတ်သက်နေသည့် တခြားကုမ္ပဏီ၊ ရုံးခွဲများအထိပါ လိုက်ပြူးကြည့်မိဖို့ ... မမေ့တတ်နိုင်ရှာပေ ...။ ညီအစ်မများကလည်း လုံးဝဥသုံ နှုတ်လုံကြပါသည်။

အန်တီမီး ခမျာ သူ့ဘာသာလည်း စုံစမ်းမရ၊ ညီအစ်မတော်များကလည်း နှုတ်လုံကြ၊ စနေ တနင်္ဂနွေများဆိုလည်း အဖေ့ဘက်က ကြီးတော်ကြီးနဲ့ပဲ ပါပါသွား ဆိုတော့ကာ ... မေမေ့ထံ ပြန်ပို့နိုင်ဖို့ ဘာသတင်းမှ အစအနမရသလို ဖြစ်နေရရှာတော့သည်။

ဒါပေမဲ့ ... ကိုယ့်အရည်အချင်းလည်း ဘာမှပြလို့မရ၊ အလုပ်ခွင်ထဲမှ ပညာလည်း ပြန်မရ၊ လခကလည်း မဖြစ်စလောက်မျှသာသော အလုပ်တစ်ခုဟာ ... ခု ... အကျိုးရှိကြောင်း လက်တွေ့ပြလာခဲ့ပြီလေ ...။ အားနာတတ်မဲ့ ဖြူဖြူစင်စင်ရုပ်ရည် ကလေးနဲ့ပဲ ... အသည်းကတော့ မာ,မာနိုင်လွန်းတဲ့သူဟာ ... ရှ နည်းနည်း ပြောင်းလဲလာခဲ့ပြီ ...။

ရန်ပုံငွေဈေးပွဲတော်ရဲ့ နောက်ပိုင်းမှာ စကားအပြ အလှန် ထပ်မပြောဖြစ်ကြတော့တဲ့ အခြေအနေကနေ ... ခု ... သူကပင် စတင်ကာ စကားစကြည့်ဖို့ လိုလားလာခဲ့ပြီ ...။ ဩဘာ ကသွားစ,တာ မဟုတ်ရပါဘူး ...။ သူကပင် စတင်လာတာပါ ... ကဲ ... ကြည့်ပါလား ...။





"မဩဘာကို ... တောင်းပန်စရာ တစ်ခုရှိသေးတယ် ..."

"ဘာများပါလိမ့်ဟင် ..."

"ဟိုထီးတစ်ချောင်းနဲ့ ပတ်သက်လို့ပါ ... သိပ်နောက်ကျနေပြီလားတော့ မသိဘူး ... အဲဒီတုန်းက ကျွန်တော့်အပြုအမူက ... သူခိုးဂျပိုး တော်တော်ဆန်သွားတာပဲ ..."

"ဩော် ... ခိုးတာမှ မဟုတ်တာဘဲရှင် ... သူခိုးဘယ်ဟုတ်ပါ့မလဲ ... ဂျပိုးကတော့ မပြောတတ်ဘူး ... လဲတာဆိုတော့လေ ... သူခိုးမဟုတ်ရင် ... ဂျပိုးလို့ ... အဲလို ခေါ်နိုင်သလား ... သိပ်မသိလို့ ..."

"ဒါဖြင့် ... ကျွန်တော့် Rain coat ကတော့ ..."

"ခုထိ ဩဘာ ဆီမှာပဲပေါ့ ... အသစ်အတိုင်းပဲ ရှိသေးတယ် ... ဟိုမှာက မိုးလည်း သိပ်မရွာတော့လေ ... မသုံးဖြစ်လှပါဘူး ... ဘာလဲ ... ဩဘာဆီ ဟိုထီးပြန်ရောက်ပြီပဲ ... Rain coat ပြန်ပေးလို့ တောင်းမလို့လား ... မပေးဘူးနော် ...။ အစောတုန်းကတော့ ပြန်မတောင်းဘဲနဲ့ ... ပေးပြီးစလစ်လို့ သဘောထား,ထားပြီးသား ..."

"မတောင်းတော့ပါဘူးဗျာ ... ဒါပေမဲ့ ... 'အစောတုန်းကတော့' ဆိုတာက ဘာလဲ"

"ပြန်မှ မဆုံဖြစ်ကြတာ ဘယ်လိုလုပ် တောင်းမလဲ ... လို့ ပြောမလို့လား ... ဟင့်အင်း ... မဟုတ်ဘူး ... ဩဘာက အဲဒီ ဝါထိန်တောက်ကိုဝတ်ပြီး ကိုဇမင်းဆက်ရဲ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လာရပ်ပြီးတော့တောင် ... ကိုဇမင်းဆက်နဲ့ စကားပြော သွားပြီးသား ... အဲဒီတုန်းကမှ ... ပြန်မတောင်းပဲ ..."

ဇမင်းဆက်က ဩဘာ့ကို မျက်ခုံးနှစ်ဖက် ပင့်တင်ကာကြည့်လျှင် ဩဘာသည် ... ရင်ထဲမှာ လိပ်,လိပ်တက်လာမိသော ... အသည်းယားစိတ်နှင့် ... မြတ်နိုးခင်မင်မိသောစိတ်တို့ကို တနင့်တပိုးကြီး ပြန်,ပြန်မျိုချနေရရင်း ...

"အဲဒီတုန်းက ကိုဇမင်းဆက်က နိုင်ငံခြားဘာသာသင် တက္ကသိုလ်မှာ တက်နေတယ် ... ဩဘာက ... ကိုဇမင်းဆက်ရဲ့ ကျောင်းသားကတ်ကို ကောက်ရတာ ..."

ဇမင်းဆက် ကြည့်ရတာ ... လုံးလုံးမှတ်မိပုံ မရှိပါ။

"မမှတ်မိဘူး မဟုတ်လား ..."

"ဟုတ်တယ်ဗျ ..."

"ထားလိုက်ပါ ..."

ဩဘာကား ..."အဲဒီတုန်းက မပင်ကီကတော့ ... ဟိုထီးကလေးနဲ့လေ ..."ဆိုတဲ့ အစဖော် ... နောက်ကြောင်းလှန်စကားမျိုးကိုတော့ ဘယ်တော့မှ ပြောမည့်သူ မဟုတ်ပေ ...။ ဩဘာ ဖြစ်ချင်တဲ့ ဆန္ဒက ကိုဇမင်းဆက်ရယ် ... ဩဘာက ရွှေရုပ်ထီးကလေးနဲ့ ... ဆိုရင် ကိုဇမင်းဆက်ကိုလည်း အဲဒီ ဝါထိန်ထိန် Rain coat ကို ဩဘာကိုယ်တိုင်က ခြုံလွှမ်းပေးလို့ ...၊ နှစ်ယောက်သား ရန်ကုန်မိုးထဲမှာ ... ဆိုတဲ့အဖြစ်မျိုးကို ... မျှော်လင့်





မိသေးတာကိုး ...။ အဲဒီလိုသာ ဖြစ်လာနိုင်ခဲ့မယ် ဆိုရင်တော့ မိုးကာအဝါဟာ သူ့ပိုင်ရှင်မှန်ဆီ ... ပြန်ရောက်လာပါလိမ့်မယ်။

ဇမင်းဆက်မှာတော့ ... "နောက်ကြောင်း"တွေ တစ်ချက်ပြီးတစ်ချက် အများကြီး ရှိနေပုံရတဲ့ ကိုယ့်ရှေ့က ကောင်မလေးကို ကြည့်ကာ ... ကိုယ့် စိတ်အစဉ်တို့ကလည်း "ခင်ခင်မင်မင်ရှိဖို့တောင် မလိုပါဘူးကွာ ..."လို့ ထား,ထားလို့ မရနိုင်တော့ပြီမှန်း သိလာရပါသည်။

သားသားရဲ့ သွေးထိုးလှုံ့ဆော်မှုကလည်း ... ကိုယ့်စိတ်သဘောထားကို ယိမ်းယိုင်ပြောင်းလဲစေနိုင်ခဲ့မှန်း ဇမင်းဆက်က ရိပ်မိသည်။ ကလေးရဲ့စကားသာ အတည်မှန်ခဲ့ပါရင် ... သူပြောသလို ... "သား အရင်မစရဲလို့ လေးလေး အရင်စပေး ..." ဆိုတာမျိုးကြီး အထိတော့ လိုက်နာနေစရာ မလိုပေမဲ့ ... ဇမင်းဆက်ဟာ "သူ့စိမ်းမိန်းကလေးဆိုရင် ... ဝေးနေအောင် ရှောင်မှ"လို့ စိတ်ကြီး အမြဲသွင်း ... တင်းထားနေစရာလည်း လိုမှမလိုပဲလေ။

"ဒီတစ်ခါ သေမှာကတော့ ကိုယ်တိုင်ပဲ"ဆိုတာကြီးဆို ယုံတာ မယုံတာထက် ကြောက်စိတ်ရယ်လို့ တစ်စက်မှမရှိတာတော့ သေချာပါသည်။ ပြောရမယ်ဆိုရင် ... ဇမင်းဆက်ဟာ ကိုယ်ကိုယ်တိုင်ရဲ့ ဘဝကို မပြောပါနဲ့ ...။ အစ်ကိုကြီးနဲ့ မစိမ့်တို့ နှစ်ယောက်ကို ကြည့်မြင်နေရတာသည်ပင် ... "စက်ရုပ်ကြီး"တွေ ဆန်လွန်းလှသည်ဟု ထင်မြင်နေမိတော့တာ ...။ ကိုယ်သည်လည်း ဘာထူးသလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ် ကြီးကြပြီဖြစ်သော မိဘတွေ စိတ်မကောင်း ဖြစ်ကျန်ရစ်ကြရမှာ စိုးလို့သာ ... သူတို့ထက်အရင် ... ဒီလောကကြီးထဲက ထွက်ခွာသွားရမှာမျိုးကို အလိုမရှိသေးဘဲ ဖြစ်ချင်ဖြစ်ရမည် ...။ နို့မို့လို့ကတော့ ... ပျော်ရွှင်ဝမ်းသာနေပျော် ရမဲ့ အလှည့်အပြောင်းမျိုးကျတော့ ... တစ်ခါတစ်ရံမှ မရှိပေးပါဘဲနှင့် ... ဝမ်းနည်းပြီးရင်း၊ စိတ်မကောင်းပြီးရင်း၊ နေမပျော် ... အနေကျပ် ... အပြစ်မကင်းတို့သာ ဆက်တိုက်ဖြစ်နေရရင်း ... အသက်ဆက် ရှင်သန်နေရဦးမယ်ဆိုတာ ... ဘာများအဓိပ္ပာယ်ရှိရဦးတော့မလဲ ...။

ဗမင်းဆက်ကား ... ကလေးစကားကို ယုံတာမယုံတာ၊ လက်မခံတာ ခံတာထက် ... အဲဒီသတင်းကို ကြားပြီးလိုက်တဲ့အခါမှာ ... ကိုယ့်အတွက် (အဲဒီလိုပဲ ထင်မိတာပဲလေ)ပြုံးပြုံးနိုင်လွန်းတဲ့ ဒေါ်ပြုံးကို အရင်ဦးအောင် ခေါင်းထဲရောက်မိပြီး ... "မပတ်သက်ချင်ဘူး"ဆိုတဲ့ စိတ်တွေ အတော်ကြီး လျော့ပါးပျောက်ပျက်သွားခဲ့ရတာ ...။ နောက်အခေါက်တွေ သူ ရုံးရောက်ရောက်လာတော့ ... သူ့အပြုံးကို ကိုယ်က တုံ့ပြန်ပြန်ပြုံးပြ ...။ အဲဒီကမှတစ်ဆင့် စကားစ ...။ အဲဒီကမှတစ်ဆင့် ... စကားလက်ဆုံကျ ...။

"ရပါတယ်ဗျ ... Rain coat ကတော့ ယူပဲ ယူထားလိုက်ပါတော့။ ဒါပေမဲ့ ... ဟိုထီးကတော့ ... အဲ ... ဟောင်းနေပြီဆိုရင် ဆက်သုံးနေဦးမှာလား"





"ဘာဖြစ်လို့လဲဟင်"

"အာ ... ဘာမှမဖြစ်လှပါဘူး ...။ မဆိုင်ပါဘူး ..."

"ကိုဗမင်းဆက်က အယူသည်းတတ်သလားဟင် ..."

"မသည်းချင်ပါဘူးခင်ဗျ ...။ ဟုတ်ပါတယ် ... တစ်ခုခုဆိုရင်တောင် ထီးနဲ့ကတော့ ... ဘာအကြောင်းမှ မသက်ဆိုင်ပါဘူး ..."

"ဒီလိုလည်း ဖြစ်နိုင်ပါတယ် ကိုဗမင်းဆက်ရယ် ...။ ဩဘာကလေ ... 'ကျော့'ပြောတာမျိုးတော့ မဟုတ်ပါဘူး ... ဒါပေမဲ့လေ ... အဲဒီထီးဟာ ... မူလပိုင်ရှင်အစစ်အမှန်က ဩဘာပဲမို့လို့ ... ဩဘာသာ ပိုင်ဆိုင်ထိုက်တာမျိုးမို့လို့သာ ... ဘယ်သူ့ဆီ ကံပြောင်းပြီး ရောက်သွားသွား ... နောက်ဆုံးကျတော့ ဩဘာ ဆီပဲ ပြန်ရောက်လာရတာ မဖြစ်နိုင်ဘူးလားဟင် ...။ ဩဘာနဲ့မှထိုက်ရင် ... ဒီတစ်ခါတော့ ပိုင်ရှင်နောက်တစ်ယောက် ထပ်မပြောင်းနိုင်တော့တာမျိုး ..."

ဩဘာမှာ ပြောရင်းက ဝမ်းနည်းလာရသဖြင့် ... ကိုယ့်စကားကိုယ် ရပ်ပစ်လိုက်ပါသည်။ ထီးအကြောင်းပြောနေသော်လည်း ... အဲဒီထီးဟာ ဘာကို နိမိတ်ဆောင်အဖြစ် ... သတ်မှတ်ထားမိသေးလဲ ဆိုတာ ... သူ သိချင်လည်း သိနေနိုင်သည်ပဲလေ ...။ "ထိုက်သူ"ဆိုတာ နှစ်ယောက်မရှိနိုင်ဘူးဆိုတာ ... ယုံထား ...။



www.burmeseclassic.com

www.burmeseclassic.com



သြဘာရဲ့ မျက်နှာလေး တစ်မျိုးဖြစ်ပြီး မဲ့တဲ့တဲ့လို လို ဖြစ်သွားတာ...၊ စကားကိုပါ ရပ်ပစ်လိုက်တာ... ဇမင်းဆက်က ရိပ်မိလိုက်သည်။ အဲဒါကြောင့်လည်း တမင်ပင်...

"ကျွန်တော်က... မသြဘာကို... 'ဒေါ်ပြုံး'လို့ နာမည်မှည့်ထားတယ်ခင်ဗျ..."

"ဟား ဟား... အရှမ်းရယ်ရတာပဲ... 'ဒေါ်ပြုံး...' ဘာကြီးလဲ !..."

သြဘာရဲ့စိတ်က ချက်ချင်း အရွှင်စာတ်သို့ ပြန်ရောက်သွားပါသည်။

"ပြုံး,ပြုံးနိုင်လွန်းလို့လေ...။ ကျွန်တော်တို့ရုံးခန်းထဲမှာ တစ်ခါ ကျွန်တော်က...'ဒေါ်ပြုံးတို့ ရုံးဘက်က လာပို့ထားတဲ့ စာလေး ယူလာခဲ့ပေးပါ...'လို့ လွှတ်ခနဲ ယောင်ပြီး ထွက်သွားမိတော့... တစ်ခန်းလုံး 'ဝါး'ခနဲ ပွဲကျသွားကြတာ...။ ဘယ်သူ့ကို ရည်ညွှန်းပြီး ပြောမိလိုက်သလဲ ဆိုတာလည်း လူတိုင်း တန်းသိနိုင်တာကိုး...။ အဲဒီနောက်ပိုင်းတော့... အဲဒီရုံးဘက်နဲ့ ဆက်သွယ်စရာ...၊ တစ်ခုခုမှာကြားပြောဆိုစရာရှိရင်... ကျွန်တော်တို့ရဲ့ အသုံးအနှုန်းက... 'ဒေါ်ပြုံးတို့ရုံး'ပဲ..."

"ကြည့်စမ်း... မသိရဘူး... ကြည့်..."

"ကျွန်တော်က ရှေ့တင်တော့ မပြောမိစေနဲ့လို့ တင်းတင်းကျပ်ကျပ် ကန့်ကွက်ထားတယ်..."





"ဒေါ်ပြုံး...၊ ဒေါ်ပြုံး... ဟား ဟား... မိုက်တောင်မိုက်တယ်... နာမည်က... ဘာဖြစ်လဲ...။ ပြုံးတာက မဲ့တာထက် မကောင်းဘူးလား... ကောင်းသားပဲဟာ"

"ကောင်းပါတယ်... မကောင်းလို့ ပြောဟာတော့ မဟုတ်ပါဘူး..."

"အပြုံးရော အမဲ့ရောက ကူးစက်တတ်တယ် ဆိုတာ... ကိုဇမင်းဆက်ပဲ သြဘာကို ညွှန်ကြားပြသပေးခဲ့တာ... အဲဒီနောက်ပိုင်း သြဘာက... ကိုယ့်ဆီက အပြုံးတွေ သူများကို ကူးစက်စေချင်ရင်... သူများကိုလည်း လိုက်ပြုံးလာမိစေချင်ရင်... ကိုယ်ကစလို့... တအားကြီးပဲ... စပြုံးထားလိုက်တော့တယ်..."

"ဗျာ... ကျွန်တော် !"

"ဟုတ်ကဲ့... သြဘာ စသိဖူးခဲ့တဲ့ ကိုဇမင်းဆက်ကလည်း တကယ်တော့... 'ဦးပြုံး'ပါပဲလေ...။ အင်း... တူတူကြီး ဖြစ်နေတာ မကောင်းဘူးထင်တယ်...။ အဲဒီတုန်းကဆို ကိုဇမင်းဆက်ရဲ့ နာမည်က 'ဦးပြုံးရီ'ပေါ့ ဟုတ်တယ်... အဲဒီအတိုင်းပဲ...။ ဘေးလူတွေကိုပါ အပျော်ကူးစက်ပြီး စိတ်ချမ်းသာစေနိုင်တယ်...။ သြဘာလည်း ကူးစက်ခံရပြီး... ကိုဇမင်းဆက်နဲ့ တွေ့ပြီးတာနဲ့... မပြုံးသင့်တဲ့ အချိန်တွေ နေရာတွေမှာပါ လိုက်ပြုံးနေမိလို့... မနည်းတောင် သတိထားပြီး ဘရိတ်အုပ်ယူရတယ်..."



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဩဘာကို နည်းကောင်းတစ်ခု ညွှန်ပြပေးခဲ့ဖူးတဲ့သူက ... မပြုံးတောင် မပြုံးတတ်တော့သလိုပဲ ...။ *အဲဒီတုန်းက ကိုဗမင်းဆက်တို့ကို ကြည့်ပြီး ကိုယ်လည်း*လိုက်စိတ်ချမ်းသာခဲ့ဖူးလို့ ... ခုတစ်ချိန်ကျတော့ ... မပြုံးတတ်တော့တဲ့ ကိုဗမင်းဆက်ကို ... ဩဘာက ပြန်ဆွဲဆောင်ကြည့်တာ ...။ ပြန်ပါလာမလားလို့ပါ ... ပြန်ကူးစက်နိုင်ဦးမလားလို့ ...”

အင်း ...။ ပြန်ထည့်မပြောဖြစ်မိအောင် သတိထားပါ့မယ် ဆိုကာမှ ... ငါ့နှယ်နော် ... “ကိုဗမင်းဆက်တို့”လို့ ပြောလိုက်မိပြန်ပြီ ...။ ဗမင်းဆက်ကား သူ့ဘက်က ဘာဆက်ပြောရမှန်း မသိတော့ရင်၊ နေရထိုင်ရ အနည်းငယ် ခက်သွားလျှင်၊ တစ်မျိုးကလေး ဖြစ်သွားရင်၊ မျက်ခုံးနှစ်ဖက်ကို ပင့်,ပင့်တင်ထားတတ်လေသည်။

အဲဒါကိုပဲ အသည်းက ယားတာ ...။ အဲဒီ ပင့်တင်ထားတတ်တဲ့ ထူထူနက်နက် ... မျက်ခုံးတစ်စုံကို ဖြစ်များဖြစ်နိုင်ရင် ... လက်ညှိုးလက်မ နှစ်ဖက်တို့နှင့် သွားညှပ်ကိုင်ကာ ... ကိုင်လှုပ်ပစ်လိုက်ချင်သည် ...။ ခဏ, ခဏ ... ပင့်ပင့်လေး လုပ်, လုပ်ကြည့်မနေပါနဲ့ ...။

“မန္တလေး မသွားဘူးလား ...”

“ခင်ဗျာ ...”





“ဩော် ... မန္တလေးက ဒီရုံးခွဲအတွက် ... တစ်လတစ်ခါလောက် သွားရတတ်တာရှိတယ် မဟုတ်လား ... အဲဒါ ... ကိုဗမင်းဆက်ကော မသွားဘူးလားလို့ ...”

“ဟို ... သွားနေကျလူ ရှိတယ်လေ ... ခရီးက သူပဲထွက်တာဆိုတော့ ...”

“တစ်ခါတလေလောက် ... ဦးနေဝန်းသက်ကို ပြောပြီး ... ကိုဗမင်းဆက်ပဲ သွားကြည့်လိုက်ပါလားလို့ ... ဩဘာတောင် ဩဘာတို့ရုံးက အန်ကယ်ချမ်းကို ... ဒီတစ်ခါ လွှတ်မယ်ဆိုရင် ဩဘာကို လွှတ်ပါလို့ ပြောကြည့်မလားလို့ ...”

“ဗျာ ... ဟို ... အဲ ... အတူတူ ... ချိန်းပြီးတော့ ...”

“အာ ... မဟုတ်ပါဘူး ... ကိစ္စရှိချိန်က တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မှာပေါ့ ... အတူတူသွားဖို့ မလိုပါဘူး ... တစ်ယောက်စီ တစ်ချိန်စီပဲပေါ့ ... ဒါပေမဲ့ ... ဟိုလေ ... ဟို ... ဘယ်လိုပြောမလဲ ... ကိုယ်တိုင် သေချာပြန်မေးကြည့်ချင်ရင်လည်း ရနိုင်တာပေါ့လို့ ... အဲဒါပါ ...

ကိုယ့်ဘာသာတော့ တစ်ခါမှ တိုက်တိုက်ဆိုင်ဆိုင် တိတိကျကျ မေးမကြည့်မိရသေးဘူးမဟုတ်လား ...။ အလုပ်ကိစ္စနဲ့လည်းသွားရင်း ... ကိုယ့်ဇာတာလေးလည်း ပြန်စစ်လိုက်ရင်းဆို အပြောင်းအလဲလေး သိရတာပေါ့လို့ ...။ ဩဘာတောင် အယူလည်းမရှိ၊ လက်ခံတယ်လည်း မဟုတ်ပေမဲ့ ... ဆုံတော့ ဆုံဖူးချင်သေးတာ ... အဲဒါကို ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဗမင်းဆက်မှာ ... ခုမှပင် ... သြဘာ ... ဘာကို ရည်ရွယ်ပြီး ပြောနေသလဲ ဆိုတာကို ရိပ်မိရတော့သည်။ မပတ်သက်ချင်ပါဘူး ... ဟု စိတ်ပျက်လက်ပျက်နှင့် ပေလျှာက်တမင် လုပ်ထားမိတဲ့ ကောင်မလေးဟာ ... ပတ်သက်မှ ပတ်သက်မိတော့လည်း ဗမင်းဆက်ရဲ့ စိတ်အစဉ်ကို တစ်ချက်ပြီးတစ်ချက်၊ တစ်ကွက်ပြီးတစ်ကွက်နဲ့ ... (ဖြည်းဖြည်းချင်းတောင် မဟုတ်) တစ်ဟုန်ထိုးကို ဆွဲဆွဲလှုပ်နိုးတော့တာကိုး။ သူ သတိပေးမှပဲ ဗမင်းဆက်ဟာ ... မေမေတို့ စိမ့်တို့ရဲ့ "ပုဏ္ဏားဆရာကြီး"ဆီ (ဘာရယ်မဟုတ်) ကိုယ်တိုင်ကိုယ်ကျ တစ်ခေါက်လောက်တော့ ရောက်ကြည့်သင့်သား ... ဆိုတာ ခေါင်းထဲဝင်မိရတော့တာ ဖြစ်ပါသည်။

သြဘာကတော့ သြဘာ အဲလိုပြောလိုက်ရင် "သူ့" မျက်ခုံးတွေ မြင့်တက်နေပြန်ဦးတော့မှာ ... ဆိုတာကို ကြိုသိနိုင်နေပြီမို့ ... ပြောပြီးတာနဲ့ မျက်ဝန်းများကို ကြိုလွှဲထားလိုက်သည်။ တော်တော်ကြာကျ ... မိန်းကလေးတန်မဲ့ "လက်ရောက်မှု"ဆိုရင် ကျော်မကောင်း ကြားမကောင်း ... နော် ...။

ပြန်ခါနီးမှာလည်း ..."အပြုံးတွေ ပြန်ကူးစက်နိုင်အောင် ပြန်လေ့ကျင့်ဦး ... နော ..."ဆိုတာကို ... အဲလိုပဲ သူ့မျက်နှာကို ပြန်မကြည့်တော့ဘဲ ပြောပစ်ခဲ့တာ ဖြစ်ပါသည်။

❤ ❖ ❤





သြဘာနှင့် ဗမင်းဆက်တို့ရဲ့ ကိစ္စဟာ ... ဘာမှ (ဘာဆိုဘာမှ)မဟုတ်ဘဲနှင့်ကို ... ညီမဝမ်းကွဲဖြစ်သူ ဥမ္မာရဲ့လက်ချက်နဲ့ ... အဖေ့ဆွေမျိုးတွေ တစ်အုပ်လုံး ကြားထဲမှာ ... ဝက်ခက်ကွဲကို ညံပွက်သွားပါလေတော့သည်။ ဥမ္မာလေးက ဗမင်းဆက်နှင့် သြဘာတို့ကို စားသောက်ဆိုင်တစ်ခုမှာ အတူယှဉ်တွဲထိုင်နေဘာကို မြင်လိုက်ရ၍ ... ကြီးကြီးမြိုင်ထံ ပြန်သတင်းပို့ တိုင်ကြားလိုက်၍ ဖြစ်ပေသည်။

အမှန်စင်စစ် ... ဥမ္မာကလေး သေချာမသိသည့် အချက်မှာ ထိုစားသောက်ဆိုင်ဝယ် ထိုင်ဖြစ်ကြစဉ်က ... သြဘာနှင့် ဗမင်းဆက်မှာ နှစ်ယောက်တည်းကလေး ဟုတ်ကို မဟုတ်ရတာပါ ...။

တကယ့်ကို မဟုတ်ပါ ...။ "သူ့"ကို ပိုင်ဆိုင်ခွင့်ရမှဖြစ်တော့မည် ... ဆိုတဲ့ သြဘာဟာ ... အဲဒီလောက်များ အစွမ်းအစရှိ ...၊ ရဲရဲတောက် ဖြစ်နိုင်ခဲ့လျှင် ..."နှစ်နှစ်ကြီးတောင်" ဟာ တဖွဖွ ရေရွတ်ရင်း နှမြောမဆုံး၊ စိတ်မရှင်လို့မပြီး ... ဖြစ်နေရှာသည့် မေမေ့ကို ဆန့်ကျင်ပြီး ... ဘွဲ့လွန်ဝင်ခွင့် ဝင်ဖြေဖို့ကိစ္စကို "နှစ်နှစ်"တောင် ခွင့်တင်ဖြစ်ခဲ့မှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ... အဲဒီဆိုင်ကလေးမှာ ... သြဘာအပြင် ပိုးအိစိုးတို့ ညီအစ်မသုံးယောက်လည်း ရှိပါသည်။ ပြီးကျတော့ ဗမင်းဆက်ရဲ့ သူငယ်ချင်း တစ်ယောက်လည်းပဲ ရှိပါသည်။ ပြီးကျတော့ ... တိုက်ဆိုင်ကြုံကြိုက်၍ ဖြစ်စေ ... တမင်သက်သက် ချိန်းဆိုထားကြ၍ဖြစ်စေ ... တစ်စားပွဲတည်းထိုင်၊ အတူစားသောက် ဖြစ်နေကြခြင်းလည်း လုံးဝဥဿုံကို မဟုတ်ရပါချေ ...။

ဒေါ်ပြုံးတို့ရုံးက တစ်သိုက်ဟာ ခါတိုင်းလိုပဲ ဒီဘက် ရုံးသို့ အလာမှာ ပိုးအိစိုးရဲ့ အရေးပေါ် အိမ်သာဝင်ချင်မှုကြောင့် ခါတိုင်းလည်း ဝင်စားနေကျ ... ရုံးနားက အဲဒီဆိုင်ကလေးကို ဝင်လိုက်မိကြခြင်း၊ အဲဒီမှာ ဗမင်းဆက်နှင့် သူ့မိတ်ဆွေတို့က သူ့ဘာသာ အရင်ရှိနှင့်နေကြခြင်းပါ ...။ ဆိုင်ထဲရောက်လို့ ဗမင်း ဆက်တို့ နှစ်ယောက်ကိုလည်း မြင်လိုက်တော့ သြဘာက ပိုးအိတို့ နဲ့ ဘယ် ... အနောက်ထိ လိုက်ပေးပါတော့မလဲ ...။ ဗမင်းဆက် တို့ စားပွဲမှာ ခွင့်တောင်းပြီး ဝင်ထိုင်။

အစပထမကတော့ သုံးယောက်ပေါ့ ...။ သို့သော် ဥမ္မာကလေး လှမ်းမြင်တော့မည့် အချိန်လောက်မှာပဲ ဗမင်းဆက် ရဲ့မိတ်ဆွေကလည်းပဲ ... ဒီဝိုင်းက ခဏထပြီး ... ဝိုင်းပြောင်းထိုင် ကာ တခြားစားပွဲက သူ့အသိတစ်ယောက်နဲ့ သွားစကားပြော ပြန်တဲ့အခါ ... ဥမ္မာ့ရဲ့မြင်ကွင်းထဲမှာ ... အစင်းသားလေး ကျန်ရစ်နိုင်သည်က ... ဗမင်းဆက်ရယ်၊ သြဘာရယ် ...၊ သောက်လက်စ ... စားသောက်ဖွယ်ရာ အခင်းအကျင်းများ





တကယ်ဆို ဒီလောက်နဲ့လည်း ဥမ္မာက စာချုံ့ကာ "သူတို့နှစ်ယောက်က ဒီလိုက ဒီလို ..."ဟု ဆက်စပ်ပြောပစ်လိုက် ဘာမျိုး မလုပ်လိုက်ရင်လည်း ရတာပေါ့လေ ...။ ဒါပေမဲ့ ဥမ္မာ ကား မပန်းနုရဲ့ ကိစ္စကတည်းက ... ဗမင်းဆက်ကို ထိရင် ဆတ် ဆတ်ထိ မခံနိုင်သလို ဖြစ်နေခဲ့သော သြဘာကို မသင်မကာရှိ လှသူတည်း။ အဲဒီကိစ္စနောက်ပိုင်းမှာ မြန်မာပြည်သို့ ပြန်ပြောင်း လာ၊ ကြီးကြီးမြိုင်နဲ့ တစ်လုံးတစ်ထွေး နေ့နေပြီး ... ဗမင်းဆက် တို့အိမ်သို့ အဝင်အထွက် စိပ်ချင်သည့် သြဘာကို လေ့လာအကဲ ခတ်နေခဲ့သူတည်း ...။

ဥမ္မာရဲ့ ချက်ကျလက်ကျ ... အကွက်ကျကျ လိုက် သွေးမှုများဟာ လိုတာပိုတာ ရှိနိုင်သော်လည်း ...

"မသြဘာက ကိုဗမင်းဆက်ကို အဲဒီကတည်းက အရမ်း စိတ်ဝင်စားသွားတာ ... ဥမ္မာက လူတွေပါးစပ်ဖျားမှာတော့ ဒီလိုရှိတာပဲ ဆိုတော့လည်း ... မဖြစ်နိုင်ဘူးလို့ တစ်ယူသန် နဲ့ ဥမ္မာ့ကိုတောင်မှ ငေါက်ခဲ့သေးတာ ... သူက နိုင်ငံခြား တွေမှာပဲ ကြီးပြင်းခဲ့တာဆိုတော့ ... မဖြစ်နိုင်တဲ့ကိစ္စကို ငါကိုယ်တိုင် သက်သေပြပြမယ် ... လို့များ တွက်လိုက် သလား မသိပါဘူး ...

ခု ဥမ္မာ့မျက်စိနဲ့ကို တပ်အပ်မြင်တာ ...။ အခြေ အနေ အတိအကျကိုတော့ မသိနိုင်ပေမဲ့ ... သူတို့နှစ်ယောက် တည်း ချိန်းပြီး ... အပြင်မှာ ထွက်စားကြတဲ့ အထိဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ ... ဆက်ဆံပြောဆိုနေကြတဲ့ ရုပ်တွေကလည်း တစ်မျိုးပဲ ...။ ဥမ္မာကတော့ သူတို့နှစ်ယောက် ချစ်သူစုံတွဲတွေ ဖြစ်နေကြပြီလို့ ထင်တာပါပဲ ...”

ဒေါ်သအထွက်ဆုံးနှင့် ... ကိုယ့်ကိုယ်ကိုယ် တာဝန်အရှိဆုံးဟု သတ်မှတ်လိုက်သူကတော့ ကြီးတော်ကြီးပင် ...။

“ဘယ်သူ့မျက်နှာကိုမှ မထောက်တဲ့ ကောင်မလေး ...။ ဒါကတော့ မျက်နှာကတော့ မထောက်ရင်နေပါ ...။ ဒါပေမဲ့ အဲဒီလို မထောက်ဘဲ လုပ်ချင်ရာလုပ်ဖို့ကိုတော ငါ့ကို ဆွဲထည့်သုံးလိုက်သေးတယ် ...။ သူ့အဖေအမေဆ ကိုယ့်သမီးတစ်ယောက်လုံး ဆုံးပြီးတာတောင် ... သမီးချင်း မစာနာ ... မထိန်းနိုင်ရကောင်းလားလို့ ... ငါ့ပဲ အပြစ် ချတော့မှာပေါ့ ...။ လုပ်ရက်လိုက်တာ ...”

ကြီးကြီးမြိုင်က အန့်တီမီးတို့အိမ်သို့ ပေါက်ချလာပါသည် ...။ ညဘာကား ... သတင်းကြိုကြားထားသူ ပီပီ (အလိမ္မာတုံးကလေးလည်းပီပီ) ကြီးကြီး အိမ်ရောက်လာတာ ထွက်မတွေ့ပါ။ အိမ်ပေါ်တင်၊ ပုန်းနေသည်။ ကြီးကြီးခ အန့်တီမီးနှင့်သာ ရင်ဆိုင်ရလေတော့သည်။

“သူတို့ချင်းက သမီးရည်းစား ချစ်သူတွေ ဖြစ်ကိုဖြစ် ကြပြီလို့ အစ်မကြီး သေချာပါသလား ... ကျွန်မတို့လူ စနစ်နဲ့ သူကြီးပြင်းခဲ့ရတဲ့ အသိုင်းအဝိုင်းက လူနေမှု နဲ့ကတော့ ဘယ်လိုမှ မတွေနိုင်တော့ စားသောက်ဆိုင်တ





မှာ နှစ်ယောက်တည်း တွဲမြင်ရုံနဲ့ ... သူတို့ချင်း နှစ်သက် စုံမက်နေကြပြီလို့တော့ အတိအကျ ပြောနိုင်ပါ့မလားလို့”

“ဒါပေမဲ့ ... အဲဒီလို ယူဆရမဲ့ အချက်အလက်တွေ အများကြီးရှိနေတယ် ...”

“အကယ်၍ ... ဟုတ်နေခဲ့ပြီ ဆိုရင်လည်း ...”

“ဟုတ်လို့ကတော့ ဘယ်နည်းနဲ့မှ မရဘူး ညီမ ... လူကြီးတွေ အနေနဲ့ မရမက ဖျက်ရမဲ့ကိစ္စ ဖြစ်နေတယ် ...”

“အစ်မကြီးတို့ ယုံကြည်ထားကြတဲ့ အယူအဆမျိုးကိုကျတော့ ... ကလေးအနေနဲ့က လက်ခံဖို့ ခဲယဉ်းလိမ့်မယ် ထင်တယ် ...”

“အဲဒီလိုနဲ့ပဲ တစ်ယောက်ကို ဆုံးရှုံးထားရပြီးပြီလေ ... ဒီကောင်လေးဟာ တခြားသူမှ မဟုတ်ဘဲ ... သူ့အစ်မ ဝမ်းကွဲနဲ့လည်း ချစ်သူတွေ ဖြစ်ခဲ့ကြတဲ့ ကောင်ကလေး”

“ကလေးမှာက ... အဲဒီလို အစ်မရဲ့ ဘာညာဆိုတဲ့ အယူအဆမျိုးကျတော့လည်း ... ရှိချင်မှရှိ ...”

“ဒီမှာ ညီမ ... အစ်မကြီးတို့က ... ကိုယ့်သမီးရဲ့ချစ်သူဟောင်းမို့ ကိုယ့်တူမနဲ့ သဘောမတူနိုင်ဘူးဆိုတဲ့ သေးသိမ်တဲ့ စိတ်မာတ်နဲ့ လာပြောနေတာ မဟုတ်ဘူး ...။ ဒီကိစ္စမှာ သူတို့ချင်း အတိအကျ အမှန်အကန်က ဘယ်လိုလဲ ... ဒါကိုပဲ အမြန်ဆုံးသိဖို့လိုတာ ... ချစ်နေကြပြီ ဆိုရင်တော့ ညီမအနေနဲ့လည်း မကောင်းဘူး ... သူ့ကို သူ့မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ အမြန်ဆုံးပြန်ထည့်ပြီး ... ဒီနိုင်ငံမှာလည်းမထား
ဘဲ ...အဝေးမှာပဲ နေစေတာကသာ အကောင်းဆုံးပဲ"

အန်တီမီးမှာ တူမအလိမ္မာတုံးက ပုန်းနေလို့သာ သူ့တစ်ယောက်တည်း ခေါင်းခံနေရ၊ သူကိုယ်တိုင်လည်း ကြားဖူးနားဝတော့ ရှိထားသည့် (ခုလည်း ကြီးကြီးမြိုင်က အတိအကျ ထပ်မံပြောပြပြန်သည့်) ဗမင်းဆက်ရဲ့ နောက်ကြောင်းဇာတ်လမ်း အတွက် ... ခေါင်းတော့ ခဲနေရပြီ ဖြစ်ပါသည် ...။ သို့သော် ဩဘာကလည်းပဲ ကြီးတော်ကြီး ဘယ်နှခေါက်လာလာ၊ သုံးခါလာ သုံးခါစလုံး ပုန်းနေသည်။

နောက်ဆုံးမှာတော့ ကြီးကြီးက ... ဟုတ်,မဟုတ်ကို အန်တီမီးပဲ တာဝန်ယူ မေးမြန်းကာ သူ့ဆီသတင်းပို့ပေးဖို့ တောင်းဆိုခဲ့ပါတော့သည်။ ဩဘာကား တူမကိုလည်း မနိုင်၊ စိတ်လည်း အတော်ညစ်နေရှာပြီဖြစ်တဲ့ အန်တီမီးကို သနားသော်လည်း ... ဘာမေးမေး နှုတ်ပိတ်ရေငုံလို့သာ နေပါသည် ...။ "ဟုတ်ပါတယ်"လို့ကတော့ ... မဟုတ်တဲ့ကိစ္စကြီးကို တစ်ဖက်သတ် လိမ်ပြောလို့မှ မရတာလေ ...။ "မဟုတ်ပါဘူး"ဟုကလည်း မပြောချင်ပါ ...။

ဘာလို့ဆို "မဟုတ်ပါဘူး"ဆိုလျှင် ဤကိစ္စသည် ဤနေရာမှာတင် အဆုံးသတ်ကာ ပြီးကောင်း ပြီးသွားနိုင်မည် မှန်သော်လည်း ... လူမြင်ကွင်း စားသောက်ဆိုင် တစ်ခုမှာ ... နှစ်ယောက်တည်း တစ်စားပွဲတည်း အတူထိုင်ဆိုတဲ့ ပတ်သက်မှု





မှုကို မြန်မာလူကြီးများရဲ့စိတ်က ရှင်းရှင်းလင်းလင်း သကာကင်း ကြမည်တော့ မဟုတ်ပါပေ ...။ မဟုတ်သေးရင်လည်း ဟုတ်လာနိုင်တယ် ... ဟု တစ်ထစ်ချစိတ်နှင့် ... မဟုတ်နိုင်လောက်တော့ အောင် တားမြစ်၊ ကာကွယ်၊ ပိတ်ပင်သမှုတွေ ပြုကုန်ကြတော့ မည် မဟုတ်လား ...။

ခုတစ်ခါ ... တစ်မျိုးလုံး တစ်ဆွေလုံး ပွက်လောရိုက်ကာ ... ကြီးကြီး တစ်ယောက်တည်းတင်မက ... အဖေ့ဘက်က တစ်မျိုးလုံး တစ်ဆွေလုံး အမျိုးအုပ်ကြီး တစ်အုပ်လုံး ... အန်တီမီးရဲ့ အိမ်ရှေ့ဆီမှာ ဂူးဂူးဝါးဝါး ... စိုးရိမ်တကြီးတွေရှိပြီးကြပြီးမှတော့ ... ခဏပြန်ငြိမ်ပြီးမှ (နောက်တစ်ခါ တကယ်ပါဆိုမှ) ထပ်မံဆူပွက်ကြရဦးမှာမျိုးကိုလည်း မဖြစ်စေချင် ...။

တကယ်ပါ ... ဆိုတဲ့ ဖြစ်ရပ်ကို မျှော်လင့်ထားတုန်းထား ... ဆိုရင်တော့ ... မျှော်လင့်တယ် ... တစ်သက်လုံးလည်း ဖြစ်မချင်း ဆက်မျှော်လင့်နေမှာပဲ ... ဟု ပြောရမည်ပင် ...။ သူတို့အားလုံးရဲ့ စိုးရိမ်ပူပန်မှုတွေ၊ စိတ်တိုလောင်မြိုက်မှုတွေ၊ ခါးခါးသီးသီး လက်သင့်မခံလိုမှုတွေဟာ ဒီတစ်ခါပဲ ရှိပစေတော့ ...။

"မဟုတ်ပါဘူး"ဆို၍ ပြန်ငြိမ်သွားကြရတာမျိုး မဟုတ်ဘဲ ..."ဟုတ်တော့ ဟုတ်တယ် ... ဒါပေမဲ့ စေတနာကို ဆက်မခံဘဲ ခေါင်းဆက်မာနေတာ ..."ဟု အမျိုးတွေ သဘောပေါက်နိုင်သွားကြလျှင် ... "ဖြစ်ချင်ရာဖြစ်"ဟု ပေယျာလကန်ပစ် ထားလိုက်ကြမှာက ... နောင်တစ်ချိန် ... "တကယ်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ"အတွက် ... အခြေအနေ ပိုကောင်းနိုင်မည်ဟု ဩဘာက ထင်သည်။

အန်တီမီး ခမျာလည်း သူ့တူမရဲ့ အမျိုးတွေသာဖြစ်ပြီး သူနဲ့ကျ ဘာမှမတော်စပ်သည့် ပူပူလောင်လောင် လူအုပ်ကြီးကို ပြန်ရင်ဆိုင်ရမှာ စိတ်ပျက်လေတိုင်း ... သူ့ညီအစ်မတွေမောင်တွေကိုပါ အုပ်လိုက်ကြီး ပင့်ဖိတ်ခေါ်ထားပြီးမှ ... "ဟုတ်နေတယ်ယင်တယ် ... မဟုတ်ရင် မဟုတ်ဘူး ပြောမှာပေါ့ ... ခုတော့ဘာမေးမေး ... ပါးစပ်ပိတ်ပြီး တင်းပဲခံထားတယ် ... မေးမရဘူး" ဟူသည့် အဖြေစကားကို ကြီးကြီးမြိုင်ထံ ပြန်ပို့ရဲလေသည် ...။

အဖေ့အမျိုးတွေ အကုန် စိတ်ပူကြ၊ ဒေါသထွက်ကြ။ (ခုထိတောင် သူတို့ကို ထွက်ပြီး မျက်နှာချင်း ပြန်မဆိုင်တော့တဲ့) ဩဘာကို စိတ်တိုကြ၊ အန်တီမီးကိုလည်း အုပ်ထိန်းမှုညံ့ဖျင်းသယောင်ယောင် အပြစ်တင်ကြ။ ဇမင်းဆက်တို့ ဇာတ်လမ်းကို ကြောက်စရာကြီးဖြစ်အောင် နှစ်ဆ၊ သုံးဆလောက် ချဲ့ကားပြောဆိုကြ ...။

အမေ့ဘက်က အမျိုးတွေကလည်း အန်တီမီးတို့ထိပါးလာတော့ မခံချင်ကြ ...။ အိမ်ပေါ်တက်လာပြီး ဆရာလုပ်အော်ဟစ်နေကြတာကို မနှစ်မြို့နိုင်ကြ ...။ အဲဒီတော့ တစ်ဖက်ကအုပ်စုကြီး တစ်ခုလုံး စွတ်ယုံကြည် ရှေ့တန်းတင်ထားကြလေတဲ့ "အယူ"ကို လက်သင့်မခံချင်သယောင် ... မဖြစ်နိုင်သယောင်ယောင် ... ပြန်ပြောကြ ...။





ဩဘာ တစ်ယောက်ကြောင့်ပင် ... အဖေ့ဘက်နှင့်အမေ့ဘက်က ဆွေမျိုးနှစ်အုပ်စုတို့ဟာ ... တစ်စုနဲ့တစ်စု အခြေအတင်တွေ ဖြစ်ကုန်ကြရကာ ထသတ်ကြ ပုတ်ကြရတော့မယောင်ယောင် ... အော်ကြီးဟစ်ကျယ်,ရန်ပွဲတွေ ဖြစ်ကုန်ကြရပါတော့သည်။ ဩဘာကား ... ပွဲဦးတောင် သေချာမထွက်ရသေး ... တာထွက်မလှလေတဲ့ ဇာတ်လမ်းတစ်ပုဒ်အတွက် ... ရင်ထဲမှာမူပြီးနှန်းချိနေရသည် ...။

သူကတော့ သူ့စိတ်ထဲ တကယ့်ကို ဘာမှမရှိသေးတဲ့ ကောင်မလေး တစ်ယောက်ရဲ့ နှစ်ဖက်ဆွေမျိုးတွေ ... သူ့ကြောင့် သတ်ကုန်ကြရတယ်ဆိုရင် ဘယ်နည်းနဲ့မှ နှစ်သက်နိုင်မှာ မဟုတ်ဘူးလေ ...။ ဒါတောင် အဖေ့ညီမ ဒေါ်လေးငယ် အပျိုကြီးက ...

"အဲဒီကောင်ကလေးရဲ့ ဇာတာကိုက လူတွေကို စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်စေတယ်ဆိုတာ ... ခုပဲ လက်တွေ့ဒက်ထိလေ ...။ မယုံဘူးချည်း စွတ်အော်မနေကြနဲ့ပေါ့ ... လက်တွေ့ကိုလည်း ကြည့်ဦး ...။ ခုပဲ နှစ်ဖက်ဆွေမျိုးတွေအချင်းချင်း နားလည်မှုလွဲပြီး အားလုံး စိတ်ညစ် ပြဿနာကြီးကျယ်ကြရပြီ ... အဲဒါကိုပဲကြည့် ...။ အဲဒါ ဥပမာကောင်းပဲ ...။ ကိုယ့်တူမ တစ်ယောက်လုံး သေသွားတဲ့အထိ ...'လက်တွေ့ပြမှ လက်တွေ့ကျမယ် ထင်မနေကြပါနဲ့ ..." တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နာမည်ဟာ ဩဘာ ဝင်ရှုပ်မိကာမှ ပျက်ပြီးရင်းသာ ပျက်ရင်း ဆိုသလို ဖြစ်နေသည်။ "သူနဲ့ကြိုက်တဲ့ မိန်းကလေးတွေ ... သေကုန်ကြတယ်"ဟု နာမည်ပျက်ပြီးသား ဗမင်းဆက်ဟာ ဩဘာကြောင့်ပင် ..."သူနဲ့ပတ်သက်မိတဲ့သူ မှန်သမျှစိတ်ညစ်၊ စိတ်ရှုပ်၊ ပြဿနာတက်၊ ခိုက်ရန်ဖြစ်ပွားကြရတယ်။ သူ့ဇာတာကိုက ... လူတွေကို စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်စေတတ်တာပဲ ..."ဆိုတာမျိုးအထိ ... ပိုမိုဆိုးရွားစွာ ... နာမည်ဖျက်ခံရပေတော့သည် ...။

သူသာ ပြန်သိရင် ... သူဟာ ... ခုမှ ပုံမှန်ဆန်လာသလောက်လေး နီးနီးပဲ ရှိသေးတဲ့ ဩဘာတို့ရဲ့ စတင်ပတ်သက်မှု အခြေအနေကို ... ပြန်ဖျက်ရပ်သိမ်းပြီး နောက်ဆုတ်သွားတော့မဲ့သူပါ ...။ သူ့ရင်ထဲ ... ဘယ်တစ်ထောင့် တစ်နေရာမှာမှ နေရာဝင့်ယူနိုင်မှု မရှိသေးတဲ့ မိန်းကလေးငယ်အတွက် ... "လူပြော" ခံရမဲ့အဖြစ်နဲ့ လဲကိုလဲမှာ မဟုတ်ပါ ...။

ဒါဆိုရင် ..."နောက်တစ်ခါ တကယ်ဖြစ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ"ဆိုတဲ့ မျှော်လင့်ချက်နဲ့ ... အခုလောလောဆယ်အတွက်ကို မဖြေရှင်းတော့ဘဲ ရေငုံနှုတ်ပိတ် အပြောခံနေတာမျိုး၊ ဆွေမျိုးတွေချင်း ထချကြတော့မလို အဖြစ်မျိုးကို ရွေးသင့်ပါသေးရဲ့လား ...။

ဩဘာကတော့ သူသာ ပြန်သိရင် သူ ထပ်မံရှောင်ခွာ နောက်ဆုတ်သွားတော့မှာ ... ဆိုတာကို သိသိကြီးနဲ့လည်း ...





"ဘာဖြစ်ဖြစ်ပါ" ဆိုတာကိုပဲ လက်ခံယူ ရွေးချယ်မည့်သူ ဖြစ်နေမိပါသည်တည်း ...။

ဩဘာရဲ့ နှစ်ဖက်ဆွေမျိုးတို့ဟာ ... နှစ်ဦးနှစ်ဖက် ထချမိကြတော့မလိုတောင် ဖြစ်ပြီးကြတဲ့အခါ ... ဩဘာရဲ့မိဘများထံ သူ့ထက်ငါ အလုအယက် ဆိုသလို ... တိုင်တော ... သတင်းပို့လွှာများ တင်ကြပါတော့သည် ...။ အမေ့ဘက်က အဆွေအမျိုးများက အိမ်မေ့ထံသို့ ...၊ အဖေ့ဘက်က ကြီးတော်တို့အုပ်စုက အဖေ့ထံသို့ ...။

တော်ကြာ ... သတင်းပေးထဲ မပါဝင်လိုက်လျှင် ... ပြဿနာကြီး တစ်ခုခု ထဖြစ်ချိန်ကျမှ ... တာဝန်ပေါ့လျော့သူအဖြစ် ရောက်ရဦးမှာစိုးလို့ထင့် ...။ ငွေကုန်ကြေးကျတွေ အပြေးအလွှားခံကြကာ ... အီးမေးလ်နဲ့၊ ဖက်စ်(Fax)နဲ့၊ ဖုန်းနဲ့၊ ချောစာနဲ့ ...။ ဖေနဲ့ မေတို့ဟာ တစ်ပြိုင်နက်တည်းနှင့်ကို တိုင်တောမှုပေါင်း ဆယ်ခုလောက်ကို အလန့်တကြားကြီး လက်ခံရရှိလိုက်ကြရတော့တာပါပဲ ...။

ဩဘာကဖြင့် ...(သိပ်လည်း အတင်းအကျပ် အုပ်အုပ်ထိန်းထိန်း ချုပ်ချုပ်ချယ်ချယ်ကြီး မလုပ်လိုက်ရဲသေးသည့် အန်တီမီးကြောင့်) ကိုယ့်ဘာသာ ... အလုပ်ဆင်းမပျက် ...။ ဟိုဘက်ရုံးသို့ အသွားမပျက် ...။ သားသားနဲ့တောင် အုပ်စုလိုက်ကြီး အပြင်တစ်ခေါက် ထွက်လိုက်သေး ...။ လုံးဝကို အေးအေးဆေးဆေး ပိုနေမြဲ ကျားနေမြဲ ပုံစံပဲ ရှိနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေနဲ့ မေ ခမျာတော့ … ပူပူပန်ပန် အားတက်သရော သွေးထိုးလှူ့ဆော်မှု ပေါင်းစုံအောက်မှာ … စိုးရိမ်တကြီးနှင့် … မြန်မာနိုင်ငံသို့ တစ်ပတ်အတွင်း ပေါက်ချလာခဲ့ကြလေတော့သည်။

❤ ❖ ❤

"မြိုင်က … ဘယ်နည်းနဲ့မှ … သဘောမတူနိုင်ပါဘူး … ကျေးဇူးပြုပြီးတော့ ကိုယ့်သားကိုယ် တာဝန်ယူပြီး … နောက်ဆုတ်ဘရိတ်အုပ်နိုင်းပေးပါ … လို့ကို လာပြောသွားတာပဲ သား … ဒီဆွေမျိုးစုထဲမှာ တစ်ယောက်လောက် စတေးပြီးရင်ပဲ တော်ပါပြီတဲ့ … ပထမတစ်ခါကတော့ သူတို့ကိုယ်တိုင်က မယုံမကြည်နဲ့ ရှေ့တိုးခဲ့မိတာမို့ ရှိပါစေ …၊ အဲဒါကြောင့်လည်း အပြစ်ရယ်လို့ မမြင်ဘဲ ခင်မင်မပျက် ရှေ့ဆက်၊ ဆက်ဆံခဲ့တာပါတဲ့ …

ခုတစ်ချီကတော့ … နှောင်ကြဉ်၊ သင်ခန်းစာရသွားကြပြီ ဖြစ်တာကို … ထပ်မညာတာချင်တာမျိုး … မဖြစ်မိပါစေနဲ့တော့တဲ့ …။ ပထမတစ်ယောက် ဆုံးသွားခဲ့ပြီးတာမှ ဘာမှမကြာသေးဘဲ … မပန်းနုကို စတင်ခဲ့တုန်းက ဗွေမယူဘဲ နားလည်ပေးခဲ့ဖူးပါတယ်တဲ့ …။ ခုတော့ အဲဒီ မပန်းနုကိစ္စကလည်း ဘယ်လောက်မှ မကြာသေးဘဲနဲ့ …





နောက်တစ်ခါ သူ့ညီမ … ဆိုပြန်ရင်တော့ … သားအနေနဲ့ … သူတို့ဆွေမျိုးစုအပေါ် ဘာအငြိုးအတေးများ ရှိပြီလဲ လို့တောင် တွေးရတော့မလို ဖြစ်ပါလိမ့်မယ်တဲ့ …"

ရှုးရှူးဝါးဝါးနှင့် ပြဿနာ ထလုပ်တော့မည်ပဲ ထင်ထားခဲ့သော စိမ့်က ဗမင်းဆက်ကို ကရုဏာသက်လှသလို ပုံစံနှင့် တစိမ့်စိမ့်ကြီးပဲ စိုက်ကြည့်နေခဲ့လေသည် …။ ဗမင်းဆက်မှာ ကဲကဲဆတ် ပူပင်စိတ်တို တားမြစ်တတ်လေ့ရှိသော စိမ့်ရဲ့နဂိုနေ တည်တင်းနေသော မျက်နှာမျိုးကိုသာ ရင်ဆိုင်နေကျဖြစ်ရာ … ခုလို … အေးအေးဆေးဆေး ပုံစံကြီးက … ကိုယ့်အတွက် အခံရ ပိုခက်စေမှန်း … ခုမှပဲ သိတော့သည် …။

"ပြဿနာက ဘာကြောင့်တဲ့လဲ …"

သူကပင် ပြန်မေးနေသေးသော ဗမင်းဆက်ကို အမေ ဖြစ်သူ ဒေါ်ခင်ခင်က စိတ်မရှည်လှတော့သလို ကြည်ကာ …

"မင်းတို့နှစ်ယောက်တည်း စားသောက်ဆိုင် တစ်ဆိုင်မှာ တွဲထိုင်စားသောက်နေကြတာကို မြင်တဲ့သူကမြင်ပြီး … ပြန်တိုင်လို့ ကောင်မလေးကို မေးကြတော့ …"

"နှစ်ယောက်တည်း၊ စားသောက်ဆိုင်တစ်ဆိုင်မှာ၊ တွဲထိုင် စားသောက် ဆိုတာမျိုး အဖြစ်ကတော့ … တစ်ခါမှကို မရှိခဲ့ဖူးတာ သေချာတယ် …"

"ဟင် … ဘယ်လိုဖြစ်တာလဲ … ဒါဆို …"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ပြီးခဲ့တဲ့အပတ်က အဖြစ်ကို ပြောတာဆိုရင်တော့ ကျွန်တော်က ကိုမြင့်ကျော်နဲ့ စားနေတာ ...၊ သူတို့ညီအစ်မ တစ်သိုက်က ဝင်လာပြီး ကျွန်တဲ့လူတွေက တခြားသွားနေတုန်း... သူက ကျွန်တော်တို့စားပွဲကို ခဏတော့ လာထိုင်တယ် ...။ အဲ ...။ အဲဒီအချိန်မှာ ကိုမြင့်ကျော်ကလည်း ဝိုင်းက ခဏထသွားတာတော့ ရှိတယ် ...။ သူလည်း ဘာမှ မှာမစားပါဘူး ... သူတို့ကိစ္စ ပြီးကြတဲ့အထိ စကားထိုင်ပြောနေပြီး ... ဟိုကောင်မလေးတွေ ပြန်လာတော့ ... ထွက်သွားကြတာပါပဲ ..."

"ဒါဖြင့် သူက ... သူ့ကြီးဘော်ကို ဘာလို့ အဲဒီလို အမှန်အတိုင်း သေချာရှင်းမပြသလဲ"

"ဒါတော့ ကျွန်တော်လည်း မသိဘူး ..."

"အမှန်က သားငယ်ရော၊ သားကြီးပါ လိုတာပါ ... ဒီကလေးမ အဲဒီဘက်ရုံးမှာ အလုပ်ဝင်လာပြီဆိုတာ... မေမေတို့ သိတောင် ကြိုသိမထားရပါလား ..."

"သိတော့ရော ... သူ ဟိုဘက်မှာ အလုပ်ဝင်လာတဲ့အတွက် ကျွန်တော်က အစ်ကိုကြီးရဲ့ရုံးက ... ထွက်ပေးရမှာလား မေမေရာ ...။ အဲဒီလောက်ကြီးထိ လိုက်လုပ်ပေးနေရမှာလား ..."

မေမေ ဒေါ်ခင်ဘ်ာငည်း ဘာပြောရမှန်းမသိ နှုတ်ဆိတ်ဆိတ် ဖြစ်သွားပါသည်။ ဗမင်းဆက်မှာ ... အုပ်ထိန်းသူ





ရဲ့ အငြိုငြင် အဆူမံကို ခံပြီး ... ဘာတစ်ခုမှ သေချာပြန်မရှင်းပြလေတဲ့ ကောင်မလေးကိုပဲ အံ့အားအသင့်ကြီး သင့်နေသည်။ ပြန်ရှင်းပြဖို့နေနေ ... "ဟုတ်ပါတယ် ... ကျွန်မတို့ချင်း နှစ်သက်မြတ်နိုးနေကြပါတယ်"လို့ အထိပါ ... ပြောများ ပြောလိုက်သေးလေသလား ...။

"ဘယ်နည်းနဲ့မှ သဘောမတူနိုင်ပါဘူး"ဆိုတော့လေ။ ပြစ်မှုက အတူယှဉ်တွဲ ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံဖြစ်ကြတာကို မချိုးဘောင် နာကြပုံမျိုးတော့ မဟာ,ဘူးလေ ...။ သဘောမတူတာတဲ့ ...။

"မပန်းနု ဆုံးသွားတာတောင်မှ ဘယ်လောက်မှ မကြာသေးပါဘူး ... ခု မပန်းနုရဲ့ညီမ ... ဒီဆွေမျိုးအုပ်စုထဲကပဲ ဆိုတော့ ... ဘာအငြိုးအတေးများ ရှိလို့လဲ ..."တဲ့ ...။ ဗမင်းဆက်ရဲ့ ရင်ထဲမှာ နာကျင်နေသည် ...။

သို့ပေမဲ့ ကိုယ့်ဘာသာပဲ နာကျင်နေမိတာ ...။ မေမေ့ သူငယ်ချင်း ကြီးကြီးမြိုင် အပေါ် စိတ်တိုနာကြည်းမိတာမျိုးလား ... ဆိုတော့လည်း မဟုတ်ပေ ...။ ကိုယ်ချင်းစာ နားလည်ပေးနိုင်နေသည် ...။

နားမလည်တာက ကောင်မလေး ...။

"ပြီးနေစေချင်တာပါ"ဆိုတဲ့ ဆန္ဒသဘောလေးကို နားလည်မိသလိုလို ရှိပေမဲ့ ... ခုလောက်ကြီးအထိတော့ ဖွတ်ဆန်ဆန် အဖြစ်မခံသင့်ဘူး မဟုတ်လား ... ဒေါ်ပြုံးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရယ် ... နှင့်ကိုလည်း ငါ အပြစ်မတင်ရက်တော့ပါဘူး ... မိန်းကလေးကိုက ဖွတ်တိုးလာချင်တဲ့အခါ ရှောင်ဖယ်ရတာ အရမ်းဒုက္ခရောက်မှန်း ငါနားလည်ပါတယ် ... ဒါပေမဲ့ သူတို့ဆွေမျိုးစုထဲကပဲ နောက်တစ်ယောက်ကိုမှ ... ဘာအငြိုးအတေးရှိလို့လဲ ... လို့ အပြောခံရတဲ့အထိ ပြန်ပတ်သက်လိုက်တာကတော့ ... နှင့်မှာ ... နည်းနည်းလောက် ..."

စိမ့်က စကားကို ရှေ့မဆက်ဘဲ မချိတင်ကဲ ... ရယ်ပစ်လိုက်သည် ...။

"မစိမ့် သားသားပြောတော့ ... ငါးယောက်ဆို ပြီးပြီ ... ရပ်ပြီဆို ..."

စိမ့်သည် ... ခုလောလောဆယ် ပြဿနာအကြောင်းကို စကားမဆက်ဘဲ ... ကိုယ်သိလိုရာကို ရုတ်တရက် မေးချလိုက်သော ဇမင်းဆက်ရဲ့ မေးခွန်းကြောင့် ဆတ်ခနဲ တုန်လှုပ်သွားပြီးမှ ... "သားသား"ဟု ရှုံးရှုံးဝါးဝါးကြီး အော်ဟစ်ခေါ်ငင်လိုက်ပါသည် ...။ ဇမင်းဆက်က ... "အဲဒါ မဟုတ်ဘူးလား"ဟု အမေးကို အဆက်မပြတ်စေဘဲ နောက်တစ်ခွန်း ထပ်မေးလိုက်၏။

"ဟုတ်တယ် ... အဲဒါ ဟုတ်တယ် ... နင်မသိအောင် ... ထားမိတယ်လေ ... အဲဒါ ဘာဖြစ်သလဲ မောင်လေးရဲ့ ... နင်သိတော့ရော ... နင်က ငါးယောက်ဆိုရင် ပြီးပြီ ပြီ ပြီဆိုတိုင်း ... ငါးယောက်မြန်မြန် မပြည့်ပြည့်အောင် ...





တမင်လှုပ်ရှားပစ်လိုက်တော့မဲ့ လူမျိုးလားဟဲ့ ...။ နင့်စိတ်ဓာတ်က အဲလောက်ထိ ဆိုးနိုင်လို့လား ...။ သိတော့ ဘာထူးမှာမို့လဲ ... မသိတော့ရော ဘာဖြစ်သလဲ ..."

လှတိုးမှာ ဒီကိစ္စကြီးနဲ့ ပတ်သက်လို့ ... ပြဿနာဖြစ်၊ အိမ်ပူရလေတိုင်း ... အဝေးပဲ ရှောင်ပြေးနေတတ်ကြတဲ့ အဘိုးနဲ့ အဖေတို့လို ... "ကိုယ်အေးပြီးရော ...၊ စိတ်မချမ်းသာစရာတွေ မကြားရရင်လည်း ပြီးရော ..."ဟု သဘောထားပြီး တိမ်းရှောင်နေတာ မဟုတ်ရပါ ...။

ပြဿနာပေါ်လာပြီဆိုရင် ... အမှန်တစ်ဝက်၊ မှသားတစ်ဝက် အချိုးကျကျ ရောစပ်ထားမိတဲ့ ကိုယ့်ရဲ့ပြစ်မှုက ပေါ်တော့မည် ...။ လောလောလတ်လတ် အခြေအနေမှာလည်း လှတိုးအနေနဲ့က ... စိတ်ဆင်းရဲ သေချင်နေရသည့် အခိုက်အတန့်ဖြစ်နေသည် ...။ အဲဒါကြောင့်ပဲ အသာတိမ်းရှောင်နေမိပေမဲ့ ... အဒေါ်ဖြစ်သူက ခေါ်ထုတ်တော့လည်း ရောက်လာရလေပြီ ...။

"နင် ... နင့်ဦးလေးကို ဘာတွေ လျှောက်ပြောသလဲ ..."

"ဟို ... အဲဒါက ..."

"မစိမ့် ... လှတိုး ပြောပြတဲ့ အဲဒီသတင်းကသာ အမှန်ဆိုရင် ... မစိမ့် ခုစွပ်စွဲချင်တဲ့ ... ကျွန်တော့်မှာ နည်းနည်းလောက်တောင် ကိုယ်ချင်းစာစိတ် မရှိဘူးလား ... တို့၊ ငါးယောက် မြန်မြန်မပြည့်ပြည့်အောင် စီစဉ်ချင်တာတော့ မဟုတ်ဘူး မှတ်လား ... တို့က ဘာပြောစရာရှိသလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဖြစ်ချင်းဖြစ် ... ဒီတစ်ခါ တကယ်ဖြစ်မှာက၊ ထိမှာက ကျွန်တော်ပဲ ဆိုရင် ...”

“ဟယ် ... ဘာလဲ ... အဲဒီလို ဘယ်သူ ပြောသလဲ ...”

“သားသား ပြောတယ် ... ထိမှာက ကျွန်တော် ဆိုရင်တော့ ကျွန်တော့်ဘာသာ ဘာလုပ်လုပ် ... ဘယ်လမ်းကိုရွေးရွေး ဘယ်သူကမှ အပြစ်ဆိုနေကြဖို့ မလိုတော့ဘူး ထင်တယ်”

ဗမင်းဆက်ရဲ့ အသံတွေက နာကျင်မှုနှင့် တုန်ခါလို့နေသည် ...။

“ဘယ်ကလာ ... အဲဒီလို လုံးဝမဟုတ်ပါဘူး ...”

“မစိမ့်တို့က ကျွန်တော့်ဘဝကို ကျွန်တော်က သိပ်တန်ဖိုးမထား၊ ခံ့မင်မနေတော့ဘဲ ဇွတ်တိုးရင် ကျွန်တော် ထိမှာစိုးလို့ အဖြစ်မှန်ကို ဝှင်းဖုံးထားကြ ...”

“ဘယ်ကလာ ဟုတ်ရမှာလဲ ...။ ဟဲ့ ... လှတိုး ... လာစမ်း ... နင် ... နင် ... လူကြီးတွေ ဒီကိစ္စကို ဒီလောက်အလေးအနက် ထား,ထားမှန်း သိရဲ့သားနဲ့ ... နင် ဘာလုပ်တာလဲ ...”

ခုနက ... စိတ်မကောင်းခြင်းကြီးစွာ၊ ကရုဏာသက်ကိုယ်ချင်းစာမိစွာ ညှိုးမှိုင်နေခဲ့သည့် စိမ့်ညိုခက် တစ်ယောက် ဒေါသတွေ တလှိုင်လှိုင်နှင့် ဖြစ်လာရပါပြီ ...။ လှတိုးကို နား ရွက်ကနေ လိမ်ဆွဲကာ ... သူ့အနားသို့ ဆွဲခေါ်ပြီး ကျောကုန်းကို တဘုန်းဘုန်း ထုရိုက်နေသည်တွင် ... ခါတိုင်းတွေ ဒီပြဿနာ





နှင့် ဒီလိုအနက်ခံရလေတိုင်း သံကျယ်များနှင့် ပြန်အော်ရင်း တစ်ခွန်းမခံ လှောင်ပြောင်တိမ်းရှောင်တတ်မြဲ လှတိုးက ... ဒီတစ်ချိုကိုတော့ ငြိမ်သက်၊ ရှုံ့စိုက်စွာပင် ... ပေရပ်ပြီး အနာခံနေလေသည်။ ဒေါ်ခင်ခင်က “တဟဲ့ဟဲ့”ဝင်အော်တားမြစ်ကာ ... “ရှောင်ဦးမှာပဲ”ထင်ပြီး အားရှိပါးရှိ ထုနေသော စိမ့်ခများလည်း ကြောင်အမ်းအမ်းပင် ဖြစ်သွားရပါသည် ...။

“ဟုတ်တယ် ... သား ပြောတယ်ဗျာ ... ဒါပေမဲ့ သားအဲလိုပြောမိတာ ... မမသြဘာကို သေပါစေတော့ဆိုတဲ့ စိတ်ယုတ်မာမျိုး တစ်စက်မှ မပါရပါဘူး ... သားမှမန္တလေးက ဆရာကြီးကို မယုံကြည်ဘဲ ...။ မမသြဘာကိုလည်း ခင်တယ် ... လေးလေးရဲ့ ဘဝကြီးကိုလည်း ရှင်သန်စေချင်တယ် ...။ ပြီးတော့ သားအတွက် ရှေ့ကနေ ဥပမာကောင်းတစ်ခု ဖြစ်သွားစေချင်တာလည်း ပါတော့ ပါတာပေါ့ ...”

လှတိုးမှာ ကလေးစိတ်ပေမို့ ... ဗမင်းဆက်တို့လိုတော့ နာကျင်ပေမဲ့ စိတ်ထိန်းလို့ မနေနိုင်ပါ ...။ ပြောရင်းက မျက်ရည်တွေ ကျလာသည်။

“ငါးယောက်ပြီးရင် ပြီးပြီဆိုတာတော့ ... တကယ်ပဲမှတ်လား ... ဒီလိုဆို လေးလေး လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရပြီပဲ မှတ်ပါတော့ ... ငါးယောက်မြောက်က မမသြဘာမဖြစ်နိုင်တော့ပါဘူး ...။ ဗေဒင်က မကောင်းတာတွေကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ မှန်ပြီး ...၊ ကောင်းတာတွေကျတော့ မှန်ပုံမရဘူး။ သားတော့ လွတ်တယ်ဆိုတာ ... သူက ဘာကြောင့် မှား ပြောရတာလဲဗျ ...

ခု သားကောင်မလေး အသည်းအသန်တွေ ဖြစ်နေပြီ ... သေခါနီးတော့ မဟုတ်ပေမဲ့ GI Bleeding ရနေလို့ တဲ့ Malaena Stool တွေနဲ့ အီးမည်းမည်းတွေ သွားပြီး ... သွေးတစ်ပုလင်းပြီး တစ်ပုလင်း သွင်းနေရတယ် ...။ မမဩဘာကို သား သိပ်လေးစားပါတယ် ... သူက လေးလေး အတွက်ဆိုရင် ရဲရင့်ဖို့ အဆင်သင့် ရှိတယ် ...။ မကြောက်ဘူး ... မယုံဘူး ... မဖြစ်နိုင်ဘူး ဆိုတဲ့ဘက်ကပဲ ...

သားကောင်မလေးကကျတော့ ... သူသေမှာစိုးလို့ ကြောက်လန့်ပြီး သားကိုဖြတ်ပစ်လိုက်တယ်ဗျ ...။ အလကား ဟာမလေး ...။ သူ့ရောဂါကဖြင့် သားနဲ့သူနဲ့ မကြိုက်ကြခင်ကတည်းက သူ့မှာ မွေးကတည်းက ပါလာတဲ့ မျိုးရိုးဗီဇရောဂါကြီးဟာကို ...။ သားကြောင့် ဖြစ်တာ ဖြစ်ရအောင် ... သူ အဲဒီရောဂါကြီးနဲ့ မွေးလာတုန်းက သားတောင်မှ မမွေးသေးဘူးဗျ ... အဲဒါကို ...

အလကား ... စကြောက်မ ...။ ဒါပေမဲ့လည်း — နံပါတ်(၅)က သူပဲ ဖြစ်မှာပါပဲ ...။ လေးလေး လုပ်ချင်တာသာ ဆက်လုပ် ...။ ဘယ်သူ့မှ မမှုနဲ့ ...။ အရေး ကြီးတော့ဘူး ...”





“ဟဲ့ ... ဟဲ့ ... ဟဲ့ ... ဩော် ... ဒုက္ခပါပဲ ... သားသားရယ် ... ကျွတ် ... ဘာတွေ လျှောက်ပြောနေတာလဲ ... ကဲ ... ကဲ ... တိတ်စမ်းပါဦး ... မင်းကကော ... ဘာတွေ ဖြစ်နေရတာလဲ ... စိတ်များညစ်ပါရဲ့ ... မင်းကကော ဘယ်တုန်းက ကောင်မလေးတွေ ဘာတွေနဲ့ ဖြစ်နေရပြန်တာလဲ ...။ ခု မင်းပြောနေတာကကော ဘယ်သူလဲ ... ဟို... မေသဒ္ဒါ ဆိုတဲ့ တစ်ယောက်လေးဟာလား — ခဏ ခဏ ဆေးရုံတက်ရတဲ့ တစ်ယောက် ...”

“သူပဲ ... နံပါတ်(၅)က ...”

“ဟဲ့ ... ဩော် ... ပြောလေ ဆိုးလေပါလား ... သားသား”

တစ်သက်တာလုံးအတွက် ရည်မှန်းလိုက်မိပြီးသော ချစ်သူထံမှ အဆုံးသတ် ဖြတ်စာကို ရလိုက်တာမို့ ... ကြေကွဲဝမ်းနည်းနေခဲ့သည့် လှတိုးမှာ ... ခုတော့ ဒေါသတွေ တရှိန်ရှိန်နှင့် ဖြစ်လာသည် ...။

“မမဩဘာနဲ့ ဟိုတစ်နေ့ကပဲ တွေ့တယ် ... သားကောင်မလေးအကြောင်းသိတော့ ... နေကောင်းသွားမှာပါလို့ပဲ နှစ်သိမ့်သွားတယ် ...။ သားက သူ့ကို (၅)ယောက်ဆိုပြီးပြီလို့ ပြောပြတာ မဟုတ်ဘူးဗျ ...။ မေသဒ္ဒါပါ ဒီလိုဖြစ်နေပြီဆိုရင် ... လန့်ပါတော့လား သူ ...။ အေးဆေး။ အင်မတန် လေးစားဖို့ကောင်းတဲ့ အစ်မကြီးပါ ... နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်မဲ့ပုံတော့ လုံးဝမရဘူး ...။ အရမ်းမိုက်တယ် ...။ စကြောက်မနဲ့တော့ကွာပါ ...။ အဲဒီလိုဟာမျိုးနဲ့မှ ချစ်သူတော်ထားရတာ မမသြဘာလို လူမျိုးရှေ့မှာဆို ကိုယ့်မျက်နှာကိုယ် ... ဓားနဲ့မွှန်းပစ်ဖို့တောင် ကောင်းတယ်ဗျာ ...”

ဇမင်းဆက်မှာ တူတော်မောင်ရဲ့ သူ့ပြဿနာနှင့်သူ ရှုပ်ထွေးနေရပုံကို မြင်လိုက်ရပြန်သောအခါ ...“မင်း ဘာလို့ ငါ့ကို သက်သက် လာလိမ်ခဲ့ရတာလဲကွာ ...”ဟုတောင် အပြစ်မတင်ရက်တော့သလိုလို ဖြစ်သွားရပါသည်။ ဇမင်းဆက် ဆိုရင် ဒီစိတ်ညစ်ရတဲ့ ပြဿနာကြီးကို အသက်နှစ်ဆယ်လောက်ရောက်တဲ့အထိ ခေါင်းထဲထည့်စရာမလိုခဲ့သေး ...။ ကလေးမှာတော့ (၁၇)နှစ်၊ (၁၈)နှစ်သားလောက်နှင့် ခံစားနေရပြီ ...။ ထမ်းသွားပေတော့ ... သူ မသေမချင်း ...။

“ဒါပေမဲ့ ... မင်းမမ သြဘာနဲ့ ငါနဲ့က ဘာမှမဟုတ်ကြဘူး သားသား ...”

“ဘာမှ မဟုတ်ကြရင် ... ဘာလို့ သူတို့အမျိုးတွေက ဘာတွေဝင်ကြောက် ဝင်ဖြစ်နေကြတာလဲ ...”

ဇမင်းဆက်မှာ သြဘာက တမင်ပဲ မဟုတ်တာ[illegible]ပါ လုပ်ကြံပြောလိုက်လေသလား ...။ ဒါမှမဟုတ် အထင်[illegible]ကြတာကို မဖြေရှင်းဘဲ ထား,ထားတာလား ဆိုတာ ... မသေ[illegible]သဖြင့် ... ဘာမှမပြော ...။





“မိုက်တယ် ... လုံးဝလေးစားတယ်ဗျာ ... ဘာမှလဲမဟုတ်ဘဲနဲ့ မမသြဘာက သူ့အမျိုးတွေကို ဟုတ်သယောင်ယောင် ပြောပစ်တယ်ပေါ့ ...”

ကလေးစိတ်နှင့် လှုတိုးမှာ ... သူ ခံစားနေရတာ ...၊ သူ့ကောင်မလေးရဲ့ ဝေဒနာ ... ဒါတွေကို ခဏမေ့ပြီး ... သြဘာကို အကြိုက်တွေ့ရတာနဲ့ပဲ လူက တက်တက်ကြွကြွ ... ခပ်ပြုံးပြုံးနှင့် ဖြစ်လာသည် ...။ ဒေါ်ခင်ခင်နှင့် စိမ့်တို့က ဤဖြစ်ရပ်အတွက် ကလေးမကို စိတ်ကွက် စိတ်ပျက်ချိန်တွင် လှုတိုးကတော့ ... ဟီးရိုးတစ်ယောက်လို မြင်ကာ လက်ခမောင်းခတ် ချီးကျူးဂုဏ်ပြုချင်နေသည် ...။ လူကြီးနှင့် လူငယ်တို့ရဲ့ အမြင်မတူညီကြပုံ ကွာခြားချက်ပေ ...။

အဲဒီနှစ်မျိုးကြားထဲက မကြီးမငယ်အရွယ်ရဲ့ ခံစားချက်ကတော့ ... အရင်ကလို ... သူများတွေရဲ့ အပြောအဆိုကိုလည်း မခံချင် ...။ စိမ့်ရဲ့ တိုထွာပိတ်ပင် စောင်းမြောင်းနေရတာ အိမ်ပူကြီး ဖြစ်နေရတာမျိုးကိုလည်း မခံချင်လို့ ကိုယ့်ဘာသာ ဆောက်သလို ကြည့်ကျက်နေ ...၊ စိတ်ပျက်လက်ပျက် ရှောင်ရှားနေချင်တာမျိုး မဟုတ်တော့ဘဲ ... စကားနည်းနည်း ထပ်ပြောကြည့်ချင်နေမိသည် ...။

ဇမင်းဆက်ရဲ့ အရင်စိတ်နဲ့သာ ဆိုရင်တော့ မခော်[illegible]လိုက်ရတဲ့ ယောက္ခမလောင်းကြီးက ဒီလို ခါးခါးသီးသီး [illegible]ကျော



www.burmeseclassic.com

www.burmeseclassic.com



တင်စီးကာ လာပြောသွားခဲ့ပြီ ဆိုလျှင် ... သူ့စိတ်ကြိုက်ဖြစ်အောင်၊ သူ့ကြောက်လို့၊ သူ့စကား နားထောင်ချင်လို့ မဟုတ်တောင် ... ကိုယ့်ငြိမ်းချမ်းရာပဲ ကိုယ်ရှာထားလိုက်သည့် သဘောနှင့် ခပ်ကင်းကင်းပဲ နေပစ်လိုက်မိတော့မှာပေါ့ ...။ ခုတော့ ... "မင်းဘယ်လို လုပ်ချလိုက်တာလဲ ... ဒေါ်ပြုံးရယ်"ဆိုတာလောက်လေးပဲ ဖြစ်ဖြစ် ... မေးကြည့်လိုက်ချင်နေမိသည် ...။

ဒီပုံအတိုင်း ဆိုရင်တော့ ... မင်း ဖြစ်လာစေချင်တဲ့ "ဦးပြုံးရီ"ဆိုတဲ့ ဘဝမျိုး ကိုယ့် ဘယ်လိုမှ ပြန်မရနိုင်တော့မှာ သေချာသလောက် ရှိသွားပြီ ဒေါ်ပြုံးရေ ...။ ရှေ့ကနေ လမ်းပြ ရှေ့ဆောင် ပြုံးနေမဲ့သူက အဆင်ပြေပြေ ဆက်ပြုံးပြနေနိုင်ဦးမှာ မို့လား ...။

"ဘွားဘွား သူငယ်ချင်း ဟိုဘွားဘွားကြီးက ... ဒီလာပြီး မျက်နှာပျက်ခံနေမဲ့စား ... ကိုယ့်တူမကိုယ် ပိုင်ပေ့စေ ဗျ ... ဟဲ ဟဲ ဟဲ ဟဲ ... မမသြဘာလို လူမျိုးကို အမျိုးတွေ ဘာနဲ့ရအောင် အုပ်ထားနိုင်မလဲဆိုတာ ကြည့်ချင်လိုက်တာ ..."

"ကြည့်မနေနဲ့တော့ သားသား ... မြိုင်က ပြောကိုပြော တာ ... သူ့တူမကို ... မိဘတွေရှိတဲ့ အင်္ဂလန်ကိုပဲ ထည့်ပေးလိုက်တော့မှာပါတဲ့ ... ဒါပေမဲ့ ... ခု လေးလေး ဗမင်းဆက်ရဲ့ ကိစ္စကတော့ အများသူငါ





လိုမျိုး ... လူချင်း ရအောင်ခွဲပြီးရင်တောင် ... စိတ်ချင်းက မပြတ်ရင် ... သူ့တူမလေးခမျာ တစ်ပြည်တစ်ရွာမှာ ဒုက္ခများရရှာမှာမို့ ...။ ခုလာတောင်းပန်ရတဲ့ သဘောက ... စိတ်ထဲကပါ ... ဖြစ်နိုင်ရင် ... အပြီး ချောက်ထုတ်ပေးပါ တဲ့"

ဩော် ...။ ပြန်လိုက်သွားရတော့မယ် ဆိုပါတော့ ...။

ဗမင်းဆက်က နှုတ်ခမ်းနှစ်လွှာကို ခပ်ဖိဖိလေး ဖေ့ပိတ်ကာ ပြတင်းပေါက်ကလွန်ပြီး ... လမ်းမကြီးဘက် ... ဟိုးအဝေးဆီ ခပ်ငေးငေးကလေး (အဓိပ္ပာယ်မဲ့) ငေးကြည့်နေမိလျှင် လှတိုးသည် ...

"လေးလေး ... သားမှာ မမသြဘာရဲ့ အီးမေးလ်(e-mail) လိပ်စာရှိတယ်ဗျ ... အားမလျှော့လိုက်ပါနဲ့ ... "အချစ်စစ် အချစ်မှန်တို့မည်သည် ဖြောင့်ဖြူး အဆင်ပြေခြင်း မရှိ" ဆိုတဲ့ အဆိုသာ တကယ်မှန်ခဲ့ရင် လေးလေးက ခုမှ တကယ့် အချစ်စစ်နဲ့ စတွေ့တာဗျ ...။ သူကမှ မလျှော့ ရင် လေးလေးကလည်း ဘာမှ လျှော့လိုက်စရာ မရှိဘူး ... Carry On (ဆက်လုပ်) ..."

"သားသား ..."

နံဘေးကနေ တတွတ်တွတ်နဲ့ အားပေးအားမြှောက် ပြုနေသော လှတိုးက ... စိမ့်ရဲ့အော်သံကြီးကြောင့် တုပ်ပု ...၊



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ပု ပုံစံလေး တမင်လုပ်ကာ ... အသာလေးပင် လစ်ထွက်သွားခဲ့ပါပြီ။ သူ့ကောင်မလေးက ဖြတ်ပစ်လို့ဆိုပြီး မျက်ရည်လည်ရွဲဖြစ်နေခဲ့သော သားသားသည် ... ခုတော့လည်း ... ပုံမှန် "ငပြောင် ငရွဲ့လေး လှတိုး"ပုံစံကို ပြန်ရောက်လို့ ...။

သူ့ကောင်မလေးကိုသာ "အချစ်မစစ်တဲ့ စကြောက်မ"လို့ နင့်နင့်သီးသီး ပြောနေခဲ့တာ ... သူကိုယ်တိုင်ကျတော့ ... သွေးဝမ်းမည်းမည်းတွေ သွားနေလို့ သွေးသွင်းနေရတယ် ... ဆိုတဲ့ ချစ်သူအတွက် တကယ်ပဲ တိတိကျကျ ပူပန်တတ်ပုံမှ ရှိပါလေစ ...။ လူကြီးနဲ့ ကလေး ... ကွာခြားချက်က ဒါပဲ ထင်သည်။

ညကျတော့ သားသားသည် e-mail address လေး တစ်ခုကို လာပေးရင်း ...

"မမသြဘာနဲ့ သားနဲ့ ခုပဲ ... On Line စကားပြောနေကြတာဗျ ... လာဦးမလား ..."

ဗမင်းဆက်က ခေါင်းပဲ အသာခါပြလိုက်သည်။

"မမသြဘာကလည်း လေးလေး လာမှာမဟုတ်ပါဘူးလို့ သားကို ပြောပါတယ် ... ဘွားဘွားမြိုင်ကြီး အိမ်လာသွားတာလည်း သားက ပြောပြလိုက်တယ်လေ။ လေးလေးကို အီးမေးလ်လိပ်စာ ပေးလိုက်ပါမယ်လို့လည်း ပြောလိုက်တယ်"





လှတိုး ပြန်ထွက်သွားလျှင် ဗမင်းဆက်သည် ... စားပွဲပေါ်တွင် တင်ကျန်ရစ်နေသော စာရွက်လေးကို အသာကောက်ယူ လုံးချေပြီး ... အမှိုက်ပုံးထဲသို့ ပစ်ပေါက် ထည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

သြဘာ၏ ဖေဖေနှင့် မေမေတို့မှာ ဟိုကရောက်လာကြကတည်းက ... အသွားအပြန်အတွက် လေယာဉ်လက်မှတ်ကို တစ်ခါတည်းအပြီး ... ရက်သတ်မှတ်ကာ Ticket confirmation လုပ်လာပြီးသားပင် ...။ ကြီးကြီးတို့ ဆွေမျိုးအုပ်စုထံမှ တိုင်တောလွှာများကို လက်ခံရရှိတဲ့အခါ ... ဖေဖေက မေမေ့ကို "ရအောင်သွားပြန်ခေါ်လာခဲ့ ... ဒီမှာ ကျောင်းပြန်တက်ခိုင်းမယ်"ဟု ရာဇသံပစ် အမိန့်ချပါသည် ...။

သူ့ဘက်က တိုင်စာတွေကိုလည်း နှစ်ဖက်မျှဖတ်ရှုထားသော မေမေက ..."ကိုကျော်ခိုင် ... မမမြိုင် ပြောတဲ့ အစွဲအလမ်းတွေ ... ဝဋ်ကြွေးတွေဆိုတာ ... ရှင်က တကယ်ကော ယုံကော ယုံရဲ့လား ..."ဟု စောဒကတက်ကြည့်သေးပေမဲ့ နှိုင်းတည်းကိုက ... ဖြစ်သင့်တာကို ပစ်ပယ်ခဲ့တဲ့ သမီးကို မကျေနပ်အခံ ရှိထားတဲ့ ဖေဖေက "ဘူးဆို ဖရုံပြန်မသီးနိုင်ဘူး"ဆိုတဲ့ အထဲကပင် ...။





တကယ်ဆို မေမေကမှ ... ဒါမျိုးကြောက်မယ်ဆို ကြံဖန်ကြောက်တတ်နေဦးမည် ...။ ဖေဖေကတော့ ပုံပြင်သဖွယ်လာပြောနေသူကိုပင် "တဟဲဟဲ"နဲ့ ပြန်ဟားတိုက်နေလိုက်ဦးမည့်သူမျိုးဆိုတာ ... သြဘာက သိကို သိပါသည်။ သြဘာကလည်း ဤနေရာမျိုးမှာတော့ တကယ့် ဖေဖေ့ သမီးပင်တည်း။ ဒါပေမဲ့ တစ်သဘောတည်း တစ်ယူတည်းရှိနိုင်ကြတဲ့ သားအဖက... စတင်ထားကတည်းက သဘောထားတွေ ကွဲလွဲနေခဲ့ကြပြီးပြီလေ ...။ ဘာတတ်နိုင်မည်နည်း ...။

မေမေက "သြဘာအကြောင်း ရှင် သိရက်သားနဲ့ ရှင်ပါ လိုက်ခေါ်ပါလား ..." ဆိုလို့ အလုပ်ပစ်အကိုင်ပစ် လာခဲ့ရတဲ့ ဖေဖေဟာ ... သမီးဖြစ်သူက ဆင့်ခေါ်တက်၊ အယူခံမတင်သာအောင်ပင် ... ရောက်ကတည်းက မျက်နှာထားကို ချိတင်ထားပြီးသား ...။ တမင်ကို သြဘာ နေနေတဲ့ အန်တီမီးတို့ အိမ်မှာ လာမတည်းဘဲ ... ကြီးကြီးမြိုင်တို့ အိမ်မှာမှ တည်းလေတဲ့အခါ ... သြဘာမှာလည်း အန်တီမီးတို့ အိမ်ကနေ ကြီးတော်ကြီး အိမ်သို့ ပြောင်းရွှေ့နေရတော့သည်ပေါ့ ...။

အဲဒီကိစ္စကို မေမေ့ အမျိုးများဘက်က တော်တော်လေးကို မကျေမနပ်ဖြစ်ကြသည်။ နှစ်ဖက်က အဆင်မပြေသလိုလိုဘာလိုလိုတွေ ... အတော်ကလေး ဖြစ်လိုက်ကြပြီးတဲ့ အချိန်ကျမှ ဖေဖေက သူ့အစ်မအိမ်ကို ရွေးလေတဲ့အတွက် သြဘာပါ အဖေဘက် လိုက်သွားရသောအခါ ... သြဘာရဲ့ အမှားအတွက်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူလိုလိုဟာ အမေ့မျိုးဆွေတွေ (အဓိက,ကတော့ အန်တီမီး) ပဲ ဖြစ်ရတော့မလိုလိုပေါ့လေ ...။

"ဩဘာကို ခွင့်လွှတ်ပါ အန်တီမီးရယ် ... ဒါပေမဲ့ ဩဘာရဲ့ ပြဿနာဟာ အန်တီမီး ထိန်းအုပ်ကွပ်ကဲမှုညံ့လို့ ... ဆိုတာမျိုး မဖြစ်စေရအောင် ဩဘာက ပြုဖြစ်ဦးမှာပါ။ တမင်ပြုမယ်ရယ်တော့ မဟုတ်ဘူးပေါ့လေ ... ဒါပေမဲ့ ဩဘာက လျှော့မှာမှ မဟုတ်တဲ့ဟာ"

အန်တီမီးက ပြုံးပါသည်။

"တကယ်တော့ သမီးဩဘာရေ တချို့ကိစ္စတွေမှာ လူကြီးနဲ့လူငယ် ...။ လူကြီးကသာ ပိုမှန်မယ် ... လူကြီးစကားအတိုင်း တစ်ထစ်ချ လိုက်နာလိုက်မှသာ တစ်ထစ်ချအောင်မြင်မှန်ကန်တဲ့ လမ်းကြောင်းဖြစ်မယ်လို့ ... ပြောလို့မရနိုင်တာမျိုးတွေလည်း ရှိတတ်ပါတယ် ...။ မှားချင်မှားသွားနိုင်တဲ့ကိစ္စတစ်ခုကနေ ကင်းဝေးသွားမယ် ... မမှားနိုင်တော့ဘူး ...ဆိုတဲ့ အဖြစ်လောက်အထိပဲ ဖြစ်ရင်ဖြစ်မယ် သမီးရေ ... ပိုမှန်သွားတယ်ဆိုတာမျိုးကတော့ ဟုတ်ချင်မှ ဟုတ်မယ်ဆိုတဲ့ ဖြစ်ရပ်တွေလည်း ရှိနိုင်တာပါပဲ ..."

"အန်တီမီးနဲ့ မေမေ့လိုလားဟင် ..."

"အစစ်ပဲ ... အန်တီမီး အလှည့်မှာ "သမီးလိမ္မာ"ဆိုတဲ့ နာမည်မျိုးကိုတော့ ... တစ်မျိုးလုံး တစ်ဆွေလုံး အလယ်မှာ ပိုင်ဆိုင်နိုင်လိုက်ပါရဲ့ ...။ ဒါပေမဲ့ ခုလောက်အချိန်အ





တော့ ... မမရဲ့ ဘဝဟာ အန်တီမီးရဲ့ ဘဝထက် ပိုဆိုးနေတယ် ... ဒုက္ခရောက်နေတယ်လို့ မပြောနိုင်တဲ့အပြင် ပိုတောင်အောင်မြင်ပျော်ရွှင်နေနိုင်တာပဲ အန်တီမီးက မြင်နေရသလို ရှိတယ်လေ ...

အဲဒါပါပဲ သမီးရယ် ... လူတစ်ယောက်မှာ ဘယ်သူမှ ကြိုမမြင်နိုင်တဲ့ ရှေ့လာမဲ့ အနာဂတ် ကံကြမ္မာဆိုတာ ရှိတယ် ... အဲဒါကိုပဲ လူကြီးတွေကတော့ အလောင်းအစားပြုသလို မစွန့်စားချယ်စေချင်ကြတာ ...။ ကောင်းမယ်ဆိုးမယ် မှန်း မသေချာရင် ... မကောင်းမဆိုးမဲ့လမ်းမှာပဲ ရပ်နေစေချင်တတ်ကြတာပါပဲ ..."

"ဩဘာကတော့ ရွေးကြည့်ချင်ပါသေးတယ် ..."

ဩဘာက မေမေ့ကို ..."ဩဘာက မန္တလေးတစ်ခေါက်လောက်တော့ သွားကြည့်လိုက်ချင်ပါသေးတယ်" ... ဟုခရမက ပူဆာပါသည် ...။ လူတိုင်း လူတိုင်းဟာ "အဲဒီ ဆရာကြီး"ဆိုတာနဲ့လည်း ကိုယ်တိုင်ကိုယ်ကျ ဘယ်သူမှ တွေ့တော့ဆိုင်ဆိုင် မဆုံဖူး၊ စကားမပြောဖူးကြပါသေးဘဲနှင့် ယုံတဲ့လူကနတ်ယုံ၊ မယုံဘူး ဆိုတဲ့လူက 'ဘူး'ခံငြင်း ... ဆိုတဲ့ ကိစ္စဟာ နည်းနည်းတော့ နည်းလမ်းမကျပါဘူးဟု ... ယူဆသည်လေ ...။

ဩဘာသည် "မယုံကြည်ပါဘူး"ဟူသည့် စကားကို ...ဘာများနှင့်အပြိုင် အတိအကျ ခိုင်ခိုင်မာမာ ရပ်တည်ငြင်းဆိုနိုင် ... ထို"ပုဏ္ဏားတော်ကြီး"ဆိုသည့် ဆရာကြီးနှင့် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်လောက်တော့ စကားပြောကြည့်သင့်သည်ဟု ခံယူသည် ...။

"လေယာဉ်လက်မှတ်က လွယ်ချင်မှလွယ်မယ် ... အသွားအပြန် လက်မှတ်ရနိုင်မယ်ဆိုရင်တော့ ... မနက်သွားညနေပြန် ... တစ်ရက်လောက်ပဲ အချိန်ကုန်မှာပါ ... လေယာဉ်လက်မှတ်မရနိုင်ရင်တော့ ... အဝေးပြေးဂိတ်က ကားကြီးတွေနဲ့ ဒီညနေလောက် ထွက်သွားလိုက်ရင် ... နောက်တစ်နေ့မနက်ရောက်၊ တစ်နေကုန်အချိန်ရမယ် ... နက်ဖြန်ညနေပဲ ကားကြီးနဲ့ပဲ ပြန်လာ ... သန်ဘက်ခါမနက် ... ရန်ကုန်ကို ပြန်ဝင်မယ် ... တစ်ရက်နဲ့ တစ်ညပဲကြာမှာပါ။ နော် ... မေမေနော် ... သြဘာ ခဏသွားလိုက်မယ်နော် ..."

"သမီး ဖေဖေက ဘယ်လိုမှ ခွင့်ပြုမှာမဟုတ်ဘူး ... သန်ဘက်ခါ ညနေပဲ ပြန်ထွက်ဖို့ လက်မှတ်က Confirm လုပ်လာပြီးသား သမီး ... ဒီရက်မှာ ကပ်သပ်ပြီး ခရီးတို လေးတစ်ခေါက် ထွက်လိုက်တာမျိုးကို ကြိုက်မှာ မဟုတ်တဲ့အပြင် ... သမီး ဘာကြောင့် ဒီလိုခရီးကို သွားချင်တာလဲလို့မေးရင် ထွက်လာမဲ့အဖြေကိုလည်း ဖေဖေက ကြိုက်မှာမဟုတ်ဘူး ..."

"မေမေ ... ဒီတစ်ကြိမ်တော့ ..."

"မေမေ ရအောင်ပြောပေးနိုင်မှာ မဟုတ်ဘူး သြဘာ ...





"မန္တလေးကနေ ဘာအကြောင်းကိုပဲ သိလာ ... သိလာ သြဘာ မေမေတို့နဲ့ ပြန်လိုက်ခဲ့ပါမယ်လို့ ကတိပြုပါတယ်၊ ကျောင်းလည်း နှစ်ပြည့်ပြန်တက်ပါမယ် ..."

မေမေက သက်ပြင်းရှည် တစ်ချက်နှင့် ဖေဖေ့ထံ အယူခံဝင်ဖို့ ကြိုးတော့ကြိုးစားပါသေးသည်။ ဖေဖေက သြဘာကို ဆိုရင်တော့ ပြောမနေပါနှင့်တော့ ...။ မေမေ့ကိုတောင်မှ အဲဒီကိစ္စတွေနှင့် ပတ်သက်လို့ စကားစပ်မခံပါပေ ...။ ဗမင်းဆက်နှင့် ပတ်သက်ပြီး ... ခုချိန်မှာ ဖေဖေ့ကို တတွင်တွင် အဆက်မပြတ်ပြောခွင့်ရနေသူမှာ ကြီးကြီးတစ်ယောက်သာလျှင်ဖြစ်သည်။ အဲဒီအတွက်တော့ဖြင့် သြဘာက သိပ်အပူလှကြီး မဟုတ်ပါ ...။

ကြီးတော်ကြီးအဖို့ အခွန်းတစ်ရာပဲ ပြောပြော၊ တစ်ခွန်းပဲပြောပြော အဲဒီစကားတွေအတွက် ဖေဖေ့အနေနှင့် လက်ခံခုတ်ယူမှာက တစ်ချက်တည်း ...။ "လူကြီးမိဘ၊ အကြီးအကဲ ဆွေမျိုးသားချင်း အားလုံးက 'မသင့်တော်'ဟု တညီတညွတ်တည်း လက်ခံထားကြတဲ့ ကောင်ကလေး ..."။ ဒါပဲဖြစ်သည်။ ကျန်တဲ့ ဘိလူးတွေ သဘက်တွေက ဖေဖေ့နားထဲ ဝင်မှာမဟုတ်ပါ ...။

သြဘာကလည်း ... ဗမင်းဆက်ဟို့ရဲ့ ပုဏ္ဏားတော်ကြီးနှင့် တွေ့ကြည့်မှကို ဖြစ်မည်ဟု ယတိပြတ် ဆုံးဖြတ်ချက်ချခြင်းမှာ ... အဲဒီ"တစ်မျိုးလုံးရဲ့ အစွဲ"ကို ခိုင်မာတိကျသော အကြောင်းပြချက်တစ်ခုခုနှင့် ချွတ်ချင်၍တည်း ...။ ကိုယ့်အဖေနှင့် အမေအတွက်ဆိုလျှင် သက်သေပြချက်က ဤမျှလောက် မလိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါ ...။ တစ်မျိုးလုံးရဲ့ အစွဲကျွတ်မှသာ ဖေဖေ့ရဲ့ "တစ်ဆွေလုံး တစ်မျိုးလုံးက မသင့်တော်လို့ ဆုံးဖြတ်ထားကြတဲ့ကိစ္စ"ဆိုတဲ့ အချက်ကလည်း အော်တိုမက်တစ် ပြေပျောက်နိုင်မည် မဟုတ်လား ...။

အန်တီမီးကို အုပ်ထိန်းမှု ညံ့ဖျင်းသည်ဟု ခန့်ချင်ခဲ့သော ကြီးကြီးခမျာ ... ဒီတွမချောကို သူ့စိတ်ကြိုက် အစီအမံများနှင့် မျက်စိဒေါက်ထောက် ကြည့်ရှုစောင့်ကြပ်နေသည့်ကြားမှပင် ဩဘာသည် ဖေရော မေရောပါ မပြန်ခင် တစ်ရက်ရဲ့ ညနေမှာ အိမ်မှ ပျောက်သွားပါလေတော့သည် ...။ (လူကြီးတွေ မသိလိုက်ကြတဲ့ အချက်ကတော့ ကားလက်မှတ်ကြိုဝယ်ပေးထားသူ၊ ကြီးကြီးအိမ်မှ တိတ်တိတ် လာခေါ်ထုတ်သွားနိုင်သူမှာ အန်တီမီးပင် ...)

"နေခဲ့ချေ ... မင်းသမီးပါ တစ်ပါတည်း ပြန်ပါလာနိုင်မှ မင်းလည်း ပြန်လာခဲ့ချေ နွယ်နွယ် ..."

ဖေဖေ့မှာ မေမေ့ကို ဤသို့ အမိန့်ချကာ နောက်တစ်နေ့မှာ သူတစ်ယောက်တည်း ပြန်ရပါတော့သည်။

"မန္တလေးသွားတာပဲ နေမှာပါ ... အဲဒီက ပြန်လာရင် ... အင်္ဂလန် ပြန်မယ် ... ကျောင်းပြန်တက်ပါမယ်လို့ သူ ပြောထားသားပဲ ... ကိုကျော်ခိုင်ကမှ စကားစပ်မခံတာ သူ ပြန်လာမှာပါ ..."

လိမ္မာကျိုးနွံကာ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေး အသွင်နှင့်ပဲဖြစ်ခဲ့သော မပန်းနုကိုတော့ ကြီးကြီးမြိုင်က ဘယ်လို





အုပ်ထိန်းခဲ့သည် မသိပါ။ "ဩဘာက မန္တလေးထွက်သွားတာ" ဟု သိလိုက်ရသောအခါမှာတော့ ... လူကြီးပီပီ ကွက်ကြိုခြေလှမ်းထားနှင့်ဖို့ ဒေါ်မြိုင်မြိုင့်မှာ အစီအစဉ်တွေ အပြည့်နှင့် ဖြစ်လေသည်။ ယောက်မဖြစ်သူ ဩဘာရဲ့ မေမေကို ဒေါ်မြိုင်မြိုင်က ...

"ကောင်ကလေးတို့အိမ်မှာ မန္တလေးက သူတို့အမျိုးအိမ် လိပ်စာကို လှမ်းမေးလိုက်လို့ ရနိုင်ပါတယ် ... ဩဘာက ကောင်လေးရဲ့ တူနဲ့လည်း သူငယ်ချင်းလိုလို နေနေကြတာဆိုတော့ အဲဒီကလေးကတစ်ဆင့် သူ့ဘိုးအေ ဘွားအေတွေရဲ့ လိပ်စာကို ရသွားနိုင်တယ် ..."

ဒေါ်ခင်ခင့်ထံမှ လှတိုး အဘိုးအဘွားတို့ရဲ့ လိပ်စာကိုရသောအခါ ဒေါ်မြိုင်မြိုင်က ဩဘာ မန္တလေး မရောက်ခင်မှာပဲ မန္တလေးသို့ ဖုန်းကြိုဆက်ထားနှင့်ပါပြီ ...။ ဩဘာ ရောက်သွားသေတဲ့အခါ ... ဆီးကြိုလက်ခံကြသည့် လှတိုး၏ အမျိုးအဆွေတို့မှာ ဩဘာအပေါ် လိုအပ်တာထက်ပင် ပိုပြီး ဖော်ရွေချိုသာနေခဲ့ကြသေးလားလို့ ...။ အမှန်စင်စစ်မှာတော့ လှတိုးရဲ့ အဘိုးအဘွားဟာ ... သူတို့ တစ်ခါမှ မသိမကျွမ်း၊ မမြင်ဖူးကြသေမဲ့ ဒေါ်မြိုင်မြိုင့်ကိုလည်းကောင်း၊ ဩဘာကိုလည်းကောင်း ... "ကိုယ်ချင်းစာတရား"ဟူသော အသိစိတ်တစ်ခုတည်းနှင့် ဤမုံစံ၊ ဤသို့ ဖြိုတင်ဖြစ်နေခဲ့ကြခြင်းပင် ...။

"ကျွန်မ ပုဏ္ဏားဆရာကြီးနဲ့ ကိုယ်တိုင် တွေ့ပြီး စကားပြောကြည့်လိုက်ချင်လို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် … အန်တီတို့ စိစဉ်ပေးပါ့မယ် … သမီးက တည်းခိုမဲ့ဟိုတယ်မှာပဲ ပြန်စောင့်နေပါ … အန်တီတို့ က ချိန်းပေးပြီးရင် … ဒီအိမ်မှာပဲ တွေ့ဖို့ ကြိုခေါ်ထားပေးမယ်၊ ပြီးရင် သမီးရဲ့ ဟိုတယ်ကို လှမ်းအကြောင်းကြားပြီး လာခေါ်ပေးလိုက်ပါ့မယ် …"

"လာမခေါ်ပါနဲ့ အန်တီရယ် … မဟုတ်တာ … ဖုန်းလေးသာ လှမ်းဆက်ပေးလိုက်ရင် … ကျွန်မဘာသာ လာခဲ့မှာပါ … ကျေးဇူးတင်ပါတယ် …"

"ပုဏ္ဏားတော်ကြီး"ဟု သိခဲ့ရသော်လည်း အသတ် အရွယ် ခပ်ငယ်ငယ်ပဲ ရှိဦးမည့် ပုဏ္ဏားအမျိုးဝင် လူမျိုးတစ်ယောက် နှင့် သြဘာ တွေ့ခွင့်ရခဲ့ပါသည် …။

"ခုလို ဖြစ်,ဖြစ်နေတာဟာ … တိုက်ဆိုင်မှုလို့ကော မပြော နိုင်ပါဘူးလား"

"မှန်ပါတယ် … တိုက်ဆိုင်မှုပါ။ ဒါပေမဲ့ ကံက ကြိုတင် စီမံပြီးသား ထူးခြားတဲ့ တိုက်ဆိုင်မှုတစ်ရပ်လို့ ခေါ်ပါတယ်"

"ဆရာ ဆိုလိုတာက … ကံက ကြိုတင်စီမံထားပြီးသား တော့ လွှဲဖယ်ရှောင်ထွက်လို့ မရနိုင်ဘူးပေါ့ … ဒီလိုလား"

"ရနိုင်ခဲ့ရင် … ကျွန်တော်တို့ ရှေ့ရှေ့ကသူများအိမ် ကယ်တင်နိုင်ခဲ့ကြမှာ ဖြစ်ပါတယ် …"

"ဒီလိုဆိုရင် ဒီတစ်ချီ ကြုံခဲ့ရင်လည်း သေချာတယ် နော်"





ပုဏ္ဏားဆရာကလေးက … သြဘာကို စိတ်လက် မရွှင်ပျနိုင်သည့် ပုံနှင့် ငြိမ်ငြိမ်ကြီး ကြည့်နေသည် …။

"ဒါဖြင့်ဆရာ ကျွန်မ ဇာတာကို တွက်ချက်ပြီး စစ်ဆေးပေးစေချင်ပါတယ် … ကိုဗမင်းဆက်ရဲ့ ဇာတာကတော့ ဆရာ ကြည့်ရှုစစ်ဆေးပြီးပဲဖြစ်မှာပါ … ကျွန်မက သူ့မွေးနေ့ ဘာညာကိုလည်း မသိ၊ ဖါလည်းမလာလို့ပါ။ ဖြစ်နိုင်ရင်၊ ဆရာ့မှာ မှတ်တမ်းရှိရင် သူနဲ့ကျွန်မကို ခုပဲ ဇာတာ တိုက်ကြည့်လိုက်ချင်ပါတယ် …

တစ်ခုရှိတာက … ကျွန်မ ဒီလိုပြောတာ ရိုင်းတယ် ထင်ရင်လည်း ဆရာ ကျွန်မကို ခွင့် လွှတ်နားလည်ပေးပါ …။ အဲဒါကတော့ ကျွန်မက ဒီလိုပညာတွေကို … ယုံတယ် … လက်ခံတယ်ရယ်လို့ မရှိလှဘူး ဆိုတာပါပဲ …။ ဆရာ့အနေနဲ့ ဒီတစ်ခါလည်း ကျွန်မ 'အသေ'ပဲ လို့ အဖြေ ထွက်လာခဲ့မယ် ဆိုရင်တောင် ကျွန်မက ရှေ့ဆက်ချင်ရင် ဆက်မဲ့သူမျိုးပါ …။ ဒါဆို ဘာလို့ ခုရောက်လာသလဲဆို ရင် … ဆရာတို့ ပညာအရ "ဒီတစ်ချီတော့ လွတ်တယ် … အဆင်ပြေတယ်"ဆိုတာမျိုး … ထွက်လာနိုင်ဦးမလား … ဆိုတာက တစ်ချက် …

နောက်တစ်ခုက ဒါတွေကို ကျွန်မရော ကာယကံရှင် ဖြစ်တဲ့ ကိုဗမင်းဆက်ရောဟာ … လူပြောသူပြောနဲ့ပဲ သိနေခဲ့ကြရတယ် …။ တကယ်ပဲ ပညာပိုင်းအရ ပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ... ဒါ့ကြောင့်။ ဒါကြောင့် ... ဒီအချက်တွေအရ ဒီလို ဖြစ်တာပါ ... ဆိုတာမျိုးကို ... တိုက်ရိုက် ကျွန်မတို့ နား၊ ကျွန်မတို့မျက်စိနဲ့ ကြားရမြင်ရတာ မဟုတ်သေးလို့ ပါပဲ ...။ သူများက "နင် ဒီလိုလုပ်ရင် ဒီလို ဖြစ်မယ်တဲ့" လို့ တစ်ဆင့်ခံပြန်ပြောတာမျိုးကို ကြားရတာထက် ... တကယ့် ပညာနဲ့ တွက်ချက်ပြမယ်ဆိုရင် ... အဲဒီပညာရှင်ရဲ့ တိုက် ရိုက်အပြောကို သိလိုက်ရ၊ ကြားလိုက်ရချင်တာမျိုးပါ ...

ကျွန်မရဲ့ ဇာတာမှာ "ကျွန်မ သေမယ်" လို့ ထွက် ရင်လည်း ကျွန်မရဲ့ ဆုံးဖြတ်ချက်ဟာ ... အဲဒီအယောပေါ်မှာ တော့ တစ်ထစ်ချမတည်ဘူး ... ဆိုတာလေး ဆရာ့ကို ကြို ပြောထားတာပါ ..."

"ဒီလိုဆိုရင် မိန်းကလေးရဲ့ ဇာတာကို ကျွန်တော် စစ်ဆေး စရာမလိုပါဘူး",

"ဘာဖြစ်လို့လဲ ... ဟို ... ကျွန်မ ပြောမိတာတွေက ဆရာ့ ပညာကို စော်ကားလိုက်မိသလို ဖြစ်သွားခဲ့ရင် ..."

"မဟုတ်ပါဘူးလေ ... ပညာကို မယုံကြည်ရင်လည်း လိုအပ်ရင် လိုအပ်သလို ပြောပေးလို့ရပါတယ်။ ဒါပေမဲ့ ဦးဗမင်းဆက်ရဲ့ ဇာတာကို ကျွန်တော်တို့က အလွတ်ရနိုင် တယ် ...။ သူ့အကြောင်းကို ဘယ်သူနဲ့ ဘာနဲ့မှ တိုင် ဆိုင်နေစရာမလိုတော့ဘဲ ... ဘာဖြစ်မယ်ဆိုတာ ပြောနိုင် နေပြီပဲ ..."





"ဆရာဆိုလိုတာက ... ကျွန်မရဲ့ ဇာတာက ဘယ်လိုကြီး ပဲ ... ဘာကြီးပဲဖြစ်နေနေ သူနဲ့ ဖူးစာဖက်လို့ကတော့ ကျွန်မက သေကိုသေရမယ်ပေါ့ ..."

"မဟုတ်ပါဘူး ... ဒီတစ်ချိကျ ... ကံစီမံရာကို ခံရမဲ့သူ က ဦးဗမင်းဆက်ပါ ..."

သြဘာမှာ စိတ်တက်တက်ကြွကြွ၊ လူကလည်း တက်ကြွကာ ... ထိုင်နေရာမှ လူက ရှေ့သို့ ကုန်းကိုင်းပြီး ... ပုဏ္ဏားဆရာလေးနှင့်တောင် ဝင်တိုးတော့မတတ် ပုံစံမျိုး ဖြစ်နေ ရာကနေ ... ကုလားထိုင်ပေါ်သို့ ... အရုပ်ကြိုးပြတ် နောက်မှီ ကိုယ်လျှောပုံစံကြီးနှင့် မှီကျသွားရာက ... နှုတ်ဖျားမှလည်း "အာ ..."ဟု တိုးတိမ်တိမ် အသံလေးတစ်ခု ထွက်လာသည်။ ပုဏ္ဏားဆရာလေးကား မျက်စိမျက်နှာ အပျက်ပျက်နှင့် သြဘာကို စိုက်ကြည့်နေဆဲ ...။

"သူ ..."

သြဘာ ရင်ထဲ ဘယ်လိုကြီး ဖြစ်သွားရမှန်းကို မသိနိုင်တော့ပါ ...။

'သူ'ဟာ 'ဘီလူး'မို့ ... ဖူးစာဖက်,ဖက်သမျှ 'လူ' အပေါင်းကို စားပစ်မဲ့သူ ... ဆိုတဲ့ အဟောအယူကို တစ်စက်မှ မယုံကြည်ပါဘူး ...။ ကိုယ်သေမယ်ဆိုတာကို မယုံကြည်တဲ့အတွက် သေရမှာကိုလည်း မမှုပါဘူး ... ဆိုတဲ့ သြဘာဟာ ... ခုဒီတစ်ချိ ကျ ... ခံရမဲ့သူက "ကိုယ်"မဟုတ် ...။ "သူ"ဆိုတော့ ... ဘယ် လိုကြီး ဖြစ်သွားရမှန်းကို မသိတော့ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ပါဘူး၊ လက်မခံနိုင်ဘူး၊ ပယ်တယ်၊ အယူမရှိဘူး ... ဒါမျိုးတွေ တစ်ခုမှ ... နှုတ်က ထွက်မလာနိုင်တော့တဲ့အပြင် ... ဦးနှောက်ထဲမှာပါ ... တင်းခံပြီး တွေးမထားမိတော့တာ ...၊ မတွေးရဲတော့လောက် [illegible] ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩစဖွယ် ဖြစ်နေရတော့သည် ...။

"ဆရာ ... ဒါဖြင့် ဆရာဆိုလိုက်တာက ... ကျွန်မရဲ့ ဇာတာကိုတောင် တိုက်စစ်ဖို့မလိုတော့ဘူးဆိုရင် ...၊ ဒီတစ်ခါ သူ ... ဘယ်သူနဲ့မဆို ဖူးစာဖက်,ဖက် ...။ ဒီတစ်ခါ ကံဆိုးခဲ့ သူက 'သူ'ပေါ့ ...။ ဆုံးပါးရမယ်ဆိုတဲ့ အကုသိုလ်ကံက သူ့ဆီမှာပဲ ပါနေပြီပေါ့ ...။ ဒီသဘောပေါ့ ..."

ပုဏ္ဏားဆရာက ... မျက်စိမျက်နှာ မသာမယာနှင့် ခေါင်းကို အသာအယာပဲ ညိတ်ပြသည်။ ဩဘာကား "မယုံဘူးလေ ... ဒါမျိုးတွေကို ဩဘာ ဘယ်တုန်းက ယုံကြည်လက်ခံဖူးလို့လဲ ..."ဟုခေါင်းထဲ ဦးနှောက်ထဲ အတင်းပြန်ရောက်အောင် အားစိုက်လုံးပန်းနေပါသော်လည်း အချည်းနှီးသာ။

ဒီတစ်ခါ ... သူ ...၊ သူ ...။ ဒီတစ်ခါဆိုရင်တော့ သူပါပဲ ...။ ဆိုတဲ့ အသံကြီးတွေနားထဲမှာ ပဲ့တင်ထပ်ဟိန်းပြီး ကြားယောင်လာမိတော့ကာ ... ဦးခေါင်းကို ခါယမ်းပစ်ပြီး မျက်စိပါ စုံမှိတ်ချလိုက်လျှင်တော့ ... ပိုဆိုး ...။ ခုတင်တစ်ခုပေါ်မှာ မျက်စိမှိတ်ပြီး ... ဆန့်ဆန့်ကြီး ဖြစ်နေခဲ့သည့် သူ့သွင်ပြင်ကိုဝ ဩဘာရဲ့ မျက်စိမှိတ်အတွေးထဲ အစင်းသား၊ အထင်းသားကြီး ပေါ်လာခဲ့လေသည် ...။





အို ... မဟုတ်ဘူး ...။ အဓိပ္ပာယ် မရှိဘူး ...။

အတင်းကြိတ်မှိတ်ငြင်းလေလေ ... "ဒီတစ်ခါဆိုရင်တော့ သူ ... သူ ..." ဆိုတဲ့ အသံကြီးတွေက ပို,ပိုပြီး ကျယ်,ကျယ်လာလေလေ ...။

"ဒါဖြင့် ... ဒီတစ်ခါဆိုတဲ့ အဖြစ်မျိုး ထပ်မလာတော့ဘဲ သူ့ကျန်တဲ့ တစ်ဘဝလုံး တော်က်လျှောက်မှာ ဖူးစာဖက် နောက်တစ်ယောက် ... ထပ်မရှာတော့ပါဘူးဆိုရင်ကော ..."

ဩဘာရဲ့ သိလိုခြင်းစိတ်ဇောတွေက ... ပုဏ္ဏားဆရာလေးကို နေရင်းထိုင်ရင်း ... အော်ထည့်လိုက်မိသလိုတောင် ဖြစ်သွားပုံရပါသည်။ ပုဏ္ဏားဆရာလေးခမျာ မျက်မှောင်တွန့်ကြီး ... အကြာကြီးနှင့် ဖြစ်နေပြီးမှ ...

"ဒီလိုဆိုရင်တော့ ဒီဝဋ်ကံနဲ့ကတော့ လွတ်ပြီ ... သူ့ဘဝမှာ နဂိုမူလ ကံကြမ္မာက ဖန်တီးစီမံ ပါလာပေးသလောက် သက်တမ်းစေ့နိုင်ပါလိမ့်မယ် ..."

ဩဘာက "ကျေးဇူး တင်ပါတယ်"ဟူသော စကားကို အနိုင်နိုင် အားယူကာ ပြောကြားလိုက်ပါသည်။ ဒီနောက်မှာတော့ ဩဘာက ... ပုဏ္ဏားဆရာလေးကို အိမ်ရှင် ဘိုးကြီး ဘွားကြီးတွေ ဘယ်လိုတာဝန်ယူ ...။ ဘယ်လိုပြန်လိုက်ပို့ပေးလိုက်သလဲတောင် ကောင်းကောင်းမသိနိုင်တော့။ ဥာဏ်ပူဇော်ခ၊ ပညာပူဇော်ခဆိုတာမျိုး ပေးရမလားတောင် မမေးမိ၊ ခေါင်းထဲ မှာနိုင် ...။

www.burmeseclassic.com



သူတို့လည်း အတော်ကြီး ဝင်ခံစားထိခိုက်နေကြပုံတွေ အထင်းသား ပေါ်လွင်နေကြတဲ့ အိမ်ရှင်စုံတွဲနှစ်ယောက်ကိုတော့ … ကျေးဇူးတင်လွန်းစွာ ထိုင်ကန်တော့ ဦးချလိုက်မိသေးသည် …။

"ကလေးမ … ဖြစ်ရဲ့လား …။ ရန်ကုန်ကို တစ်ယောက်တည်း ပြန်ရမှာ မဖြစ်နိုင်သေးဘူးဆိုရင် … အန်ကယ်တို့ အိမ်မှာပဲ ဆွေလှိုမျိုးလို သဘောထားပြီး စိတ်တည်ငြိမ်ချမ်းသာသွားတဲ့အထိ … တည်းခိုနေနိုင်သေးတယ်နော်။ တို့တွေဟာ ရှေးရှေးဘဝက ရေစက်အတူပါခဲ့ကြတဲ့ … ပတ်သက်ဆက်နွယ်မှုတွေလို့ အန်ကယ်တို့က ခံယူပါတယ်၊ ဘာမှ အားနာနေစရာ မလိုပါဘူး …"

စိတ်ကတော့ "တည်ငြိမ်ချမ်းသာ"နိုင်မှုဆိုတာ … တော်ရုံနဲ့ ရက်ပိုင်းလပိုင်းနဲ့ ဘယ်လိုမှ ပြန်ရနိုင်တော့မှာ မဟုတ်ပါဘူး …။ ဩဘာက ဖွတ်ပင် ငြင်းဆန်ကာ အဲဒီနေ့ ညနေကားနဲ့ပဲ … ရန်ကုန်သို့ ပြန်လာခဲ့လိုက်ပါတော့သည် …။ ကိုယ် ခံစားရမယ်ဆိုရင်တော့ … "မယုံပါဘူး"လို့ ယူထားနိုင်တဲ့ အယူတစ်ခုဟာ သူ ခံစားရမယ်ဆိုရင်တော့ … "မယုံဘူး"လို့ ဖွတ်ခံမငြင်းနိုင် …။ မငြင်းဝံ့တော့ပါကလားနော် …။

ဩဘာ ရန်ကုန် ပြန်ရောက်လာတဲ့အခါမှာ — မေမေရော ကြီးတော်ကြီးပါ ဩဘာကို သာမန်ဆီးကြိုရုံလောက် ဆီးကြိုကာ … အိမ်ကနေ ပျောက်ပြီး မန္တလေးရောက်သွားရတဲ့





အကျိုးအကြောင်းကို မေးလည်းမမေးကြ၊ စုံလည်းမစုံစမ်းကြ၊ ဆူပူကြိမ်းမောင်းခြင်းမျိုးလည်း လုံးလုံးမှ မရှိကြပါ …။ လေယာဉ်လက်မှတ်က 'ဒိတ်'ပြန်သတ်မှတ်ရမှာကို စောင့်နေသေးတဲ့အတွက် ရန်ကုန်မှာ ဩဘာတို့ လေးငါးရက်လောက်တော့ ဆက်နေ‚နေခဲ့ရသေးသည် …။

ဩဘာရဲ့ ပုံစံကို ကြည့်လိုက်တာနဲ့ — ဩဘာရဲ့ မန္တလေးခရီးဟာ … မအောင်မမြင်၊ စိတ်မချမ်းသာစရာတွေ ဖြစ်လာခဲ့ရပြီဆိုတာကို အတပ်သိလိုက်ရတဲ့ အန်တီမီးခများမှာတော့ "သူ မြှောက်ပေးလို့ သူ့တူမလေး စိတ်ဆင်းရဲရရှာတာ …"ဟု ယူကျုံးမရပုံစံနှင့် ရှိလှပါသည် …။

မဆိုင်ပါဘူး အန်တီမီးရယ် … ဘယ်သူ့ဘယ်သူ့ကိုမှ အပြစ်ချ လက်ညှိုးထိုးပြလို့မရနိုင်အောင်ပဲ ဩဘာရဲ့ ခိုင်မာတဲ့ ခံယူချက်ဟာ … "သူ့အလှည့်"ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် … ဖြန်းဖြန်းကွဲပြီလဲ … ယိုင်ဆင်းကျသွားခဲ့ရတာ …။

"အချစ်ဆိုတဲ့ အရာဟာ ပိုင်ဆိုင်ခွင့်ရှိမှ ဖြည့်ဆည်းပေးဆပ်နိုင်မှာမို့ ပိုင်ဆိုင်ရမှာ ဖြစ်မယ်" ဆိုတာထက် …၊ သူ့အတွက်သက်သက်တင်မက … ကိုယ်စိတ်ချမ်းသာမှုလည်း ပါကိုပါနေသေးတဲ့ အဲဒီ "ပိုင်ဆိုင်မှု" အတွက် စတေးလဲလှယ်ယူရမဲ့ … အရာကတော့ … "သူ့ဘဝတစ်ခုလုံး"ကြီးပါ … ဖြစ်မနေသင့်ဘူး ပေါ့နော် …။ လက်မခံနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



**"ကိုယ် နောက်ဆုံးဖြတ် နှုတ်မှ … သူ့ဘဝ၊ သူ့အသက်က ဆက်လက်ရှင်သန်၊ ပုံမှန်ဖြစ်နိုင်မယ်ဆိုရင်တော့လည်း အမှုနပ်မှာ နှုတ်ပေးနိုင်ခြင်းက ကိုယ့်ရဲ့ 'အချစ်'တစ်ခုပဲ ဖြစ်နေပြန်ပါတော့တယ် …"**

❤ ❖ ❤

ဗမင်းဆက်ထံ ပါဆယ်တစ်ထုပ် ရောက်ရှိနေကြောင်း စာတိုက်ကြီးမှ အကြောင်းကြားစာရရှိသဖြင့် … ဗမင်းဆက်က ပါဆယ်ထုပ်ကို သွားရွေးယူလာခဲ့ရပါသည် …။ အထုပ်ထဲမှာတော့ … အဝါရောင်ထိန်ထိန်တောက်နေသော ခါးတိုမိုးကာအင်္ကျီတစ်ထည်သာ …။

"ကိုယ်ကိုယ်တိုင်လည်း … ဝတ်ဆင်ချင် …၊ သူ့ကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဝတ်ဆင်မိုးကာပေးချင်ခဲ့ဖူးပေမဲ့ … ပိုင်ရှင်ဆီပဲ ပြန်ပို့ပေးလိုက်ပါပြီ …။ ထီးလည်း သူ့ ပိုင်ရှင်ဆီ သူ ပြန်ရောက်ပြီ …။ မိုးကာလည်း သူ့ပိုင်ရှင်ဆီ သူ ပြန်ရောက်ပြီ …။ ပိုင်ရှင်တွေရဲ့ ဘဝတွေဟာလည်း ဟိုး … အတိတ်ကာလတွေလိုပဲ ပိုနေမြဲ၊ ကျားနေမြဲ …။ ကိုယ့်ဘဝနဲ့ကိုယ်သာ ရှိကြပါစို့ …"

တစ်ချိန်လုံး ထိန်းချုပ်မျိုသိပ်ကာ ထားခဲ့ရသော ဗမင်းဆက်တစ်ယောက် … မိုးကာအင်္ကျီတစ်ထည်ကို အမြင်မှာ





အဆင်ခြင်မဲ့စွာ ပေါက်ကွဲထွက်သွားပါတော့သည် …။ အသစ်အတိုင်းကို … အရောင်ရော အသားပါ တောက်ပသစ်လွင်လျက်ရှိသေးသော အဝါရောင် မိုးကာသည် … ဒေါသ၊ မောဟနှင့်သောကလှိုင်းတွေ ထန်လျက်ရှိသော ဗမင်းဆက်ရဲ့ လက်ထဲဝယ် မားစာခံ ဖြစ်ရရှာကာ … အပိုင်းပိုင်းပြတ်၊ စုတ်ပြတ်ကျေမွလျက်။

ဗမင်းဆက်က အင်္ကျီကိုပဲ ရမယ်ရှာထွက်ပေါက်ပေးကာ လုံးလုံးကြီး ဖျက်ဆီးပစ်လိုက်မိပါတော့သည် …။ ဗမင်းဆက်ရဲ့ ပေါက်ကွဲမှုကို မိသားစုဝင် အိမ်သားအားလုံးဟာ … အံ့အားအသင့်ကြီးသင့်ကာ ထိတ်လန့်နေကြလျက်။

ဘဝတစ်လျှောက်လုံး အေးဆေးနူးညံ့ခဲ့သော၊ စိတ်ကြည်လင် ပျော်ရွှင်တတ်သော ယောကျ်ားတစ်ယောက်ဟာ … ဘဝရဲ့ဒဏ်ရာတွေနဲ့ အခါခါ ကြုံကြိုက်လိုက်ရသော်လည်းပဲ … ပိုငြိမ်ကျသွားခဲ့တာကလွဲရင်၊ ပေါက်ပေါက်ကွဲကွဲ … ထိန်းချုပ်မှုမဲ့ရတာမျိုး … မိသားစုဝင်တွေ အားလုံး တစ်ခါမှ မမြင်ဖူး မကြုံဖူးဘူးပဲ မဟုတ်လား …။

"လက်ထပ်ဖို့မပြောနဲ့ ချစ်မိရင်ကိုပဲ သေမလား … ဟုတ်လား …။ ဒါဆိုရင် ဘာမှ မထူးတော့ဘူး … ကိုယ့်အချစ်ကို လူသိရှင်ကြား ထုတ်ပြလိုက်ရတာ … ထုတ်မပြလိုက်ရတာနဲ့၊ ကိုယ် ချစ်မိသွားတဲ့သူ သိခွင့်ရှိလိုက်တာ … မရှိလိုက်တာသာရှိမယ်၊ သေတာကတော့ သေတော့မှာပဲပေါ့ …။ ခု ကျွန်တော် သူ့ကို ချစ်နေပြီ … ချစ်မိသွားပြီ မစိုး …။



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ... သူ သေရတော့မယ်ပေါ့ ...။ ဒီလိုလား ... ဟုတ်လား ...

ဒါဆိုရင်တော့ သူ့မှာ သိခွင့်တောင်မှ မရှိလိုက်ရတာက ပိုဆိုးမနေနိုင်ပေဘူးလား ...။ သူ့ကို ကျွန်တော် ချစ်မိတယ်ဆိုတာကို ... သိခွင့်ရှိသွားပြီးမှ သေရမယ်ဆိုရင် ... သူ့ဘဝအတွက် ... တန်ဖိုးလေးတစ်ခု ပိုရှိမသွားနိုင်ဘူးလား... ကိုယ့်ကိုယ်ကိုယ်တော့ ထင်ခဲ့တာပဲ ... မချစ်နိုင်တော့ပါဘူးလို့...။ ကိုယ့်"အထင်"တွေက မသေချာတော့တဲ့ အခါမှာလည်း ထိန်းတာပဲ ... မချစ်မိအောင်လို့ ...

ဒါပေမဲ့ ခု ကျွန်တော် သူ့ကို ချစ်မိနေပြီ မစိမ့်။ ဘယ်လိုလုပ်ရမလဲ"

စိမ့်မှာ ဗမင်းဆက်ရဲ့ "ပေါက်ကွဲမှု" အကြောင်းကို ခုမှပဲ ရေရာဂနစ္စာ သဘောပေါက်ခွင့်ရပါတော့သည် ...။

"မောင်လေး သူ့အပေါ် ချစ်မိသွားပြီဆိုတဲ့ အချိန်မှာ မင်းနဲ့ သူဟာ တစ်မြေစီခြားနေခဲ့ပြီ ... ဝေးဝေးကွာကွာ နေဖြစ်ကြဖို့ပဲ ဆုံးဖြတ်ဆင်ခြင်ပြီးနေပြီပဲ။ ဝေးနေပြီးသား သူနှစ်ယောက်ကိုတော့ ကံကြမ္မာက ထပ်ခွဲတော့မယ် မထင်ပါဘူး ... မောင်လေးရယ် ..."

"ဒါပေမဲ့ သူ ကိုယ်တိုင် တကယ် ယုံကြည်လက်ခံတဲ့ အဖြစ်အပျက်၊ အယူအဆလည်း မဟုတ်ပါဘဲနဲ့ လူကြီးမိဘတွေရဲ့စကားကို နာခံ လက်ခံပြီး ... တစ်မြေစီခြားနေဖို့ ဆုံးဖြတ်လိုက်တဲ့ မိန်းကလေးတစ်ယောက်ဟာ ... သူ့တစ်သက်လုံး "အချစ်ချင်း မညီခဲ့ပါလား"ဆိုတဲ့ အတွေးနဲ့ပဲ အဆုံးသတ်သွားရတော့မလားဟင် ... မစိမ့် ...။ ဝေးဝေးနေကြပါစို့ဆိုလည်း သူဟာ"တစ်ဖက်သတ်"တော့ မဟုတ်ခဲ့ပါဘူး ... ဆိုတာ သူ့မှာသိပိုင်ခွင့် မရှိရတော့ဘူးလား ..."

"မောင်လေး ... ခုအခြေအနေက "သူကိုယ်တိုင် တကယ် ယုံကြည်လက်ခံတဲ့ အဖြစ်အပျက် အယူအဆ မဟုတ်ဘဲနဲ့" ဆိုတာမျိုး မဟုတ်တော့ဘူး ..."

"ဗျာ ... ! ... ဩဘာလို မိန်းကလေးက ... ဒီအယူအဆတွေကို ယုံကြည်သွားတယ် ... ဟုတ်လား ! ... ပိုနေမြဲ ... ကျားနေမြဲပဲ ... နေကြပါစို့ ..."ဆိုတာ ... သူ သေမှာကြောက်လာလို့ ထွက်ပြေးသွားတဲ့ မိန်းကလေးတစ်ယောက်ဆီက စကားပါ ... လို့ ... မစိမ့်က ကျွန်တော့်ကို ပြောချင်တာလား ...

လူကို မလေးမစားနိုင်ရင် ရှိပါစေ ... မစိမ့်ရယ်။ ဒီမိန်းကလေးရဲ့ "အချစ်"ကိုတော့ မစိမ့်အနေနဲ့ အဲဒီလို ထင်ရာဆွဲသတ်မှတ်ပစ်လို့ မသင့်ဘူးနဲ့ တူပါတယ် ..."

"မဟုတ်ဘူး ...။ ဩဘာကို ... မစိမ့်အနေနဲ့ ဘယ်လိုပဲ တင်းတင်းမာမာ ဆက်ဆံခဲ့ဆက်ဆံခဲ့ ...။ သူ့ရဲ့ ခင်မင်ရင်းနှီးလိုမှုကို အသိအမှတ်မပြုဘဲ ငြင်းဆန်မိခဲ့မိခဲ့ ... မင်းအပေါ်ထားတဲ့ သူ့ရဲ့ မေတ္တာကိုတော့ ... မလေးမစား






www.burmeseclassic.com

www.burmeseclassic.com



နဲ့ပြက်ရယ်ပြု ... ထင်ရာဆွဲသတ်မှတ်တာမျိုး ... မလုပ်နိုင်ပါဘူး မောင်လေးရယ် ...။ မင်းဟာ ... မင်းကို ချစ်နိုင်လွန်းတဲ့ မိန်းကလေးမျိုးတွေနဲ့ချည်း ကြုံခဲ့ရတာ။ အဲဒီ မင်းရဲ့ ကုသိုလ်ကံတစ်ချက်ကိုတော့ မစိမ့်က ယုံကြည်ပါတယ် ...

ခုဟာက ... သူ သေမှာကြောက်လာတာ မဟုတ်ဘူး ... မင်း သေမှာကြောက်လို့ ထွက်ပြေးတာပါ ...။ သူ သေမှာသာဆိုရင် ... ဒီမိန်းကလေးဟာ "မယုံဘူး၊ လက်မခံဘူး"ဆိုပြီး ရှေ့ဆက်တိုးဦးမဲ့ မိန်းကလေးမျိုးပါ ...။ သူ့မိဘတွေကို ပညာပြန်သင်ပါ့မယ် ... လို့ ကတိပြုလိုက်ရပေမဲ့ ... မင်းဘက်ကသာ ခုလို စိတ်ထားနဲ့ အခြေအနေတွေ ပြောင်းလာခဲ့ပြီဆိုရင် ... မိဘတွေ စိတ်တိုင်းကျတဲ့ ပညာကို ရနိုင်ပြီးတာနဲ့ ... တစ်ခေါက် ပြန်ပြေးကို ပြေးလာမဲ့ မိန်းကလေးမျိုးပါ ...။ ခုဟာက သူ့အတွက်ဆို သူ မယုံဘူးဆိုတဲ့ကိစ္စတစ်ခုကို မင်းအတွက်ဆိုလို့သာ သူ့စိတ်ထဲ ပူပန်မှုကြီးပြီး လက်ခံနာယူသွားခဲ့တာပါ ..."

စိမ့်က ဗမင်းဆက်ကို "မန္တလေးက သတင်းရတယ်လေ ..." ဟု ပြောပြလိုက်ပါသည် ...။ ဩဘာရဲ့ လူကြီးမိဘများက လှမ်းအကူအညီတောင်း ကြိုညှိလာသလို ရှိကြတဲ့အခါ သမီးတစ်ယောက် ဆုံးရှုံးခဲ့ရဖူးတဲ့ မိဘချင်း ကိုယ်ချင်းစာစိတ်နဲ့ပဲ လှတိုးရဲ့ ဘိုးဘွားတို့ဟာ ... ဩဘာကို လှည့်ဖြားမိသလိုလို ရှိခဲ့ကြရပါသတဲ့ ...။





ဩဘာနဲ့ တွေ့ဆုံပေးလိုက်ကြတဲ့ ပုဏ္ဏားဆရာကလေးဟာ ... လှတိုးရဲ့ ဘိုးဘွားများ ခေတ်အဆက်ဆက် လက်ခံယုံကြည်ကိုးစားခဲ့ကြရတဲ့ "ပုဏ္ဏားတော်ကြီး" မဟုတ်ခဲ့ရပါ။ ဆရာကြီးသာဆိုရင် ... သူ့ရဲ့ ပညာ သူ့ရဲ့ သမာဓိ၊ ငါးပါးသီလ ခိုင်မြဲလှပုံနဲ့ ... လူကြီးမိဘအသိုင်းအဝိုင်းတွေ ဖြစ်စေချင်တဲ့ အပြောမျိုးကို ဘယ်ထုတ်ပြောပေးနိုင်ပါ့မလဲ ...။

ဩဘာ တွေ့သွားရတဲ့ ပုဏ္ဏားဆရာကလေးဟာ ... ဆရာကြီးရဲ့ နောက်ပါးမှာ ပညာရည်နို့ သောက်စို့နေကြတဲ့ ချိုးနှယ်တူ ပညာသင်တပည့် ငယ်တွေထဲက တစ်ယောက်ပဲ ဖြစ်ပါသည်။

ပုဏ္ဏားတော်ကြီးဆီမှာလည်း ... နာမ၊ နက္ခတ်၊ ဇာတာ၊ လက္ခဏာ၊ ဗေဒင်ပညာကို တစ်ဖက်က သင်ယူနေရင်း တစ်ဖက်ကလည်း ခေတ်ပညာတတ်တစ်ယောက် ဖြစ်လာရအောင် နွေလေးကျွန်ပျူတာတက္ကသိုလ်မှာ ပညာသင်ယူနေဆဲ ဖြစ်တဲ့ ပုဏ္ဏားဆရာကလေးမျာ ... ဆရာကြီးရဲ့ သားတပည့်တွေ ... ခေတ်ပညာကိုပါ သင်ယူလိုရင် ... ပညာသင်စရိတ် ကုန်ကျနိုင်သမျှ အဝဝကို လှူဒါန်းထောက်ပံ့ပေးနေတဲ့ အလှူရှင်တို့ရဲ့ ... ဆန္ဒကို ဘယ် ... ပြတ်ပြတ် သားသား လွန်ဆန်ဝံ့ချင်ပါ့မလဲ ...။

ကိုယ် သင်ကြားနေဆဲ အဖိုးတန် ပညာရပ်ကို လှည့်စားပြောဆိုကာ ... မှသာဝါဒကို တစ်ဖက်လှည့် ကျူးလွန်ခိုက်ရသကဲ့သို့ ရှိသော်လည်းပဲ ... လိုးလွဲလိမ်ညာခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်းက ... တစ်ဖက်မိန်းကလေးမှာ ကျရောက်ကောင်း ကျရောက်လာနိုင်တဲ့ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်ဖို့ ဆိုတော့လည်း ... ပုဏ္ဏားငယ်ကလေးမျာ ... "အသက်တစ်ချောင်း အတွက် ထွက်ဆိုလိုက်ရတဲ့ မုသာဝါဒ"ဟု မှတ်ခံယူကာ ... ကူညီပေးလိုက်ရရှာတာ ...။

စိမ့်က အကျိုးအကြောင်း အဖြစ်အပျက်အစုံကို ... လှတိုးရဲ့ ဘိုးဘွားတွေ လှမ်းပြောပြထားသမျှ ... တစ်ခုမကျန်ပင် ဇမင်းဆက်ကို ပြန်ပြောပြလိုက်ပါတော့သည် ...။

"နှင့်ကောင်မလေးက နှင့်ကို သိပ်ချစ်တာပဲကိုး မောင်လေးရယ် ...။ နင်ကကော ..."

စိမ့်ရဲ့ နောက်ဆုံးစကားက ဇမင်းဆက်ကို အညှာကနေ ကိုင်လှုပ်ပစ်လိုက်ခြင်းပင် ဖြစ်နေပါတော့သည် ...။ ဇမင်းဆက်ကလည်း ... "ကိုယ်က ချစ်မိရင် သေမှာချည်း" ဆိုလို့သာ ... "ချစ်မိသွားရတဲ့အဖြစ်"အတွက် ဤမျှလောက် ပေါက်ပေါက်ကွဲကွဲကြီး ဖြစ်သွားခဲ့ရခြင်းလေ ...။ ဘယ်လိုပဲဖြစ်ဖြစ် ဤကံကြမ္မာကနေ ပြေးရှောင်လို့ မလွတ်နိုင်တော့ဘူး ... ဆိုရင်သာ ... 'အပြန်အလှန် တူညီသော မေတ္တာမျိုး"ကို ဒီမိန်းကလေး ... သိသွားစေချင်မိတာ ...။

"ဝေးနေကြပြီးသား လူနှစ်ယောက်ကိုတော့ အကုသိုလ်ကံကြမ္မာက ထပ်ခွဲတော့မယ်မထင်ဘူး ... ဆိုတာ ... တကယ်ဖြစ်နိုင်သလား ... မစိမ့် ..."



"လေးလေး ... အခုနေ ပြန်ကောင်းလာပြီး ... ကျန်းမာရေးတွေနဲ့ ပြည့်စုံနေလို့ ... အင်မတန်ဝဖီးနေတဲ့ ဖက်တီးမက သားကို ပြန်အဆက်အသွယ် လုပ်လာပါတယ် ... ဒါပေမဲ့ ... သားက သူ့ကို ပြန်ဖြတ်ပစ်ထားတယ် ..."

သူ့ကောင်မလေးကို "အချစ်မစစ်တဲ့ စကြောက်မ" ဟု နင့်နင့်သီးသီး ပြောခဲ့ဖူးသော လှတိုးဟာ ... ဒီတစ်ခါလည်း "အင်မတန်ဝဖီးနေတဲ့ ဖက်တီးမ"ဟု အမည်တပ်ပြန်ပြီပင် ...။ ဒါပေမဲ့ "သားက သူ့ကို ပြန်ဖြတ်ပစ်ထားတယ် ..." တဲ့ ...။ အရင်တစ်ခါကတော့ ဇမင်းဆက်သည် ... လှတိုးကို "သွေးဝမ်းတွေသွားလို့ သွေးသွင်းနေရတယ် ... ဆိုတဲ့ သူ့ချစ်သူ ကောင်မလေး အတွက် တကယ်ပဲ တီတီကျကျ ပူပင်တတ်ပုံမှ ရှိပါလေစ ... လူကြီးနဲ့ ကလေးတစ်ယောက်ရဲ့ ကွာခြားချက်က ... ဒါပဲ ထင်ပါရဲ့ ..." ဟု အတွေးရောက်ခဲ့ဖူးပါသည် ...။

သို့သော်လည်း ... "အင်မတန်ဝဖီးနေတဲ့ ဖက်တီးမ" ဆိုတဲ့ နှိမ်ချပြောဆိုမှုနဲ့ လှတိုးရဲ့ မျက်နှာကို မြင်လိုက်ရတဲ့အခါမှာတော့ ... အထင်သေးခဲ့မိသလိုရှိတဲ့ ကိုယ့်အတွေးအတွက် ... ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိရတော့မလိုလိုပါပင် ...။ လှတိုးဟာ နေထိုင်မကောင်းစဉ်က ဖြတ်ပစ်ခဲ့မိလို့ ... နေကောင်းကျန်းမာသွားတဲ့အခါ ... စိတ်မပြတ်နိုင်ဘဲ ... ပြန်ဆက်လာခဲ့တဲ့ ကောင်မလေးကို ... "ပြန်ဖြတ်ပစ်ထားတယ်"ဆိုတာ ... "အလကားဟာမ"ရယ်လို့ စိတ်နာနာနဲ့ ပြန်လက်စားချေလိုက်တာမျိုးမှ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါလေစ ...။ (၁၇)နှစ်သားလေးရဲ့ မျက်နှာထားဟာ တည်ကြည်လို့နေသည် ...။

"လေးလေး ... လုပ်,လုပ် ... ဆက်သာချ ... Carry on ဟိုစကြောက်မကသာ နံပါတ်(၅)ဖြစ်မှာပဲ ...။ လေးလေးအတွက်ဆိုရင် သူသတ္တိရှိဝံ့တယ်ဆိုတဲ့ မမသြဘာက ... ရဲရင့်မှုရဲ့ အကျိုးကို ခံစားရမှာပါ ... နေ့မနေနဲ့ ... တွေဝေမနေနဲ့ ... လုပ်သာလုပ် ..."ဆိုတဲ့ "နည်းနည်းကလေးမှကို မယုံကြည်ပါဘူး"ရယ်လို့ ဟားချည်းသာ နေတဲ့ ... ဆယ်ကျော်သက်ကလေးဟာ ... ထူးခြားစွာတည်ငြိမ်လို့နေသည်။

သဘောကတော့ ... ယုံကြည်တာ ...၊ မယုံကြည်တာ ...။ ဖြစ်နိုင်တာ မဖြစ်နိုင်တာ ... တွေကို လိုက်ရှာဖွေသက်သေပြနေရမှာက ကိုယ့်အလုပ်မဟုတ်တော့။ တတ်နိုင်သမျှ ဆင်ဆင်ခြင်ခြင်နဲ့ပဲ နေလိုက်တော့မယ် ... ဆိုတာကသာ ကိုယ့်ဆုံးဖြတ်ချက်ပဲ ... ဆိုတဲ့ သဘောပင် ...။

"မင်းကောင်မလေးက ဘာတဲ့လဲ ..."

စိမ့်က သားသားရဲ့ ခေါင်းကို လက်နှင့်ပွတ်ရင်း ... 'တင်း'ကျပ်နေသည့် အခြေအနေကြီးတစ်ခု ... လျော့လိုလျော့ငြား ... ခပ်ပြုံးပြုံးကလေးပင် မေးပေးလိုက်ပါသည် ...။

"သူ ငိုတယ်လေ ...။ ဒါပေမဲ့ သူ ငိုတာကို ဆက်မကြည့်ချင်ရင် ... တစ်ချိန်ချိန်ကျ ... သူ မရှိတော့ဘူး ဆိုမှသားက သူ့ထက် အများကြီး ပိုပြီးငိုကောင်း ငိုရမှာဆိုရင်





တော့ ... သူပဲ ငိုပါစေ။ ငိုနိုင်ပါတယ် ... သွေးတွေအများကြီးသွင်းထားတာပဲ... တစ်ကိုယ်လုံး အရည်တွေနဲ့ ပြည့်နေလို့ ... ဒီလောက် ဖောင်းကားတက်လာတာ နေမှာ ... ဘယ်လောက် ငိုနိုင်မှာလဲ ... ငိုပေါ့ ... အရည်ခာတ်ဆုံးရှုံးမှုသိပ်မဖြစ်နိုင်ပါဘူး ... ပြည့်နေတာပဲဟာ ...

အန်တီစိမ့်ကိုလည်း လာဂျီကျကောင်းကျလိမ့်မယ်၊ အစကတော့ နှစ်ဖက်လုံးမသိအောင် နေခဲ့ကြပေမဲ့ ... ခုတော့ နှစ်ဖက်လုံးက လူကြီးတွေ သိကုန်ကြပြီဆိုတာ သူလည်း သိတယ် ...။ ပတ်ချွဲနပ်ချွဲလာလုပ်ရင် ... ခင်နေတာပဲ ... ဆိုပြီး ပစ်ကျမသွားနဲ့ဦးနော် ... အန်တီစိမ့် ...။ သူ့မိဘတွေက မတရား ဆက်တင်းနေဦးမဲ့ကိစ္စကို ...။ ဘာလုပ်ရမှာလဲ ... အန်တီစိမ့်ကလည်း လေးလေးအသက် (၂၀)လောက်ကတည်းကိုက နာမည်တစ်လုံးနဲ့ "ဒေါ်စိမ့်ညိုခက်"ပဲဟာ ...။ သူ ဘယ်လောက်ဂျီကျကျ... ယိုင်မဝါမိပါစေနဲ့ ..."

စိမ့်ရဲ့ မျက်ဝန်းနှစ်ဖက်စလုံး ... မျက်ရည်တွေနှင့် ပြည့်လျှံသွားပါသည်။

"ကိုယ့်ဘဝနဲ့ ကိုယ်သာ ရှိကြပါစို့ ..."တဲ့လား ... သြဘာရယ် ...။ ဘဝတစ်ခုတည်း အတွင်းမှာ ဒုတိယအကြိမ်မြောက် ထပ်မံပေါ်ပေါက်ခဲ့ရတဲ့ အချစ်သစ်နဲ့ ... ဗမာဆက်ဟာ "အချစ်ရေး"မှာ ကံကောင်းသူလား၊ ကံဆိုးသူလား ... ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာကိုယ်ပင် ... ကျိန်းသေကံမ ... မပြောနိုင်တော့လောက်အောင်ပင် ...။

"နှစ်ကိုယ်တူပေါင်းဖက်ရမှ ... ပြီးပြည့်စုံတဲ့အချစ် ..." ဆိုရင်တော့ သေကွဲမကွဲလည်း ရှင်ကွဲတော့ အမြဲကွဲနေရတော့မဲ့အဖြစ်ဟာ ... အတော်ဆိုးရွားလှတဲ့ ကုသိုလ်ကံပင် ...။ ဒါမှမဟုတ်ရင်တော့ ကိုယ်က ချစ်ရတဲ့သူဟာ ကိုယ့်အပေါ်မှာလည်း ထပ်တူညီမျှတဲ့ အချစ်တို့နဲ့ ... ဆိုတာကပဲ ပြီးပြည့်စုံပါပြီ ... ဆိုရင်တော့ ... ဗမင်းဆက်ဟာ ..."အချစ်ရေး"မှာ အမြဲကံကောင်းခဲ့ရတဲ့သူပင် ...။

ဗမင်းဆက်တို့ရဲ့ အဖြစ်ဟာ ... သားသားလှတိုးတို့နဲ့တော့ ထပ်တူထပ်မျှကြီး မကျလှဘူးပဲ မဟုတ်လား ...။ "ယုံတယ် ... မယုံဘူး ... လက်ခံတယ် ... လက်မခံဘူး ..."ဆိုတာတွေ လေးယောက်စလုံးမှာ တူညီနေခဲ့တယ်ပဲထားဦး ... သားသားရဲ့ မိန်းကလေးဟာ ... သားသားရဲ့ အချစ်တို့ကို ခံယူပြီးဖူးသူ၊ ပြီးကျတော့ ... သားသားက မီးစိမ်းပြန်ပြလိုက်ရုံနဲ့ ... ပြေးလာတော့မဲ့သူ ...။ ဩဘာလေး ခမျာမှာတော့ ... ဗမင်းဆက်က မီးစိမ်းကို ... တစ်လောကလုံး စိမ်းဖြာသွားအောင်ပြလည်း ... "ချစ်သူအတွက်"ဆိုတဲ့ ကြိတ်မှိတ်မျိုသိပ်ချက်နဲ့ ဝေးရာသို့ပင် ပိုပြေးကို ပြေးမဲ့သူ ...။ း၂

ဗမင်းဆက်ဟာ အချစ်ရေးမှာ အမြဲကံကောင်းသူ ဟု ကိုယ့်ဘာသာ ယူဆနိုင်ရင် ... ဩဘာကလေးလည်း ထိုသို့





ကံကောင်းခြင်းမျိုးကို ပိုင်ဆိုင်ရပါစေ ...။ ကိုယ်က ချစ်ရတဲ့သူဟာ ... ကိုယ့်အပေါ်မှာလည်း ထပ်တူညီမျှတဲ့ အချစ်တို့နဲ့ပဲ ... ဆိုတာ ... ဩဘာလေး သိရှာပါစေ ...။ အဲဒီလို သိလိုက်တဲ့အတွက် ... ထပ်ပြေးကာမှ ... ဝေးဝေး ပိုပြေးရင်လည်း ... ပြေးစေ။

"သားသား ... လေးလေးကို ဩဘာ့ရဲ့ e-mail Address လေး တစ်ချက်လောက် ပြန်ပေးပါဦး ..."

လှတိုးက ဗမင်းဆက်ကို မျက်လုံးပြူးကြီးနှင့် ကြည့်လာသည်။

"မင်းအစ်မက လေးလေးရဲ့ e-mail ကို ရရင် ပိုလို့တောင်မှ ဝေးဝေးပြေးဦးမှာ မဟုတ်ဘူးလား ... မင်း အဲဒီလိုမထင်ဘူးလား ..."

လှတိုးက ပြုံးပြုံးချိုး ဖြစ်သွားကာ ... ဗမင်းဆက်ရဲ့ ပခုံးတွေကို တင်းတင်းကျပ်ကျပ်ကြီး ... လာဖက်ထားလိုက်သည် ...။

"ထပ်တူညီမျှသော အချစ်တို့နှင့် ..."ဆိုတဲ့ အီးမေးလ်တစ်စောင်ကို ရလာတဲ့အခါ ... မင်းလေးလည်း ငိုပွဲဆင်ရဦးတော့မှာပဲ ဆိုတာ ကိုယ်ကြိုသိနှင့်ပါတယ် ... ဩဘာ ...။ လှတိုးလေးလိုတော့ ... "ငိုပါစေ ... ငိုချင်သလောက် ငိုပါစေ ... သူ့မှာ ပြည့်ဖောင်းနေတာပဲဟာ ..."လို့ ခပ်ရွဲ့ရွဲ့စကားမျိုး ကိုယ်မပြောလိုဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



ခဏာပဲ ငိုပါ ...။ ပြီးရင်တော့ ... ပိုနေမြဲ ... ကျားနေမြဲ ...။ ကိုယ့်ဘဝနဲ့ကိုယ်သာ ရှိကြပါစို့ ...။

❤ ❖ ❤

မန္တလေးမှ ... လှတိုးကလေး၏ ဘိုးဘွားများ ... အိမ်သို့ပေါက်ချလာကြပါသည် ...။

"အဘိုးကြီးက ခုချက်ချင်း ဆင်းမယ်ပဲ တကဲကဲ ... ပြောဆိုနေတာ။ လေယာဉ်ကျတော့လည်း ... နှစ်ယောက်လုံးက မစီးရဲကြတာ ...။ ကားမောင်းပို့ဖို့ သားကလည်း မအားသေးတာနဲ့ ... ကဲ ... ဒါဖြင့် ... မင်းဆရာကြီးနဲ့ပဲ နောက်တစ်ခေါက်နဲ့ လိုက်လာခဲ့ချေတော့ ဆိုပြီး ... ဂျူလေးတစ်ယောက်ပဲ မောင်းလာခိုင်းရပါတယ် ... သူကလည်း သူ့အလုပ်နဲ့သူ ရှိသေးတာ ... ဆိုတော့ ... ဒီညနေပဲ မန္တလေး ပြန်မောင်းတက်သွားရမယ် ..."

ဒေါ်ခင်ခင်တို့ ... စိမ့်တို့နှင့်တကွ ... တစ်အိမ်သားလုံးမှာ ... လှတိုးရဲ့ ဘိုးဘွားတွေကို မြင်လိုက်ရတာနဲ့ကို ရင်ထဲ "ထိတ်"ခနဲ ကိုယ်စီနှင့် ... ညှော်ဝတ်ပြုကြိုဆိုဖို့၊ မြို့ခံအိမ်ရှင်ပီသကြဖို့ကိုတောင်မှ မေ့နေခဲ့ကြရသလိုလိုပါ ...။ အကြောင်းတစ်စုံတစ်ရာ ရှိပြီလည်း ထင်သည် ...။ ကိုယ့်လူတွေကလည်း လူသာဆင်ဆင်ခြင်ခြင် နေနေကြတာ ... စိတ်တွေကတော့ မဆင်ခြင်နိုင်ကြပေဘူးဆိုတာ ... ကိုယ်တွေပဲ အသိရှေ ...။





မျက်စိပျက် မျက်နှာပျက်နှင့် လူမှုရေးတောင် မကျေညက်နိုင်ကြသည့် ဒေါ်ခင်ခင်တို့ကြောင့် နေဝန်းသက်ကသာလျှင် ယောက္ခမလောင်းများကို ကြိုဆိုရပါတော့သည် ...။

"အမေတို့ ... ဒီမှာပဲ တည်းကြမှာ မဟုတ်လား ..."

မတွေ့မမြင် မဆက်ဆံဖြစ်ကြတော့တာ ... လှတိုးလေးတစ်သက်မျှပင်မက,တော့တဲ့ သမက်လောင်းထံမှ "အမေ" ခေါ်သံကို ... အဘွားကြီး မျက်ရည်လေးလည်တည်တည်နှင့် ကြည့်နူးကျေနပ်လို့နေပါသည်။ လွန်ခဲ့သော ၁၈ နှစ် ၁၉ နှစ်ခန့်က ဂျစ်ကန်ကန် ဂြိုဟ်ထောင်ထောင်နှင့် စကားအပြောအဆိုပင် အပေါက်လမ်း မဖြောင့်ခဲ့ရသော သမက်လောင်းသည် ... ယခုအခါ အသက်လည်း (၄၀)ကျော် ... အရွယ်ရ လူလတ်တစ်ယောက် အဖြစ်နဲ့ ... တည်ငြိမ်တင့်တယ်လှသော လူယဉ်ကျေးတစ်ယောက် ဖြစ်နေခဲ့ပြီ ...။

သူတို့ [illegible] သတိပေးစကားတွေကို လက်ခံတာ မခံတာထက် ... နောက်ထပ် တစ်အိုးတစ်အိမ် ထပ်မထူထောင်တော့တာကိုတော့ ... မြေးငယ်ရဲ့ အဘိုးအဘွားများက သဘောအကျရဆုံးပင် ...။

အဘွားကြီးက နေဝန်းသက်ရဲ့ အမေးကို ခေါင်းညိတ်အဖြေပေးရင်း ...

"အေးကွယ် ... သားရယ် ... ရန်ကုန်ဆင်းလာချင်ဇောကပဲ ကြီးနေတော့ ... ကိုယ့်အဆွေအမျိုးတွေပဲဆိုပြီး ... ကြိုတောင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမကြားမိပါဘူး ...။ ဒီက ငါ့ညီမတွေ ကသိကုန် ကြမယ်ဆိုရင် ... အားနာစရာကြီးများ ဖြစ်ရပါမယ် ... အထူးမလိုအပ်ပါဘူးနော် ...။ ဆရာကြီးပါ ကြွအလာကို ဒီကပဲ လက်ခံစောင့်ချင်လို့ပါ ...”

ဒေါ်ခင်ခင်နှင့် စိမ့်တို့မှာ အိမ်ရှင်တွေပီပီ ... တည်းခိုနေထိုင်မည့်သူများ အဆင်ပြေစေရန် ကိုယ်တိုင်ကိုယ်ကျ ဝင်ဝက်ဆောင်ရွက်တာမျိုးကိုပင် မလုပ်နိုင်ကြပါ ...။ အိမ်က အကူမိန်းကလေးများကို စီမံပြောဆိုနိုင်ရုံလောက်သာ ရှိလျက် ဧည့်သည်များအပါးမှ မခွာနိုင်ဘဲ ရှိနေကြတာမို့ ... နေဝန်းသက်ခမျှာ ... ကိုယ်တိုင်ပဲ အစကအဆုံး ... ဝင်ပါပေးနေရတော့သည်။

“ဒီလိုပါ ... ဟိုတလောက မိန်းကလေးတစ်ယောက် မန္တလေး လိုက်ချလာတော့ ... ကျွန်မတို့လည်း ... ငရဲကြီးလည်းကြီးပါစေတော့ဆိုပြီး ... အတုအယောင်လုပ်လွှတ်လိုက်ကြတဲ့ကိစ္စကို ... ဆရာကြီး ပြန်သိသွားတော့ ... တော်တော်ကြီးကို စိတ်ဆိုးပါတယ် ...။ မလုပ်အပ်ဘူးပေါ့လေ ...။ သူ့နေရာကို သူပါလို့ လူစားထိုး အတုလုပ်တာကိုလည်း စိတ်ဆိုးတယ် ...။ ကံစီမံထားတဲ့ အယောကို ... လိမ်ညာပြုပြင်ပြီး ... ကိုယ်ကြိုက်သလို ပြောင်းပြောလိုက်ကြတာကိုလည်း ... စိတ်ဆိုးတယ် ...။ သူ့ပညာကို အလိမ်စွက်မိတော့ ပိုဆိုးတာပေါ့ ...”



ဒေါ်ခင်ခင့်ခမျှာ ... “ဟုတ်ကဲ့”ဟု စကားထောက်၊ နောက်ကလိုက်ရသည့်လေသံမှာပင် တိုးသက်သက်ကလေး ဖြစ်နေခဲ့ကာ ... လူကလည်း သိပ်မဟန်နိုင်လှတော့ဘဲ ... ရင်ဘတ်ကို ဖိထားမိသည်။

“ဆရာကြီးက အရမ်းစိတ်တိုပြီး ... ကျွန်မတို့ကိုလည်း အပြစ်တင် ... သူ့တပည့်သူလည်း အရာချလိုက်တာ ...။ အဲဒီပုဏ္ဏားဆရာလေးလည်း သနားတော့သနားပါတယ် ... သူက ကျွန်မတို့ကိုလည်း ကျေးဇူးရှင်တွေပဲဆိုပြီး မလွန်ဆန်ချင်တာပါ ...။ တကယ်တမ်းက ခေတ်ပညာထက် ... သူတို့မျိုးရိုးပညာကို ပိုတောင်တန်ဖိုးထားသေးတဲ့ ဆရာလေးမျိုးပါ ...။ အခု သူ့ဆရာကြီးက ... အတုနေ အတုစားပညာသင်တပည့်ရင်းဘဝကနေ ... ခြောက်လလောက် မိဘဆီ ပြန်နေချေ ... ဆိုပြီး နှင်ပစ်လိုက်တော့ ... တော်တော် စိတ်မကောင်း ဖြစ်သွားရှာတယ် ...”

“ဟုတ်ကဲ့ ...”

“အဆိုးထဲက အကောင်းပါ ဒေါ်ခင်ခင်ရယ် ... ကျွန်မတို့က ပညာကို လိမ်လို့ဆိုပြီး ဆရာကြီးက ... [illegible] တွက်စစ်ကြည့်ရလေအောင် ... သူ ကူးယူထားလိုက်တဲ့ ဓာတ်ကို ပြန်ကိုင်လိုက်တဲ့အခါမှာ ... အမှားတွေတွေ့ ရပါတယ် ...”

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သူ ကူးယူလိုက်တဲ့ဟာက မှားနေတာလား ... ကျွန်မတို့ လက်ထဲက "ထန်းဖူး"တွေက မှားနေတာလား"

"ဒေါ်ခင်ခင်တို့ လက်ထဲက "ထန်းဖူး"တွေက မှားတာပါ၊ ဆရာကြီးကတော့ တိတိကျကျ ကူးယူထားလိုက်တာဆို တော့ ... သူ့အကူးကတော့ မမှားဘူး ... မှားနေတယ်ဆိုတာ က ... မွေးသက္ကရာဇ်မှာကိုက ... အင်္ဂလိပ်လို ကျရောက်တဲ့ မွေးနေ့မွေးရက်နဲ့ ... မြန်မာလို ပြန်ပြောင်းရေးထားတဲ့ မွေးနေ့မွေးရက်နဲ့ မကိုက်ညီဘူး ...။ ဆရာကြီးက အဲဒါကို သွားတွေ့တာ ...

သူ မူလပထမ အပေါ်ထုတ်ပေးလိုက်တာက ... ထန်းဖူးဇာတာထဲမှာပါတဲ့ မြန်မာခုနှစ်၊ လ၊ ရက်တွေကိုပဲ အတည်ယူပေးလိုက်တာပါ ...။ အင်္ဂလိပ်ရက်သီးခြား ထပ်ပေးပေမဲ့ ... ပြန်တိုက်မစစ်လိုက်မိတာကိုက ... သူ့ အမှားပါလို့လည်း ဝန်ခံပါတယ်တဲ့ ..."

"ဟင် ... ကျွန်မတို့ကလည်း ... ကလေးတွေ ငယ်ငယ် လေးတည်းက ... "ဇာတာကျော် ... ဦး ..."နဲ့ကို ထန်းဖူး ဇာတာဖွဲ့ပေးထားခဲ့တာပါ ..."

"ဟုတ်ပါတယ် ... အဲဒီ "ဦး ... ..."ရဲ့ တံဆိပ်ပါနေလို့ ကိုပဲ ... ဆရာကြီးကလည်း ... 'ဇာတာကျော်'ပဲဆိုပြီး ... အင်္ဂလိပ်ရက်နဲ့ ပြန်မတိုက်မိတော့ဘဲ ဇာတာထဲက မြန်မာ သက္ကရာဇ် ခုနှစ်၊ လ၊ ရက်ကိုပဲ အတည်ယူလိုက်မိတာပါ လို့ ပြောပါတယ် ...





ခု ဆရာကြီး သိလိုတာက ... အင်္ဂလိပ်ရေးထားတဲ့ မြန်မာရက်နဲ့ လွဲနေတယ် ... ဘယ်ဟာက အတိအကျ အမှန်အကန်လဲ ... အဲဒါကို သိချင်တာပါ ...။ ဆရာကြီး ကိုယ်တိုင် ရန်ကုန်ဆင်းလာဖို့ ရှိပါတယ် ...။ သူ့ အိုဝင် တပည့်လက်သားတွေရဲ့ ကိစ္စအပြင် ... ဒီကိစ္စကိုပါ တစ် ပါတည်း ဆောင်ရွက်ပေးသွားမှာပါ ..."

ဒေါ်ခင်ခင်နှင့် စိမ့်တို့သည် ... အသုံးမလိုအပ်လှတာ မို့ ဘယ်သောအခါမျှ ထုတ်မကြည့်ဖြစ်မိကြဘဲ ... ကတ္တီပါအိတ် စွပ်ကာ ဗီရိုထဲပဲ ထည့်သိမ်းထားဖြစ်ကြသော ထန်းဖူးဇာတာများ ကို ... အပြေးအလွှားပင် ထုတ်ယူကြည့်ကြရပါတော့သည် ...။ တကယ်ဆို နေဝန်းသက်တို့ မွေးဖွားလာတဲ့ ခေတ်လောက်ကတည်း ကိုက ဒေါ်ခင်ခင်တို့ အသက်အရွယ်တန်း ... မိဘများဟာ ထန်းဖူးဇာတာဖွဲ့ပြီး သိမ်းထားတတ်ကြသည့်ခေတ်မျိုး ... သိပ် မဟုတ်ကြတော့ပါ ...။

သို့သော် ဒေါ်ခင်ခင်ရဲ့ မိခင်ဖြစ်သူရော ...၊ ယောက္ခ မဖြစ်သူတို့သည်ပါ ... သူတို့ခေတ်အဆက်ဆက် လက်ကိုင်ပြု ခဲ့ကြသော "ဇာတာကျော်"မှ "ဇာတာကျော်"တွေ။ ကလေးတစ် ယောက် မွေးဖွားလာခြင်းမှာ ... ဇာတာပုရပိုက်မှ မရှိတော့ရင် ဘဲ ... မဖြစ်ချေတော့မတတ် အရေးထားခဲ့ကြတာမို့ ... ဒေါ်ခင်ခင် များလည်း ... 'နေဝန်းသက်'မှ စတင်လိုက်တာနဲ့ ... "စိမ့်ညိုခက်" ဖော ... 'ဗမင်းဆက်'ပါ ထန်းဖူးဇာတာကို ကိုယ်စီနှင့် ခေတ် ကာလ သားပျိုသမီးပျိုတွေကြားထဲ ... ထူးနေခဲ့ကြရခြင်းပင် ...။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကို မွေးတော့ ယောက္ခမကြီးဖြစ်သူ မရှိရှာတော့။ ဒေါ်ခင်ခင်ရဲ့ မိခင်ကြီးပင် ... အိပ်ရာပေါ်၌သာ အနေများစပြုပြီ။ ဗမင်းဆက်ပါ မွေးလာသောအခါမှာတော့ ... အမေပါ မရှိတော့ဘူးဆိုပေမဲ့ ... အစဉ်အဆက် လုပ်ရပ်ကလေးလို ဖြစ်နေတော့ ... ထန်းဖူးဇာတာ သွားဖွဲ့လိုက်ဖို့ကို ... လုပ်နေကျအတိုင်းပဲ ... "ဇာတာကျော် ဦး ..."ဆီ ပြေးဖြစ်လိုက်တာပါပဲ ...။ ခြောက်နှစ်ကြီး ခြောက်နှစ်ငယ် အထက်အောက်တွေမို့ ... ဗမင်းဆက်ကို ဇာတာဖွဲ့ပေးရချိန်မှာ 'ဇာတာကျော်ဆရာကြီး ဦး......' သည်ပင် ... အတော်ကြီးအိုမင်းယိုယွင်းစပြုနေပြီ ...။

အမေဖြစ်သူနှင့် ယောက္ခမဖြစ်သူတို့ရဲ့ အစီအစဉ် ညွှန်ကြားချက်တွေအရ ဇာတာဖွဲ့ခဲ့ရသော်လည်း ... ထန်းဖူးတွေကို ကတ္တီပါအိတ်များနှင့် ရလာကတည်းက ... စနစ်တကျ၊ တရိုတသေ သိမ်းထားတာကလွဲရင် ... ငါးနှစ်ဆယ်နှစ်နေလို့မှ တစ်ခါတောင် ထုတ်ကြည့်မိတာ မဟုတ်ရပါ ...။ သားအကြီး နေဝန်းသက်တုန်းကတော့ အဘွားနှစ်ယောက်ဟာ ဇာတာကို ပြန်စစ်ပြီး ... သူတို့ဘာသာ တွက်ထားချက်ထား၊ ကောက်ချက်ချတာမျိုးတွေ ရှိခဲ့ကြပါရဲ့ ...။ နောက်ခြောက်နှစ်အကြာ စိမ့်မွေးလာတော့ ဒါမျိုးတွေ မရှိနိုင်တော့ပြီ ...။

အဲဒီ ထန်းဖူးဇာတာများဟာ ... ပြောရမယ်ဆိုရင် နေဝန်းသက်ရဲ့ ယောက္ခမများက "ဇာတာကို တိုက်ကြည့်ကြရအောင်" ဟု တောင်းဆိုလာကာမှပင် ... ထုတ်ပေးဖြစ်ကာ ...



အသုံးကို သိရသလောက်ပါပဲ ...။ နောက်ပိုင်းကျတော့လည်း စိမ့်ကိစ္စပေါ် ဖြစ်လာခဲ့တဲ့အခါ ... စိမ့်ကပဲ သူတို့ဇာတာနှစ်စောင်ကိုပါ မိခင် ဒေါ်ခင်ခင်ထံမှ တောင်းယူကာ မန္တလေးယူသွားခဲ့တာပေါ့လေ ...။

ဒီနောက်ပိုင်းမှာလည်း မန္တလေးက ဆရာကြီးနဲ့ ဆက်ဆံတွက်ချက်လိုလျှင် ဇာတာထုတ်ယူသွားစရာမလိုတော့။ မြန်မာသက္ကရာဇ်က ဆရာကြီးဆီမှာ ရှိနေပြီးပြီ ...။ ဒီရန်ကုန်က တချို့ဆရာများနှင့် ယတြာချေချင် ...၊ တစ်ခုခုလုပ်ချင်လျှင်လည်း ... ဒီမှာပဲ အင်္ဂလိပ်ခုနှစ်သက္ကရာဇ် ပြောကာ ... အဲလိုပဲ တွက်ချက်ကြည့်လိုက်တာပါပဲ ...။ ခရစ်သက္ကရာဇ်နဲ့ မြန်မာသက္ကရာဇ်တွေ လွဲနေ မလွဲနေဆိုတာ တစ်ခါမှတောင် မသိဖြစ်ခဲ့ မစစ်ဖြစ်ခဲ့ကြတာပါ။

"ဒေါ်ခင်ခင်တို့က ... ကိုယ့်သားသမီးတွေ မွေးတဲ့မွှားတဲ့ မြန်မာသက္ကရာဇ်ကိုမှ မှတ်မှတ်ထင်ထင် မှတ်သားထားတာမျိုး မရှိဘူးလား"

"အပြစ်တင်ရင်လည်း ခံရမှာပါရှင် ... ကျွန်မပြင့်သားသမီး သုံးယောက်ကော ... မြေးကလေးကိုပါ ... ခုထိ အင်္ဂလိပ် ခုနှစ်၊ လ၊ ရက်ပဲ ... အတိအကျ အလွတ်ရ၊ သိရှိတာပါပဲ။ တစ်ခုခု လိုအပ်လာရင်လည်း ဆရာသမားတွေက "နှစ်တစ်ရာပြက္ခဒိန်" ပြန်လှန်ပြီး သူတို့ဘာသာ တွက်ချက်လုပ်ကိုင်ပေးကြလေတော့ မှတ်မှတ်မိမိနဲ့ သိကိုသိမနေဖြစ်တာ...

www.burmeseclassic.com

www.burmeseclassic.com



သားကြီးပဲ အနှစ်လေးဆယ်ကျော်ရှိနေပြီ ... ဆိုပါတော့"

"လှတိုးကလေးကတော့ ... မန္တလေးရောက်လာကတည်းက ဓာတာထန်းဖူး မရှိသေးလို့ ... ကျွန်မတို့တွေပဲ ... ဆရာကြီးကို ပွဲနဲ့ပင့်ပြီး ... ဓာတာဖွဲ့ပေးလိုက်ကြတာပါ ... သူကတော့ မှားစရာကြောင်းမရှိဘူး ..."

လှတိုး၏ အဘွား ယူလာပြသော အင်္ဂလိပ်ခုနှစ်၊ လ၊ ရက်များနှင့် မြန်မာသက္ကရာဇ်တို့ကို ပြန်ကြည့်လိုက်ကြသော် လွန်ခဲ့တဲ့ (၉)နှစ်က စိမ့်တို့ကိစ္စ ဖြစ်ပွားပြီးစဉ်က ... မန္တလေးမှာ စိမ့် ပေးထားရစ်ခဲ့သော ...အင်္ဂလိပ်ခုနှစ်သက္ကရာဇ်များသည်၊ စိမ့်တို့ ဗမင်းဆက်တို့ရဲ့ ထန်းဖူးတွေထဲကအတိုင်း။

"အဲဒီလိုဆိုရင်တော့ ... အင်္ဂလိပ်ခုက အမှန်ဆိုရင် ... ဒီဓာတာတွေထဲက မြန်မာသက္ကရာဇ်ခုနှစ်တွေက လွဲနေခဲ့တာ သေချာသွားပါပြီ ..."

"အဲ ... အဲဒီလိုရင် ..."

"ဆရာကြီး ရန်ကုန်ရောက်လာတဲ့အခါ ... ပြန်လည်စစ်ဆေးတွက်ချက်ပေးမယ်လို့ ပြောပါတယ် ..."

ဒေါ်ခင်ခင်နှင့် စိမ့်တို့မှာ ငိုရတော့မလိုလို၊ ရယ်ရတော့မလိုလို အခြေအနေတွေနှင့်ပဲ ဆောင့်မျှော်နေကြရပါတော့သည်။ နေဝန်းသက်ရဲ့ ဓာတာထဲက ခုနှစ်သက္ကရာဇ်မှာတော့ မမှားပါ... တဲ့ ...။ အမှန်အကန်သာ ဖြစ်ပါသည် ... တဲ့ ...။ လှတိုးကလေးကလည်းပဲ အမှားမရှိ ... ဟုဆိုသောအခါ ... မှားနေကြသည်





ဆိုသူနှစ်ဦးအတွက် "အဟော"များဟာ ဘယ်လိုဘယ်ပုံတွေဖြစ်ကုန်ကြဦးမလဲ ... ရင်မောကြရသည်ပင် ...။ ဗမင်းဆက်သည်လည်း စိမ့်တို့ မေမေတို့လောက် မဟုတ်ရင်တောင် ... မန္တလေးက ဆရာကြီးကို လည်ပင်းရှည်မတတ် မျှော်နေမိသည့်အထဲ — တစ်ယောက်အပါအဝင်ပင် ဖြစ်ရပေသည် ...

ရန်ကုန်ကို သူ့ကိစ္စနှင့် သူဆင်းလာရသည်ဖြစ်သော ဆရာကြီးမှာ ... နောက်လေးရက် အကြာမှာ ရန်ကုန်သို့ — လှတိုးရဲ့ ဦးလေးအရင်း မောင်းသောကားနှင့် ရောက်လာခဲ့ပေမဲ့ ဦးလေးရော၊ ဆရာကြီးပါ ... ဤအိမ်မှာတော့ မတည်းကြပါ ...။ သူတို့ဘာသာ ... ဟိုတယ်တစ်ခုတွင် တည်းခိုပြီး ... လုပ်စရာကိစ္စအဝဝကို လုပ်ကိုင်ပြီးတော့မှပင် ဗမင်းဆက်တို့ မိသားစုမှာ တွေ့ခွင့်ရကြရပါသည် ...။

ဆရာကြီးရဲ့ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနှင့် ခုနှစ်သက္ကရာဇ်များ ယှဉ်ထားသော နှစ်တစ်ရာ ပြက္ခဒိန်နှင့် စစ်ဘိုက်ကြည့်သောအခါ ... စိမ့်ရော ... ဗမင်းဆက်ပါ ... မြန်မာလိနေ့ရက်တွေ တစ်ခုမှ မမှန်ပါ ...။

ဆရာကြီးက အမှန်အတည် ဖြစ်သော နေ့ရက်များနှင့် ဓာတာများကိုလည်း ပြန်ဖွဲ့ပေးသွားသည့် အပြင် နေဝန်းသက်ရဲ့ ဓာတာ၊ လှတိုးကလေးရဲ့ ဓာတာနှင့်ပါယှဉ်ပြီး စိမ့်နှင့် ဗမင်းဆက်တို့ရဲ့ ကံကြမ္မာအဟောကိုပါ ... ပြန်ပြင် ဟောကြားပေးသွား ...။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ရော ... ဗမင်းဆက်ပါ ... နေဝန်းသက်နှင့် ဓာတာက်ကြမ္မာ ... တစ်စက်မျှမတူ ...။ လုံးလုံးမျှ မတိုက်ဆိုင်။ "ဘီလူးနက္ခတ်"လည်းမကျ။ ဒီမိသားစုအတွင်းမှာလည်း နေဝန်းသက်တစ်ယောက်ကလွဲရင် တခြား ဒေါ်ခင်ခင်ဖြစ်စေ ... ဖခင်ကြီးဖြစ်စေမှာပါ ... တစ်ယောက်မှမကျန် ... ထိုအယူ၊ ထိုဝဋ်၊ ထိုကံကြမ္မာနှင့် ပတ်သက်ဆက်စပ်နိုင်သူ ... တစ်ဦးတစ်ယောက်မှကို မရှိပါလေပြီတည်း ...။

"ဒါ ... ဒါဖြင့်ရင် ... ဆရာကြီးရယ် ... ကျွန်မရော ... ကျွန်မမောင်လေးပါ ... အခါခါကြုံခဲ့ရတဲ့ ... အတိတ်ဆိုးတွေက ဘာကြောင့်များပါလဲဟင် ..."

"ရှေးရှေးဘဝရဲ့ ဝဋ်ကြွေးဆိုတာ ... မပြောနိုင်ပါဘူး ...။ အတုံ့နဲ့ အလှည့်နဲ့ ကျေပျက်သွားနိုင်တာမျိုးလည်း ရှိမယ်။ အဖန်ဖန် အလီလီ တန်ပြန်အကြွေးဆပ်နေရခြင်းမျိုးလည်း ရှိမယ် ...။ ဒီလူတစ်ယောက်ဟာ ... သူ့တစ်ဘဝလုံး ဖြစ်စဉ်တောက်လျှောက် ... ဒီလိုချည်းပဲ အမြဲကြုံကိုကြုံကြိုက်နေရမယ်လို့ ... တစ်သမတ်တည်း သတ်သတ်မှတ်မှတ်ကံပါလာတဲ့သူမျိုးတော့ ရှားတယ် ...

သမီးတို့ မောင်နှမဟာ ... မွေးဖွားနက္ခတ်နဲ့ ဓာတာပါ ခုနှစ်နဲ့ လွဲနေတဲ့အတွက် အဲဒီအတိုင်းသာ အမှန်ဆိုရင် ... ဒီလိုချည်း အမြဲကြုံကြိုက်နေကြရမဲ့ သို့တည်း မဟုတ် ... အခါခါ အလီလီ ကြုံကြရမဲ့ ... သို့တည်း





မဟုတ် ... ငါးခါ ဆယ်ခါ စသဖြင့် ကြုံကြရမဲ့ ... ဓာတာရှင်တွေလို့ပဲ ... တိုက်တိုက်ဆိုင်ဆိုင် ... အဟောထွက်ပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ... သမီးတို့ဟာ ... ရှေးဘဝရဲ့ မကောင်းတဲ့ဝဋ်ကြွေးဆိုတာ ပါခဲ့ရင်တောင် ... အကျေဆပ်ပြီးနိုင်ကြသူများသာ ဖြစ်နေပါပြီ ..."

"ဘဘ ... ဒါဖြင့် သား ရည်းစားထားရင် မိန်းမယူရင်ကော အဲဒီတစ်ယောက်က သေမလား ... မသေဘူးလား ..."

"သူ့ရဲ့ အတိတ်ကံဝဋ်ကြွေးနဲ့ ... သူ့ကုသိုလ်ကံ၊ အကုသိုလ်ကံပေါ်မှာသာ တည်ပါလိမ့်မယ် ... ကလေးရဲ့ အကုသိုလ်ကြောင့်တော့ သူ မသေနိုင်ဘူး ..."

လှတိုးရဲ့ မန္တလေးက အဘွားခများ ... လှတိုးရဲ့ အပြောအဆိုတွေကြောင့် ခုမှ ဒေါ်ခင်ခင်ရဲ့ စတိုင်လ်အတိုင်း ဖြစ်ရရှာတော့ကာ ... သူလည်း ရင်ဘတ်ကလေးစုံဖိကာ ... ဖိကာနှင့် ...

"ဟင် ... မြေးက ... ငါ့မြေးလှတိုးက ... ဒီအရွယ်နဲ့ ဒီလိုပြောတယ်။ ဟယ် ... တကယ်ပဲ ပျော်လုံးဖွဲ့သွားပုံကြီးနဲ့ပါလား ... ဟင် ! မင်းက ဒီအရွယ်လေးနဲ့ ရည်းစားထားထားတယ် ..."

လှတိုးရဲ့ ပြောင်စပ်စပ်မျက်နှာပေးကြောင့် ရန်ကုန်အဘွားမှာ မန္တလေးကအဘွား ရှေ့ဝယ် မျက်နှာတောင် ဘယ်လိုထားရမလဲမသိနိုင်ချေ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ... ကျွန်တော်ရော ... ကျွန်တော့်ရဲ့ အတိတ်က ဝဋ်ကြွေးအကုသိုလ်ကံတွေကို အကျေဆပ်နိုင်ပြီးပြီ ... လို့ အတိအကျပြောနိုင်ပါသလား ... အဘ ...။ ကျွန်တော့်ရဲ့ ဒီမေးခွန်းဟာ ကျွန်တော့်ဘဝအတွက် အင်မတန်မှကို အရေးကြီးပါတယ် ...

"ငါ့သား ... မင်းရဲ့ ဇာတာအဖွဲ့အရ ... မင်းဟာ အင်မတန်မှ ကံကောင်းသူတစ်ယောက် ဖြစ်ပါတယ် – မင်းရဲ့ အစ်ကိုနဲ့ အစ်မတွေမှာ တစ်မျိုးစီပါလာကြတဲ့ အတိတ်ကံဆိုတာမျိုး ... မင်းမှာ ပါမနေတဲ့အပြင် – မင်းဟာ ဒီကလေးငယ်လေးလိုတောင်မှ မဟုတ်ဘူး –။ ကိုယ့်ကံကို ကိုယ်က တတ်သိနားလည်စွာ မြှင့်တင်ယူနိုင်ရင် ကိုယ်မြှင့်ရင် မြှင့်နိုင်သလောက် တက်မဲ့ ဇာတာရှင် တစ်ယောက် ဖြစ်ပါတယ် ...

ကိုယ့်ကံကို ကိုယ်က ပစ်ပယ်တိမ်မြှုပ်ထားရင်သာ တက်ရမဲ့ ကံဇာတာက မတက်ဘဲ ... ကံဇာတာညိုးမှိန်ယိမ်းယိုင်မှုတွေနဲ့ ကြုံတွေ့ရတတ်နိုင်ပါတယ် ...။ အဲဒါကြောင့် ဒီနေ့ကစလို့ ကိုယ့်ကံမြှင့်အောင် ... ကိုယ့်ဘာသာကြိုးစားယူပါ ...။ ပစ်ပယ်မထားနဲ့ ...။ ကိုယ့်ကြောင့်သူများတကာတွေမှာ ဒုက္ခရောက်ရလိမ့်မယ် ... ဆိုတဲ့အယူကိုလည်း မယူနဲ့ ... အတိတ်နိမိတ်ကို ဆောင်ပါ –





မကောင်းတာတွေ တွေးရင်၊ ပြောရင် ညှိုးမှိန်မယ် ...။ ကောင်းတာတွေပြောရင် ထွန်းကားမယ် ...။ တခြားသူတစ်ဦးရဲ့ဒုက္ခ၊ သုက္ခသက်ရောက်မှုဟာ ... ငါ့သားကြောင့် လုံးလုံး မဟုတ်ဘူး ဆိုတာကို မြဲမြဲစွဲစွဲမှတ်ယူ နှလုံးသွင်းပါ ..."

ဗမင်းဆက်ဟာ ... ပုဏ္ဏားတော်ဆရာကြီးကို ထိုင်ပြီးတော့ကို ရှိခိုးဦးချပစ်လိုက်မိတော့တာပါပဲ ...။ သက္ကရာဇ် ဖွဲ့မှားနေခဲ့တဲ့ ဇာတာအဟောကို ... ပြင်ဟောပေးသွားနိုင်လို့ မဟုတ်ပါ ...။ ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့ လူကြီးတစ်ယောက်ထံက ... ကိုယ့်အတွက် ပညာရ အဖိုးတန်လှတဲ့ အားပေးစကားတွေကို နားကြားခံယူလိုက်နိုင်လို့ ဖြစ်ပါသည်။

မကောင်းတာဟောကြားထားစဉ်က ယုံရနိုး၊ မယုံရနိုးနှင့် ... ကောင်းတာဟောပါမှ ... ချက်ချင်း ယုံကြည်ပစ်မိသည်ရယ်လည်း မဟုတ်ရပါ ...။ အဖိုးတန်တဲ့ စကားတွေမို့ လက်ခံမိခြင်း ဖြစ်ပါသည်။ တကယ်ဆိုရင် ဗမင်းဆက်ဟာ ... ဒီဆရာကြီးနဲ့ လွန်ခဲ့တဲ့(၉)နှစ်ကတည်းက ကိုယ်ကိုယ်တိုင် တိတိပပ ဆုံသင့်ခဲ့တာ ...။ စကားပြော အင်မတန် ဆင်ခြင်ထိန်းသိမ်းတာ လိမ္မာလှတဲ့ ဆရာကြီးနဲ့ ဗမင်းဆက်တို့သာ ကိုယ်တိုင်ကိုယ်ကျ ဆုံခဲ့ဖူးရင် ... (ဇာတာထဲက သက္ကရာဇ်တွေ လွဲနေခဲ့တာက ခဏထား) စိမ့်နဲ့ကတစ်ဆင့် ... ပြန်ပြောစကားနဲ့ ယုံရတာလောက် ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ် အခြေအနေ ယိမ်းယိုင်ကျဆင်းကာ ... ဆိုးဝါးခဲ့ရမှာ မဟုတ်ပါချေ ...။

ကိုယ်ကိုယ်တိုင်ကသာ "ဟုတ်များနေသလား"ဆိုတဲ့ ယုံတစ်ဝက် မယုံတစ်ဝက် မခံယူဝံ့၊ မပစ်ပယ်ဝံ့တဲ့ အတွေးမျိုးတွေနှင့် မဟုတ်ခဲ့ရင် ... ပင်ကီနဲ့ ပန်းနုတို့ကိစ္စမှာ ဗမင်းဆက်က အဲဒီလောက် စိတ်အားသိမ်ငယ်ခဲ့ရမှာမဟုတ် ...။ စိမ့်တို့ ဘယ်လောက်ပဲယုံယုံ ကိုယ်ကိုယ်တိုင်က စိတ်ထားတတ်လျှင် ... မပန်းနုတို့ရဲ့ ဆွေမျိုးတွေနဲ့လည်း ရင်မဆိုင်ရဲ ... ရှိခဲ့ရမှာမဟုတ်။

"ကိုယ့်ဘာသာတော့ တစ်ခါမှ ... တိုက်တိုက်ဆိုင်ဆိုင် တိတိကျကျ မေးမကြည့်မိရသေးဘူး မဟုတ်လား ..."ဆိုတဲ့ စကားသံလေးကို ပြန်ကြားယောင်မိပါသည်။

"ထပ်တူညီမျှသော အချစ်တို့နှင့်" ဆိုတဲ့ e-mail ကလေးတစ်စောင်ကို လက်ခံရရှိခဲ့တဲ့ ကောင်မလေးဟာ ... နောက်ထပ်လအနည်းငယ်အကြာမှာ ... "စောင့်ကြိုနေပါတယ်" ဆိုတဲ့ ... e-mail ကို ထပ်ရလာတဲ့အခါ ... ထွက်ပြေး တိမ်းရှောင်နေရမဲ့အချိန်မျိုး မဟုတ်တော့ဘူး ... ဆိုတာ ... လွယ်လွယ်နဲ့မှ သိနိုင်ပါ့မလား ...။

> "အချစ် ... စစ်ခဲ့ရင် xxx တို့နှစ်ဦးပေါင်းဖက် xxx နားလည်မှုတွေနဲ့ xxx ထပ်မပေးနိုင်တော့ပါ xxx ဘယ်တော့မှ မပေးဘူးဘဲ xxx "





လှတိုးကလေးလောက် အရွယ်များဖြစ်ခဲ့ရင် ... သူ့အော်ဟစ်ဆိုနေတဲ့ သီချင်းသံစဉ်တသားများထဲ ... ကိုယ်ပါ ... အားတက်သရော ... ဝင်အော် ... အားဖြည့်လိုက်မိမည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ဒီတစ်ခေါက် မြန်မာနိုင်ငံသို့ ပြန်ဖြစ်ရမဲ့ ခရီးစဉ်ဟာ ... "အမင်္ဂလာကိစ္စ" နှာရေးနှင့် မဟုတ်ရတော့ဘဲ ... သာရေး စစ်စစ်ကြီးမှ ... ဖေဖေ့ကို ဝမ်းသာလုံး ဆို့နေစေသော သာရေးမျိုးမို့ ... ဖေဖေ့ မျက်နှာကြီးဟာ တက်ကြွစွာ ပြုံးပျော်လို့နေသည် ...။ ဒါတောင်မှ ဖေဖေဟာ ဘွဲ့လွန်သင်တန်း တက်နေပြီဖြစ်တဲ့ သမီးဖြစ်သူထံ အကြောင်းကြားခေါ်ယူဖို့ကို ပျက်ကွက်ချင်နေသေးတာပါ ...။ မေမေကသာလျှင် ... "သြဘာကိုပါ ခေါ်သွားမယ်"ဟု (တိုင်ပင်တာမဟုတ် ...၊ ဆုံးဖြတ်ချက်ချပြီးတဲ့) ယတိပြတ်အပြောနဲ့ ... ပြောချလိုက်နိုင်လို့သာလျှင် ... Stockwell က မေမေ့ဖုန်းသံကို Harrow (westminster) မှ သြဘာက ကြားခွင့်ရခြင်းပင် ...။

"ဒီစနေ၊ တနင်္ဂနွေ Weekend အပတ်မှာ ပြန်လာခဲ့ပါဦး" ဆိုလို့ ပြန်ရောက်လာခဲ့သည့် သြဘာကို ... မေမေက ပြုံးပြုံးကလေးနှင့် ...





"ဝမ်းသာစရာသတင်း ပြောမလို့ သြဘာရေ ... မေမေတို့ ဒီလကုန်အပြီး ... နောက်လ ... ပထမပတ်လောက်ကျရင် မြန်မာနိုင်ငံကို ပြန်ကြမလို့ ... သမီး ဒေါ်လေးငယ် အပျိုကြီးတော့ စုံပြီ ...။ သူ့မင်္ဂလာဆောင်ကို မေမေတို့ သွားတက်ကြရမယ် ...။ သမီး ဒေါ်လေးငယ်က သူ့အစ်ကို ငယ်ကို အရမ်းပြန်လာပြီး ပွဲတက်စေချင်လို့တဲ့လေ ...

သမီး ဖေဖေတော့ သိပ်ပျော်နေတယ် ... သူက သူ့ညီမတစ်ယောက် အပျိုကြီး ... ဖြစ်ကျန်နေတာကို ... လုံးဝစိတ်တိုင်းကျနိုင်တာ မဟုတ်ဘူး ... ခုမှပဲ စိတ်ချမ်းသာရတော့တယ်တဲ့ ..."

သြဘာကား မေမေ့ရဲ့ အပြုံးနဲ့ ဖေဖေရဲ့ အပျော်ကို့ကို ကိုယ်နဲ့ ဘယ်လိုမှ မသက်ဆိုင်လှတဲ့အလား ... ခပ်အေးအေး ခေါင်းတညိတ်ညိတ်နှင့်ပင် ...

"ဒေါ်လေးက (၄၀)ကျော်တောင် ကျော်နေပြီနော် ... ဒါပေမဲ့ အန်တီမီးထက်တော့ နှစ်နှစ် ငယ်သေးတယ် ... ပြီးကျတော့ လူကောင်ကလည်း သေးသေးလေးပဲဆိုတော့ ... (၄၀)ကျော် မှန်းတော့ သိပ်မသိသာပါဘူး ... (၃၀)ကျော်လောက်ပဲ မှန်းရတယ် ...။ ဘာပဲဖြစ်ဖြစ်ပါ ... သူ့အကြိုက်နဲ့သူမှတ်လား ...။ အစ်ကိုတွေ အစ်မတွေရဲ့ အစီအစဉ်တော့ မဖြစ်တန်ကောင်းပါဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး … သူ့ဆန္ဒမှ သူ့ဆန္ဒအစစ်ပါ …။ ပျော်လိုက်တာ … ရှင်လို့ … သတင်းကို မေးလ်ပို့လိုက်တယ် မထင်နဲ့ဦး … သူကိုယ်တိုင် ပိုက်ဆံအကုန်ခံပြီး ဖုန်းဆက်တာ …။ ဖုန်းထဲမှာ သူ့အစ်ကိုနဲ့ မောင်နှမနှစ်ယောက်စလုံးဟာ ဟစ်အော်နေတာပဲ … ဩဘာ မရှိလို့ … ရှိရင် သေချာပေါက်ရယ်မှာ …"

ဖေဖေ့ အီးမေးလ်ကို အမှတ်ရလေ့မရှိတဲ့ ဒေါ်လေးဟာ ဩဘာထံ မေးလ်ပို့လို့မရ (ဘာအကြောင်းမှ တုံ့ပြန်မှုမရ) ၍များ ဖေဖေ့ဆီ ဖုန်းနဲ့ပဲ ဆက်အကြောင်းကြားရလေရော့သလား။ ဩဘာက ကိုယ့်အတွေးကိုယ် ချက်ချင်း ခေါင်းထဲက ခါထုတ်ပစ်လိုက်ပါသည်။

"ဖေဖေက ခွင့်ခက်တော့ … ခရီးစဉ်ရက်နဲ့မှ ထည့်ပေါင်းပြီး စုစုပေါင်း … (၈)ရက်ပဲ ပြန်မယ်တဲ့ သမီး … ရန်ကုန်မှာ … (၅)ရက် (၆)ရက်ကြာပဲ နေဖြစ်ကြမယ် …။ ဒေါ်လေးငယ် မင်္ဂလာဆောင်က ခလယ်ရက်ပေါ့ … မင်္ဂလာဆောင်အပြီး … နှစ်ရက် နားပြီးရင် ပြန်မယ် …။

မေမေကတော့ အဲဒီရက်ပိုင်းမှာ … အဆင်ပြေတယ် … မေမေ့အခုအလုပ်က ဒီလ (၂၀)ရက်နေ့အထိပဲ ကွန်ထရက် ရထားတာဆိုတော့ ပြန်လာမှ နောက်အသစ်တစ်ခု ပြောင်းဖြစ်မယ်၊ လကုန်ရင် သက်တမ်း သွားမတိုးဖြစ်တော့ဘူး …"





"ဟုတ် … ဩဘာက ဒီအိမ်မှာ ပြန်လာနေပေးရမှာလား မေမေ …"

"မဟုတ်ဘူး … သမီးလည်း ခရီးစဉ်မှာပါတယ်လေ …။ ဩော် … ကိုယ့်အဒေါ်အပျိုကြီးစွံတဲ့ကိစ္စ …၊ တူမတွေ အကုန်မဆင်နွှဲလို့ ဘယ်ဖြစ်မလဲ …။ သမီး အဖေကလည်း သမီးကိုပါ ခေါ်သွားဖို့ သဘောတူပါတယ် …"

ဩဘာက မေမေ့ကို ငေးပြီး ကြည့်နေမိသည်။

မြန်မာနိုင်ငံသို့ …။ ဩဘာတို့တစ်မိသားစုလုံး အင်္ဂလန်သို့ ပြန်ရောက်ကြအပြီး … သူ့စိတ်ကြိုက်အဖြစ် … အွဲ့လွန်ဝင်ခွင့် စာမေးပွဲကိုလည်းအမိ … ရှာစ်ကြိမ်တည်းနှင့် ဝင်ဖြေဖြစ်၊ တစ်ခါတည်းနှင့် အောင်ပြီး တက်ခွင့်ရသွားတာကိုပင် … စိတ်ထဲက အခဲမကျေနိုင်လှသေးသည့် အလား … သမီးဖြစ်သူကို အတော်ကြီးကြာမှ စကားပြန်ပြောဖော်ရတဲ့ ဖေဖေက ဩဘာကိုပါ မြန်မာနိုင်ငံသို့ ပြန်ခေါ်သွားဖို့ သဘောတူတယ်ဟုတ်လား …။

"မလိုက်တော့ပါဘူး မေမေရယ် …"

"သမီးတို့ ဒီလကုန်အပတ်နဲ့ နောက်တစ်ပတ်ပါ ပိတ်ရက်နှစ်ပတ် ဆက်တိုက်ရမယ်ဆိုလားလို့ …"

"ဟုတ်ပါတယ် … ဒါပေမဲ့ ဩဘာ စာပဲဖတ်တော့မယ်၊ နီနာ့ကိုပါ ဒီကို ခေါ်ခဲ့ပြီး … ဒီမှာပဲ စာဖတ်ကြမယ် … ဩဘာ အိမ်ပဲ စောင့်ပေးမယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့လိုက်ပါ သမီးရဲ့ … ဒေါ်လေးက သမီးပါ ပြန်ပါမလာရင် ဘယ်စိတ်ကောင်းပါ့မလဲ … သမီးဖေဖေကတော … သူကိုယ်တိုင်က ခေါ်ရင်ခေါ်ခဲ့လို့ ပြောပြီးမှ မလိုက်ဘူးဆိုရင် … "မင်း သမီး သြဘာက မင်းညီမ မီးမီးရဲ့ လက်ထပ်ပွဲသာဆိုရင်တော့ … ရှေ့ဆုံးကပြေးသွားရင်သွားမှာပါ"လို့ စကားနာထိုးနေပါ့မယ် သမီးရယ် …။ ကိုယ့်အဖေအကြောင်းလည်း ကိုယ်သိရက်နဲ့ …"

ကိုယ့်အဖေအကြောင်းတင်မက …၊ ကိုယ့်အမေအကြောင်းလည်း သြဘာက တစ်ထစ်ချ သိပါသည် …။ ဖေဖေနဲ့ မေမေဟာ သြဘာတစ်ယောက် သူ့ရဲ့ ဇာတ်လမ်းကို လူကြီးတွေက ဆုံးမလို့မဟုတ်ဘဲ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့သူ ပြည်ဖုံးကားချ၊ အပြတ်ဖြတ်လာနိုင်ခဲ့ပြီဆိုတာ သေချာနေကြလို့သာ … သြဘာကို မြန်မာနိုင်ငံသို့ ပြန်ခေါ်ဖို့ကြတာ မဟုတ်လား …။

သူတို့နှစ်ယောက် ကြိုးနဲ့တုပ်ခေါ်လို့သာ ပြန်ပါလာရတာမျိုးဖြစ်ပြီး … အတင်းတွန်းထည့်ထားလို့ ကျောင်းဆက်တက်နေရတာမျိုးသာ ဖြစ်လျှင် ဖေဖေရော မေမေပါ … သြဘာကို "မြန်မာနိုင်ငံသို့ အတူပြန်ကြရအောင်ပါ"လို့ ပြောကြဖို့နေနေ … ဒေါ်လေး မင်္ဂလာပွဲရှိလိုက်တာကိုတောင် Westminster မှ သြဘာက သိလိုက်ရမှာ မဟုတ်ပါချေ …။

ဖေဖေဟာ သူ့အချစ်ဆုံး ညီမငယ်ရဲ့ မင်္ဂလာပွဲကို သူ့တစ်ယောက်တည်း တိတ်တိတ်ကလေး သွားတက်လျှင်သော်





လည်းကောင်း …၊ "ငါတို့မလာနိုင်တော့ဘူး"ဟုသော်လည်းကောင်း လုပ်ကိုလုပ်မဲ့သူ …။

မလိုက်ချင်ပါ …။ "သြဘာ … မြန်မာနိုင်ငံသို့ ခဏပြန်ရောက်လာမြန်ပြီတဲ့ …"ဆိုတဲ့ သတင်းစကားမျိုး 'သူ့'ထံ မပေါက်ကြားစေလိုပါ …။ သြဘာဟာ … သူ့ထံသို့ … သူ့ရဲ့ မိုးကာ ဝါထိန်တောက်ကို ပြန်ပို့ပေးလိုက်ရတဲ့ ရည်ရွယ်ချက်ကိုက "ဘာအမှတ်တရကိုမှ သိမ်းပိုက် မထားလိုတော့ပါဘူး၊ သူ့ဆီက မရရှိနိုင်သေးတဲ့ မေတ္တာတစ်ခုကိုလည်း မျှော်လင့်မနေတော့ပါဘူး… တကယ်ပြီးကြပါပြီ"ဆိုတဲ့ အထိမ်းအမှတ်ပင် …။ သို့သော်မဲ့ … အဲဒီလို မမျှော်လင့်တော့ပါဘူး … ဆိုချိန်ကျမှပင် … သူ့ထံမှ "ထပ်တူညီမျှသော အချစ်တို့နှင့် …"ဆိုတဲ့ e-mail တစ်စောင်က သြဘာဆီ ပြန်လည်ရောက်ရှိလာခဲ့တာ …။

အီးမေးလ်လေးတစ်စောင်နှင့် သုံးလေးရက်လောက် ရှိက်ကြီးတငင် ငိုကြွေးနေတဲ့ သြဘာကို အခန်းဖော် နီနာက အံ့သြတကြီး ဖြစ်နေခဲ့သည် …။ သြဘာက အဲဒီ အီးမေးလ်တစ်စောင်ကိုပဲ ပရင့် (Print)တွေ အကြိမ်ကြိမ်ထုတ်ကာ … တစ်ခန်းလုံး အနှံ့ လိုက်လျှောက်ကပ်ပစ်သောအခါ … "ငါ ဖတ်ခွင့်ရှိသလား" ဟု လာဖတ်ကြည့်ပြီးသော် … "ကွန်ဂိုမှာ ကျန်ရစ်တဲ့ သူ့အချစ်ဦး လက်ထပ်သွားတုန်းကတောင် သူ ဒီလို မငိုချင်ခဲ့ဘူး "… တဲ့ …။

ထပ်တူညီမျှသော အချစ်တို့ကို ရပါလျက် … ခေါ်မွေ့သြဘာတစ်ယောက် ဘာကြောင့် ဤမျှငိုနေရပါသနည်းဟု



www.burmeseclassic.com

www.burmeseclassic.com



နီနာကတော့ ထင်နေပေမည်။ နောက်ဆုံးကျတော့လည်း ... "ကိုယ် တကယ်လိုချင်ခဲ့သောအရာ"က ဩဘာဆီ ဆိုက်ဆိုက် မြိုက်မြိုက်ကို ပြန်ရောက်လာတာပါပဲနော်...။

ဒါပေမဲ့ 'သူ' ဒီလို အီးမေးလ် ပို့လိုက်ခြင်းဟာ... "ဒီတစ်ခါအလှည့်ကျသူကတော့ ... ဇမင်းဆက် ကိုယ်တိုင်ပါပဲ" ဆိုတာကို သူကိုယ်တိုင် ပြန်သိသွားနိုင်ပြီမို့လို့ပဲ ... ဆိုတာ ဩဘာက ဘာကြောင့် မမှန်းနိုင်ဘဲ ရှိမလဲ ... သူရယ် ...။ ဩဘာ သာသေမည်ဆိုရင် ... သူဟာ သူ့ရဲ့ အချစ်တို့ကို ဖွင့်ဟတော့မည့် သူ မဟုတ် ...။ သူပဲ သေမှာကို သိသွားလို့သာ ... ဩဘာတစ်ယောက် သူ့အချစ်ကို သိပါစေတော့ ... ရယ်လို့ သူ့မေတ္တာကို ထုတ်ဖော်ပြသလိုက်တာ ...။

မိုးကာဝါတစ်ထည်နဲ့ ... စာတစ်စောင်ဟာ ... သူ့မေတ္တာကို လှစ်ဟပြလာတဲ့အထိ 'ချူ'ယူနိုင်မယ်မှန်းသာသိရင် ... ဩဘာလေ ... အစောကြီးတည်းက ... ပြမိ၊ ရေးမိ။ ပြီးကျတော့ လူကြီးတွေနဲ့ရော ... ဩဘာတို့ချင်းကြားမှာပါ ရှုပ်လာတော့မဲ့ ပြဿနာတွေကြားမှာ ဩဘာတို့နှစ်ယောက် စိတ်တွေ အကြီးအကျယ် ဆင်းရဲခဲ့ကြရမှာ ...။ သူသာ (မတော်တဆ၊ မဦးမချွတ်) သေသာသွားခဲ့ရင် ... ဩဘာလည်း 'အရူးမ'လုံးလုံးကို လိုက်ဖြစ်ရတော့မှာ ...။

ခုကျတော့ ဩဘာသည် ... ထပ်တူညီမျှသော အချစ်တို့ကို ပြန်ရသည် ဆိုလျှင်ပဲ ကျေနပ်နေပျော်နိုင်ပြီ ...။





ဩဘာရဲ့ တစ်သက်၊ တစ်ချစ်တည်းမှာ ဒီလူတစ်ယောက်[illegible] "မပိုင်ဆိုင်ရလည်း ... ကျေနပ်စွာ စွန့်လွှတ်နိုင်ခြင်းဟာ [illegible] မည်ပါတယ် ..."လို့ (အချိန်ကာလတော့ ခြားပြီး) သတ်မှတ်[illegible] နှစ်ကြိမ်ရှိခဲ့ပြီပဲ ...။

ဩဘာက အများသူငါနှင့် ဆက်ဆံရမည့် ကိုယ့် အီးမေးလ်လိပ်စာကို ပြောင်းပစ်လိုက်သည်။ သူ သိထားသည့် အီးမေးလ် လိပ်စာအဟောင်းလေးကို ... ဩဘာကိုယ်တိုင်ပင် ပြန်သုံးချင်လို့မရနိုင်တော့အောင် ကိုယ့်ရဲ့ Outlook Express ထဲက အပြီးတိုင် ဖျက်ထုတ်ပစ်လိုက်သည်။ တစ်ခါတည်း အပြီးအပြတ် ပြီးရော။ သူ့ထံက နောက်ထပ် ထပ်ရောက်လာနိုင်ကောင်းဘဲ့ စာမျိုးလေးတွေကို ... စိတ်မထိန်းနိုင်ဘဲ ထပ်ဖွင့်ဖတ်မိဦးမှာ စိုးလို့ပါလေ ...။

ပြန်ဆက်သွယ်လို့ မရတော့တဲ့ လိပ်စာအဟောင်းထဲသို့ ပို့လို့မရတော့တဲ့စာတွေအတွက် အကြောင်းပြန်ကြားစာ ဘယ်တော့မှ ပြန်ပေါ်မလာလျှင် ... သူဟာ မေမေတို့ အိမ်လိပ်စာဆီလည်း တိုက်ရိုက်ဆယ်သွယ်ကောင်း ဆက်သွယ်နိုင်သေးသည်။

ရပါတယ် ...။ သူ အဲဒီလိုသာ ဆက်သွယ်လာလို့ကတော့ ... ထိုသဟင်းက ဩဘာဆီ ပြန်ပေါက်တော့မှာမှ မဟုတ်ဘဲ ...။ ကြာကြာနေလျှင်တော့ သူလည်း သဘောပေါက် ရသွားနိုင်လောက်ပါသည်လေ ...။ ဩဘာ အခုက ဖြစ်[illegible]ဘာ



www.burmeseclassic.com

www.burmeseclassic.com



နီမှာကတော့ ထင်နေပေမည်။ နောက်ဆုံးကျတော့လည်း ... "ကိုယ် တကယ်လိုချင်ခဲ့သောအရာ"က ဩဘာဆီ ဆိုက်ဆိုက် မြိုက်မြိုက်ကို ပြန်ရောက်လာတာပါပဲနော်...။

ဒါပေမဲ့ 'သူ' ဒီလို အီးမေးလ် ပို့လိုက်ခြင်းဟာ... "ဒီတစ်ခါအလှည့်ကျသူကတော့ ... ဗမင်းဆက် ကိုယ်တိုင်ပါပဲ" ဆိုတာကို သူကိုယ်တိုင် ပြန်သိသွားနိုင်ပြီမို့လို့ပဲ ... ဆိုတာ ဩဘာက ဘာကြောင့် မမှန်းနိုင်ဘဲ ရှိမလဲ ... သူရယ် ...။ ဩဘာ သာသေမည်ဆိုရင် ... သူဟာ သူ့ရဲ့ အချစ်တို့ကို ဖွင့်ဟတော့မည့်သူ မဟုတ် ...။ သူပဲ သေမှာကို သိသွားလို့သာ ... ဩဘာတစ်ယောက် သူ့အချစ်ကို သိပါစေတော့ ... ရယ်လို့ သူ့မေတ္တာကို ထုတ်ဖော်ပြသလိုက်တာ ...။

မိုးကာဝါတစ်ထည်နဲ့ ... စာတစ်စောင်ဟာ ... သူ့မေတ္တာကို လှစ်ဟပြလာတဲ့အထိ 'ချူ'ယူနိုင်မယ်မှန်းသာသိရင် ... ဩဘာလေ ... အစောကြီးတည်းက ... ပြမိ၊ ရေးမိ။ ပြီးကျတော့ လူကြီးတွေနဲ့ရော ... ဩဘာတို့ချင်းကြားမှာပါ ရှုပ်လာတော့မဲ့ ပြဿနာတွေကြားမှာ ဩဘာတို့နှစ်ယောက် စိတ်တွေ အကြီးအကျယ် ဆင်းရဲခဲ့ကြရမှာ ...။ သူသာ (မတော်တဆ၊ မဦးမချွတ်) သေသာသွားခဲ့ရင် ... ဩဘာလည်း 'အရူးမ' လုံးလုံးကို လိုက်ဖြစ်ရတော့မှာ ...။

ခုကျတော့ ဩဘာသည် ... ထပ်တူညီမျှသော အချစ်တို့ကို ပြန်ရသည် ဆိုလျှင်ပဲ ကျေနပ်နေပျော်နိုင်ပြီ ...။





ဩဘာရဲ့ တစ်သက်၊ တစ်ချစ်တည်းမှာ ဒီလူတစ်ယောက်[illegible] "မပိုင်ဆိုင်ရလည်း ... ကျေနပ်စွာ စွန့်လွှတ်နိုင်ခြင်းဟာ [illegible] မည်ပါတယ် ..."လို့ (အချိန်ကာလတော့ ခြားပြီး) သတ်မှတ်[illegible] နှစ်ကြိမ်ရှိခဲ့ပြီပဲ ...။

ဩဘာက အများသူငါနှင့် ဆက်ဆံရမည့် ကိုယ့် အီးမေးလ်လိပ်စာကို ပြောင်းပစ်လိုက်သည်။ သူ သိထားသည့် အီးမေးလ် လိပ်စာအဟောင်းလေးကို ... ဩဘာကိုယ်တိုင်ပင် ပြန်သုံးချင်လို့မရနိုင်တော့အောင် ကိုယ့်ရဲ့ Outlook Express ထဲက အပြီးတိုင် ဖျက်ထုတ်ပစ်လိုက်သည်။ တစ်ခါတည်း အပြီးအပြတ် ပြီးရော။ သူ့ထံက နောက်ထပ် ထပ်ရောက်လာနိုင်ကောင်းတဲ့ စာမျိုးလေးတွေကို ... စိတ်မထိန်းနိုင်ဘဲ ထပ်ဖွင့်ဖတ်မိဦးမှာ စိုးလို့ပါလေ ...။

ပြန်ဆက်သွယ်လို့ မရတော့တဲ့ လိပ်စာအဟောင်းထဲသို့ ပို့လို့မရတော့တဲ့စာတွေအတွက် အကြောင်းပြန်ကြားစာ ဘယ်တော့မှ ပြန်ပေါ်မလာလျှင် ... သူဟာ မေမေတို့ အိမ်လိပ်စာဆီလည်း တိုက်ရိုက်ဆယ်သွယ်ကောင်း ဆက်သွယ်နိုင်သေးသည်။

ရပါတယ် ...။ သူ အဲဒီလိုသာ ဆက်သွယ်လာလို့ကတော့ ... ထိုသဟင်းက ဩဘာဆီ ပြန်ပေါက်တော့မှာမှ မဟုတ်ဘဲ ...။ ကြာကြာနေလျှင်တော့ သူလည်း သဘောပေါက် [illegible] သွားနိုင်လောက်ပါသည်လေ ...။ ဩဘာ အခုက ဖြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



က ... အချစ်ချင်းညီကြောင်း သြဘာ သိသည်ဆိုရင် ... ပြီးပြီပေါ့ ... သူရေ ...။ သူ့ရင်ထဲ စိတ်ထဲက သြဘာကို ပြန်ဖျောက်ထုတ်ပစ်လို့ရပြီ ...။ ဖျောက်ထုတ်သင့်သည်လေ ...။

ခုချိန်ဆို ... ဖျောက်ထုတ်မယ်ဆို ဖျောက်ထုတ်လို့ရနိုင်နေလောက်ပြီ။ စ,အနည်ထိုင်စပြုလောက်ပြီ ...။ အဲဒီအခါကျမှ "သြဘာက မြန်မာနိုင်ငံသို့ တစ်ခေါက်ပြန်ရောက်လာပြန်ပြီ"ဆိုတာကို သူ ကြားလိုက်ရရင် ...။ ဟင့်အင်း ...။ သူ့စိတ်တွေကို သူ ပြန်မထိန်းနိုင်တော့လို့ သူပဲ ဒုက္ခရောက်ရပြန်ဦးမယ်ဆိုရင် ... သြဘာက အဲသည့်လမ်းကို မရွေးပါဘူးကွယ် ...။

"မလိုက်တော့ဘူးနော် ... မေမေ ...။ ဖေဖေ စိတ်မကောင်းမဖြစ်အောင် သြဘာက ဒေါ်လေးအတွက် အကောင်းဆုံးလက်ဖွဲ့တစ်ခုကို လက်ဆောင်ဝယ်ထည့်ပေးလိုက်ပါမယ်"

မေမေက (တမင်) ပြုံးပြုံးလေးလုပ်ထားတဲ့ သြဘာရဲ့မျက်နှာကို အကြာကြီး စိုက်ကြည့်နေသည် ...။

"သြဘာကို မေမေ ပြောစရာတစ်ခုရှိတယ် ..."

"ဟုတ် ..."

မေမေရေ ... မေမေတို့က ... သြဘာရဲ့ ချစ်ခြင်းများကိုသာ သိရှိမြင်ကြားနေခဲ့ရတာ ...။ သူ့ရဲ့ ထပ်တူညီမျှခြင်းကို သိမထားကြရသေးသူတွေပါနော် ...။ သြဘာကို မြန်မာနိုင်ငံသို့ ပြန်ခေါ်သွားလည်းပဲ ... သြဘာကသာ စိတ်ပြတ်နိုင်ရင် ... အရာရာဟာ ပြီးတယ် ... စိတ်ပူစရာမရှိ ... လို့ ခံယူထားကြ





တွေ ...။ သူ့ချစ်ခြင်းကြောင့် သူ ပြန်ဒုက္ခရောက်နိုင်တဲ့ "မှုကွဲဖာတ်"ကို မကြားဖူးကြသေးသူတွေမို့ ... သြဘာကို မြန်မာနိုင်ငံသို့ ပြန်လိုက်လာပါမဲ့အရေး အဘက်ဘက်က လှည့်စည်းရုံးနားချကြည့်ဖို့ မေမေ ကြိုးစားနေသေးတာဖြစ်မည် ...။

သူသာ ဒုက္ခရောက်နိုင်တယ်ဆိုလို့ကတော့ မေမေ့သမီးဟာ အမိမြေသို့လည်း မလိုက်ရေးချမလိုက် ... ဆိုတာ ... မေမေ မသိနိုင်သေး ...။

"ဒါပေမဲ့ မေမေ ပြောပြပြီးရင် သြဘာက မေမေ့ကို ကတိတစ်ခုပေးရမယ်"

ဒီတစ်ခါ "ဟုတ်"ဟု ဆိုလိုက်တဲ့ သြဘာရဲ့ အသံလေးက ဆုတ်ဆုတ်ဆိုင်းဆိုင်း ...။ ဘာပါလိမ့်နော် ...။

"သြဘာ ဒီနှစ်နှစ်စလုံး ဘွဲ့လွန်ကိုတော့ ကျောင်းပြီးအောင် တက်ပါ့မယ်ဆိုတာ ... မေမေ့ကို ကတိပေးရလိမ့်မယ်"

"ရှင် ..."

"အဲဒီကတိမျိုး သမီးဆီက မေမေ မရနိုင်ခဲ့ရင် ... ဒီတစ်ခါဆိုရင်တော့ သူ့သမီးအတွက် မျှော်လင့်ချက်တွေရော၊ လောဘတွေပါ ကြီးလွန်းတဲ့ သမီးဖေဖေက မေမေ့ကိုပါ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး ...။ မေမေတို့ပါ ဇာတ်လမ်းပြတ်ကြရလိမ့်မယ်ထင်တယ် သမီး ...။ သမီးဆီက အဲဒီကတိကို မေမေ အလွယ်တကူ ရနိုင်တယ်လို့ ... မေမေက ဖေဖေ့ကို ဂုဏ်ယူပြီးတော့ ပြောထားပြီးပြီမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ … သူ … သူ ဘာဖြစ်သွားပြီလဲ မေမေ … သူ – မရှိတော့ဘူးလား"

"ဩဘာ ကတိပေးတယ်နော် …"

ဩဘာက ခေါင်းကို အမြန်ဆုံးပဲ ညိတ်ပြလိုက်သည်။

"သမီး မန္တလေးမှာ သွားတွေ့ခဲ့တဲ့ ပုဏ္ဏားဆရာက အတုပဲ"

"ဟင် !…"

"ဟုတ်တယ် … ဒါလူကြီးတွေအားလုံးရဲ့ အစီအစဉ်ပဲ"

ဩဘာမှာ မျက်လုံးကြီးပြူးကာ ငိုင်ငိုင်ကြီးဖြစ်နေ တော့သည်။

"ဒီကြားထဲမှာ သမီး ကြီးကြီးမြိုင်ကလည်း မေမေတို့ ဖုန်းဆက်လာသေးတယ် … မောင်ဗမင်းဆက်ရဲ့ မိဘတွေ ကြီးကြီးမြိုင်ဆီမှာ တောင်းပန်အသနားခံပြီး … သတင်းတ ကို သမီးဆီအရောက် ပို့ပေးဖို့ တောင်းဆိုကြလို့ပါတဲ့ –"

"သူ …"

"ကြီးကြီးမြိုင်တို့ ယူဆခဲ့ကြတဲ့ … နားလည်လက်ခံထာ ကြတဲ့ သူ့ဘဝရဲ့ ဝဋ်ကြွေးဆိုတာ … တကယ် ဓာတာနက္ခတ်မှားယွင်းပြီး တွက်ချက် အဖြေထုတ်ခဲ့မိ မျိုးပါတဲ့ …"

"ဟင် …"





"သမီး ကြီးကြီးမြိုင်ကတော့ … မေမေတို့ဆီ သတင်းပို့ ပေးပါဆိုလို့သာ ပို့ပေးရတယ် … သိပ်ဘဝင်အကျကြီး မဟုတ်လှဘူး …။ သမီး ဖေဖေကတော့ သူ့အစ်မနဲ့ ခံယူချက်ချင်း တူတာမတူတာထက် … သမီးက ကျောင်း ဝင်ခွင့်ရသွားပြီး တက်နေရတာလည်း … တစ်ဝက်ကြီး ရှိနေခဲ့ပြီဆိုတော့ … ထူးခြားတဲ့ သတင်းအကြောင်းအချက် တစ်ခုခုကို သမီး သိလိုက်ရရင် ကျောင်းတက်နေရက် တစ်ဝက်တန်းလန်းကြီးနဲ့ ထ,ပြန်ပြေးတာမျိုး အဆင်ခြင်မဲ့ လုပ်ရင်လည်း လုပ်မှာမို့ … မိဘတွေအနေနဲ့က ခွင့်မပြု နိုင်ဘူး …။ သမီး ရှိရာဆီ လှမ်းအကြောင်းကြားပြီး ဒီသတင်းကို ပို့မပေးနိုင်ပါဘူး … လို့ အကြောင်းပြန်ပေး လိုက်ပါ … လို့ပဲ သမီး ကြီးကြီးမြိုင်ကို ပြန်ပြောလိုက် တယ် …"

"ဟင် … ဒါ … ဒါဆို …။ … သူတော့ ဘာမှ မဖြစ်ဘူး ပေါ့ …"

"ဘာဖြစ်ရမှာမို့လဲ … အကောင်းပကတိနဲ့ ကျန်းကျန်းမာမာ နဲ့ပဲ ရှိနေမှာပေါ့ …။ သူက ဘာစိုးရိမ်ရစရာရှိမှာမို့လဲ … သူ့မှာ အသက်အန္တရာယ် ကျရောက်နိုင်တယ် … ဒီတစ်ခါ သူ့အလှည့်ဆိုတဲ့ … အဟောဟာ လူကြီးတွေအားလုံး ဝိုင်းကြံစီစဉ်လိုက်ရတဲ့ … အတုပါဆိုမှ ဩဘာရယ် …။ တကယ်တမ်း … သူ့မိသားစုတို့ … ကြီးကြီးမြိုင်တို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ယူဆချက်အရဆိုရင်လည်း ... စိုးရိမ်စရာရှိရမှာက ... သမီးပဲဟာ ...”

“ခု ဘာမှ မဟုတ်တော့ဘူးဆိုတာ သူတို့ကို ဘယ်သူက ပြောတာတဲ့လဲဟင် ...”

“မန္တလေးက တကယ့်အစစ် ပုဏ္ဏားတော်ကြီး ဆိုတာ ... ရန်ကုန်ရောက်လာတယ်တဲ့ ... ပထမတော့ သူ့သမီး ဖြစ်သူကလည်း ဆုံးပါးထားတဲ့ အခံကရှိတော့ ... သိပ်ဘဝင်အကျကြီး မဟုတ်လှတဲ့ သမီးရဲ့ကြီးကြီးဟာ သူကိုယ်တိုင် အဲဒီပုဏ္ဏားဆရာကြီး ဆိုတာနဲ့ သွားတွေ့ပြီးတဲ့အခါမှာ... မေမေ့ဆီပဲ သီးသန့်နောက်တစ်ခေါက် ထပ်ဆက်လာခဲ့သေးတယ် ...။ သူ့မောင်က ဒါမျိုးတွေ အယုံကြည်လုံးဝမရှိတော့ မေမေနဲ့ပဲ စကားပြောချင်တယ် ထင်ပါတယ် ...

မပန်းနုရဲ့ ဇာတာနဲ့ ကံကြမ္မာကို အဲဒီဆရာကြီးဆီ ယူသွားပြီး သွားမေးသတဲ့။ မပန်းနုကို မရှိတော့ဘူးဆိုတာကို မသိတဲ့ အဲဒီဆရာကြီးက ဒီဇာတာရှင်မျိုးဟာ သူ မွေးဖွားရာ နက္ခတ်ဂြိုဟ်ခွင်အရပါဆိုရင် ... ဥပစ္ဆေဒကကံမျိုးနဲ့ ရင်ဆိုင်ရဖို့ရှိကြောင်း မြင်တယ်လို့ ဟောသတဲ့ ...

အကယ်၍များ ဒီဇာတာရှင်မျိုးမှာ ... လက္ခဏာကိုသာ သူ ကြည့်ခွင့်ရမယ်ဆိုရင် ... ကံလမ်းကြောင်းက အသက်လမ်းကြောင်းကို ဖြတ်ဆင်းသွားပြီးမှ ... စနေဂြိုဟ်ခုံမှာ ကျွန်းခံပြီး တည့်တည့်ကြီး အဆုံးသတ်နေရင် ...





ဒါမှမဟုတ် ... သောကြာဂြိုဟ်ခုံမှာ ရာဂလမ်းကြောင်းပါနေပြီး ... အဲဒီလမ်းကြောင်းဟာ အသက်၊ ဉာဏ၊ ကံ၊ အောင်မြင်ရေးလမ်းကြောင်းတွေကို ခုံးခုံးကြီးဝိုင်းပြီး ဖြတ်သွားမယ်ဆိုရင် ... ငယ်ငယ်ရွယ်ရွယ်နဲ့ မုချအသက်ဆုံးရှုံးရမဲ့ ဇာတာရှင် ဖြစ်မယ် ... လို့ အတိအကျ အဟောထုတ်နိုင်တယ်လို့ ပြောလိုက်တယ်တဲ့ ...”

“မပန်းနုက အဲဒီလိုတွေ ပါနေခဲ့လို့လားဟင် ...”

“ပါတယ်တဲ့ ... မပန်းနုကို ... လက္ခဏာဆရာ မဟုတ်ဘဲ ... ဝါသနာအရလောက်ပဲ ... ကျမ်းတွေဖတ်ပြီး လေ့လာလိုက်စားတာလောက်ပဲရှိတဲ့ မိတ်ဆွေတစ်ဦးက ... ဒါတွေ ... ဒါတွေ ပါနေလို့ ... သတိမထားရင် ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်စုံတစ်ခု ဖြစ်နိုင်မယ် ... သတိထားပါလို့ ပြောခဲ့ဖူးတာ ရှိတယ်တဲ့ ...

သမီး ကြီးကြီးမြိုင်တို့ကလည်း မျိုးရိုးလိုက်ကို ... ဒါမျိုးတွေ အယုံအကြည် မရှိကြတဲ့ သူတွေပဲဟာ ... အရေးမထားမိကြဘူးပေါ့ ...။ ခု အဲဒီပုဏ္ဏား ဆရာကြီးပြောခဲ့ပဲ မိတ်ဆွေတစ်ယောက် ပြခဲ့ဖူးတဲ့ လိုင်းတွေက ... ဒါတွေပဲဆိုတာ ပြန်မှတ်မိကြတယ်တဲ့ ...

ပုဏ္ဏားဆရာကြီးက ... လူကိုယ်တိုင်ရဲ့ လက္ခဏာကိုပါ တိုက်ကြည့်စစ်ကြည့်မှ ဖြစ်မယ်ဆိုလို့ ... မရှိတော့တဲ့အကြောင်းပြောပြပြီး ... ဆရာကြီးပြောတဲ့လိုင်းမျိုးတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတာရှင်ဆီမှာ နှစ်ချက်စလုံး ပါဝင်နေတာကို ဝန်ခံလိုက်ရတယ်တဲ့ ..."

"မေမေ ... အဲဒီတော့ ကြီးကြီးက ဘာကိုဆိုလိုချင်တာလဲဟင်"

"မမြိုင်က အင်မတန်မှ ပြောင်းလဲသွားတယ် ... ဘယ်တုန်းကမှ လက်မခံဘူးဆိုတာတွေကို ပြောင်းလဲလက်ခံလာနိုင်တယ် ...။ ယုံသင့် ယုံထိုက်ရင် ယုံမယ်လို့ ... ခံယူနိုင်လိုက်သတဲ့ ...။ သူ့ကိုယ်တိုင် ဖွတ်အတင်းလိုက်ဖျက်ထားတဲ့ ဇာတ်လမ်းတစ်ခုကိုလည်း မိဘလူကြီးတွေကပါ ခွင့်ပြုနိုင်မယ်ဆိုရင် ... သူကိုယ်တိုင်ပဲ လက်သင့်ခံတာဝန်ယူပေးနိုင်တယ်လို့ပါတင်ပြ ... ကမ်းလှမ်းလာခဲ့တယ် ..."

"မေမေ ..."

"ဒါတွေကို သမီး ဖေဖေက သမီး ဘွဲ့မရမချင်း နှစ်မပြည့်မချင်း ဆက်မြှုထားရမယ်လို့ မေမေ့ကို အမိန့်ချ ရာဇသံပစ်ထားခဲ့လို့ပါ သမီးရယ် ..."

ညြဘာက မေမေ့ ဗိုက်လုံးလုံးလေးထဲ ခေါင်းကြီးနဲ့ အတင်းတိုးဝှေ့ကာ ဝင်လိုက်သည်။

"မေမေ ... သမီး ဒေါ်လေး မင်္ဂလာဆောင်ကို လိုက်ချင်ပါတယ် ...။ မေမေတို့ ပြန်ကြမဲ့ (၈)ရက်နဲ့ပဲ သမီး ပြန်လိုက်လာပါ့မယ် ...။ အဲဒီဘွဲ့လွန်သင်တန်းကို နှစ်နှစ်ပြီးအောင်၊ နှစ်နှစ်ပြည့် ကျိန်းသေတက်ပါ့မယ် ..."





"အဲဒီလိုဆိုတော့ အားလုံး စိတ်ချမ်းသာရတာပေါ့ ... ညြဘာရယ် ... ဪ ... အဲဒီဆရာကြီးနဲ့ သူတို့တွေ့ကြတုန်းကအထိ ဘာဇာတ်လမ်း ... ဘာဘာညာညာမှ မရှိသေးတဲ့ မမြင်သေးတဲ့ ... သမီး ဒေါ်လေးငယ်ကို ... ဒီနှစ် မကုန်ခင် စွံကိုစွံမယ် ... အပျိုကြီးဇာတာ လုံးဝမပါဘူးလို့ ဟောနိုင်လိုက်တာလည်း အဲဒီဆရာကြီးပဲတဲ့ ... အဲဒါကတော့ ခုမှ ဒေါ်လေးငယ်က ပြောတာပါ ..."

"အင်း ... ကျွတ် ... (၆)ရက်တည်းတော့ ...။ ကြားကျနေတဲ့ ခလယ်ရက်ကလည်း ဒေါ်လေးမင်္ဂလာဆောင်နဲ့ ... ဟင်း ... ကျွတ် ..."

ညြဘာသည် ကြိတ်မနိုင်ခဲမရစွာ နှုတ်က ထုတ်ဖော်ရေရွတ်လိုက်မိပြီးမှ ... နံဘေးနားမှာ ရှိနေသေးတဲ့ မေမေ့ကို ခက်ကလေးပုကာ လျှာထုတ်ပြလိုက်ရင်း ...

"ဒီတစ်ခါတော့ မန္တလေးအထိ ရောက်အောင် ပျောက်မသွားတော့ပါဘူးဆိုတာလည်း ... ကတိပေးပါတယ် မေမေ ..."

"သမီးကြီးကြီးမြိုင်နဲ့ပဲ တွက်ခိုင်းထားခဲ့မယ်ပေါ့ ..."

"ဟင့်အင်း မေမေ ..."

သူသာ သေမဲ့ကံကြမ္မာ မကြုံနိုင်တော့ဘူးဆိုလျှင် ... ဇာတာတိုက်၊ ဗေဒင်တွက်နေတာမျိုး ကိုယ့်အတွက်သက်သက်တော့ ဖြင့် ... မလုပ်လိုတော့တဲ့ ညြဘာဟာ ... "သူမသေနိုင်ဘူး"ဆိုတာမျိုးကို တကယ့်အစစ် ... ဆရာကြီးထံက ကိုယ့်နားနဲ့ဆက်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ကြားချင်သေးတာ လေးတစ်ခုသာပါ ...။ ကိုယ်ကတော့ ဘာဖြစ်ဖြစ်ပေါ့ ...။

"ကြီးကြီးနဲ့တော့ ... ဇာတာမတိုက်ခိုင်းထားနဲ့နော် မေမေ ... နော် ... မေမေကလည်း အဲဒီကတိတစ်ခုတော့ ပြန်ပေးနော်"

တော်တော်ကြာကျ သူ သေတာကျေတာမျိုး မဟုတ်လည်း ... "ဒီနှစ်ယောက်ကတော့ဖြင့် ဇာတာမကိုက်ပါ ... မကောင်းပါ ..." ဟု အဖြေထွက်လာပြန်ရင် ဘယ့်နှယ်လုပ်မတုံး။ ညြဘာရဲ့ "အချစ်ဆိုတဲ့ အရာဟာ" ဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေဟာ ဒီဆရာကြီးကြောင့်ပဲ ... ဟိုလို၊ ဒီလို၊ အကြိမ်ကြိမ် ပြန်,ပြန်ပြောင်းထားရသလို ရှိခဲ့တာ ... ဒီလောက်နဲ့ပဲ တော်လောက်ပါပြီ ...။

"သူ့"ခမျာ ညြဘာဘက်က အဆက်အသွယ် ပြန်မရှိတော့ခြင်းကို ခံနေရတာ ဘယ်လောက်များတောင်မှ ကြာသွားရှာပြီ မသိ ...။ အရေးထဲ ညြဘာကလည်း အရူးထပြီး ကိုယ့်အီးမေးလ် လိပ်စာဟောင်းကို ကိုယ့်ဘာသာ ပြန်သုံးမရနိုင်လောက်အောင် ဖျက်ပစ်မိရတယ်ရယ်လို့ ...။

"သူ့မိဘတွေက ခွင့်တောင်းလို့ ... ဆိုပြီး ... ကြီးကြီးမြိုင်က ပထမတစ်ခေါက် ဖုန်းဆက်လာပေးတာကပဲ ... တော်တော်ကြာနေပြီပေါ့နော် မေမေ ... ဘယ်လောက်တောင်ရှိသွားပြီလဲ မသိဘူး ..."





"အလကား အချစ်ရူးမ" ဟု ဖေဖေက သတ်မှတ်ရသော မေမေ ကိုယ်တိုင်က ညြဘာကို မျက်စောင်းနှင့် အသာရွယ်စ,ပြုံးလာလျှင်တော့ ... ညြဘာက နောက်တစ်ကြိမ် ဇက်ကလေး ပုကာ ... လျှာထပ်ထုတ်လိုက်မိလေတော့သည် ...။

❤ ❖ ❤

ဟိုး ... ဇာတ်လမ်း စတင်ခဲ့ချိန်ကနဲ့ ဆိုရင် ... (၃) နှစ်နီးပါး ကြာမြင့်ပြီးချိန်မှာ ညြဘာတို့ရဲ့ ဘူမိနက်သန် F & F ဆိုင်ကလေးဟာ ဘာမှမပြောင်းလဲသေး ...။ အရင်ကအတိုင်းလေးပဲ ရှိနေဆဲပါ။ အစိုးမရလှတဲ့ ရန်ကုန်မိုးကလည်း အောက်တိုဘာလကုန်ခဲ့ပြီး နိုဝင်ဘာ ပထမပတ်ထဲ စဝင်နေပြီဖြစ်တာတောင်မပင် ... ဖွဲဖွဲဖျဖျကလေးတော့ ရှိနေချင်ဆဲ ...။

မင်္ဂလာပွဲကျင်းပမဲ့ သတို့သမီး ဒေါ်လေးငယ်နဲ့တကွ ဆွေမျိုးသားချင်း အားလုံးရော ...၊ နိုင်ငံရပ်ခြားကနေ ပွဲလာတက်ရတဲ့ ဖေနဲ့မေတို့ပါ ... အဲဒီ ဘာမဟုတ်တဲ့ မိုးဖွဲလက်ကျန်လေးအတွက် ... စိတ်အနှောင့်အယှက်တွေ ဖြစ်နေကြရစဉ်မှာ ... (တစ်ကိုယ်ကောင်းဆန်ဆန်ပင်) ညြဘာကတော့ ကျိတ်ပျော်နေခဲ့လေသည်။

မိုးရေများကြားမှာ စဆုံခဲ့ရတဲ့ ကောင်ကလေး (အဲလို ဲထားပါတော့နော်)နဲ့ မိုးဖွဲလေးများအောက်မှာပဲ ပြန်လည်ဆုံစည်း

www.burmeseclassic.com



ကြရမယ်ဆိုရင် ... သြဘာကတို့နှစ်ယောက်ရဲ့ အတိတ်နိမိတ်က အေးချမ်းလှပလို့နေတယ် ... ဟုပဲ သြဘာက ယူဆသည် ...။

ဟင်း ဟင်း ဟင်း ...။

သြဘာက အသံလေးသဲ့သဲ့ထွက်ကာ ရယ်လိုက်မိပါသည်။ F & Fဆိုင်ကလေးရှေ့က ကွန်ကရစ်ပလက်ဖောင်းထက်မှာ မိုးဖွဲလေးတွေ အမိခံပြီး ရပ်စောင့်နေမိတဲ့ ... သြဘာရဲ့ မြင်ကွင်းကြား 'သူ' ဝင်ရောက်လာခဲ့ပြီ ...။ ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်ကနေ ရန်ကင်းကံဘဲ့လမ်းမထဲ ကွေ့ချိုးချလာခဲ့တဲ့ သူဟာ ဟိုးလွန်ခဲ့တဲ့ (၃)နှစ်လောက်က အတိုင်း ... သွက်လက်ပျော်ရွှင်သော ကောင်ကလေးတစ်ယောက်ရဲ့ ဟန်ပန်မျိုးအပြည့်နဲ့...။

သို့သော် ... အဲဒီကောင်ကလေးက အသက်(၃၀)ပဲ ရှိခဲ့ပြီ မဟုတ်လား ... ရှင်ရဲ့ ...။ အဆောင်းအကာ အမိုးတစ်ခုခုနဲ့ လာခဲ့တာ မဟုတ်ဘူး ...။ စတန့်ကလည်း ထွင်သေးတော် ...။ သူ့လက်ထဲမှာ ထီးတစ်ချောင်းတော့ဖြင့် ပါလာပြီး ... ဖွင့်ဆောင်းမလာဘဲ ဒီတိုင်း ... ပိတ်ရက်ပဲကိုင်လာတယ် ... ကြည့် ...။

သူ့လက်ထဲက ထီးနဲ့တူတဲ့ တစ်ခုခုကို လှမ်းမြင်လိုက်မိတဲ့ သြဘာက ချက်ချင်းပင် အခြေအနေကို သဘောပေါက်သွားခဲ့ပါသည် ...။

သြဘာရဲ့ လက်ထဲမှာလည်း "ဘာစတန့်လဲ"လို့ မေးလောက်စရာ ...။ ဖွင့်ဝတ်မထားသော မိုးကာတစ်ထည် ကိုင်ထားခဲ့သည်ပဲ မဟုတ်လားလေ ...။





သြဘာက F & F ရှေ့ကနေ လမ်းကို ဖျတ်ခနဲ ဖြတ်ပြေးကူးလိုက်ကာ ... သုခဝတီလမ်းဘက်ခြမ်း၊ ညောင်ပိန္နဲပင်ကြီးအောက်လောက်က သွားပြေးစောင့်နေလိုက်လျှင် ... သူသည်လည်း လမ်းကို ထိတ်လန့်တကြား ... တအားကြီးပဲ ပြေးကူးလာခဲ့ကာ ... လူပင် အနားမရောက်သေး ... နှုတ်က ခပ်ကျယ်ကျယ်နှင့် ... ခပ်မာမာ ... ခပ်မောမော ...

"ဘာလို့ လမ်းကို ဟိုမကြည့် ဒီမကြည့် ... ဖျူးခနဲ ဖျတ်ခနဲ ပြေးကူးပစ်ရတာလဲ ... သတိထားမှပေါ့ကွာ ... ခက်တာပဲ ..."

"ဟင် ! သြဘာကဖြင့် အဲဒီစကားကို ... သြဘာက စ,ပြော မလို့ဟာ ..."

"သြဘာက အရင်ကူးချသွားတာပဲ ..."

"ဒါပေမဲ့ သြဘာက ... ရတယ် ..."

"ဘာရတာလဲ ... ဒီမှာအမိ ... ကျုပ်က ရန်ကုန်က ကားလမ်းတွေကို အနှစ်(၃၀)လောက် ကူးဖူးပြီးပြီ ... အမိသာ မွေးကတည်းက အပြင်မှာကြီးတာ ... ။ နောက်ဒါမျိုး မလုပ်ပါနဲ့ ...။ ပြီးကျတော့ မိုးရွာနေတာကို 'မိုးစက်တွေအောက်မှာ ဒီတိုင်းကြီး ...။ အရူးမထ,စမ်းပါနဲ့ကွာ ... မနက်ကမှ ရောက်လာတာ ... ညကျတော့ဖျား ... ဆိုရင် ကောင်းပါ့မလား ... ရော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကျ ကားနဲ့ မလာဘဲ ... စတန့်ထွင်ပြီး ... လမ်းအကြာကြီးလျှောက်လာတယ် ... ဆံပင်တွေအားလုံး ရေစိုနေပြီ ... မိုးက ဖွဲပေမဲ့ ကြာကြာမိရင် ... ရေက များလာတာပေါ့ ဘာမှန်းမသိဘူး ... ရော့ ..."

ဩဘာတို့နှစ်ယောက်ဟာ ... စ,စတွေ့လိုက်တာနဲ့ တစ်ယောက်နဲ့တစ်ယောက် ပူပင်နေကြရတာကို နှစ်ယောက်လုံး ပြန်သတိထားလိုက်မိကြပါသည် ...။ ကားအသွားအလာ မရှုပ်လှသော ... ပုံမှန်လမ်းတစ်ခုကို ကူးတာ ...၊ မိုးဖွဲလေးမိကြတာလောက်ကိုပင် ... ဤမျှလောက် တစ်ယောက် တစ်ပြန်အပြစ်တင်ပူပန်နေမိကြလျှင် ... ကျန်တစ်ဘဝလုံးစာအတွက် ... ဩဘာတို့ဟာက မဟုတ်သေးပါဘူး ...။

ဗမင်းဆက်က ဩဘာ လှမ်းပေးသော မိုးကာအင်္ကျီထုပ်ကလေးကို လက်နှစ်ဖက်နှင့် ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ...

"ကိုယ် ဟိုမိုးကာအင်္ကျီကို ဖျက်ဆီးပစ်လိုက်မိလိမ့်မယ်လို့ ဩဘာ ဘယ်လိုလုပ်ပြီး ကြိုသိနေသလဲ ..."

"ဩဘာလည်း ခွေးရုပ်ထီးကလေးကို ရိုက်ချိုးပစ်လိုက်မိပြီဆိုတာရော သူ ဘယ်လိုလုပ် သိသလဲ ..."

"ကိုယ် မသိပါဘူး ... တမင် ... ဟိုထီးကို မသုံးစေချင်တော့လို့ ဒါလေးပေးတာ ..."





"ဩဘာကမှတော့ ဟိုထီးကို စိတ်နာနာနဲ့ ရိုက်,ရိုက်ချိုးနေခဲ့တုန်းက ... ကိုဗမင်းဆက်လည်း ... မိုးကာအင်္ကျီအဝါကို ဖျက်ဆီးပစ်ချင်ပစ်မှာပဲလို့ ... အလိုလိုနေပြီးကို ထင်လာတာ ..."

"ဩဘာက ပိုတော်တာပေါ့ ..."

ဗမင်းဆက်က စကားကို ရပ်ပစ်လိုက်ပြီးမှ ... ခပ်တိုးတိုး မပွင့်တပွင့်နှင့် ... "ပိုအချစ်စစ်တယ်ထင်တယ် ..." ဟုပါ ဖြည့်စွက်လိုက်ပါသည်။ ဩဘာမှာ ဗမင်းဆက်ရဲ့ စကားကြောင့် ဘယ်လိုကြီးနေရမှန်းပင် မသိတော့လောက်အောင် ရှက်တက်တက်ကြီးဖြစ်သွားရလျက် ...

"ဟွန်း ! ကိုဗမင်းဆက်က သိပ်အကျောတင်ပြောတတ်တယ် ... 'ထပ်တူညီမျှ အချစ်တို့နှင့်' ဆိုတာတောင်မှ လွန်လှပြီဥစ္စာ ... သိပ်ကျောတာပဲ ..."

"ဟာ ... ! ဘာလဲ ... !"

"ထပ်တူညီမျှသော အချစ်တို့နှင့် ... ဆိုတော့ ... "ဩဘာဆီမှာ နဂိုတည်းက ဘာတွေ ဘယ်လောက် ကြိုရှိနေနှင့်သလဲဆိုတာ ... ငါကကြိုသိပါတယ်ကွာ ..." ဆိုတဲ့ သဘောမျိုးကြီး ... ကျတာပေါ့ ..."

"ဟာ ... ဟာ ... အဲဒီလိုကြီးမျိုးတော့လည်း မဟုတ်ဘူးလေ၊ ဟား ... အဲဒီလိုမျိုးကြီး ဖြစ်သွားသလား ... ဟား ဟား ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



ဗမင်းဆက်ရဲ့ အားနာအနေခက်ရသော အရယ်တွေနောက် ... ဩဘာကလည်း ခပ်ရှက်ရှက်နှင့် လိုက်ရယ်လိုက်မိစဉ် ... ဗမင်းဆက်က ဩဘာထံ လက်တစ်ဖက် ကမ်းပေးလိုက်ပါသည် ...။ ဩဘာမှာ ပထမတော့ ... ကိုယ့်လက်ကို ပြန်မပေးမိဘဲ ဖွက်ပဲသိမ်းမိရတော့မယောင်ယောင် ရှိပြီးမှ ... ချက်ချင်းဆုံးဖြတ်ကာ ... ကိုယ့်လက်ကလေးတစ်ဖက်ကို သူ့လက်ထဲစုံးစုံးမြုပ်ပျောက်ကွယ်သွားမတတ်ပင် ထိုးပေးလိုက်ရင်း ... နောက်တစ်ဖက်ကတော့ သူ ပေးထားတဲ့၊ ဘာအရုပ်မှမပါလေတဲ့ ... ထီးအကြည်လေးကို ဖွင့်ဆောင်း ...။ သူ့ကိုပါ မိုးဆောင်းပေးလို့။

ဩဘာရဲ့ လက်ဖဝါးနှစ်ဖက်ဆိုတော့ ... သူအကြည့်တွေ မရောက်စေချင်မိသေးဘူး ...။ ကိုယ်ကတော့ ဘာဖြစ်ဖြစ်ပါ ...။ ဘာပဲဖြစ်ဖြစ် ... ဆိုပေမဲ့ ... အများနဲ့ မတူလေတဲ့ – ပါနေကျလိုင်းတွေ မဟုတ်တဲ့ ... ကိုယ့်လက်ဖဝါးပေါ်က ထူးထူးဆန်းဆန်း ... မျဉ်းကွေး၊ မျဉ်းကြောင်း ... လက္ခဏာများအကြောင်းကို ရုတ်တရက် ထ,သတိပြု၊ စိတ်ဝင်စားလာမိတဲ့ ဩဘာကမန္တလေးက ဆရာကြီး (အစစ်)ထံမှာ အရင်ပြကြည့်မိချင်သေးတာ ...။ သူ့ကံကြမ္မာထက် ... ကိုယ့်ကံကြမ္မာ ကိုယ့်လက်ဖဝါးတွေကလည်း ... အရေးကြီးသေးသည် ... ဆိုတဲ့ အတွေးမျိုး – ကြီးကြီးက ... ဩဘာရဲ့ ခေါင်းထဲ မပြတ်ရှိနေအောင်ထိုးလာရိုက်သွင်းပေးထားတာကိုး ... လေ ...။





"တကယ်လို့များ ... ဩဘာမရှိတော့ဘူးဆိုရင်လေ – ဒါဘာမှ မဖြစ်နဲ့နော် ...။ ပိုနေမြဲ ကျားနေမြဲဆိုတာ ဩဘာမှာခဲ့တဲ့စကား သိလား ..."

"ဘာတွေလျှောက်ပြောနေတာလဲ ... ပေါက်ကရ မပြောနဲ့ကွာ၊ ကိုယ် မကြိုက်ဘူး ဩဘာ ..."

ရယ်နေသည့် ဗမင်းဆက်တစ်ယောက် 'ဆတ်'ခနဲ ခပ်တည်တည်နှင့် ဖြစ်သွားလျှင် ... ဩဘာက ... ခပ်မြန်မြန်လေး ခေါင်းယမ်းကာ ...

"ဘာပြောလို့လဲ ... ဩဘာကဖြင့် ဒီမှာ ငါးရက်တည်းနေရမှဲဟာ ... ပြီးရင် တစ်နှစ်ခွဲနီးပါးလောက် ထပ်ဝေးသွားကြရဦးမှာကို ပြောနေတာ ... အပြန်ကျ လေဆိပ်လိုက်ပို့ရင် ... ငိုမကျန်ခဲ့ပါနဲ့ ... လို့ ဆိုလိုတာ ..."

ဗမင်းဆက်က ဩဘာကို ... မချိုမချဉ် အပြုံးနှင့် "လေဆိပ်မှာ အာပြဲကြီးနဲ့ ... အော်ငိုနေမယ်ထင်တယ်ပေါ့ ..."ဟု ဩဘာ အသည်းယားလှသော မျက်ခုံးနှစ်ဖက်ပင့်တက်အကြည့်နှင့် ကြည့်ကာ ပြောလိုက်ပါသည် ...။ ဩဘာက သူ့မျက်ခုံးပုံခံ[ြ]:အတိုင်း ချွတ်စွပ် ပြန်လုပ်ပြလိုက်လျှင်တော့ ... သူကိုယ်တိုင်လည်း အသည်းယားသွားပုံရှိသော ဗမင်းဆက်ရဲ့ ရယ်သံက ... ဩဘာတို့ နှစ်ယောက် နားတစ်ဝိုက်မှာ ... ခပ်ဟိန်းဟိန်းကလေး လွင့်ပျံ့လို့ သွားပါတော့သည် ...။



www.burmeseclassic.com

www.burmeseclassic.com

သူ့ အဲဒီလို အမြဲရယ်မောပျော်ရွှင်နေနိုင်အောင် ဩဘာ ဘာများလုပ်ပေးနိုင်မလဲ မသိဘူး ...။

ဩဘာရဲ့မွေးသက္ကရာဇ်နဲ့ ဇာတာတွေရော၊ လက္ခဏာတွေရောကို အသည်းအသန်သိချင်လို ချင်နေကြတဲ့ ... အန်တီခင်ခင်နဲ့ မစိမ့်ကိုလည်း ...(ဒီငါးရက် အတွင်းသာမက ... ဩဘာ မန္တလေးသို့ ကိုယ်တိုင်ကိုယ်ကျ ပြန်မရောက်နိုင်သေးမချင်း ...) ဘယ်လိုများ ကြည့်ကျက်ရှောင်တိမ်း နေရမလဲ မသိဘူး ...။

ဘာစကားလေး ...၊ လုပ်ရပ်လေးတစ်ခုမှ အများမခံ အသည်းအသန် လိုက်ပိတ်ပင်၊ ငြိုငြင်၊ ပူပင်နေတတ်တော့တဲ့ သူ့ရဲ့ 'စိတ္တဇ' ကိုလည်း ... ဘယ်လို ပြန်ဖျောက်ပေးနိုင်မလဲ မသိတော့ဘူး ...။

**အချစ်ဆိုသောအရာဟာ ... အဖြေပေါ်အောင် မထုတ်နိုင်တဲ့ "မသိခြင်း" များစွာကို "ပကတိအရှိအမြင်" အတိုင်း ရဲရဲကြီး လက်သင့်ခံရင်ဆိုင်ထားနိုင်စွမ်းတဲ့ "စွမ်းအား" တစ်ခုလည်းပဲ ဖြစ်နေပြန်တော့သည်လေ ...။**

ပုဏ္ဏမီ

BURMESE CLASSIC
www.burmeseclassic.com